
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# DAWN

BY

ELIE WIESEL

# အရုဏ်

မောင်တင်မွန်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၆၀၈၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၄၅၀၆၀၈

ပုံနှိပ်မှတ်တမ်း • (ပထမအကြိမ်)
၂၀၀၆-ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ • ၅၀၀

ထုတ်ဝေသူ • ဦးမင်းလွင် (မောင်လှထွန်း)
(မြ-၀၄၂၂၄)
(သက်တံဆည်းဆာစာပေ)
အမှတ်(၁)၊ ၁၂၆-လမ်း၊
သပြေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၂၉၆၄၉၂

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် • ပုံရိပ်ပုံနှိပ်တိုက်
ဦးဇော်ဇော် (ယာယီ-၄၇၅၈)
အမှတ်(၁၆၅)၊ ၃၃-လမ်း (အထက်)၊
ရန်ကုန်မြို့။

အတွင်းဖလင် • ကိုဦးနှင့်ညီများ

မျက်နှာဖုံးပန်းချီ • ကိုဇော်ပေါက်

ကွန်ပျူတာစာစီ • ရွှေပြည်တန်

စာအုပ်ချုပ် • ဦးသန်းထွန်းနှင့်အဖွဲ့

တန်ဖိုး • ၇၀၀ ကျပ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# စာရေးဆရာ၏ အတ္ထုပ္ပတ္တိအကျဉ်း

မူရင်းစာရေးဆရာ၊ "ELIE WIESEL" ဟာ ၁၉၂၈–ခုနှစ်မှာ ဟန်ဂေရီပြည်မှာမွေးဖွားခဲ့သူဖြစ်ပြီး ဟန်ဂေရီဂျူးလူမျိုးတစ်ဦးဖြစ်တယ်။

ဒုတိယကမ္ဘာစစ်အတွင်း၊ သူကလေးဘဝအရွယ်က မိသားစုနဲ့ အတူ နာဇီအကျဉ်းစခန်း 'အော့စဝစ်' ကိုအပို့ခံရတယ်။ နောက် 'ဘူရှန်ဝေါ' အကျဉ်းစခန်းကိုရောက်သွားတယ်။ အဲဒီမှာ မိဘနှစ်ဦးနဲ့ သူ့ညီမတို့ သေဆုံးသွားကြတယ်။ စစ်ကြီးပြီးတော့ သူဟာ ပြင်သစ်ပြည်မှာနေထိုင်ပြီး၊ ပြင်သစ်ဘာသာစကားနဲ့ စာပေကိုလေ့လာသင်ယူခဲ့တယ်။ နောက်တော့ ပြင်သစ်နိုင်ငံသားအဖြစ် ခံယူလိုက်တယ်။

သတင်းစာဆရာအဖြစ်လုပ်ကိုင်ခဲ့ပြီး အစ္စရေးနိုင်ငံနဲ့ အမေရိကန်သို့ သွားရောက်ခဲ့တယ်။ နောက်တော့ နယူးယောက်မှာအခြေချ နေထိုင်ခဲ့တယ်။

သူဟာ သူကြုံတွေ့ခဲ့ရတဲ့ နာဇီအကျဉ်းသားဘဝ အတွေ့အကြုံများကို အခြေခံပြီး ဝတ္ထုများရေးဖွဲ့ခဲ့တယ်။ သူ့ဝတ္ထုတွေဟာ ပြင်သစ်နဲ့ အခြားနိုင်ငံတွေမှာ လူကြိုက်များပြီး အောင်မြင်ခဲ့တယ်။

သူဟာ ၁၉၆၉ ခုနှစ်မှာ **"FRENCH PRIX MEDICI"** ဆုကိုရခဲ့ပြီး ၁၉၈၆ ခုနှစ်မှာ 'ငြိမ်းချမ်းရေးနိုဗယ်ဆု' ကိုရရှိခဲ့ပါတယ်။

ယခုဘာသာပြန်ဆိုသောစာအုပ်မှာ **"FRENCH FRENAYE"** ဆိုသူ စာရေးဆရာက ပြင်သစ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုထားသော **"DAWN"** ကို ပြန်ဆိုထားတာဖြစ်ပါတယ်။

ဘာသာပြန်သူ

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ရာရာက ကလေးတစ်ယောက်ရဲ့ အော်ဟစ်ငိုလိုက်တဲ့အသံဟာ ပတ်ဝန်းကျင်အနီးတဝိုက် လွင့်ပြန့်သွားတယ်။ လမ်းရဲ့တစ်ဘက် မျက်နှာချင်းဆိုင်အိမ်က အဘွားအိုတစ်ယောက်က တံခါးကိုပိတ်လိုက်တယ်။ အဲဒီအချိန်ဟာ 'ပါလက်စတိုင်း' ရဲ့ ဆောင်းဦးရာသီပူပြင်းတဲ့ညနေခင်းတစ်ခု။

ကျွန်တော်ဟာ ပြတင်းပေါက်နားမှာရပ်ပြီး အပြင်ဘက်ကိုငေးကြည့်နေမိတယ်။ ညနေဆည်းဆာချိန်က တဖြည်းဖြည်းနဲ့ပိပြင်လာနေပြီ။ ဆည်းဆာချိန်အောက်မှာ မြို့ဟာ ငြိမ်သက်တိတ်ဆိတ်နေတယ်။ လှုပ်ရှားမှု ကင်းနေတယ်။ မရေရာမသေချာမှုတွေ ဖုံးလွှမ်းနေတယ်။ မြို့ဟာ ဟိုးအဝေး တစ်နေရာကို ရောက်နေသလိုမျိုးဖြစ်နေတယ်။

မနက်ဖြန်။ ဒီမနက်ဖြန်ဆိုတဲ့အချိန်ကို ကျွန်တော်တွေးနေမိတာ အကြိမ်တစ်ရာမကတော့ဘူး။ ဟုတ်ပါတယ်။ မနက်ဖြန်မှာ ကျွန်တော် လူတစ်ယောက်ကို သတ်ရတော့မယ်။ ဒီကိစ္စကို ငိုနေတဲ့ကလေးရဲ့ အဖွားအို တို့သိတယ်မသိဘူးဆိုတာကို ကျွန်တော်တွေးလိုက်မိတယ်။

သက်တံဆည်းဆာစာစဉ

www.burmeseclassic.com


တကယ်တော့ ကျွန်တော်သတ်ရမယ့်လူကို ကျွန်တော်မသိဘူး။ သူ့မျက်နှာကို ပုံဖော်လို့မရ။ သူ့အကြောင်းကို ဘာမှမသိ။ ကျွန်တော်သိတာက သူဟာ အင်္ဂလိပ်လူမျိုး။ ကျွန်တော်နဲ့ရန်သူ။ ဒီနှစ်ခုထဲသိတာနဲ့ သူ့ကိုသတ်ဖို့ ကျွန်တော့်အတွက် လုံလောက်တဲ့အကြောင်းပြချက်လို့ ဆိုနိုင်ပါတယ်။

"ကိုယ့်စိတ်ပင်ပန်းအောင်လုပ်မနေနဲ့...အခုအချိန်က စစ်ဖြစ်နေတာ"

"ဂက်(ဒ်)" က ကျွန်တော့်နောက်နားကနေ တိုးတိုးလေးပြောလိုက်တယ်။ သူ့စကားသံက ကြားရရုံမျှသာ။ သူ့ကို စကားခပ်ကျယ်ကျယ်ပြောပါလို့ ကျွန်တော့်အနေနဲ့ပြောလိုက်ချင်တယ်။ ကျယ်ကျယ်ပြောလည်း ဘယ်သူမှမကြားရပါဘူး။ ကလေးရဲ့ငိုသံက အသံတွေအားလုံးကို ဖုံးလွှမ်းထားတယ်။ ဒါပေမယ့် ကျွန်တော်ဘာမှပြန်မပြောခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ရဲ့အတွေးထဲမှာ သေရတော့မယ့် အသတ်ခံရတော့မယ့် လူတစ်ယောက်ရဲ့အကြောင်းတွေသာ ရှိနေတယ်။ မနက်ဖြန်ဆိုလျှင် ကျွန်တော်တို့သတ်မှတ်ထားတဲ့အတိုင်း ဓါးဒဏ်ကို သတ်ရတော့မယ်။ တားစာခံရဲ့ လူတွေကို ကျွန်တော်တို့ဟာ ဆုံးဖြတ်ထားတာကို ပြန်မပြင်ပဲ အဆုံးထိ ဆုပ်တတ်တဲ့လူမျိုးဆိုတာ ရန်သူတွေသိအောင်လုပ်ရမယ်။

"မှောင်လာပြီ ... မီးဖွင့်လိုက်ရမလား ..."

ဂက်(ဒ်)ကမေးလိုက်တော့ ကျွန်တော်ဟာ ခေါင်းရမ်းပြလိုက်တယ်။ ညအမှောင်က လုံးဝရောက်မလာသေး။ ဝိုးတဝါးအချိန် ဖြစ်နေပြီ။ နေ့က ညကိုကူးတဲ့အခုလိုအချိန်မျိုးကို ပြတင်းပေါက်က စောင့်ကြည့်နေဖို့ မျက်နှာတစ်ခုတော့ ရှိနေသင့်တယ်။


www.burmeseclassic.com

www.burmeseclassic.com


ဟိုးအရင်တစ်ခါတုန်းက သူတောင်းစားတစ်ယောက်နဲ့ ကျွန်တော်တွေ့ခဲ့ဖူးတယ်။ သူက 'နေ့နဲ့ည'ရဲ့ မတူကွဲပြားချက်တွေကို ပြောပြခဲ့ဖူးတယ်။ သူ့ကိုစပြီးတွေ့ရတာကတော့ ကျွန်တော်တို့မြို့ရဲ့ ဘုရားရှိခိုးကျောင်းမှာပါ။ အချိန်က ညနေစောင်း။ သူ့ကိုယ်မှာဝတ်ထားတဲ့အဝတ်တွေက စုတ်ပြတ်နေတယ်။ ခန္ဓာကိုယ်ကပိန်ပိန်။ သူ့မျက်လုံးနဲ့အပြည့်တွေက တခြားကမ္ဘာကလူတစ်ယောက်လိုမျိုးဖြစ်နေတယ်။ ဒီအချိန်တုန်းက ကျွန်တော့်အသက်တစ်ဆယ့်နှစ်နှစ်ပဲရှိသေးတယ်။ စစ်ကြီးဖြစ်စအချိန်။ ကျွန်တော်ရဲ့အဖေနဲ့အမေတို့ အသက်ထင်ရှားရှိနေတဲ့အချိန်။ မြို့မှာ ဘာသာတရားကို အလေးအနက်ထားနေတဲ့အချိန်။

"ဦးလေးက...လူစိမ်းတစ်ယောက်လား..."

ကျွန်တော်ကမေးလိုက်တယ်။

"ဦးလေးက...ဒီအနီးအနားတစ်ဝိုက်ကတော့မဟုတ်ဘူး..."

သူ–လေယူလေသိမ်းစကားသံက ပြောရတာထက် နားထောင်ရတာကို လိုလားပုံပေါ်နေတယ်။

သူတောင်းစားတွေဟာ 'အချစ်'နဲ့ 'အကြောက်' ဆိုတဲ့ ခံစားမှုတွေကို ကျွန်တော့်ရင်ထဲမှာဖြစ်လာအောင် လှုံ့ဆော်ပေးတတ်တဲ့သူတွေလို့ ကျွန်တော်သိထားပါတယ်။ ကျွန်တော့်အနေနဲ့ သူတို့ဟာ သနားကြင်နာရမယ့်လူတွေလို့ သိထားခဲ့ပါတယ်။ သူတို့ဘယ်လိုပုံစံပဲဖြစ်နေနေ၊ ကျွန်တော့်အနေနဲ့ နားလည်ပေးရမယ်။ သူတောင်းစားတွေဟာ ပရော်ဖက် "အီလီဂျာ" ရုပ်ဖျက်ပြီး လူ့လောကအတွင်း လှည့်ပတ်သွားနေတာဖြစ်နိုင်တယ်လို့ 'တီခ်ဒီ' စာပေမှာရေးထားတယ်။ လူတွေအကြောင်းကို အတွင်းကျကျ သိရအောင် သူတောင်းစားလိုရုပ်ဖျက်ဝတ်စားပြီး စုံစမ်းနေတယ်လို့ စာထဲရေး


www.burmeseclassic.com

www.burmeseclassic.com



ထားတယ်။ ပရော်ဖက် 'အီလီဂျာ' လိုပဲ၊ သေမင်းတမန်ကလဲ လူ့လောကထဲမှာ လှည့်ပတ်သွားနေတယ်လို့ အဆိုရှိခဲ့တယ်။ အဲဒီသေမင်းတမန်အပေါ်မှာ အမှားတစ်ခုခုပြုမိခဲ့ရင်၊ အဲဒီလူရဲ့ အသက်ဝိညာဉ်ကို သေမင်းတမန်က ပြန်လည်နှုတ်ယူလိုက်တတ်တယ်လို့လဲ စာထဲ ရေးထားပါတယ်။

အခု ဘုရားကျောင်းတွေမှာတွေ့ရတဲ့ လူစိမ်းသူတောင်းစားက ကျွန်တော့်ကို ကြောက်လန့်သွားစေတာတော့အမှန်။ ကျွန်တော်က သူ့ကို ဆာနေသလားလို့မေးတော့ သူက မဆာပါဘူးတဲ့။ သူ့အတွက် ကျွန်တော် တစ်ခုခုလုပ်ပေးဖို့ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ သူ့ကို တစ်ခုခု လုပ်ပေးလိုက်ချင်ပေမယ့် ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်တော်မသိဘူး ဖြစ်နေတယ်။

တဖြည်းဖြည်းနဲ့ ဘုရားကျောင်းထဲ တိတ်ဆိတ်လာပြီး လူတွေ ရှင်းသွားတယ်။ ထွန်းထားတဲ့ဖယောင်းတိုင်တွေလဲ မီးရောင်မှိန်လာခဲ့ပြီ။ ကျွန်တော်တို့နှစ်ယောက်ထဲ တိတ်တဆိတ်ကျန်နေခဲ့တယ်။ ကျွန်တော့်အနေနဲ့ အခုလို သူနဲ့နှစ်ယောက်ထဲ ညနက်သန်းခေါင် မနေသင့်ဘူးဆိုတာ သိနေတယ်။ သန်းခေါင်အချိန်ဆိုရင် သချိုင်းအုတ်ဂူတွေကနေ သေသူတွေရဲ့ အလောင်းတွေဟာ ဝတ်ပြုဆုတောင်းဖို့ ဘုရားကျောင်းကိုရောက်လာတတ်တယ်။ အဲဒီမှာ တစ်ယောက်ယောက်ကိုတွေ့ရရင် အဲဒီလူက သူတို့ရဲ့ လျှို့ဝှက်ချက်တွေကို ထုတ်ဖော်လိုက်မှာကိုစိုးရိမ်ပြီးတော့ ကြောက်လန့်သွားတတ်တယ်။ ပြီးတော့ ထွက်ပြေးသွားတတ်တယ်။

"ကျွန်တော်နဲ့တူတူ...အိမ်လိုက်ခဲ့ပါလား..."

ကျွန်တော်က သူတောင်းစားကြီးကို ခေါ်လိုက်တယ်။

"ကျွန်တော့်အိမ်မှာ...စားစရာလဲရှိတယ်...အိပ်ဖို့နေရာလဲ ရှိတယ်.."



www.burmeseclassic.com

www.burmeseclassic.com



"ငါဘယ်တော့မှမအိပ်ဘူး..."

သူက ခပ်ပြတ်ပြတ်ပြန်ဖြေလိုက်တယ်။

သူ့စကားကြောင့် သူဟာ သူတောင်းစားအစစ်တစ်ယောက် မဟုတ်ဘူးဆိုတာ သေချာသွားပါပြီ။ ဒါကြောင့် သွားတော့မယ်လို့ ကျွန်တော်ကပြောလိုက်ပြီး ထွက်လာတော့ သူက နံဘေးမှာပါလာတယ်။ ကျွန်တော်တို့ဟာ နှင်းတွေဖုံးနေတဲ့လမ်းအတိုင်း လျှောက်လာခဲ့ကြတယ်။ လျှောက်နေကြရင်းမှ သူက အမှောင်ကိုကြောက်သလားလို့ ကျွန်တော့်ကို မေးလိုက်ပါတယ်။

"ဟုတ်ကဲ့...ကြောက်ပါတယ်.."

ကျွန်တော်၊ ခင်ဗျားကိုလဲကြောက်ပါတယ်လို့ ပြောလိုက်ချင်ပေမယ့် မပြောဖြစ်ပါ။ ဒါပေမယ့် သူ့ကို ကျွန်တော်ကြောက်နေတာကို သူသိနေတယ်လို့ ကျွန်တော့်စိတ်ထဲ ခံစားနေရတယ်။

"မင်းအနေနဲ့... အမှောင်ကိုကြောက်စရာမလိုပါဘူး ..."

သူကပြောပြီး၊ ကျွန်တော့်လက်မောင်းကို အသာဆုပ်ကိုင်လိုက်တယ်။ ပြီးတော့–

"ညဆိုတာ...နေ့ထက်ပိုပြီး သန့်စင်တယ်... ညမှာ စဉ်းစားနိုင်တယ်... ချစ်နိုင်တယ်... အိပ်မက်တွေမက်နိုင်တယ်...ဒါတွေအတွက် ညဟာ အကောင်းဆုံးအခြေအနေတစ်ခုပဲ...။ ညမှာ အရာအားလုံးဟာ ပိုပြီးပြင်းထန်လာတတ်တယ်...။ ပိုပြီး တိကျမှန်ကန်လာတတ်တယ်။ နေ့ဘက်မှာပြောလိုက်တဲ့စကားတွေဟာ ... ညဘက်ရောက်လာရင် အဓိပ္ပာယ်ပိုပြီး လေးနက်လာတဲ့ စကားလုံးအသစ်တွေနဲ့အတူ...ပဲ့တင်သံလို ဖြစ်လာတယ်...။ သောကဝေဒနာဟာ ... နေ့နဲ့ညမှာ မတူဘူးဆိုတာကို... ခံစားနေရတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



တောင်မသိဘူး... သူကတော့ ...နေ့နဲ့ညမှာ ပြောတဲ့စကားတွေဟာ အတူတူပဲလို့ ထင်မှာပဲ ... ဒါပေမယ့် အချိန်ကာလအရ ခံစားမှုက မတူတော့ဘူး၊."

လျှောက်လာရင်းနဲ့ ကျွန်တော်တို့အိမ်ရှေ့ရောက်တော့ အိမ်ထဲမဝင်ချင်ဘူးလားမေးတော့ သူက မဝင်ချင်ဘူးလို့ ပြန်ပြောတယ်။ သူဟာ ဘုရားရှိခိုးကျောင်းကိုပြန်သွားပြီး အဲဒီနေရာကနေပြီးတော့ ရောက်လာကြမယ့် အလောင်းကောင်တွေကို စောင့်ကြိုနေမှာပဲလို့ ကျွန်တော်တွေးလိုက်မိပါတယ်။ သူဟာ ကျွန်တော့်လက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်ပြီး–

"ဒီမှာနားထောင်စမ်း...ငါဟာ မင်းကို ... နေ့နဲ့ညနဲ့မတူတဲ့ သိမ်မွေ့တဲ့ အကြောင်းအရာတစ်ခုကို ပြောပြနေတာ... ပြတင်းပေါက်ကနေ အမှောင်ထဲကို ... အမြဲတမ်းကြည့်နေစမ်း ... ဘယ်လိုကြည့်ရမလဲဆိုတော့ ...လူတစ်ယောက်ရဲ့မျက်လုံးကို စူးစူးစိုက်စိုက်ကြည့်သလိုကြည့် ...အဲဒီအခါ အမှောင်ထဲမှာ မျက်နှာတစ်ခုကိုတွေ့ရလိမ့်မယ် ... တစ်ယောက်ယောက်ရဲ့ မျက်နှာပေါ့ ... အဲဒီအခါကျရင် ညက နေ့ကို လွှမ်းမိုးသွားပြီလို့သာ တစ်ထစ်ချယုံလိုက်တော့ ... မင်းငါပြောတာကို ယုံစမ်းပါကွာ ... ညမှာ မျက်နှာတစ်ခုရှိနေတယ်ဆိုတာကို ... "

သူဟာ ပြောပြီးတာနဲ့ ကျွန်တော်ပြန်ပြောမယ့်စကားကိုတောင် မစောင့်တော့ဘဲ နှုတ်ဆက်ပြီး နှင်းမှုန်တွေကြားထဲ တိုးဝင်ပြီး ထွက်သွားပါတော့တယ်။

အဲဒီကတည်းကစပြီး ကျွန်တော်ဟာ ညကို ပြတင်းပေါက်ကနေ စောင့်ကြည့်တတ်တဲ့အကျင့် ရလာခဲ့တယ်။ သူတောင်းစားကြီးပြောသလိုပဲ မျက်နှာတစ်ခုကို တွေ့လိုက်ရတတ်တယ်။ ဒါပေမယ့် တစ်ညနဲ့တစ်ည ပေါ်လာတဲ့မျက်နှာတွေက မတူကြဘူး။ ပထမဆုံး အမှောင်ထဲမှာ တွေ့လိုက်

www.burmeseclassic.com



ရှာကတော့ သူတောင်းစားကြီးရဲ့မျက်နှာပဲ။ နောက် ကွယ်လွန်သွားခဲ့ပြီ ဖြစ်တဲ့ အဖေရဲ့မျက်နှာ။ မျက်လုံးပွင့်ပြီးသေနေတဲ့ အဖေ့မျက်နှာ။ ပြူးနေတဲ့ အဖေ့မျက်လုံးထဲမှာ သေခြင်းတရားနဲ့ သတိတရားတွေပေါ်နေတယ်။ တစ်ခါ တလေ တစိမ်းတွေရဲ့မျက်နှာတွေကို တွေ့ရတတ်တယ်။ သူတို့ရဲ့မျက်နှာ တွေမှာတော့ မျက်ရည်အသွယ်သွယ်စီးကျနေပြီး ပြုံးပြဖို့ မတတ်နိုင်တော့တဲ့ အမူအရာတွေနဲ့ဖြစ်နေတယ်။ သူတို့တစ်တွေဟာ သေသွားကြတဲ့လူတွေ ဆိုတာကလွဲပြီး ကျန်တဲ့ သူတို့အကြောင်းတွေကို ကျွန်တော် ဘာမှမသိ။

"အမှောင်ထဲမှာနေပြီး ... ကိုယ့်စိတ်ကိုမညှင်းဆဲစမ်းပါနဲ့ကွာ... အခုချိန်ကစစ်ဖြစ်နေတဲ့အချိန် ..."

ဂက်(ဒ်)က နောက်နားကထပ်ပြောလိုက်တယ်။

ကျွန်တော်ကတော့ မနက်အာရုဏ်မှာသတ်ရမယ့်လူနဲ့ သူတောင်းစားကြီးအကြောင်းကိုပဲ တွေးနေမိတယ်။ ရုတ်တရက် ကျွန်တော့်ရဲ့ စိတ်ကူးဟာ ကစဉ့်ကလျားဖြစ်သွားတယ်။ ကျွန်တော်သတ်ရမယ့်လူဟာ သူတောင်းစားကြီးများဖြစ်နေမလား။

အပြင်ဘက်မှာ အမှောင်ကတဖြည်းဖြည်းရင့်လာနေပြီ။ မကြာခင်မှာ ကျွန်တော်တို့ရဲ့ 'အရှေ့အလယ်ပိုင်းဒေသ' တစ်ခုလုံး အမှောင်ကလွှမ်းခြုံသွားတော့မယ်၊ ကလေးလေးကတော့ အခုထိအော်ငိုနေတုန်း။ ကလေးငိုသံက ကျွန်တော့်ကိုအရင်ကထက်ပိုပြီး ဝမ်းနည်းကြေကွဲလာစေတယ်။ မြို့ဟာ တစ္ဆေသင်္ဘောတစ်စင်းလို ဖြစ်လာတယ်။ ဘာသံမှမကြားရပဲ တိတ်သထက် ဘိတ်ဆိတ်လာတယ်။ မြို့ဟာ အမှောင်ထုရဲ့ဝါးမြိုခြင်းကို တဖြည်းဖြည်း ခံနေရပြီ။

ကျွန်တော်ကတော့ ပြတင်းပေါက်ကနေ အမှောင်ထဲကို စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com


နေဆဲရှိသေးတယ်။ အမှောင်ထဲမှာ မျက်နှာတစ်ခုပေါ်လာတယ်။ အဲဒီမျက်နှာကို မြင်လိုက်ရတော့ ကျွန်တော့်လည်ပင်းကို ဆုပ်ကိုင်ပြီး တစ်ယောက်ယောက်က အတင်းဖိညှစ်ထားလိုက်သလို ခံစားလိုက်ရတယ်။ ကျွန်တော့်မျက်လုံးဟာ အဲဒီမျက်နှာပေါ်ကမခွာနိုင်ပဲဖြစ်နေတယ်။ မျက်နှာက တဖြည်းဖြည်းပီပြင်လာတယ်။ နောက်ဆုံးတော့ အဲဒီမျက်နှာဟာ ကျွန်တော့်ရဲ့မျက်နှာ။

* * *

လွန်ခဲ့တဲ့တစ်နာရီလောက်ကတည်းက ဂက်(ဒ်)ဟာ ကျွန်တော့်ကိုခေါင်းဆောင်ဖြစ်တဲ့ 'အဘိုးကြီး' ရဲ့ ဆုံးဖြတ်ချက်ကိုပြောပြထားပြီးပြီ။ သေဒဏ်စီရင်မယ့်နေရာနဲ့ အချိန်ကို သတ်မှတ်ပြီးပြီ။ ထုံးစံအတိုင်း သေဒဏ်စီရင်ရမယ့်အချိန်ဟာ မနက်အာရုဏ်မှာပဲဖြစ်ပါတယ်။ အဘိုးကြီးရဲ့ဆုံးဖြတ်ချက်ကို ကျွန်တော်အပါအဝင် ဘယ်သူမှ မအံ့သြကြပါဘူး။ ကျွန်တော်တို့ 'လှုပ်ရှားမှုအဖွဲ့' ဟာ ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်တယ်ဆိုတာ ဒီပါလက်စတိုင်းဒေသတစ်ခုလုံး သိထားကြပါတယ်။ ကျွန်တော်တို့ဟာ ပြောတဲ့စကားကို ယုံကြည်မှုနဲ့ပြောကြတယ်။ ပြောသလိုလုပ်တယ်။ အဲဒါကို အင်္ဂလိပ်တွေလဲ သိထားကြတယ်။

လွန်ခဲ့တဲ့တစ်လလောက်က ကျွန်တော်တို့ရဲ့ လူတစ်ဦးဟာ တွန်းလှန်တိုက်ခိုက်ရေးတစ်ခုလုပ်ရာမှာ ဒဏ်ရာရပြီး လက်နက်နဲ့အတူ အဖမ်းခံလိုက်ရတယ်။ အဲဒီလူကို အင်္ဂလိပ်စစ်တပ်ရဲ့ စစ်ခုံရုံးက စစ်ဥပဒေအရ ကြိုးပေးသတ်ဖို့ အမိန့်ချလိုက် တယ်။ ဒါဟာ ပါလက်စတိုင်းမှာပြဌာန်းထားတဲ့ အင်္ဂလိပ်တွေရဲ့ ဥပဒေအရ ကျွန်တော့်အပေါ်မှာ အမိန့်ချအပြစ်ပေးခဲ့တာဟာ ဆယ်ကြိမ်ရှိသွားပါပြီ။ ဒီလိုအပြစ်ပေးတာကို ခေါင်းဆောင်ဖြစ်သူ


www.burmeseclassic.com

www.burmeseclassic.com


'အဘိုးကြီး' က တော်သင့်ပြီ။ ရပ်သင့်ပြီလို့ ဆုံးဖြတ် လိုက်တယ်။ သူ့အနေနဲ့ 'မြင့်မြတ်တဲ့နယ်မြေ' ကို ကြိုးပေးရာ လူသတ်ကုန်း အဖြစ်ရောက်သွားအောင် အင်္ဂလိပ်တွေ လုပ်နေတာကို ခွင့်မပြုနိုင်တော့။ ကြည့်မနေနိုင်တော့။ ဒီတော့ အင်္ဂလိပ်တွေလို လက်စားချေတုန့်ပြန်ဖို့အတွက် ကြေငြာချက်တစ်ခု ထုတ်ပြန်လိုက်တယ်။

အဲဒီကြေငြာချက်ကို ပိုစတာတွေနဲ့ မြေအောက်အသံလွှင့်ဌာန ကနေပြီး ထုတ်ပြန်ကြေငြာလိုက်တာဖြစ်ပါတယ်။

"အဖမ်းခံထားရတဲ့ ရဲဘော် 'ဒေးဗစ်ဘင်မိုရီ' ကိုကြိုးစင်မတင်ရဘူး။ တကယ်လို့ ကြိုးပေးသတ်ခဲ့ရင် အင်္ဂလိပ်တွေအနေနဲ့ တန်ဘိုးကြီးကြီး ပြန်ပေးရလိမ့်မယ်။ အခုချိန်ကစပြီး တော်လှန်ရေးသမား ဂျူးလူမျိုးတွေကို ကြိုးပေးသတ်တိုင်း အင်္ဂလိပ်လူမျိုး 'အမေ' ဖြစ်သူဟာလဲ သေဆုံးသွားရတဲ့ သူမရဲ့သားဖြစ်သူ အင်္ဂလိပ်စစ်သားအတွက် ဝမ်းနည်းပူဆွေး ငိုကြွေးရလိမ့်မယ်..."

အဲဒီကြေငြာချက်နဲ့အတူ ကျွန်တော်တို့ဆီကိုလည်း တစ်ခါတည်း ညွှန်ကြားချက်ထုတ်လိုက်တယ်။ အဲဒါကတော့ ဓါးစာခံအဖြစ် အသုံးချဖို့ အင်္ဂလိပ်စစ်သားကိုလက်ရဖမ်းဆီးဖို့။ ဖြစ်နိုင်ရင် အင်္ဂလိပ်အရာရှိတွေကို အဓိကထားပြီး ဖမ်းဖို့ အမိန့်ထုတ်ညွှန်ကြားလိုက်ပါတယ်။

ဒီလိုအမိန့်ပေးလိုက်ပြီး သိပ်မကြာခင်မှာတ ကံဆိုးတဲ့အင်္ဂလိပ် အရာရှိတစ်ဦးဖြစ်တဲ့ 'ဗိုလ်ကြီးဂျွန်ဒေါ်ဆင်' ကို ကျွန်တော်တို့အဖွဲ့က လက်ရဖမ်းဆီးမိခဲ့တယ်။ တစ်ညမှာ သူဟာအပြင်ကို တစ်ယောက်တည်း လမ်းလျှောက်ထွက်လာခဲ့တယ်။ ကျွန်တော်တို့အဖွဲ့က လူတွေကလဲ ဒီလိုအခြေအနေမျိုးကို အမြဲတမ်းစောင့်ကြည့်နေကြတော့၊ သူ့ကိုဖမ်းလိုက်နိုင်တယ်။


www.burmeseclassic.com

www.burmeseclassic.com



ဂျွန်ဒေါ်ဆင်ကို ကျွန်တော်တို့ ဖမ်းမိသွားပြီဆိုတာနဲ့ အင်္ဂလိပ်တွေ အဖို့ အတော်ဦးနှောက်ခြောက်သွားပြီး အလုပ်လည်း အလွန်ရှုပ်သွားကြတယ်။ အင်္ဂလိပ်စစ်တပ်က လေးဆယ့်ရှစ်နာရီ ညမထွက်ရအမိန့်ထုတ်လိုက်တယ်။ အိမ်တိုင်းအိမ်တိုင်း ဝင်ရောက်ရှာဖွေစစ်ဆေးကြတယ်။ မသင်္ကာတဲ့ လူတစ်ရာလောက်ကိုလည်း ဖမ်းလိုက်တယ်။ လမ်းခွဆုံတွေမှာ တင့်ကားတွေနဲ့စောင့်နေပြီး အိမ်အမိုးတွေပေါ်မှာ စက်သေနတ်တွေနဲ့ လမ်းတွေပေါ် အသင့်ချိန်ရွယ်ထားကြတယ်။ လမ်းထောင့်ချိုးတွေမှာလည်း သံဆူးကြိုးတွေနဲ့ ပိတ်ဆို့ကာရံထားလိုက်တယ်။ ပြောရရင် ပါလက်စတိုင်းတစ်ခုလုံး အကျဉ်းထောင်ကြီးတစ်ခုလို ဖြစ်သွားတယ်။ ဒါပေမယ့် လွတ်နေတဲ့နေရာ တစ်ခုတော့ရှိနေသေးတယ်။ ဒါကတော့ ဓါးစာခံအဖြစ် ဖမ်းထားတဲ့ လွန်ဒေါ်ဆင်ကို ချုပ်ထားတဲ့ နေရာလေး။ လုံခြုံစွာထိန်းထားတဲ့ အခန်းလေး။ ကျွန်တော်တို့အဖွဲ့က သတိကြီးစွာနဲ့ စောင့်ကြပ်နေရတဲ့ အကျဉ်းထောင်သေးသေးလေးဆိုရင် မမှားပါဘူး။

မကြာခင်မှာ ပါလက်စတိုင်းဒေသဆိုင်ရာ အင်္ဂလိပ်ကော်မရှင်အဖွဲ့မှ အဆင့်မြင့်ပုဂ္ဂိုလ်က ကြောက်လန့်စိုးရိမ်ဖို့ကောင်းတဲ့ ကြေငြာချက် ထုတ်လိုက်တယ်။

တွန်းလှန်တိုက်ခိုက်သူတွေလက်ချက်နဲ့ ဗိုလ်ကြီးဂျွန်ဒေါ်ဆင် အသတ်ခံရရင်၊ ယင်းကိစ္စနဲ့ပတ်သက်ပြီး ပါလက်စတိုင်းပြည်သူအားလုံးမှာ တာဝန်ရှိတယ်။ ပြည်သူအားလုံး ဒီကိစ္စကို ခိုင်လုံသောအကြောင်းပြချက်နဲ့ ရှင်းလင်းပြရမယ်။ ဒီလိုကြေငြာချက်ထွက်လာပြီးတာနဲ့၊ လူတွေရဲ့ပါးစပ်မှာ ချက်နှာမှာ စိုးရိမ်ကြောက်လန့်နေတဲ့စကားသံတွေ၊ အမူယာတွေ ဖြစ်လာကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


တစ်ဘက်နဲ့တစ်ဘက် အခြေအနေက တင်းမာလာတယ်။

ဂျူးနိုင်ငံတည်ဆောက်ရေးအဖွဲ့ရဲ့ ခေါင်းဆောင်လူကြီးတွေက ကျွန်တော်တို့မြေအောက်လှုပ်ရှားမှုအဖွဲ့ခေါင်းဆောင် 'အဘိုးကြီး' နဲ့ ဆက်သွယ်ပြီး စဉ်းစဉ်းစားစားရှေ့ရေးကိုတွေးပြီး လုပ်ဖို့ အကြံပေးကြတယ်။ ဂျူးလူမျိုးတွေရဲ့ ရေရှည်အကျိုးကိုကြည့်ဖို့ တိုက်တွန်းကြတယ်။ 'အဘိုးကြီး' ရဲ့ပြောဆိုချက်တွေဟာ လူရမ်းကား လုယက်သတ်ဖြတ်တတ်သူတွေရဲ့ လက်စားချေဖို့အတွက် သုံးလိုက်တဲ့စကားလုံးတွေလိုဖြစ်နေတယ်။ ဒီအတွက် အပြစ်မရှိတဲ့ ဂျူးအမျိုးသားအမျိုးသမီးတွေအတွက် ထိခိုက်နစ်နာစရာတွေ သာဖြစ်လာလိမ့်မယ်လို့ ဆွေးနွေးတင်ပြကြတယ်။

ယင်းကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ 'အဘိုးကြီး'က ခပ်ပြတ်ပြတ်ပဲ ပြန်ဖြေလိုက်တယ်။

"ကျုပ်တို့လူ 'ဒေးဗစ်ဘင်မိုရှီ' ကို ကြိုးပေးသတ်လိုက်ရင် သူတို့လူ 'ဌန်ဒေါဆင်'လဲ သေရမှာပဲ။ တကယ်လို့ ကျုပ်တို့လှုပ်ရှားမှုအဖွဲ့က လိုက်လျောလိုက်ရင် အင်္ဂလိပ်တွေအဖို့ အောင်မြင်ဖို့တစ်ခုရသွားသလို ဖြစ်သွားလိမ့်မယ်။ သူတို့အနေနဲ့ ကျုပ်တို့ကို စွမ်းရည်သတ္တိမရှိတဲ့လူတွေလို့ဆိုပြီး ကျုပ်တို့အပေါ်မှာ ပိုပြီး ဖိနှင်းလာလိမ့်မယ်။ အဲဒီတော့ သူတို့ကိုပြောဖို့စကားက သူတို့ကိုဆန့်ကျင်တိုက်ခိုက်ခဲ့တဲ့ ဂျူးတွေကို ကြိုးဒဏ်ဆက်ပေးပါ။ ကျုပ်တို့ကတော့ ဘယ်တော့မှအပေးအယူမလုပ်ဘူးဆိုတဲ့စကားပဲ။ တုန့်ပြန်တော်လှန်တိုက်ခိုက်တယ်ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ဟာ အင်္ဂလိပ်တွေ နားလည်နိုင်တဲ့ ဘာသာစကားဖြစ်တယ်။ လူတစ်ယောက်ဟာ လူတစ်ယောက်အတွက် အသက်တစ်ချောင်းဟာ အသက်တစ်ချောင်းသာ ဖြစ်ရမယ်။


www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပဲ တစ်ကမ္ဘာလုံး လှုပ်လှုပ်ရှရှဖြစ်သွားကြတယ်။ လန်ဒန်ပါရီ၊ နယူးယောက်မြို့တွေကထုတ်ဝေတဲ့ ထိပ်တန်းသတင်းစာတွေက ဒီအကြောင်းတွေကို မျက်နှာဖုံးမှာ ဖော်ပြလိုက်ကြတယ်။ 'ဒေးဗစ်ဘင်မိုရှိ' ရဲ့ ဂုဏ်သတင်းလဲ ပိုကြီးသွားတယ်။ သူ့ဆီကို ကမ္ဘာအရပ်ရပ်က ပေးထားတဲ့စာတွေ ကျွန်တော်တို့မြို့ကို ပလူပျံနေအောင် ရောက်လာခဲ့တယ်။

အခုဆို 'ဂျေရုစလင်' ဟာ စကြာဝဠာရဲ့ ဗဟိုချက်တစ်နေရာ ပြန်ဖြစ်လာခဲ့ပြီ။

လန်ဒန်မှာရှိတဲ့ 'ကိုလိုနီဒေသဆိုင်ရာ' ရုံးကို ဌှာန်ဒေါ်ဆင်ရဲ့ အမေရောက်လာခဲ့တယ်။ သူမက ဒေးဗစ်ဘင်မိုရှိကို ကြိုးမပေးဖို့ အသက်ရှင်နေခွင့်ပေးဖို့ တောင်းပန်ခဲ့တယ်။ သူမသားရဲ့ အသက်ရှင်နေနိုင်မှုဟာ ဒေးဗစ်မိုရှိရဲ့အသက်နဲ့ လုံးဝပတ်သက်နေတယ်ဆိုတာ သူမသိထားတယ်။

"ကိုလိုနီဒေသဆိုင်ရာအဖွဲ့ရဲ့ အတွင်းရေးမှူးက တရားသူကြီးတစ်ယောက်ရဲ့လေသံမျိုးနဲ့ ပြုံးပြီးနှစ်သိမ့်စကားပြန်ပြောခဲ့တယ်။ 'ကြောက်စရာမလိုဘူး'။ ဂျူးတွေဟာ ဘယ်တော့မှ ဒီလိုမလုပ်ဘူး။ သူတို့ဘယ်လိုလူစားမျိုးလဲဆိုတာ ခင်ဗျားသိနေတာပဲ။ အော်မယ်၊ ငိုမယ်၊ ရေးကြီးခွင်ကျယ်လုပ်မယ်။ နောက်ဆုံး သူတို့စကားလုံးရဲ့ အဓိပ္ပာယ်အတိုင်းအတာကိုပြန်ပြီး ကြောက်လာမယ်။ ဒါဟာ သူတို့ရဲ့စရိုက်ပဲ။ မစိုးရိမ်ပါနဲ့။ ခင်ဗျားသား မသေပါဘူး"

ပါလက်စတိုင်းမှာရှိနေတဲ့ အဆင့်မြင့်ပုဂ္ဂိုလ်ဟာ အကောင်းမြင်တဲ့စိတ်နည်းနည်းပါးပါးရှိတဲ့လူဖြစ်တယ်။ ယင်းကိစ္စနဲ့ပတ်သက်ပြီး သူက အဆင်ပြေချောမွေ့အောင် ဘယ်လိုလုပ်မလဲလို့ လန်ဒန်ကိုကြေးနန်းနဲ့ ညွှန်ကြားမေးလိုက်တယ်။ တစ်ကမ္ဘာလုံးကလူတွေရဲ့ အင်္ဂလန်အပေါ်ထားတဲ့သဘောထားမြင်



www.burmeseclassic.com

www.burmeseclassic.com


ချက်ကိုလဲ မေးလိုက်တယ်။

လန်ဒန်က ကိုလိုနီဒေသဆိုင်ရာအဖွဲ့ အတွင်းရေးမှူးက တယ်လီဖုန်းနဲ့ အကြောင်းပြန်ခဲ့တယ်။

"အလဲအလှယ်ပြုပြီး ချောမွေ့အဆင်ပြေအောင်လုပ်ဖို့ကိစ္စအတွက် ကက်ဘိနက်အဖွဲ့က အစည်းအဝေးလုပ်တယ်။ နှစ်ယောက်က ချောမွေ့အဆင်ပြေအောင်လုပ်ဖို့ အလဲအလှယ်ကိစ္စကို သဘောတူတယ်။ ကျန် အဖွဲ့ဝင်တွေက သဘောမတူ၊ သူတို့က နိုင်ငံရေးအရမဟုတ်ပဲ တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကို ကြည့်ရမယ်လို့ဆိုကြတယ်။ တောင်းပန်ပြီး အလဲအလှယ်လုပ်တယ်ဆိုတာ မိမိရဲ့အားနည်းချက်ကို ပြရာရောက်တယ်။ အဲဒီလိုကိစ္စမျိုး အင်္ဂလိပ်အင်ပိုင်ယာရဲ့ တခြားဒေသက လူငယ်တွေအဖို့ အတုယူစရာဖြစ်သွားတယ်။ နောက် ပါလက်စတိုင်းက တွန်းလှန်တိုက်ခိုက်ရေးသမားတွေက ဗြိတိန်နိုင်ငံကို အပြစ်က ခွင့်လွှတ်လိုက်တယ်လို့ ပြောစရာဖြစ်သွားမယ်"

နောက် အတွင်းရေးမှူးက ဆက်ပြောပြန်တယ်။

"ကျုပ်တို့အဖို့ ကမ္ဘာ့အလည်မှာ လူရယ်စရာကြီးဖြစ်သွားမယ်။ ဒီလိုတော့ ကျုပ်တို့ဘယ်လိုမှ အဖြစ်မခံနိုင်ဘူး။

"ဒါဆို...အဖြေက မဖြစ်နိုင်ဘူးဆိုတဲ့အဖြေပေါ့ ..."

အဆင့်မြင့်ပုဂ္ဂိုလ်က ပြန်မေးလိုက်တယ်။

"ဒါပဲရှိတာပေါ့ ..."

"ဒါဆို ... ဌာန်ဒေါ်ဆင်အတွက် ဘယ်လိုလုပ်မလဲ"

"ဌာန်ဒေါ်ဆင်ကို...သူတို့ ဘာမှမလုပ်ပါဘူး..."

"ကျွန်တော်တော့ သဘောမတူဘူး..."

"ခင်ဗျားမှာ ... ကိုယ်ပိုင် ထင်မြင်ယူဆခွင့်ရှိပါတယ်..."

သက်တံ့ဆည်းဆာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနဲ့ ဖုန်းချလိုက်တယ်။

နောက်၊ အချိန်နည်းနည်းကြာသွားပြီဖြစ်တဲ့အခါကျတော့ ဂျေရ လင်ရေဒီယိုက ဒေးဗစ်ဘင်မိုရှီကို နောက်တစ်နေ့ အရဏ်ဦးအချိန်မှာ ကြိုးပေးသတ်ဖို့ ကြေငြာလိုက်တယ်။ သတ်မယ့်နေရာအကျဉ်းထောင်ကို လည်း ဖော်ပြလိုက်ပါတယ်။ သူ့ရဲ့ မိသားစုကို နောက်ဆုံးနှုတ်ဆက်တဲ့ အနေနဲ့ တွေ့ခွင့်ပြုလိုက်ပြီး လူထုကိုတော့ ငြိမ်သက်အေးချမ်းစွာ နေဖို့ အမိန့် ထုတ်ကြေငြာလိုက်တယ်။

အဲဒီနေ့မှာပဲ ကမ္ဘာ့ ကုလသမ္မဂ္ဂမှာ ပါလက်စတိုင်းရဲ့ အရေးကိစ္စ နဲ့ပတ်သက်ပြီး အခြေတင်ဆွေးနွေးကြတဲ့အကြောင်း သတင်းကြေငြာချက် ကို ကြားရပါတယ်။ နောက် ဥပဒေမဲ့ဝင်ရောက်လာကြတဲ့ သင်္ဘောနှစ်စင်းမှာ ပါလာတဲ့လူတွေကို မြေထဲပင်လယ်ထဲမှာ ဖမ်းဆီးလိုက်ပြီး ဒီလူတွေကို ဆိုက်ပရပ်ကျွန်းကိုပို့ပြီးတော့ အကျယ်ချုပ်နဲ့ ဖမ်းထားလိုက်တယ်ဆိုတဲ့ သတင်းကိုလည်း ကြားရပါတယ်။ ပြီးတော့ တခြားသတင်းကို ဆက် ကြေငြာပြီး ဒေးဗစ်မိုရှီ ကြိုးပေးခံရမယ့်သတင်းကို ထပ်ကြေငြာပါတယ်။ သတင်းထဲမှာ အင်္ဂလိပ်ဗိုလ်ကြီး ဝျွန်ဒေါ်ဆင်နဲ့ ပတ်သက်တဲ့သတင်းကိုလုံးဝ ကြေငြာခြင်းမပြု။ ဒါပေမယ့် သတင်းနားထောင်သူတွေက ဗိုလ်ကြီး ဝျွန်ဒေါ် ဆင်ရဲ့ကံကြမ္မာကို သိထားပြီးသား။ ဒေးဗစ်ဘင်မိုရှီသေရသလို ဝျွန်ဒေါ်ဆင် လဲ သေရမယ်ဆိုတာ လက်ခံထားပြီးသား။ လှုပ်ရှားမှုအဖွဲ့ကလူတွေဟာ ပြောတဲ့စကားအတိုင်းလုပ်တတ်တယ်ဆိုတာ လူတွေက နားလည်ပြီးသား။

"ဝျွန်ဒေါ်ဆင်ကို ... ဘယ်သူသတ်မလဲ ..."

ကျွန်တော်က ဂက်(ဒ်)ကိုမေးလိုက်တယ်။

"မင်းသတ်ရမယ် ..."



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်သတ်ရမယ် ... ဟုတ်လား ..."

ကျွန်တော် ကြားလိုက်ရတဲ့စကားအတွက် ကိုယ့်နားကိုယ် မယုံနိုင်အောင်ဖြစ်သွားပြီး ပြန်မေးလိုက်တယ်။

"မင်းသတ်ရမယ် ... ဒါဟာ တို့"အဘိုးကြီး" ရဲ့ အမိန့်ပဲ ..."

ဒီစကားကိုကြားရတဲ့အချိန်တုန်းက ကျွန်တော့်မျက်နှာကို လက်သီးနဲ့ပိတ်ထိုးလိုက်သလို ခံစားလိုက်ရတယ်။ ကျွန်တော့်ခြေထောက် အောက်ကကမ္ဘာမြေကြီးဟာ လှိုင်းတွေလို ကုန်းကြွရုန်းထလာပြီး ကျွန်တော့် ကိုယ်ခန္ဓာဟာ ဟိုးအနက်ရှိုင်းဆုံးနေရာအထိ အဆုံးမရှိပဲ ထိုးကျသွားသလို ဖြစ်သွားတယ်။ စိတ်လှုပ်ရှားမှုတွေဟာ ကြောက်စရာကောင်းတဲ့ အိပ်မက်ဆိုး တစ်ခုလိုဖြစ်လာတယ်။

"အခုအချိန်က ... စစ်ဖြစ်နေတဲ့အချိန် ..."

ဂက်(ဒ်) နောက်နာကထပ်ပြောလိုက်ပြန်တယ်။ သူ့အသံက ဟိုး အဝေးကြီးတစ်နေရာကပေါ်လာတဲ့အသံလို ဖြစ်နေပေမယ့် ကျွန်တော် ရှင်းရှင်း လေးကြားလိုက်ရတယ်။

"အခုချိန်ကစစ်ဖြစ်နေတဲ့အချိန် ... မင်းစိတ်ကို မင်းညှင်းဆဲမနေ နဲ့..."

ကျွန်တော်ဟာ ပြတင်းပေါက်ကနေ အပြင်ကိုငေးပြီးသာ ကြည့်နေ မိပါတယ်။

"မနက်ဖြန်ကျရင် ... ငါလူတစ်ယောက်ကိုသတ်ရတော့မယ် — လူတစ်ယောက်ကို သတ်ရတော့မယ် ... မနက်ဖြန်.."

ကျွန်တော့်ကိုယ်ကျွန်တော်ပြောရင်း အဲဒီစကားတွေ(ရဲ့) အတွေးတွေနဲ့သာ ရစ်ပတ်နှောင်ဖွဲ့နေမိပါတော့တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်တော့်နာမည်က 'အီလီရှာ'။ ဒီဇာတ်လမ်းစတဲ့အချိန်မှာ ကျွန်တော့်အသက် တစ်ဆယ့်ရှစ်ရှိနေပြီ။ ဂက်(ဒ်)က ကျွန်တော့်ကို လှုပ်ရှားမှုအဖွဲ့မှာ အဖွဲ့ဝင်အသစ်အဖြစ်နဲ့ဝင်ဖို့ ပါလက်စတိုင်းကို ခေါ်လာခဲ့တယ်။ သူက ကျွန်တော့်ကို တွန်းလှန်တိုက်ခိုက်ရေးသမားတစ်ဦး ဖြစ်အောင် သင်ပေးလိုက်တယ်။

ကျွန်တော်သူ့ကို ပါရီမှာစတွေ့ခဲ့ရတယ်။ ကျွန်တော်ဟာ စစ်ကြီးပြီးတာနဲ့ ချက်ချင်းဆိုသလို 'ဘူရှန်ဝေါ' အကျဉ်းထောင်ကနေပြီး ပါရီကို ပြန်ပြီးထွက်လာခဲ့တယ်။ ပထမတော့ အမေရိကန်လွတ်မြောက်ရေးတပ်ဖွဲ့က ကျွန်တော့်ကို အိမ်ပြန်စေပါတယ်။ ဒါပေမယ့် ကျွန်တော်ငြင်းလိုက်တယ်။ ကျွန်တော့်အနေနဲ့ ငယ်စဉ်ကကြီးပြင်းလာရတဲ့နေရာမှာ မနေချင်တော့ဘူး။ နိုင်ငံခြားသားတွေ အုပ်စိုးထားတဲ့နယ်မြေက ကျွန်တော်တို့ရဲ့အိမ်မှာ မနေချင်တော့ဘူး။ ကျွန်တော့်မိဘတွေသေသွားကြပြီဖြစ်တဲ့အကြောင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရဲ့ ဇာတိမြို့ကို ရုရှားက ထိန်းသိမ်းထားတယ်ဆိုတာကို ကျွန်တော်ကြားရပြီးပြီ။ အဲဒီတော့ ဒီလိုနေရာမျိုးမှာ ပြန်နေရဦးမှာလား။

"ကျွန်တော် အဲဒီနေရာကို မပြန်ချင်ဘူး ... ကျေးဇူးတင်ပါတယ်"

"ဒါဆို...မင်းဘယ်နေရာသွားချင်လဲ.."

"ဒါလဲ ... ကျွန်တော်မသိသေးဘူး..."

ဒါဟာ တကယ်အရေးကြီးတဲ့ကိစ္စတစ်ခုတော့ မဟုတ်ပါဘူး။

နောက်တော့ ဘူရှန်ဝေါမှာ ငါးပတ်လောက်ဆက်နေပြီး ပါရီကို ရထားနဲ့ထွက်လာခဲ့တယ်။ ပြင်သစ်ဟာ ကျွန်တော့်အတွက် ငြိမ်းချမ်းမှုကို ပေးခဲ့တယ်။ ပါရီကိုရောက်ရောက်ချင်း ကယ်ဆယ်ရေးအဖွဲ့က ကျွန်တော့်ကို နော်မန်ဒီမှာရှိတဲ့ လူငယ်စခန်းမှာ တစ်လသွားနေဖို့ လွှတ်လိုက်တယ်။

နော်မန်ဒီက ပြန်လာတော့ စည်းရုံးရေးအဖွဲ့က ကျွန်တော့်ကိုနေဖို့ ပရိဘောဂအစုံအလင်ပါတဲ့ အခန်းတစ်ခန်းမှာ နေစေတယ်။ နောက် ကျွန်တော်နေထိုင်စရိတ်နဲ့ ပြင်သစ်စာသင်ဖို့ ကုန်ကျငွေကို အဲဒီအဖွဲ့က ပေးပါ တယ်။ ကျွန်တော်ဟာ ပြင်သစ်စာသင်ဖို့ စနေ၊ တနင်္ဂနွေနှစ်ရက်ကလွဲပြီး ကျန်တဲ့နေ့တိုင်း သွားတက်ရပါတယ်။ ပြင်သစ်ဆရာကတော့ နှုတ်ခမ်းမွေး ထူထူနဲ့ သဘောကောင်းတဲ့ ရည်မွန်တဲ့လူတစ်ယောက်ပါ။ ဒါပေမယ့် သူ့ နာမည်ကိုတော့ ကျွန်တော်မေ့နေပြီ။ ကျွန်တော့်ဆန္ဒက ဖီလိုဆိုဖီဘာသာရပ် ကို ကျွမ်းကျင်နားလည်တဲ့လူတစ်ယောက်အဖြစ်နဲ့ ဘွဲ့တစ်ခုလိုချင်နေတယ်။

ဖီလိုဆိုဖီဘာသာရပ်ကို ကျွန်တော် စိတ်ဝင်စားတာ အကြောင်းမဲ့ မဟုတ်ပါဘူး။ နာဇီအကျဉ်းစခန်းမှာ အနိပ်စက်ခံခဲ့ရတဲ့အဖြစ်ပျက်တွေရဲ့ အဓိပ္ပာယ်အကြောင်းရင်းကို နားလည်ချင်တယ်။ အကျဉ်းစခန်းမှာ ကျွန်တော် ဟာ ဝမ်းနည်းရင်ဖြစ်ဖြစ်၊ ဒေါသထွက်ရင်ပဲဖြစ်ဖြစ် အော်ဟစ်ငိုလိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဘုရားသခင်ကို ဆန့်ကျင်လာတယ်။ ရက်စက်တဲ့လူတွေကို မုန်းတီးဆန့်ကျင်လာတယ်။ အဲဒီလူ့ရဲ့ရင်ထဲမှာ ဘုရားသခင်က ရက်စက်မှုစိတ်တစ်ခုတည်းကိုပဲ အမွေအဖြစ်ထည့်ပေးထားလိုက်သလိုမျိုးဖြစ်နေတယ်။ ကမ္ဘာလောကနဲ့ ကင်းကွာနေတဲ့နေရာ ရောက်ပေမယ့် တန်ဘိုးရှိတဲ့ တော်လှန်ရေးလုပ်ဖို့ ကျွန်တော်စိတ်အားထက်သန်လာတယ်။ ဒီအမြင်ဒီအယူအဆက အခုထိရှိနေတယ်။

မေးခွန်းတွေက ကျွန်တော့်ကိုစိုးရိမ်သောကတွေဖြစ်လာစေပြီး စိတ်ဒုက္ခရောက်စေခဲ့ပါတယ်။ ဘုရားသခင်ကို ဘယ်မှာတွေ့နိုင်မလဲ။ နာကျင်ဒုက္ခခံစားရခြင်းနဲ့ ပုန်ကန်တွန်းလှန်ခြင်းထဲမှာလား။ ဘယ်အချိန်မှာ လူတစ်ယောက်ဟာ မှန်ကန်ဖြောင့်မတ်လဲ။ ခေါင်းငြိမ့်လက်ခံတဲ့အချိန်မှာလား။ ငြင်းပယ်တဲ့အချိန်မှာလား။ ဒုက္ခဆင်းရဲခြင်းက သူ့ကို ဘယ်အထိရောက်သွားစေလဲ။ သန့်ရှင်းစင်ကြယ်တဲ့ဘဝကို ရောက်သွားတဲ့အထိလား။ တိရစ္ဆာန်တစ်ကောင်လို ရက်စက်ကြမ်းကြုတ်သွားစေတဲ့အထိလား။

ဒီမေးခွန်းတွေကို ဖီလိုဆိုဖီက အဖြေပေးနိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ထားခဲ့တယ်။ အဲဒီအဖြေတွေကသာ ကျွန်တော့်ရဲ့ မှတ်ဉာဏ်တွေ၊ ယုံမှားသံသယတွေ၊ ခံစားနေရတဲ့အပြစ်တွေက လွတ်မြောက်သွားစေမှာဖြစ်ပါတယ်။ အဖြေတွေက အဲဒါတွေကို အဝေးကိုလွင့်သွားစေမှာဖြစ်ပါတယ်။ အဲဒီအဖြေတွေမှာ နေရောင်ထဲမှာ ထင်ထင်ရှားရှားတွေ့လိုက်ရတဲ့ အစိုင်အခဲတုံးတစ်ခုလို သေချာမှုတွေရှိနေပါတယ်။ ဒါကြောင့် ကျွန်တော် တက္ကသိုလ်ဝင်ခွင့်ရအောင် အာရုံစိုက်ပြီး ကြိုးစားဖို့ ရည်မှန်းချက်ထားခဲ့တယ်။

ဒါပေမယ့် ကျွန်တော့်ရည်ရွယ်ချက်အတွက်ကမှ မလုပ်ရသေးခင် ဂက်(ဒ်) ရောက်လာခဲ့တယ်။ သူဟာ ကျွန်တော့်ရဲ့ ရည်မှန်းချက်ပန်းတိုင်



www.burmeseclassic.com

www.burmeseclassic.com



ကို ဖျက်ဆီးခဲ့တဲ့လူတစ်ယောက်။ တကယ်လို့များ ဒီနေ့မှာ ကျွန်တော်ဟာ အမေးလက္ခဏာ တစ်ခုဖြစ်ရင်၊ သူလည်း တာဝန်မကင်းတဲ့လူတစ်ယောက် ဖြစ်သွားမှာပဲ။

တစ်ညနေမှာ ကျွန်တော့်အခန်းတံခါးကို လာခေါက်သံကြားလိုက်ရတယ်။ ကျွန်တော်သွားပြီး တံခါးဖွင့်ပေးလိုက်တယ်။ ဖွင့်ရင်းနဲ့ ဘယ်သူဖြစ်မလဲလို့ တွေးလိုက်မိတယ်။ ဒီပါရီမြို့မှာ သူငယ်ချင်းတွေမရှိဘူး။ အသိအကျွမ်းမရှိဘူး။ ကျွန်တော်ဟာ အခန်းတံခါးပိတ်ပြီး စာဖတ်နေတတ်တယ်။ ဒါမှမဟုတ် အရင်ကဖြစ်ခဲ့တဲ့အကြောင်းတွေကို တွေးနေတတ်တယ်။ အပြင်ကို အင်မတန်ထွက်ခဲတယ်။

"မင်းနဲ့ .... ကိုယ် စကားနည်းနည်းပြောချင်တယ် ..."

တံခါးဝမှာရပ်နေတဲ့လူကပြောလိုက်တယ်။

သူဟာ လူငယ်တစ်ယောက်။ ကိုယ်လုံးသွယ်သွယ်နဲ့ အရပ်မြင့်တယ်။ မိုးကာအကျႌကို ဝတ်ထားတယ်။ ကြည့်ရတာ စုံထောက်တစ်ယောက်လို့ ဒါမှမဟုတ် စွန့်စွန့်စားစားလုပ်တတ်တဲ့ လူတစ်ယောက်လို ပုံစံပေါက်နေတယ်။

"အထဲဝင်ခဲ့ပါ ..."

ကျွန်တော်ပြောလိုက်တော့ သူက အထဲဝင်လိုက်ပါတယ်။

အထဲရောက်လာပေမယ့် မိုးကာအကျႌကိုမချွတ်ဘူး။ သူက စားပွဲဆီ တန်းသွားပြီး စားပွဲပေါ်က စာအုပ်သုံးအုပ်ကို လှမ်းယူလိုက်တယ်။ နောက် စာမျက်နှာတွေကို တဖျပ်ဖျပ်လှန်နေကြည့်လိုက်ပြီး စားပွဲပေါ် ပြန်ချလိုက်တယ်။ ပြီးမှ ကျွန်တော့်ဘက်လှည့်ပြီး –

"မင်း ဘယ်သူလဲဆိုတာ ကိုယ်သိတယ် ... မင်းအကြောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း အားလုံးသိတယ်..."

သူ့မျက်နှာက နေလောင်ထားလို့ ညိုမှောင်နေတယ်။ ဆံပင်ဖွာလံ ကျဲနေပြီး နဖူးမှာ အရေးအကြောင်းတစ်တန်းက ထူးခြားစွာပေါ်လွင်နေတယ်။ ပါးစပ် အနေအထားက တင်းမာတုတ်တဲ့ပုံ၊ ရက်စက်တတ်တဲ့ပုံ။ သူ့လေသံ က ကရုဏာသံပါပေမယ့် ခပ်သွက်သွက်ပြောတတ်တဲ့လေသံ။ သူ့မျက်လုံး များက နွေးထွေးမှုနဲ့ ဉာဏ်အမြော်အမြင်ကြီးကြောင်းကို ဖော်ပြနေတယ်။

"ခင်ဗျားဟာ ... ကျွန်တော့်ထက်အများကြီး ကံကောင်းတာပဲ — ဘာဖြစ်လို့လဲဆိုတော့ ... ကျွန်တော်က ကျွန်တော့်အကြောင်းကို နည်းနည်းလေးပဲသိတာ ..."

သူကပြုံးလိုက်တယ်။

"မင်းရဲ့အတိတ်ကအကြောင်းတွေပြောဖို့ ... ကိုယ်လာတွေ့တာ မဟုတ်ဘူး ..."

"အနာဂတ်အတွက်ဆိုရင်တော့ ... အတိုင်းအဟာတစ်ခုထိ ... ကျွန်တော်စိတ်ဝင်စားပါတယ် ..."

သူကဆက်ပြီး ပြုံးလိုက်တယ်။

"အနာဂတ်ဟုတ်လား ... မင်းက မင်းရဲ့အနာဂတ်နဲ့ အဆက် အစပ်ရှိနေလို့လား..."

သူ့စကားကြောင့် ကျွန်တော့်ရင်ထဲမှာ မသက်မသာခံစားလိုက်ရ တယ်၊ ကျွန်တော် သူ့ကိုနားမလည်တော့။ သူ့မေးခွန်းရဲ့အဓိပ္ပာယ်က ကျွန်တော့်အဖို့ ထွက်ပေါက်တစ်ခုလိုဖြစ်နေတယ်။ သူ့ရင်ထဲက တစ်စုံတစ်ခု သောအရာက ကျွန်တော့်ကို ခေါင်းချွန်နဲ့ ထိုးဆွလိုက်သလိုဖြစ်သွားတယ်။ ဒါဟာ သူ့ရဲ့ အတွေ့အကြုံကရထားတဲ့ ထူးခြားတဲ့စိတ်စွမ်းအင်တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တယ်။ သူက ကျွန်တော် ဘယ်သူလဲဆိုတာသိထားပေမယ့် ကျွန်တော်က သူ့နာမည်ကိုတောင်မသိ။ ကျွန်တော့်ကိုကြည့်တဲ့ သူ့အကြည့်တွေက ရင်းနှီး မှုကိုဖော်ပြနေတယ်။ ကျွန်တော့်ကို မျှော်လင့်နေတဲ့အကြည့်မျိုးဖြစ်နေတယ်။ နောက်၊ ချက်ချင်းဆိုသလို အတွေးတစ်ခု ကျွန်တော့်ဆီဝင်လာတယ်။ ဘာလဲ ဆိုတော့ သူ လူမှားပြီး ကျွန်တော့်ကိုလာတွေ့တာပဲဖြစ်ရမယ်ဆိုတဲ့ အတွေး။ သူတွေ့ချင်တဲ့လူဟာ ကျွန်တော်မဖြစ်နိုင်ဘူးဆိုတဲ့ အတွေးပဲ။

"ခင်ဗျားဘယ်သူလဲ ... ကျွန်တော့်ကို ဘာလုပ်မလို့လဲ ..."

ကျွန်တော်က ရုတ်တရက်မေးလိုက်တယ်။

"ကိုယ့်နာမည်က ဂက်(ဒ်) ..."

ပြန်ဖြေတဲ့အသံမှာ ရင်ထဲကလိုက်သံပါနေတယ်။ မေးတဲ့ မေးခွန်းတွေရဲ့အဖြေတွေကို ပြောနိုင်တယ်ဆိုတဲ့၊ နိုင်မာတဲ့ပြတ်သားတဲ့လေသံမျိုးဖြစ်နေတယ်။ သူ့အဖြေက၊ တစ်ခါတုန်းက 'ဂျီဟိုဗာ' ပြောတဲ့ 'ငါဟာ ငါဖြစ်တယ်' ဆိုတဲ့စကားလိုဖြစ်နေတယ်။

"ကောင်းပြီလေ ... ခင်ဗျားနာမည် ဂက်(ဒ်) ... အခုလိုသိရတော့ ကျွန်တော်ဝမ်းသာတယ် ... ခင်ဗျားကိုယ်တိုင်မိတ်ဆက်ပြီးပြီဆိုတော့ ... ခင်ဗျား ကျွန်တော့်ဆီ ဘာဖြစ်လို့လာတာလဲ ... ကျွန်တော့်ဆီက ဘာလိုချင်လို့လဲ ... "

ကျွန်တော့်အသံမှာ အံ့သြမှုနဲ့ စိုးရိမ်မှုတွေ ရောနေတယ်ဆိုတာ ကျွန်တော်သိနေတယ်။

သူ့အကြည့်က ကျွန်တော့်မျက်လုံးထဲကနေ ခန္ဓာကိုယ်ထဲကိုခပ်စူးစူးဝင်လာတယ်။ ခပ်ကြာကြာစိုက်ကြည့်နေတယ်။ ကျွန်တော့် တစ်ကိုယ်လုံးကို ထိုးဖောက်မြင်နိုင်အောင် ကြည့်နေပြီးမှ ပြန်ဖြေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့အနာဂတ် ... ကိုယ့်ကိုပေးတာကို လိုချင်တယ် ..."

သူ့စကားကိုကြားရတော့၊ ကျွန်တော်ငယ်ငယ်ကသိရတဲ့ ရိုးရာပုံပြင်တွေထဲက စေတမန် 'မိရှုလာ'ကို သတိရမိတယ်။ အဲဒီစေတမန်ဟာ လူတွေဆီကို ကံကြမ္မာဆိုးကို ယူလာတတ်သူ၊ ထူးဆန်းအံ့သြဘွယ်ကောင်းတဲ့သူတစ်ဦးဖြစ်ပါတယ်။ အဲဒီကံကြမ္မာဆိုးက လူရဲ့အနာဂတ်ကို ဖျက်ဆီးပစ်ပြီး ဒုက္ခရောက်စေခဲ့တယ်။

အခု ဂက်(ဒ်) ရဲ့စကားဟာ စေတမန်ရဲ့ စကားလိုပဲ။ လူတစ်ယောက်ကို တုန်လှုပ်သွားစေတယ်။ သူ့ဆီမှာ ပါလာတဲ့အကြောင်းအရာကယူလာတဲ့သူနဲ့ လက်ခံတဲ့သူထက်ပိုပြီး အရေးကြီးတယ်။ သြဇာအာဏာအပြည့်နဲ့ဖြစ်နေတယ်။ သူ့ရဲ့စကားက လုံးဝပြီးပြည့်စုံနေတဲ့ ဖန်ဆင်းရှင်ဘုရားသခင်ဆီက ယူလာသလိုဖြစ်နေတယ်။ နောက်၊ သူ့စကားလုံးနဲ့လေသံက တပြိုင်ထဲမှာ ကြောက်စရာကောင်းတာနဲ့ ဆွဲဆောင်မှုတွေရောပါနေတယ်။ ကျွန်တော့်စိတ်ထဲကနေ သူဟာ မိရှုလာဆိုတဲ့ စေတမန်တစ်ဦးဖြစ်တယ်လို့ ပြောလိုက်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့၊ သူက ကျွန်တော့်ဆီ ရုတ်တရက် မထင်မှတ်ဘဲရောက်လာတာထက်၊ သူ့ပြောပုံဆိုပုံနဲ့ စကားလုံးတွေကြောင့်ပဲဖြစ်ပါတယ်။

"ခင်ဗျား ဘယ်သူလဲ ..."

ကျွန်တော်က ထပ်မေးလိုက်တယ်။ ကျွန်တော့်အသံက ခပ်ဘုန်တုန်ဖြစ်နေတယ်။ သူ့ကိုကြောက်နေတယ်။

"ကိုယ်ဟာ ... စေတမန်တစ်ဦးပဲ ..."

ကျွန်တော့်တစ်ကိုယ်လုံး သွေးဆုတ်သွားသလို ခံစားလိုက်ရတယ်။ ကျွန်တော့်စိတ်ထဲမှာ တထင့်ထင့်ဖြစ်နေတဲ့ အတိတ်နိမိတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



ကတော့ မှန်နေပြီ။ သူဟာ ကံကြမ္မာဆိုးဆီက လွှတ်လိုက်တဲ့ စေတမန် တစ်ဦး။ ကျွန်တော့်မှာ ငြင်းပယ်ခွင့်ဘာမှမရှိတော့။ သူကတောင်းဆိုလာရင် ကျွန်တော့်ကိုယ်ကို သူ့ကိုပေးရတော့မယ်။

"ခင်ဗျားက .. ကျွန်တော့်အနာဂတ်ကို လိုချင်တယ်ဆိုတော့ ... ဘာလုပ်ဖို့လဲ .."

သူကပြုံးလိုက်ပြန်တယ်။ အပြုံးက အေးတိအေးစက် မပွင့်တပွင့်။ သူတွေကိုကြည့်ပြီး နှုတ်ခမ်းလှုပ်ရုံမျှ အစွမ်းထက်တဲ့ဂါထာရွတ်လိုက်သလို မျိုး။

"ကိုယ်...လူစုလူဝေးနဲ့ အော်ဟစ်မလို့ ..."

သူကပြောပြီးခဏရပ်လိုက်တယ်။ သူ့မျက်လုံးနက်ထဲမှာလည်း ထူးဆန်းတဲ့ အကျင့်တစ်မျိုးလက်လာတယ်။ နောက်သူက ဆက်ပြောပြန် တယ်။

"လူစုလူဝေးဟာ ... ပထမတော့ ... ဆင်းရဲဒုက္ခရောက်လို့ အော် မယ် ... နောက်တော့ မျှော်လင့်ချက်အတွက်အော်မယ် .. နောက်ဆုံးမှာတော့ အောင်မြင်လာတဲ့အတွက် အော်မယ် ..."

ကျွန်တော်ဟာ ကုတင်ပေါ်မှာထိုင်ချလိုက်တယ်။ ပြီးတော့ သူ့ကို အခန်းထဲမှာတစ်လုံးထဲရှိတဲ့ ကုလားထိုင်မှာထိုင်ဖို့ပြောလိုက်တယ်။ သူက မထိုင်ပဲ ဒီအတိုင်းပဲရပ်နေလိုက်တယ်။ ရှေးဟောင်းပုံပြင်စာအုပ်တွေထဲမှာ စေတမန်ကြီးနဲ့ ကောင်းကင်ကို သူ့ကိုယ်ခန္ဓာနဲ့ ဆက်သွယ်ပေးထားတယ်လို့ ယူဆစရာဖြစ်နေပါတယ်။ အခန်းထဲရပ်နေဟန့် ဂက်(ဒ်)ကို ကြည့်ရင်း သူ ထားတဲ့ မိုးကာအကျီကို ဘယ်တော့မှမချွတ်ဘဲ အမြဲဝတ်ထားတယ်သူလို့ ကျွန်တော်တွေးမိတယ်။ အဲဒီအကျီဟာ သူ့ကိုယ်ခန္ဓာရဲ့အစိတ်အပိုင်းတစ်ခု

www.burmeseclassic.com



လို့ သူ့စိတ်ထဲမှာ မှတ်ယူထားပုံရပါတယ်။ သူ့ရဲ့ခေါင်းကိုညာဘက် ပခုံးဆီ စောင်းလိုက်တယ်။ သူ့မျက်လုံးဟာ အရောင်တောက်သထက် တောက်လာတယ်။ နောက် သူဟာ "လှုပ်ရှားမှုအဖွဲ့" အကြောင်းကိုပြောပြပါတော့တယ်။

သူဟာ စီးကရက်ကို အဆက်မပြတ်ဖွာရင်းပြောတယ်။ တစ်လိပ်ကုန်လို့ နောက်တစ်လိပ်မီးညှိတဲ့အခါကျမှ အပြောသံရပ်တယ်။ သူဟာ ကျွန်တော့်ကို ငဲ့စောင်းကြည့်ပြီးသာ ပြောတယ်။ ဘယ်တော့မှ တည့်တည့် မကြည့်။ သူပြောလာတာဟာ နောက်ဆုံး မနက်အရုဏ်အချိန်အထိ ရောက်လာတယ်။ သူ့စကားကို နားထောင်နေရတဲ့ ကျွန်တော့်ရဲ့မျက်လုံးတွေ ကျယ်သထက်ကျယ်လာပြီး၊ စိတ်ထဲမှာလည်းပွင့်လင်းလာတယ်။ သူ့စကားကို နားထောင်နေရတာဟာ ဘာမှမသိသေးတဲ့ကလေးတစ်ယောက်ကို စကြဝဠာရဲ့ လျှို့ဝှက်နက်နဲမှုကို ဖွင့်ပြောပြလိုက်သလိုဖြစ်လာတယ်။ ပုံပြင်တစ်ပုဒ်ကို နားထောင်နေရသလိုဖြစ်လာတယ်။ အဆုံးအစမရှိတဲ့နေရာက ရောင်စဉ်တွေ ဖြာကျလာသလို လင်းလက်လာတယ်။

ဒီညမှာ သူပြောပြတာတွေကတော့၊ ပါလက်စတိုင်း ဒေသအကြောင်းတွေနဲ့ ဂျူးတွေရဲ့စိတ်ကူးအိပ်မက်တွေဖြစ်တဲ့ ကိုယ့်မြေကိုယ့်ယာကို လွတ်လွတ်လပ်လပ် ပြန်လည်တည်ထောင်ဖို့နဲ့ အဲဒီနေရာမှာနေထိုင်ကြတဲ့လူသားတို့ရဲ့အခွင့်အရေးကို လွတ်လပ်စွာဖန်တီးခွင့်တွေပဲဖြစ်ပါတယ်။ နောက် ပါလက်စတိုင်းကိုအုပ်စိုးထားတဲ့ အင်္ဂလိပ်တွေကို တွန်းလှန်နေတဲ့ "လှုပ်ရှားမှု" အဖွဲ့အကြောင်းတွေပဲဖြစ်ပါတယ်။

"အင်္ဂလိပ်အစိုးရက ... ကိုယ်တို့နယ်မြေကို ... သူတို့စစ်သားအခ်သိန်းလောက်ပို့ထားပြီး ... တင်းကျပ်တဲ့ဥပဒေနဲ့ ထိန်းချုပ်ထားတယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့လှုပ်ရှားမှုအဖွဲ့မှာက ... အင်အားတစ်ရာထက်မပိုဘူး ... ဒါပေမယ့် ... ကိုယ်တို့က သူတို့ရဲ့ရင်ထဲမှာ ... အကြောင်းတရားတွေ ... စိုးရိမ်ထိတ်လန့်နေရမှုတွေရှိသွားအောင် ... လုပ်ကြတယ် ... ကိုယ်ဘာတွေပြောနေမယ်ဆိုတာမင်းနားလည်ရဲ့လား ... ကိုယ်တို့က အင်္ဂလိပ်တွေကို "ဟုတ်ကဲ့ခင်ဗျား" လို့ ပြောလိုက်တာဟာ ... သူတို့အဖို့ တုန်လှုပ်ကြောက်လန့်သွားစေတဲ့စကားပဲ ..."

သူ့ရဲ့မျက်လုံးထဲမှာ ကြောက်လန့်တုန်လှုပ်နေကြတဲ့ တစ်သိန်းလောက်ရှိတဲ့အင်္ဂလိပ်စစ်တပ် ယူနီဖောင်းဝတ်ထားတဲ့ စစ်သားတွေကို မြင်လာရလို့လား မပြောတတ်ဘူး။ မျက်လုံးမှာအရောင်တလက်လက်တောက်လာတယ်။

အဲဒါဟာ ကျွန်တော် ပထမဆုံးအကြိမ်ကြားရတဲ့ "ဂျူးလူမျိုးတွေဟာ မကြောက်တတ်တဲ့လူမျိုး" တွေဖြစ်တဲ့အကြောင်းတွေပါ။ ဂျူးလူမျိုးစုဟာ သမိုင်းတစ်လျှောက်လုံး ကြောက်လန့်တုန်လှုပ်တတ်တဲ့ လူမျိုး။ သူတို့ရဲ့ ကြောက်လန့်တုန်လှုပ်မှုက လေတိုက်လို့လှုပ်ရှားသွားတဲ့အရာတွေထက်ပိုပြီး လှုပ်ရှားလွယ်တတ်တဲ့လူမျိုးအဖြစ် ဖော်ပြခံရတဲ့ လူမျိုးဖြစ်တယ်လို့ အခုထိ ကျွန်တော်ယုံကြည်နေတုန်းပါပဲ။

"လေထီးတပ်သားတွေရဲ့ ခွေးတွေ၊ တင့်ကားတွေ၊ လေယာဉ်တွေ၊ စစ်သေနတ်တွေ၊လက်မရွံ့လူသတ်သမားတွေ ... အဲဒါတွေကို တာဝန်ယူနေရတဲ့အင်္ဂလိပ်တွေဟာ ... အခုတော့ ကြောက်လန့်တုန်လှုပ်နေကြပြီ ... ကိုယ်တို့ရဲ့ မြင့်မြတ်တဲ့နယ်မြေ ဟာ ... သူတို့အတွက် ကြောက်စရာနယ်မြေဖြစ်လာပြီ ... သူတို့ဟာ ညဘက်အပြင်ထွက်ပြီး လမ်းမလျှောက်ရဲတော့ဘူး မိန်းကလေးတစ်ယောက်ကိုတွေ့ရင်လဲ .... သူတို့ကို အနီးကပ်သေနတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်မလားလို့ဆိုပြီး စိုးရိမ်စိတ်နဲ့ ကြောက်နေကဲ့မျက်လုံးတွေနဲ့သာ ကြည့်နေရတယ် ... ကလေးငယ်တစ်ယောက်ကိုတွေ့ရင်လဲ ..သူ့ကိုကို ဒိမ်လုပ်ဖုံးအသေးစားနဲ့ ပစ်လိုက်မလားဆိုပြီး ...၊ ကြောက်ကြောက်လန့်လန့် ကြည့်နေရပြီ ... သူတို့ဟာ စကားမပြောရဲ ... တိတ်တိတ်လေးလည်းမနေရဲ - ဘာလုပ်ရမယ်မှန်းမသိဘဲ .. ကြောက်စိတ်တွေဟာ သူတို့ရင်ထဲမှာ အပြည့် ဖြစ်နေပြီ ..."

နောက် သူဟာ ကျွန်တော့်ကို ပါလက်စတိုင်းနယ်မြေအကြောင်း ကို ပြောပြပါတယ်။

ညရဲ့ကောင်းကင်ပြာပြာအောက်မှာ ပါလက်စတိုင်းနယ်မြေဟာ သာပပြီးတော့ အေးချမ်းကြည်လင်တောက်ပပြီး ငြိမ်းအေးနေကြောင်း။ မိန်း ကလေးတစ်ယောက်နဲ့ အပြင်ထွက်လမ်းလျှောက်ပြီး သူမရဲ့အလှကို ဖွဲ့သီ ပြီး သူမကို ဘယ်လောက်ချစ်ကြောင်းကို ရင်ခုန်သံတွေနဲ့အတူ ပြောနိုင် ကြောင်း။ ဒါမှမဟုတ်၊ နှစ်ဆယ်ရာစုရဲ့ အကြောင်းတစ်ခုခုကို အေးအေး ဆေး ဆွေးနွေးလို့ရကြောင်းတွေ ပြောပြပါတယ်။ နောက်၊ အခုဆိုရင် အင်္ဂလိပ်တွေအဖို့ ပါလက်စတိုင်းရဲ့ညအလှဟာ မရှိတော့။ သူတို့အတွက် ညဟာ ဖွင့်လို့ပိတ်လို့ရတဲ့ သချိုင်းဂူတစ်ခုလို ဖြစ်နေပြီ။ ညတိုင်း၊ သူတို့ အထဲက နှစ်ယောက်၊ သုံးယောက် ဒါမှမဟုတ် တစ်ဒါဇင်လောက်ဟာ ညရဲ့ မြခြင်းကိုခံသွားရပြီး အဲဒီလူတွေကို နောက်ဘယ်တော့မှ ပြန်မတွေ့ရတော့ ကြောင်းတွေ ဆက်ပြောပြပါတယ်။

နောက်၊ သူက ကျွန်တော့်ကို လှုပ်ရှားမှုအဖွဲ့မှာပါဝင်ဖို့၊ ကျွန်တော် ... အရာရာကို စိတ်လျှော့လက်မြှောက်အရှုံးပေးထားတဲ့ လူတစ်ယောက် ... နေတော့၊ သူနဲ့အတူလိုက်ပြီး အင်္ဂလိပ်တွေကို တွန်းလှန်တိုက်ခိုက်ဖို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ပြီးတော့၊ လှုပ်ရှားမှုအဖွဲ့မှာ အင်အားထပ်ဖြည့်ဖို့ လူသစ်လူငယ်တွေ လိုအပ်နေကြောင်း၊ လူငယ်တွေရဲ့ အနာဂါတ်ကို လှုပ်ရှားမှုအဖွဲ့ကလိုချင်ပြီ လူငယ်တွေအနေနဲ့လည်း သူတို့ရဲ့အနာဂတ်ကာလကို အဖွဲ့အတွက်ပေးစေ ချင်ကြောင်း ပြောပြပါတယ်။ လူငယ်တွေရဲ့အနာဂတ်ဟာ အစ္စရေးနိုင်ငံ လွတ်မြောက်မှု၊ ပါလက်စတိုင်းဒေသရဲ့ အနာဂတ်ဖြစ်တယ်ဆိုတာတွေကို စိတ်အားထက်သန်စွာနဲ့ ပြောပြခဲ့တယ်။

ဒီအကြောင်းတွေကို ကျွန်တော့်အဖို့ ပထမဆုံးအကြိမ် ကြားရခြင်း ပဲဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မိဘတွေဟာ လွတ်လပ်တဲ့ ဂျူးနိုင်ငံ ထူထောင် ရေးမှာ ပါဝင်ခဲ့ကြသူများမဟုတ်ကြဘူး။ လွတ်လပ်သောဂျူးနိုင်ငံ ထူထောင် ရေးဟာ ကျွန်တော့်အဖို့တော့ တုန်လှုပ်စရာကောင်းတဲ့ စိတ်ကူးတစ်ခု ကယ်တင်ရှင်ကို စောင့်နေရတဲ့ မျှော်လင့်ချက်တစ်ခု၊ ဘုရားကို ဝတ်ပြု ဆုတောင်းမှုတစ်ခု၊ ရင်ခုန်သံတစ်ချက်၊ အဲဒါတွေပဲဖြစ်တယ်။ ဒါပေမယ့် ဂျူးတို့ရဲ့ နေရာဒေသဟာ မြေပုံပေါ်မှာမရှိခဲ့ဘူး။ နိုင်ငံရေးကြွေးကြော်သံ မ ခဲ့ဘူး။ ဂျူးနိုင်ငံအတွက် လှုပ်ရှားကြွေးကြော်ခဲ့ရင် အသတ်ခံခဲ့ရတယ်။ အဆေ ခံခဲ့ရတယ်။

ဂက်(ဒ်)ပြောပြခဲ့တဲ့အကြောင်းတွေက ကျွန်တော့်စိတ်ကို ဆွဲ ဆောင်မှုအပြည့်ရှိနေတယ်။ သူ့စကားကိုနားထောင်ရင်းနဲ့ သူ့ကိုကြည့်နေ တာဟာ ဂျူးလူမျိုးတို့ရဲ့သမိုင်းထဲက မင်းသားတစ်ပါးကို တွေ့နေရသလို ရှေးဟောင်းပုံပြင်ထဲက စေတမန်လို ကျွန်တော့်ရဲ့စိတ်ကို နှိုးဆွပေးနိုင်စွမ်း ရှိတယ်။ ဒါကြောင့်၊ အရင်ကခံစားခဲ့ရတဲ့ ကြောက်စရာကောင်းတဲ့ သောက၊ ဝေဒနာတွေဟာ အခု ကိုးကွယ်ယုံကြည်ရာဖြစ်လာခဲ့ပြီလို့ လူတွေ ကို ပြောပြချင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"လာကြပါ။ လာကြပါ။ အနာဂတ်ဟာ ခင်ဗျား တို့ကိုရင်ဖွင့်ပြီး လက်နှစ်ဘက်နဲ့ ပွေ့ဖက်ဖို့ စောင့်ကြိုနေပါတယ်။ အခုချိန် ကစပြီးတော့ ခင်ဗျားတို့ကြုံခဲ့ရတဲ့၊ ရက်စရာကောင်းတဲ့ သိမ်ငယ်မှုတွေ၊ နှိပ်စက်ညှဉ်းပန်းမှုတွေ သနားစရာကောင်းတဲ့လူတွေအဖြစ် အကြည့်ခံရတာ တွေ၊ အဲဒါတွေ နောက်ထပ် ဖြစ်လာကြုံလာ၊ ဆုံလာစရာမရှိတော့ဘူး။ ခင်ဗျား တို့ဟာ ကမ္ဘာကြီးနဲ့ကင်းလွတ်နေတဲ့သူတွေမဟုတ်ဘူး။ ကမ္ဘာကြီးထဲက လူသားမျိုးနွယ်တွေပဲဖြစ်ပါတယ်။ အချိန်အကြာကြီးနေခဲ့ရတဲ့ ဒုက္ခသည် စခန်းဟာ ခင်ဗျားတို့ရဲ့နေရာမှန်မဟုတ်ဘူး။ လာကြပါ။ ညီအစ်ကိုတွေ အားလုံး လာကြပါ"

ကျွန်တော့်ရဲ့ရင်ထဲမှာ စိတ်လှုပ်ရှားမှုအဟုန်ကြောင့် ဆန္ဒတွေ ပွင့်ထွက်လာတယ်။ ဆန္ဒတွေက ကျွန်တော့်ရင်ခုန်သံကို ပိုပြီးကျယ်လာစေတယ်။

ဂက်(ဒ်)ကစကားပြောတာကိုရပ်လိုက်ပြီး၊ ပြတင်းပေါက်နားသွားပြီးတော့ အပြင်ဘက်ကို ကြည့်နေလိုက်တယ်။ အခုဆို အရုဏ်ဦးအချိန်ရောက်ခဲ့ပြီ။ ရောင်နီသန်းစပြုလာတာနဲ့ အမှောင်ရိပ်ဟာ တဖြည်းဖြည်းနဲ့ ကွယ်စပြုလာပြီ။ နေခြည်နုနုအစလေးတွေက ကျွန်တော့်အခန်းလေးထဲ စီးဝင်လာနေပြီ။

"ကျွန်တော် ... ခင်ဗျားပြောတာကို လက်ခံပါတယ် ..."

ကျွန်တော်က အလွန်ငြင်သာတဲ့အသံနဲ့ ဖြည်းဖြည်းချင်းပြောလိုက်ပါတယ်။ ဒါပေမယ့် ဂက်(ဒ်) ကြားရတဲ့ပုံမပေါ်ဘူး။ ပြတင်းပေါက်အနားရပ်နေရင်းကနေ ပြောလိုက်တယ်။

"အခု ဒီမှာ ... အရုဏ်ဦးအချိန်ရောက်နေပြီ ... ကိုယ်တို့ဒေသရဲ့ အရုဏ်ဦးအချိန်နဲ့ မတူဘူး ... ဒီမှာ အရုဏ်ဦးအချိန်ရဲ့ အရောင်က ...



www.burmeseclassic.com

www.burmeseclassic.com 

မီးခိုးငွေ့လို ခပ်ဖျော့ဖျော့လေးဖြစ်နေတယ် ... ကိုယ်တို့ ပါလက်စတိုင်း အရဏ်ဦးအချိန်ရဲ့ အရောင်က မီးလိုပဲ ... ရဲရဲနီနေတယ် ..."

"ကျွန်တော် ... ခင်ဗျားပြောတာကို လက်ခံပါတယ် ... "

ကျွန်တော်က ထပ်ပြောလိုက်တယ်။

"မင်းပြောတာ ... ကိုယ်ကြားပါတယ် ... "

သူကပြုံးပြီးပြောလိုက်တယ်။ သူ့အပြုံးရဲ့ တောက်ပမှုက ပါရီရဲ့ အရဏ်ဦးအရောင်နဲ့ ရောနေတယ်။

"သုံးပတ်အတွင်း ... မင်းဒီကထွက်ရမယ် ..."

သူကဆက်ပြောလိုက်ပါတယ်။

ဆောင်းဦးရာသီရဲ့ အအေးက ပြတင်းပေါက်ကိုဖြတ်ပြီး ဝင်လာတယ်။ ယင်းအအေးက ကျွန်တော့်ကို ချမ်းတုန်သွားစေပါတယ်။

"သုံးပတ်"။ ကျွန်တော်မသိတဲ့နေရာတစ်ခုအတွင်းကို ထိုးကျသွားသလို ခံစားလိုက်ရတယ်။ သုံးပတ်ဆိုတဲ့အချိန်က ရင်ထဲမှာ ပဲ့တင်ထပ်သံလိုမြည်လာသည်။ နောက် ကျွန်တော့်ကိုယ်ခန္ဓာကို ချမ်းတုန်သွားစေတာဟာ အပြင်ကဝင်လာတဲ့ အအေးတစ်ခုတည်းကြောင့်မဟုတ်ဘဲ၊ ဒီသုံးပတ်ဆိုတဲ့စကားက ကျွန်တော့်ကို ပိုပြီးတုန်လှုပ်သွားစေတဲ့ ကျွန်တော်ရဲ့ တုန့်ပြန်မှုတစ်ခုပဲဖြစ်ရမယ်လို့ စဉ်းစားမိပါတယ်။

အခုဆိုရင် ကျွန်တော်ဟာ ဂက်(ဒ်) နဲ့ ခရီးတစ်ခုကို ထွက်လာတာ အဆုံးမှာ လူတစ်ယောက်ကိုတွေ့လိုက်ရတယ်။ အဲဒီလူဟာ သေဖို့စောင့်နေတဲ့လူ။ အသတ်ခံရမယ့်လူ။ လူသတ်သမားဟာ ကျွန်တော်ကိုယ်တိုင်ဖြစ်ခဲ့ရပြီ။ တကယ်တော့ အဲဒါတွေဟာ မထင်မှတ်ဘဲနဲ့ ဖြစ်လာခဲ့ရတာ၊ ကျွန်တော့်ရင်ထဲမှာ လူတစ်ယောက်ကို သွေးအေးအေးနဲ့သတ်ရမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ မရှိခဲ့ဘူးပါ။ ကိုယ်မတွေ့ဘူး မမြင်ဘူးတဲ့လူတစ်ယောက်ရဲ့ ရင်ထဲကို သေနတ်ကျည်ဆံနဲ့ ပစ်သွင်းရတော့မယ်။ တုန်လှုပ်စရာကောင်းလှပါတယ်။ ဒါပေမယ့် ကျွန်တော့်ကိုတာဝန်ပေးလာခဲ့ပြီ။ လှုပ်ရှားမှုအဖွဲ့ဝင်တစ်ယောက်ဟာ ခေါင်းဆောင်အဘိုးကြီးရဲ့ အမိန့်ကိုငြင်းဘို့ မဖြစ်နိုင်ပါ။ အမိန့်ဟာအမိန့်ပဲဖြစ်ပါတယ်။

* * *

"ဂျေရုစလင်အသံလွှင့်ဌာနက နောက်ဆုံးသတင်းကြေငြာချက်ထွက်လာတယ်။ ဒေးဗစ်ဘင်မိုရှီကို မနက်အရုဏ်ဦးအချိန်မှာ ကြိုးပေးသတ်မယ်ဆိုတာပါပဲ။ အင်္ဂလိပ်ကော်မရှင်အဖွဲ့က အဆင့်မြင့်ပုဂ္ဂိုလ်က ယနေ့ညကိုးနာရီကစပြီး ဘယ်သူမှ လမ်းမထွက်ရ။ လမ်းပေါ်တွေ့ရရင် သေနတ်နဲ့အပစ်ခံရမယ်။ အားလုံးငြိမ်ငြိမ်သက်သက်နေဖို့ ကြေငြာချက်ထုတ်ပြန်လိုက်ပါတယ်"

ကျွန်တော်က "လမ်းပေါ်ဘယ်သူမှမထွက်ရ" ဆိုတဲ့စကားကို ရင်ထဲကနေ ပြန်ရွတ်ကြည့်နေမိတယ်။

* * *

သတင်းကြေငြာသူရဲ့အသံဟာ သူ့ရင်ထဲကခံစားမှုနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်။ ဒေးဗစ်ဘင်မိုရှီရဲ့နာမည်ကို သူ့ပါးစပ်ကဖွင့်ပြောချိန်မှာ သူ့မျက်လုံးတွေမှာ မျက်ရည်တွေဝိုင်းနေမှာသေချာပါတယ်။

တစ်ကမ္ဘာလုံးက တက်ကြွတဲ့ ဂျူးအမျိုးသားလူငယ်တွေဟာ ဒီနေ့မှာ သူ့ရဲ့ကောင်းတွေပြစ်သွားကြတယ်။ ဥရောပမှာရှိတဲ့ ဂျူးလူငယ်တွေဟာ ဗြိတိသျှသံရုံးရှေ့သွားပြီး ဆန္ဒတွေပြကြတယ်။ မြို့တော်တွေက ဂျူးဘုန်းဆရာကြီးများက ဗြိတိသျှဘုရင်ထံ သနားခံစာပို့ကြတယ်။ သူတို့ပို့တဲ့



www.burmeseclassic.com

www.burmeseclassic.com


ကြေးနန်းက အဲဒီလူငယ်ကို ကြိုးပေးမသတ်ပါနဲ့။ သူဟာ သူ့စိတ်ကူးကို သစ္စာရှိရှိ ဖော်ထုတ်ပြတဲ့ မျိုးချစ်လူငယ်တစ်ဦးဖြစ်ပါတယ်။ ဆိုတဲ့အကြောင်း ပါပဲ။ နောက်၊ ဂျူးလူမျိုးတစ်ဦးကို အိမ်ဖြူတော်မှာ လက်ခံတွေ့ဆုံပြီး သမ္မတက ယင်းကိစ္စကို ကြားဝင်ဖြန်ဖြေပေးမယ်လို့ ကတိပေးလိုက်တယ်။ ဒီနေ့မှာတော့ လူသားအားလုံးရဲ့ရင်ထဲမှာ ဒေးဗစ်ဘင်မိုရှိရဲ့ နာမည်သာ လွှမ်းနေတယ်။

အခုဆိုရင် ညရှစ်နာရီရှိသွားပြီ။ အမှောင်က လုံးဝလွှမ်းသွားပြီ။ ဂက်(ဒ်)က မီးခလုတ်ကိုဖွင့်လိုက်တယ်။ အပြင်ဘက်မှာ ကလေးလေး ကတော့ အခုထိငိုနေတုန်း။

"ခွေးတိရစ္ဆာန်တွေ ... သူတို့ကြိုးပေးသတ်တော့မယ်..."

ဂက်(ဒ်)က နာကျည်းသံနဲ့ပြောလိုက်တယ်။ သူ့မျက်နှာနဲ့ လက်တွေဟာ ချွေးပြန်နေပြီး နီရဲနေတယ်။ သူဟာ အခန်းထဲခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် ဖွာနေတယ်။

"သူတို့ ... သူ့ကိုကြိုးပေးသတ်တော့မယ် ... ယုတ်မာတဲ့ ကောင်တွေ..."

သူက ဒေါသနဲ့ထပ်ပြောပြန်တယ်။

ရေဒီယိုက ပိတ်ဖို့အချိန်နီးလာလို့ နောက်ဆုံးနှုတ်ဆက်သီချင်းကို လွှင့်ထုတ်နေပြီ။ ကျွန်တော်က ဒီရေဒီယိုပိတ်ဖို့လုပ်တော့၊ ဂက်(ဒ်)က ကျွန်တော့်လက်ကို လှမ်းဆုပ်ကိုင်ပြီး–

"အခု ရှစ်နာရီတစ်ဆယ့်ငါးရှိနေပြီ .. ကိုယ်တို့ရဲ့အသံလွှင့်လှိုင်းကိုဖမ်းလိုက်စမ်းပါ..." ရုတ်တရက်၊ ဘယ်လိုဖမ်းရမလဲဆိုတာ မသိသလို ဖြစ်သွားတယ်။


www.burmeseclassic.com

www.burmeseclassic.com



"ကဲ..ကိုယ်ပဲဖမ်းလိုက်မယ် ..."

ပြောပြီး၊ သူက ရေဒီယိုလှိုင်းကို ပြောင်းလိုက်တယ်။

ရေဒီယိုက အခုမှအသံစလွှင့်ခါစပဲရှိသေးတယ်။ ရေဒီယိုထဲက ပိသ ချိုမြပြီး၊ တည်ငြိမ်တဲ့မိန်းကလေးတစ်ဦးရဲ့အသံ ပေါ်လာတယ်။ သူမအသံကို ကျွန်တော်တို့အားလုံး သဘောကျကြတယ်။ ညဦးပိုင်း အခုလို အချိန်မျိုးရောက်ရင် ဂျူးအမျိုးသားအမျိုးသမီး၊ ကလေးတွေပါမကျန် အားလုံး လွှင့်မယ့်အသံကိုစောင့်ပြီး နားထောင်တတ်ကြတယ်။

"အခုနားသောတဆင်နေတာဟာ ... ကျွန်မတို့လွတ်လပ်မှု အဖွဲ့ရဲ့အသံ" က လွှင့်ထုတ်နေတာဖြစ်ပါတယ်ရှင်...။ ဆိုတဲ့ ပထမဆုံး ကြားလိုက်ရတဲ့ သူမရဲ့အသံက ကျွန်တော်တို့အားလုံးကို ရင်ခုန်သွားစေပါ ဘယ်။

ဒီပါလက်စတိုင်းက ဂျူးလူမျိုးတွေဟာ သူမကို ဘယ်သူလဲလို့ မသိကြပေမယ့် ချစ်ကြတယ်။ အင်္ဂလိပ်တွေကတော့ သူမကို အလွန်ပဲ မုန်း နေတယ်။ သူတို့ရဲ့မျက်လုံးထဲမှာ မိန်းကလေးကို ခေါင်းဆောင် 'အဘိုးကြီး' ကိုပဲ အန္တရာယ်ရှိသူတစ်ဦးလို့ သတ်မှတ်ထားပါတယ်။ သူမကလည်း ရှေးဟောင်းပုံပြင်တစ်ပုဒ်ထဲက အသိရခက်တဲ့အစိတ်အပိုင်းတစ်ခုလို ဖြစ်နေ ဘယ်။ သူမကို သိတဲ့လူက နည်းနည်းလေး။ ငါးယောက်ထက်မပိုဘူး။ ဒီ အထဲမှာ ကျွန်တော်နဲ့ ဂက်(ဒ်)တို့ပါတယ်။ သူမရဲ့နာမည်က 'အိုင်လာနာ'။ သူမဟာ ဂက်(ဒ်)ရဲ့ချစ်သူ။ ကျွန်တော်က သူတို့နှစ်ယောက်ရဲ့မိတ်ဆွေ။ ကျွန်တော့်ရဲ့ဘဝအစိတ်အပိုင်းတွေထဲမှာ သူတို့ရဲ့အချစ်ရေးဟာ အရေးပါတဲ့ နေရာကရှိနေခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့၊ အချစ်ဆိုတဲ့အရာက၊ ပြီး ဘွေ ပျော်ရွှင်မှုတွေကို ဖန်တီးနှီးဆွပေးတတ်တယ်ဆိုတဲ့အကြောင်းတွေကို

www.burmeseclassic.com



ကျွန်တော်က သိချင်နေတာပါတယ်။ ဒါ့ပေမယ့် သူတို့ရဲ့အချစ်ရေးကို ကျွန်တော် စိတ်ဝင်စားတယ်။ သူတို့နှစ်ယောက်ကို အခွင့်ရေးရသမျှ လေ့လာအကဲခတ် ကြည့်မိနေပါတော့တယ်။

ရေဒီယိုက အိုင်လာနာ့ရဲ့အသံကို ကြားလိုက်ရတော့၊ ဂက်(ဒ်) ရဲ့ ခပ်ညိုညိုမျက်နှာပေါ်မှာ အကြောတွေတင်းလာတယ်။ အံကြိတ်နေတာ ကိုလည်း တွေ့ရပါသည်။ သူက ရေဒီယိုပေါ်ကို ခါးကိုကိုင်းလိုက်ပြီး၊ အသေချာနားထောင်နေလိုက်တယ်။ သူ့ကိုကြည့်ရတာ အိုင်လာနာ့ရဲ့ ကြည် လင်နေတဲ့မျက်လုံးတွေနဲ့ နက်ရှိုင်းပီသတဲ့ အသံကို ဖမ်းယူဆုပ်ကိုင်လိုက်ချင် တဲ့ ဆန္ဒတွေဖြစ်လာတဲ့ပုံစံမျိုးပေါ်နေတယ်။ နောက် အိုင်လာနာ့ရဲ့အသံက သူ့အသံကို ကိုယ်စားပြုပြီး တစ်နိုင်ငံလုံးကို လွှင့်ထုတ်ပေးနေသလိုမျိုး အကြည့်နဲ့ ရေဒီယိုစိုက်ကြည့်နေတယ်။

အိုင်လာနာ့ရဲ့အသံက ထွက်လာတယ်။

"မနက်ဖြန်အရုဏ်ဦးအချိန်မှာ...လူနှစ်ဦးဟာ သေခြင်းတရားကို ရင်ဆိုင်ဖို့အတွက် ပြင်ဆင်ထားပြီးဖြစ်ပါတယ် ... တစ်ဦးကတော့ .. ကျွန်မ တို့ရဲ့ လေးစားချစ်မြတ်နိုးရတဲ့သူဖြစ်ပြီး ... တစ်ဦးကတော့ ... သနားစရာ ကောင်းတဲ့လူတစ်ယောက်ပါပဲ .. ကျွန်မတို့ရဲ့အစ်ကိုလဲဖြစ်တဲ့ ... လမ်းပြ ဦးဆောင်မှုကိုပေးနိုင်သူလည်းဖြစ်တဲ့ "ဒေးဗစ်ဘင်မိုရှီ" ကတော့ သူဘာဖြစ်လို့ သေရတယ်ဆိုတာကို သိနေတယ် ... နောက်တစ်ယောက်ဖြစ်တဲ့ "အင်္ဂလိပ် ဗိုလ်ကြီးလွန်ဒေါ်ဆင်" ကတော့ ... သူဘာဖြစ်လို့သေရတယ်ဆိုတာ မသိပါ ဘူး ... သူတို့နှစ်ယောက်စလုံးဟာ ကျန်းမာသန်စွမ်းပြီး ... ဉာဏ်ရည် အမြော်အမြင်ကြီးမားသူတွေဖြစ်ကြပြီး ... ပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့ ဘဝအစကို ခြေလှမ်းလှမ်းစပြုနေကြတဲ့ ... သူတွေဖြစ်ကြပါတယ် ... တစ်ချိန်

www.burmeseclassic.com



...- ... သူတို့နှစ်ယောက်ဟာ ... မိတ်ဆွေအပေါင်းအသင်းဖြစ်ချင် ဖြစ်လာ
...ပေမယ့် ... အခုတော့ .. ဖြစ်နိုင်တဲ့အခွင့်အရေးတွေမရှိကြတော့ဘူး ...
...က်ဖြန်အရက်ဦးအချိန် ... နာရီမိနစ်အတိအကျ တစ်ချိန်တည်းမှာ ...
...ဘို့သေကြရတော့မယ် ... ဒါပေမယ့် ... အတူတူသေရမှာတော့မဟုတ်ဘူး
– သူတို့နှစ်ယောက်ကြားမှာ အင်မတန်ခြားနားနေတဲ့ ချောက်ကြီးတစ်ခု
...နေတယ်... ဒေးဗစ်ဘင်မိုရှီသေရတာက ... အဓိပ္ပာယ်အပြည့်ရှိနေတဲ့ ...
...မြတ်တဲ့သေခြင်းနဲ့ဖြစ်ပြီး ... ဂျွန်ဒေါ်ဆင်ကတော့ ... အဓိပ္ပာယ်မရှိဘဲနဲ့
...ရတာဖြစ်ပါတယ် ... ဒေးဗစ်ဘင်မိုရှီက ... သူ့ရဲ့ကောင်းတစ်ယောက်
...လူမျိုးတို့ရဲ့သူရဲကောင်း ...ဂျွန်ဒေါ်ဆင်ကတော့...ဒုက္ခသည်အကျဉ်းသား"

အိုင်လာနာက နှစ်ဆယ့်ငါးမိနစ်မျှ ဆက်ပြီး အသံလွှင့်သွားတယ်။ ...က်ဆုံးအသံလွှင့်တဲ့အပိုင်းကတော့ ဂျွန်ဒေါ်ဆင်ကို တိုက်ရိုက်ရည်ညွှန်း ...တဲ့စကားတွေ။ အခုလိုအချိန်မှာ ဂျွန်ဒေါ်ဆင်အတွက် နှစ်သိမ့်အားပေး ...ကား၊ စိတ်သက်သာရစေတဲ့စကားတွေကို ပြောဖို့ လူလိုနေတယ် မဟုတ် ...၊

ကျွန်တော်ဟာ ဒေးဗစ်နဲ့ဂျွန်နှစ်ယောက်စလုံးကို မသိပါဘူး။ ...မယ့် သူတို့ရဲ့ကံကြမ္မာဆိုးက ကျွန်တော့်ကို ချုပ်နှောင်ထားသလို ခံစား ...တယ်။ အိုင်လာနာပြောသွားတဲ့ ဂျွန်ဒေါ်ဆင်ရဲ့ သေခြင်းနဲ့ပတ်သက်တာ ...ဘ ကျွန်တော့်ကို ပြောပြသွားသလိုဖြစ်နေတယ်လို့ ကျွန်တော် သိလိုက် ...ယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂျွန်ဒေါ်ဆင်ကို သတ်ရမယ့်လူက ကျွန်တော် ...ဘာကိုး။ ဒါဖြင့် ဒေးဗစ်ဘင်မိုရှီကို ဘယ်သူသတ်မှတ်လဲ။ ရတ်တရက် ...တော့်စိတ်ထဲမှာ သူတို့နှစ်ယောက်စလုံးကို သတ်ရမယ့်လူဟာ ကျွန်တော် ...သွားသလိုမျိုး။ တခြားကမ္ဘာပေါ်မှာရှိတဲ့ ဂျွန်တို့ ဒေးဗစ်တို့ကိုလဲ သတ်



www.burmeseclassic.com

www.burmeseclassic.com



ရမယ့်လူတစ်ယောက်လိုမျိုး ကျွန်တော့်ကိုယ်ကျွန်တော် ပုံဖော်မိသွားတယ်။ ပြောရရင်၊ ကျွန်တော်ဟာ လက်မရွံ့လူသတ်သမား။ အသက် တစ်ဆယ် ရှစ်နှစ်သာရှိသေးတဲ့ လူငယ်တစ်ဦး။ သူတို့က ကျွန်တော့်ကို တစ်ဆယ့်ရှစ် နှစ်စာမျှရှိတဲ့ ရှာဖွေတွေ့ရှိမှုတွေ၊ ခံစားမှုတွေ၊ လေ့လာမှုတွေ၊ တွန်းလှ တိုက်ခိုက်မှုတွေနဲ့ ဆက်သွယ်ပေးလိုက်တယ်။ အသက်တစ်ဆယ့်ရှစ်အရွယ် ရှိနေတဲ့လူငယ်တစ်ဦးကို တစ်ဆယ့်ရှစ်စာအတွေ့အကြုံတွေက ပိနေသလို ကျွန်တော့်မှာ ခံစားနေရတယ်။ အမှန်ပြောရရင်၊ ကျွန်တော်ဟာ ဘာမဆို ရှင်းရှင်းလင်းလင်း ပီပီပြင်ပြင်သိချင်တယ်။ သာမန်လူသားတစ်ယောက်ရဲ့ အတွေးမြင်တွေလောက်သာရှိနေတဲ့ ခပ်ညံ့ညံ့လူတစ်ဦး မဖြစ်ချင်ဘူး။ လူ တစ်ယောက်ရဲ့လျှောက်ရမယ့်ဘဝခရီးကို ပြည့်ပြည့်စုံစုံ နားလည်နေတဲ့ သူ တစ်ဦးဖြစ်ချင်တယ်။ တကယ်တော့၊ ကျွန်တော်ဟာ အမှန်တရားကို ရှာ သူ။ အခုတော့ ကျွန်တော်ဟာ လူသတ်သမားတစ်ဦးဖြစ်လာပြီ။ ဘုရားသခင် နဲ့ သေခြင်းတရားမှာ ပါဝင်ပတ်သက်နေသူတစ်ဦးဖြစ်နေပြီ။

ကျွန်တော်ဟာ နံရံမှာချိတ်ထားတဲ့ မှန်ဆီသွားပြီး ကျွန်တော့် မျက်နှာကိုကြည့်မိတယ်။ မျက်နှာကိုမြင်လိုက်ရချိန်မှာ ကျွန်တော်ဟာ လန့်ပြီး အော်မိလိုက်မလိုဖြစ်သွားတယ်။ ကျွန်တော့်မျက်လုံးတွေမှာ ထိတ်လန့်စိုး မှုတွေဖုံးနေတယ်။ ကျွန်တော်ဟာ မှန်ထဲကြည့်နေရင်းနဲ့ သေခြင်းတရား ကလေးတစ်ယောက်လို ကြောက်လာတယ်။ ကျွန်တော်ဟာ တကယ်တော့ သေရမှာကိုကြောက်တဲ့လူတစ်ဦး မဟုတ်ပါဘူး။ ဒါပေမယ့် သေခြင်းတရား ကို တွေးမိတဲ့အချိန်တိုင်း တုန်လှုပ်သွားတတ်တာကိုတော့ ဝန်ခံပါတယ်။

တစ်ခါတုန်းက အဘိုးအိုတစ်ယောက် ပြောဖူးတဲ့စကားကို အမှတ် ရလိုက်တယ်။

www.burmeseclassic.com



"သေခြင်းတရားမှာ ... ခြေနဲ့လက် ... ပါးစပ်နဲ့ ခေါင်း ... အဲဒါတွေမပါဘူး ... မျက်လုံးပဲရှိတယ် ... တကယ်လို့ ... နေရာတိုင်းမှာ မျက်လုံးတွေကိုသာ တွေ့နေရရင်တော့ ... အဲဒါ သေခြင်းတရားပဲလို့သာ မှတ်လိုက်တော့ ..." ဆိုတဲ့စကားပါပဲ။

ဂက်(ဒ်)ကတော့ အခုထိ ရေဒီယိုနားကမခွာသေးဘူး။

"ကျွန်တော့်ကို ... ကြည့်ပါဦး ..."

ကျွန်တော် လှမ်းပြောလိုက်ပေမယ့် သူမကြား။ ရေဒီယိုက အသံကိုသာ နားစိုက်ထောင်နေတယ်။ အိုင်လာနာရဲ့အသံက အခန်းထဲ ဖြည်းဖြည်းမှန်မှန်လွှင့်ပျံ့နေတယ်။

"မစ္စတာဂျွန်ဒေါ်ဆင် ... ရှင့်မှာအမေတစ်ယောက်တော့ ရှိမှာပဲ ... အခုချိန်မှာ ရှင့်အမေဟာ .. ရှင့်အတွက်ငိုနေပြီ ... ဒါမှမဟုတ် ... ရှင့်အမေရဲ့နှလုံးသားမှာ .. သောကဝေဒနာမီးတောက်တွေ ဖုံးနေပြီ ... ရှင့်အမေဟာ ဒီညအိပ်လို့ရမှာမဟုတ်တော့ဘူး ... သူဟာ ပြတင်းပေါက်နားက ကုလားထိုင်မှာထိုင်ပြီး ... သူ့ရဲ့လက်တွေကိုကြည့်ရင်း ... အရုဏ်ဦးအချိန်ကို စောင့်နေမှာပဲ ... အဲဒီအချိန်ဟာ ... ရှင့်ရဲ့နှလုံးခုန်သံတွေရပ်တဲ့အချိန် ... ဒါပေမဲ့ ရှင့်အမေရဲ့ နှလုံးခုန်သံကတော့ ... အဲဒီအချိန်မှာ ပိုပြီးမြန်လာလိမ့်မယ် ... နောက် ... "သူတို့ငါ့သားကိုသတ်လိုက်ပြီ ... ယုတ်မာတဲ့လူသတ်သမားတွေလို့ ... ရှင့်အမေကတော့ ပြောမှာပဲ ... ဒါပေမယ့် ... ကျွန်မတို့ဟာ လူသတ်သမားမဟုတ်ပါဘူး မစ္စဒေါ်ဆင်..."

"ဂက်(ဒ်)... ကျွန်တော့်ကိုကြည့်စမ်းပါ..."

ဒီတစ်ခါမှာတော့ သူကျွန်တော့်ကိုကြည့်လိုက်တယ်။ နောက်ပခုံးတွန့်လိုက်ပြီး လိုင်လာနာရဲ့အသံဆီ အာရုံပြန်ရောက်သွားပြန်တယ်။

www.burmeseclassic.com



ကျွန်တော် သေခြင်းတရားကို သိလိုက်သလို ဂက်(ဒ်)မသိဘူးလို့ ကျွန်တော်တွေးလိုက်မိတယ်။ ဒါပေမယ့်၊ လန်ဒန်မြို့ရဲ့ အခန်းတစ်ခုထဲက ပြတင်းပေါက်နားမှာထိုင်နေတဲ့ ဂျွန်ဒေါ်ဆင်ရဲ့အမေကတော့ သိမှာပဲလို့ ကျွန်တော်ယုံတယ်။ သူမဟာ ပြတင်းပေါက်ကနေပြီး ညထဲကိုငေးကြည့်နေမှာပဲ။ ညထဲမှာ မျက်လုံးတစ်ထောင်လောက်ရှိနေမှာပဲ။ အဲဒီမျက်လုံးတွေဟာ ကျွန်တော့်ရဲ့မျက်လုံးတွေပဲ ဖြစ်နေမှာသေချာပါတယ်။

အိုင်လာနာရဲ့အသံက ပေါ်လာပြန်ပါတယ်။

"မဟုတ်ဘူး မစ္စစ်ဒေါ်ဆင် ... ကျွန်မတို့ဟာ မစ္စစ်ဒေါ်ဆင်ရဲ့သား ကိုသတ်တဲ့ ... လူသတ်သမားတွေမဟုတ်ပါဘူး ... မစ္စစ်ဒေါ်ဆင်တို့ရဲ့ အဖွဲ့ဝင် ဝန်ကြီးတွေဟာ ... လူသတ်သမားဖြစ်ကြပါတယ် ... မစ္စစ်ဒေါ်ဆင်ရဲ့ သား ...သေရတာဟာ သူတို့ရဲ့လက်ချက် ... သူတို့ရဲ့ပက်စက်တဲ့ရာဇဝတ်မှုတွေကြောင့်ပဲဖြစ်ပါတယ် ... ကျွန်မတို့ဟာ ... ဂျွန်ဒေါ်ဆင်ကို ... အစ်ကိုတစ်ယောက်လို ... လက်ခံပြုစုထားပါတယ် ... သူ့ကို ... နေ့စဉ်နေ့တိုင်း နွားနို့ပေါင်မုန့် ... နောက်သူလိုချင်တဲ့အရာတွေကို ... လုံလောက်အောင် ပေးထားခဲ့ပါတယ် ... ပြီးတော့ ... ကျွန်မတို့နိုင်ငံရဲ့အလှတွေလဲ ... တွေ့ရအောင်ပြပါတယ် ... ဒါပေမယ့် ... မစ္စစ်ဒေါ်ဆင်တို့ရဲ့ အစိုးရက ... သူ့ကို ကျွန်မတို့ရဲ့ရန်သူဖြစ်သွားအောင်လုပ်လိုက်တယ် ... သူ့အတွက် သေခြင်းတရားကိုလဲ ... လက်မှတ်ရေးထိုးပြီး သူနဲ့အတူ ထည့်ပေးလိုက်တယ် ... ကျွန်မတို့ဟာ လူသတ်သမားတွေမဟုတ်ပါဘူး မစ္စစ်ဒေါ်ဆင်..."

ကျွန်တော်ဟာ ကျွန်တော့်ခေါင်းကို လက်ဖဝါးနှစ်ဘက်နဲ့ အတင်းဖိကိုင်ပြီး ချုပ်ထားလိုက်တယ်။

အပြင်ဘက်က ကလေးငိုသံဟာတိတ်သွားတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

( ၂ )

အခုလို လက်မရွံ့လူသတ်သမားဘဝမရောက်ခင်က၊ ကျွန်တော် လူသတ်ဖူးနေပြီ။ ဒါပေမယ့် သတ်ရတဲ့အကြောင်းရင်းနဲ့ သတ်ပုံသတ်နည်းက အခုလိုအခြေအနေနဲ့ အများကြီးကွာပါတယ်။ သတ်ရမယ့်အကြောင်း၊ သတ်ရမယ့်ရည်ရွယ်ချက်တွေက ကျွန်တော့်စိတ်ကို ဖြေသာစေခဲ့ပါတယ်။ ကျွန်တော့်ရဲ့ဘဝရည်မှန်းချက်နဲ့ တလွဲစီဖြစ်နေပေမယ့်၊ အခြေအနေအရပ်ရပ်ကို နားလည်လက်ခံပေးပြီး လူသတ်ရတဲ့အလုပ်ကို လုပ်ခဲ့ရတယ်။

ကျွန်တော်ဟာ ပါလက်စတိုင်းကို လွှန်ခဲ့တဲ့လအတော်ကြာကြာကတည်းက ရောက်လာခဲ့တယ်။ အဲဒီကတည်းက ပါလက်စတိုင်းရဲ့တွေကို အမျိုးမျိုးအနှောင့်အယှက်ပေးပြီး အဖျက်လုပ်ငန်းတွေလုပ်ခဲ့တယ်။ အင်္ဂလိပ် ဘပ်ကားတန်းကို ကြားဖြတ်ပြီးတိုက်ခိုက်ခဲ့တယ်။ သူတို့ကိုတိုက်ခိုက်ခဲ့ရတာ လွယ်တော့မလွယ်ဘူး။ ဒါပေမယ့် ညအချိန်ရဲ့အမှောင်က ကျွန်တော်တို့ကို အကွာကွယ်ပေးထားတယ်။ အမှောင်ကိုအကာအကွယ်ယူပြီး ရန်သူ

www.burmeseclassic.com



ကို အလစ်ဝင်တိုက်ခိုက်တယ်။ စစ်တပ်ရဲ့ ရှက်ဖျင်စခန်းကို မီးရှို့ဖျက်ဆီးခဲ့ပြီး စစ်သားတစ်ဒါဇင်လောက်ကို သတ်နိုင်ခဲ့တယ်။ ကျွန်တော်တို့ရဲ့ ခြေရာတွေကိုဖျောက်ထားနိုင်ခဲ့တယ်။ ကျွန်တော်တို့လှုပ်ရှားမှုအဖွဲ့ရဲ့ ရည်ရွယ်ချက်က တတ်နိုင်သမျှ အင်္ဂလိပ်စစ်သားများများကို သတ်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ အပြောကလွယ်ပါတယ်။ လက်တွေ့မှာတော့ စွန့်စွန့်စားစားလုပ်ရတယ်။ အသက်နဲ့ရင်းရတယ်။

ကျွန်တော့်ခြေထောက်၊ ပါလက်စတိုင်းမြေကို နင်းမိတာနဲ့ အဲဒီရည်ရွယ်ချက်ကို ကျွန်တော့်ဦးနှောက်ထဲမှာ တစ်ခါတည်းစွဲသွားအောင် ရိုက်သွင်းလိုက်ကြတယ်။ ကျွန်တော် ဟိုင်ဖာဆိပ်ကမ်းမှာ သင်္ဘောပေါ်ကဆင်းတာနဲ့ ကျွန်တော့်ဆီကို ရဲဘော်နှစ်ယောက်ရောက်လာပြီး ကားနဲ့တင်ခေါ်သွားတယ်။ နောက်ရမ္မက် ဂွန်နဲ့ 'တဲ(လ်)အဗက်' မြို့နှစ်မြို့ကြားက တင်နေရာမှာရှိနေတဲ့ အဆောက်အဦးကိုရောက်လာကြတယ်။ အဲဒီအဆောက်အဦးမှာ အခန်းနှစ်ခန်းရှိနေတယ်။ ဒီနေရာကို ဘာသာဗေဒဆိုင်ရာ ပါမောက္ခတစ်ဦးကပိုင်ဆိုင်တာလို့ သတင်းလွှင့်ထားပြီး အမှန်ကိုဖုံးကွယ်ထားကြတယ်။ အဲဒီနေရာကို ကျွန်တော့်လိုလူငယ်တွေဝင်လာလိုက်ကြ၊ ထွက်သွားကြနဲ့ အဆက်အသွယ်မပြတ်ပါဘူး။ တကယ်တော့ ဒီနေရာဟာ တိုက်ခိုက်တွန်းလှန်ဖို့အတွက် နည်းပညာတွေပို့ချပေးတဲ့နေရာဖြစ်ပါတယ်။ အဲဒီမှာမြေအောက်အခန်းတွေရှိကြတယ်။ ဒီအခန်းတွေမှာ ကျွန်တော်တို့ဖမ်းထားတဲ့အကျဉ်းသားတွေ၊ ဓါးစာခံတွေ ရဲကအလိုရှိနေတဲ့ ကျွန်တော်တို့လူတွေကိုလူတွေမသိအောင် ထိန်းသိမ်းထားကြတယ်။ သေမယ့်အချိန်ကိုစောင့်နေတဲ့ကျွန်ဒေါ်ဆင်ကိုလဲ အဲဒီမှာပဲထားပါတယ်။ အဲဒီမြေအောက်အခန်းဟာ အလွန်ပဲစိတ်ချရပြီး လုံခြုံမှုအပြည့်ရှိတဲ့နေရာဖြစ်ပါတယ်။ အဲဒီမှာမိကို အင်္ဂလိပ်

www.burmeseclassic.com



င်သွားလျှောရောက်လာပြီး၊ အောက်ခြေကနေ အပေါ်ထိ အသေးစိပ်ရှာကြ မယ့် ပုန်းမနေသင်နဲ့ပတ်သက်ပြီး ဘာသဲလွန်စမှမရကြဘူး။ သူတို့ရဲ့ရဲတွေ အနံ့ခံခွေးတွေနဲ့ရောက်လာပြီး ရှာကြပေမယ့် ဘာမှအရာမရောက်ခဲ့ဘူး။ ကျွန်တော်တို့ဝှက်ထားတာတွေနဲ့ သူတို့အကြားမှာ ဧရာမတံတိုင်းကြီးတစ်ခု ကာထားသလိုဖြစ်နေတယ်။

ဂက်(ဒ်)က ကျွန်တော်တို့ကို တွန်းလှန်တိုက်ခိုက်နည်းမျိုးစုံကို င်ပေးပါတယ်။ တချို့မျက်နှာဖုံးစွပ်ထားတဲ့ဆရာတွေရောက်လာပြီး ကျွန်တော်တို့ကို လက်နက်ငယ်အသုံးပြုနည်း၊ စက်သေနတ်ပစ်နည်း၊ အိမ် ်လက်ပစ်ဗုံးအသုံးပြုနည်းတွေကို သင်ပေးပါတယ်။ နောက် လူတစ် ယောက်နဲ့ နောက်ဘက်ကို တိတ်တဆိတ်ချဉ်းကပ်ပြီး၊ အနီးကပ်ဓါးမြှောင်နဲ့ သံမထွက်အောင်ထိုးသတ်နည်းတွေ၊ အကျဉ်းစခန်းကအဖမ်းခံထားရသူ ကို ကယ်ထုတ်နည်း၊ စတဲ့ နည်းအမျိုးမျိုးကို သင်ကြားပို့ချပြီး က်တွေ့ပါ လုပ်ပြပါတယ်။ သင်တန်းကာလဟာ ခြောက်ပတ်ပဲရှိပါတယ်။

သင်တန်းမှာ ဂက်(ဒ်)က "လှုပ်ရှားမှုအဖွဲ့" ရဲ့ အတွေးအခေါ် ာအဆတွေကို နေ့တိုင်း နှစ်နာရီလောက်ပို့ချပေးပါတယ်။ အဓိကအချက် ာ့ အင်္ဂလိပ်တွေ ပါလက်စတိုင်းကထွက်သွားဖို့။ ဒီအတွက် အင်္ဂလိပ် ကြောက်လာအောင် တတ်နိုင်သမျှလုပ်ဖို့၊ သူတို့အမြဲတထိတ်တလန့်ဖြစ် အောင်၊ စိတ်ချောက်ခြားနေအောင်လုပ်ဖို့၊ အမြန်ဆုံးသေသွားစေဖို့ စတဲ့ ည်းတွေကို ထက်ထက်မြက်မြက်အသုံးပြုတတ်ဖို့၊ ပို့ချညွှန်ပြပေးပါတယ်။

"တစ်နေ့ကျရင် ... အင်္ဂလိပ်တွေက ... ဒီနယ်မြေကိုသိမ်းပိုက်ထား ာ်နဲ့တန်ဖိုးဟာ ... သူတို့ရဲ့သွေးတွေပဲဆိုတာ သိလာလိမ့်မယ် ... သူတို့ရဲ့ ားတွေ ... ဒီမြေပေါ်မှာ မြစ်တစ်ခုလို မစီးသေးသမျှကာလပတ်လုံး ...

www.burmeseclassic.com


သူတို့ကိုနေခွင့်မပြုဘူးဆိုတာကို ... ကောင်းကောင်းကြီးနားလည်သွားလိမ့်မယ် ... "

ဂက်(ဒ်)က အဲဒီစကားကို အံကြိတ်ရင်း မာန်ပါပါနဲ့ အလေးအနက်ထားပြီး ကျွန်တော်တို့ကိုပြောတယ်။

"နောက် ... ရက်စက်တယ်ဆိုတာ ... လူမဆန်တဲ့အလုပ်တစ်ခုလို့ ... မင်းတို့ထင်နိုင်ပါတယ် ... ပြောနိုင်ပါတယ် ... ရက်စက်မှုကိုတို့လဲမလိုချင်ဘူး ... ဒါပေမယ့် ... တို့မှာ တခြားရွေးစရာလမ်းမရှိဘူး။ တို့ဟာ ...နောက်လာမယ့် တို့မျိုးဆက်တွေကို ... ကမ္ဘာပေါ်မှာ ... အနှိပ်စက်ခံရခြင်းကင်းတဲ့ စိတ်ဒုက္ခအမျိုးမျိုးခံစားနေရခြင်းကင်းတဲ့ ... လွတ်လပ်တဲ့လူမျိုးအဖြစ် အစဉ်ရပ်တည်နိုင်တဲ့လူမျိုးအဖြစ် ... အခြေအနေအသစ် ...အသစ်တွေကို ပိုင်ဆိုင်ခံစားစေချင်တယ်။ တို့ကြုံခဲ့ရတဲ့ဘဝတွေထက် ... သာလွန်ကောင်းမွန်စေချင်တယ်...အဲဒီလိုအချိန်မျိုး ... ဘဝလိုမျိုးကို မင်းတို့တွေ့ကြည့်စေချင်တယ်.. နောက် ... မင်းတို့ကိုတစ်ခုပြောမယ် ... ဟစ်တလာနဲ့ ... အမြစ်ဖြုတ်သုတ်သင်ရေး ဂျာမဏီမှာပေါ်လာတယ်။ တရားမျှတမှုဆိုတဲ့စကားအဓိပ္ပာယ်ကို ဖွင့်ဆိုတဲ့လူတွေထက် ... တို့က တရားမျှတမှုအတွက် ပိုပြီးကြီးစားထုတ်ဖော်ပြနိုင်တယ် ... နာဇီက တို့လူမျိုးတစ်ယောက်ကိုသတ်လိုက်တယ်၊ ဒါပေမယ့် ... တရားမျှတမှုရှိတယ်ဆိုတဲ့လူက ဘာမှမပြောဘူး ... ဂျူးတွေကိုမျိုးဖြုတ်သတ်နေတာကို ... မေးခွန်းထုတ်ရမယ့်အစား ... လူတွေအားလုံးငြိမ်နေကြတယ် ... ဒါဟာ ... နှစ်ဆယ်ရာစုကာလတစ်ခုရဲ့ သက်သေပြစရာတစ်ခု ... အဲဒီကာလမှာ အမှန်တကယ်ဖြစ်ခဲ့တဲ့ အဖြစ်ဆိုးပျက်တစ်ခု ... တို့ဟာ ... တို့ကိုယ်တို့ ယုံကြည်ရမယ် ... ကိုယ့်ကိုယ်ကို အားကိုးရမယ် တခြားအားကိုးစရာ..ယုံကြည်စရာကို ရှာနေလို့မရဘူး ... တို့အပေါ်မှာ ...

တရားမျှတမှုမရှိတဲ့သူတွေ ... လူမဆန်တဲ့သူတွေရဲ့ ... နှိပ်စက်ညှဉ်းပန်းမှုတွေထက် ... တို့ကပိုပြီး လုပ်မိချင်လုပ်မိကြလိမ့်မယ် .. ဒါပေမယ့် ... တို့အလုပ်ကိုတို့ ဆက်လုပ်နေရမှာပဲ။ တို့ဟာ သေခြင်းတရားကို ... သည်းခံနေတဲ့လူမျိုးမဟုတ်ဘူး ... ဒါကြောင့် ... တို့ဟာ အနှိပ်စက်ခံပြီး လည်စင်းပေးခံနေရတဲ့ဘဝထက် ... မတရားတာကိုကြည့်မနေနိုင်တဲ့ ... မတရားမှုကို ပြုနေသူတွေကို အမြစ်ပြတ်အောင်ချေမှုန်းနိုင်တဲ့ ... သတ်ပစ်နိုင်တဲ့လမ်းကို ရွေးရမယ်။ တို့ကိုယ်တို့လူသတ်သမားတွေလို သဘောထားရမယ် ... မတရားဖိနှိပ်လာမှုမှန်သမျှကို တွန်းလှန်ပစ်ရမယ် ... သမ္မာကျမ်းစာမှာပါတဲ့ စာပိုဒ်တစ်ပိုဒ်က ... "သူများအသက်ကိုမသတ်ပါနဲ့" ... လို့ဆိုထားတယ်။ ဒီစာသားဟာ ... ဟောဒီပါလက်စတိုင်းမှာရှိတဲ့ တောင်ထိပ်တစ်ခုပေါ်မှာ ဟောကြားခဲ့တဲ့တရားထဲက .. ဆုံးမစာပဲ ... တို့လူမျိုးဟာ အဲဒီအဆုံးအမကို ...ိက်နာနိုင်ခဲ့တဲ့ ... တစ်ခုတည်းသောလူမျိုးစုပဲ ... ဒါပေမယ့် ... ဒါတွေဟာ ...ီးခဲ့ပြီ ... တို့သည်းခံနိုင်မှုအပေါ်မှာ အခွင့်အရေးယူပြီး ... လူတွေက တို့ကို ...ိပ်စက်ခဲ့ကြပြီးပြီ ... ဒီတော့ .. တို့လည်း တခြားလူတွေလိုကျင့်ရမယ် ... ...ခြားလူတွေကြဲ့သလို လုပ်သလိုလုပ်ရတော့မယ် ... လူသတ်တာဟာ ...ို့ရဲ့အသက်မွေးမှုမဟုတ်ဘူး ... တို့တာဝန် ... မလွှဲမသွေထမ်းဆောင်ရ...တော့မယ့်တာဝန်ဖြစ်လာပြီ ... နေ့တိုင်း ... အပတ်တိုင်း ... လတိုင်း ... ...ီးတို့ရင်ထဲမှာ ... ရည်ရွယ်ချက်တစ်ခုကို အခိုင်အမာထည့်သွင်းထားရမယ် ... ဘာလဲဆိုတော့ ... တို့ကိုသတ်မယ့်လူတွေကို ... တို့ကပြန်သတ်မယ် ...ဲ့ရည်ရွယ်ချက်ပဲ ... အမိန့်ကိုနာခံပြီး လူသတ်တာဟာ ... တို့ကို နောက်...ကြိမ် ... လူပြန်ဖြစ်လာစေတယ်..."

သင်တန်းနောက်ဆုံးနေ့မှာ မျက်နှာဖုံးစွပ်ထားတဲ့ လူစိမ်းတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com


ရောက်လာတယ်။ နောက်၊ ကျွန်တော်တို့ကို 'မိမိရဲ့ရန်သူကိုမုန်းပါ' ဆိုတဲ့ အပိုဒ်ကို ကိုးကားပြီး ပြောသွားတယ်။ သူ့အသံက သိမ်မွေ့ငြင်သာတယ်။ လေယူလေသိမ်းပြေပြစ်ချောမွေ့တယ်။ နားထဲစိမ့်ပြီးဝင်လာတယ်။ ကျွန်တော့်စိတ်မှာ သူဟာ "ခေါင်းဆောင်အဘိုးကြီး" ဖြစ်ရမယ်လို့ထင်လိုက်တယ်။ ဒါပေမယ့် ကျွန်တော့်အထင်ဟာ မသေချာပါဘူး။ သူပြောတဲ့စကားတွေက လေးလေးနက်နက်နဲ့ ကျွန်တော့်ရင်ထဲကို စူးနစ်ဝင်လာတယ်။ စကားလုံးတွေက မီးလိုပဲပြင်းတယ်။ သူ့စကားကိုနားထောင်ရင်းနဲ့ သူ့ကိုကြည်ညိုစိတ် လေးစားစိတ်တွေပိုပြီးဖြစ်လာတယ်။ စကားတွေက လူတစ်ကိုယ်လုံး ကြက်သီးထသွားအောင်ကို ရင်ကိုကိုင်လှုပ်နိုင်တယ်။ သူပြန်ထွက်သွားပြီးတဲ့အထိ သူ့စကားလုံးတွေက ရင်ထဲမှာပဲ့တင်ထပ်ပြီး ကျန်ခဲ့တယ်။ နောက် ဒီနေရာကို လွတ်မြောက်အောင်ကယ်တင်နေတဲ့လူတွေထဲက တစ်ယောက်ဖြစ်လာအောင် ကျွန်တော့်ကိုလုပ်ပေးနိုင်တဲ့သူ့ကို ကျေးဇူးတင်သွားပါတယ်။ ဒီနေရာမှာ ဘာမှပျောက်ဆုံးသွားဖို့မရှိ။ တစ်ခုခုကိုစိတ်မချသလို ငဲ့စောင်းကြည့်စရာမလို။ ကိုယ့်ဆုံးဖြတ်ထားတဲ့အတိုင်း ရည်ရွယ်ထားတဲ့အတိုင်း ဒီနေရာမှာလုပ်ဆောင်နိုင်တယ်။ နောက်ဆုံးတော့ ကံကြမ္မာက ကျွန်တော့်ဆီကို မျက်နှာဖုံးစွပ်ပြီး သူတောင်းစားလိုရုပ်ဖျက်လာတယ်လို့ ဆိုရမလိုဖြစ်နေတယ်။

တစ်ခါတုန်းက ကျွန်တော့်ရဲ့ဆရာဖြစ်သူက ပညတ်တော်တွေထဲက ခြောက်ခုမြောက်ပညတ်တော်တစ်ပါးအကြောင်း ရှင်းပြဖူးတယ်။ အဲဒီပညတ်ချက်က လူမသတ်ဖို့တားမြစ်ထားတာပဲဖြစ်ပါတယ်။ ဒီလိုဘာဖြစ်လို့ တားမြစ်ထားရလဲ။ လူတွေက သူတို့လုပ်ဆောင်မှုမှန်သမျှကို ဘုရားသခင်ရဲ့ အမိန့်ကျလုပ်ရတာလို့ လက်ခံယုံကြည်ထားကြတယ်။ ဒီတော့ သူတို့လုပ်

 www.burmeseclassic.com 

ဆောင်သမျှကို ဘုရားသခင်ကျေနပ်တယ်လို့ ယူဆစရာဖြစ်လာတယ်။ ဘာကယ်တော့ ဒီလိုမဖြစ်သင့်ပါ။ လူတစ်ယောက်ကို သတ်တယ်ဆိုတာ မလုပ်ကောင်းတဲ့အလုပ်တစ်ခု။ အသက်တစ်ချောင်းက အသက်တစ်ချောင်းကို တန်ဖိုးထားတတ်ဖို့လိုပါတယ်။ ဒါကြောင့် ဘုရားသခင်က မသတ်ဖို့ ဘားမြစ်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော် ပထမဆုံးအကြိမ်ကြုံရတဲ့ တော်လှန်တိုက်ခိုက်ရေး ဘစ်ခုမှာ ကိုယ့်ကိုယ်ကိုယ် တကယ့်သူရဲကောင်းကြီးလို သဘောထားပြီး ပါဝင်ခဲ့တယ်။ ဝမ်းရေတင်းပြီးနာလာတာတောင် ဂရုမစိုက်ခဲ့ဘူး။ ကျွန်တော် ဟာ တော်တော်နာကျည်းနေတဲ့ လူတစ်ယောက်လို ပစ်ခတ်တိုက်ခိုက်ခဲ့ပါ သားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်မိပါတယ်။ တစ်ချိန်တုန်းကကြုံတွေ့ ခဲ့ရတဲ့ မီးခိုးရောင်ယူနီဖောင်းဝတ်ထားတဲ့ နာဇီစစ်ဗိုလ်တွေကိုလည်း မျက်လုံး ထဲမှာမြင်လာတယ်။ ဒါပထမအကြိမ်...။

* * *

သူတို့တစ်တွေဟာ ယုန်လေးတွေလိုပဲ ထွက်ပြေးသွားကြတယ်။ တိတိကျကျဆိုရင် အရက်တိုက်ထားတဲ့ယုန်လေးတွေလို ဖရိုဖရဲဖြစ်ပြီး ထွက် ပြေးကြတယ်။ ပြေးရင်းနဲ့ အကာအကွယ်အတွက် သစ်ပင်တစ်ပင်တစ်လေ တွေ့မလားလို့ ကြည့်သွားကြတယ်။ သူတို့မှာ ခေါင်းတွေခြေတွေလက်တွေ နဲ့ပဲ ခြေထောက်တွေပဲ အားကိုးစရာရှိတယ်ဆိုတဲ့ ပုံစံမျိုးနဲ့ ပြေးနေကြတယ်။ သို့သော်လည်း ကျွန်တော်တို့က သူတို့ကိုဝိုင်းထားတယ်။ ကျွန်တော်တို့ပစ်တဲ့ ကျည်ဆံအောက်က သူတို့မလွတ်ဘူး။ ကျွန်တော်တို့က သူတို့ကို အပေါ် စီးကနေ တိုက်ခိုက်ကြတော့ သူတို့ရဲ့ကြောက်စရာကောင်းတဲ့ အော်သံတွေ နဲ့ သေနတ်သံတွေနဲ့အတူ ကြားနေရတယ်။ သူတို့အသံနက်ကြီးနဲ့ အော်သံ



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော့်ဘဝရဲ့ နောက်ဆုံးနေ့အထိ ကြားယောင်နေမိမယ်လို့စိတ်ထဲ ထင်လိုက်တယ်။

ကျွန်တော်တို့အားလုံး ခြောက်ယောက်။ ကျန်တဲ့ငါးယောက်ရဲ့ နာမည်တွေကို ကျွန်တော်မေ့နေပြီ။ အဲဒီအထဲမှာ ဂက်(ဒ်)တော့မပါဘူး။ အဲဒီနေ့က သူဟာ သင်တန်းကျောင်းမှာကျန်ခဲ့တယ်။ အဲဒါဟာ ကျွန်တော်တို့ အပေါ်မှာ သူဘယ်လောက်ယုံကြည်ထားလဲဆိုတာကို ပြရာရောက်ပါတယ်။

"မင်းတို့ဆက်လုပ်ပါ ... ကိုယ်မပါဘဲ ... မင်းတို့ချည်းသွားလဲ ဖြစ်ပါတယ် ... "

သူ့စကားက ကျွန်တော်တို့အပေါ်မှာထားတဲ့ ယုံကြည်မှုကို ဖွင့်ပြသလိုဖြစ်နေတယ်။ ကျွန်တော်တို့ခြောက်ယောက်ဟာ လူသတ်ဖို့သွားတာလား၊ အသတ်ခံရဖို့သွားတာလားဆိုတာကို ပြရတော့မယ်။

"ကံကောင်းပါစေကွာ ... မင်းတို့ပြန်လာတာကို ... ကိုယ် ဒီက စောင့်နေမယ် ... "

ကျွန်တော်တို့ကို လက်ဆွဲနှုတ်ဆက်ရင်း ပြောလိုက်တယ်။

ဒါဟာ ကျွန်တော့်ကိုတာဝန်ပေးဖို့သတ်မှတ်လိုက်ပြီးတဲ့နောက် ပထမဆုံးလုပ်ရတဲ့ စစ်ဆင်ရေးတစ်ခု။ ဒီစစ်ဆင်ရေးကအပြန် ပြန်လာနိုင်ခဲ့ရင် ကျွန်တော်ဟာ ကျွန်တော်မဟုတ်တော့ပဲ တခြားလူတစ်ယောက်ဖြစ်သွားမယ် ဆိုတာကို ကျွန်တော်သိနေတယ်။ ကျွန်တော်ဟာ ပထမဆုံးစစ်ပွဲကို ကြုံရမယ်။ ပထမဆုံးသွေးသံရဲရဲတွေနဲ့ တွေ့ကြုံရမယ်။ ဒါတွေဟာ မလွှဲမရှောင် ဖြစ်လာမယ့်အခြေအနေတွေဖြစ်ပါတယ်။ အဲဒီလိုတွေ့ကြုံရပြီးရင် ကျွန်တော့်ရဲ့ ခံစားမှုတွေလည်း အများကြီးပြောင်းလဲသွားနိုင်တယ်။ ဒါပေမယ့် အဲဒီ အတွေ့အကြုံတွေကိုတော့ အော့နှလုံးနာပြီး အန်ထုတ်လိုက်ဖို့တော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်မကူးပါဘူး။

ကျွန်တော်တို့အဖွဲ့ဟာ အင်္ဂလိပ်စစ်ကားတွေဖြတ်သွားမယ့်နေရာကို ထွက်လာခဲ့ကြတယ်။ သူတို့ရဲ့စစ်ကားကို "ဟေဖာ" နှင့် "တဲအဗစ်ကြားမှာ တိုက်ခိုက်ဖို့စိတ်ကူးထားကြတယ်။ အမိကတိုက်ရမယ့်နေရာကတော့ "ဟီဒါရာ" ဆိုတဲ့ရွာအနီးမှာပဲဖြစ်ပါတယ်။ အချိန်က နေ့လည်ခင်းကျော်ပြီးတဲ့အချိန်။ ကျွန်တော်တို့က အလုပ်ကပြန်လာတဲ့ အလုပ်သမားတွေလို ရုပ်ဖျက်ပြီး၊ သတ်မှတ်ထားတဲ့နေရာကို မီးနစ်သုံးဆယ်လောက်စောပြီး ရောက်လာကြတယ်။ အခုလိုစောပြီးရောက်လာတော့၊ ကျွန်တော်တို့ တိုက်ခိုက်ဖို့အတွက် ပြင်ဆင်ချိန်ရပါတယ်။ လမ်းတစ်ဆစ်ချိုးအကွေ့မှာ မိုင်းဗုံးထောင်ပြီး ပစ်ခတ်တိုက်ခိုက်ပြီးပြန်ဆုတ်မယ့်လမ်းကြောင်း အနေအထားကိုလဲ လေ့လာပြီး ရွေးချယ်လိုက်တယ်။ ကျွန်တော်တို့ကို ပြန်ခေါ်သွားမယ့်ကားက ကျွန်တော်တို့နဲ့ တစ်ဆယ့်ငါးကိုက်အကွာလောက်မှာ ဆောင့်နေတယ်။ အဲဒီကားက ကျွန်တော်တို့ကို 'ပီတက်တီဗာ' ကိုပို့ပေးပြီး အဲဒီကမှ တစ်ဆင့်၊ စောင့်နေတဲ့ကားသုံးစီးဆီပြောင်းပြီး ကျွန်တော်တို့ရဲ့ သင်တန်းကျောင်းကိုသွားရမှာဖြစ်ပါတယ်။

ကျွန်တော်တို့သတင်းရထားတဲ့အတိုင်းပဲ၊ အင်္ဂလိပ်စစ်ကားသုံးစီးဟာ သတ်မှတ်ထားတဲ့အချိန်မှာ မောင်းလာတာကိုတွေ့လိုက်ရတယ်၊ ခံကားတွေအမိုးဖွင့်ထားတဲ့ထရပ်ကား။ တစ်စီးစီပေါ်မှာ စစ်သားနှစ်ဆယ် လာတယ်။ သူတို့ခေါင်းပေါ်နဲ့ မျက်နှာတွေပေါ် နေရောင်ကထိုးကျနေတယ်။ မိုးထောင်ထားတဲ့လမ်းအကွေ့က ကုန်းလေးတစ်ခုလိုဖြစ်နေတယ်။ သမဆုံးထရပ်ကားဟာ မိုင်းနင်းမိပြီး ပေါက်ကွဲတော့တယ်။ ကျန်တဲ့ စ်စီးလည်း ရှေ့ကားမိုင်းထိတာနဲ့ ရပ်လိုက်ပြီး စစ်သားတွေ လမ်းပေါ်ခုန်



www.burmeseclassic.com

www.burmeseclassic.com


ဆင်းပြီး နေရာယူဖို့ကြိုးစားကြတယ်။ ဒါပေမယ့် ကျွန်တော်တို့က အပေါ်မှ ကနေရာယူပြီး အသင့်ချိန်ရွယ်ပစ်ခတ်ကြတော့၊ သူတို့အထိနာကြတော့ တယ်။ ကျွန်တော်တို့က အဆက်မပြတ်ပစ်ခတ်နေတော့ သူတို့အဖို့ နေရာယူ ပြီး ပြန်ပစ်ဖို့အချိန်မရတော့ဘူး။ ဒီတော့ သူတို့ထွက်ပြေးကြတယ်၊ ကျွန်တော်တို့ကလဲ ပြေးနေတဲ့သူတို့ရဲ့ခြေထောက်တွေကို ပစ်ချိုးခဲ့ကြတော့ မြေပြင်ပေါ် အတုံးအရုံးလဲကျသွားကြတယ်။ တစ်ချို့ကလည်း သွေးရူးသွေး တန်းနဲ့ ဆက်ပြေးကြတယ်။

အဖြစ်အပျက်အားလုံးဟာ မိနစ်ပိုင်းလောက်ပဲကြာတယ်။

အင်္ဂလိပ်တွေအထိနာတဲ့စစ်ပွဲ။ သူတို့သွေးတွေ အိုင်ထွန်းသွားတဲ့ ပွဲ။

ကျွန်တော်တို့အောင်မြင်တဲ့စစ်ပွဲ။

ကျွန်တော်တို့ဟာ စီစဉ်ထားတဲ့အတိုင်း အဆင်ပြေချောမွေ့စွာ ပြန်လာနိုင်ခဲ့ပြီး၊ သင်တန်းကျောင်းကိုရောက်လာတယ်။ အဲဒီမှာ ဂျက်(ဒ်)က ကျွန်တော်တို့ကိုစောင့်နေတာတွေ့ရပါတယ်။ သူ့မျက်နှာမှာ ကျွန်တော်တို့ အတွက် ဂုဏ်ယူနေတဲ့ဝမ်းမြောက်နေတဲ့ အမူအယာကို အထင်အရှားတွေ့နေ ရတယ်။

"ကောင်းတယ်...မင်းတို့အဖွဲ့ကို ချီးကျူးပါတယ်...ကိုယ်တို့ အဘိုး ကြီးကတော့ ... ယုံမှာတောင်မဟုတ်ဘူး ..."

အဲဒီနောက် ကျွန်တော့်ရင်ထဲက ပျို့အန်ချင်လာတယ်။ ကြောက် လန့်ပြီးသွေးသံရဲရဲနဲ့ထွက်ပြေးကြတဲ့ အင်္ဂလိပ်စစ်သားတွေကို ပြန်မြင်ယောင် လာတယ်။ ပစ်ခတ်နေတုန်းက ကျွန်တော့်တစ်ကိုယ်လုံး မုန်းတီးမှုတွေ ဒေါသတွေ၊ နာကျည်းမှုတွေနဲ့ပြည့်နေတာကို ပြန်အမှတ်ရလာတယ်။

www.burmeseclassic.com



အသက်၊ ကျွန်တော်နာဇီစစ်အကျဉ်းထောင်မှာနေတုန်းက တွေ့ခဲ့ရတာတွေ ပြန်မြင်လာတယ်။ ဒီအချိန်က နာဇီစစ်အကျဉ်းထောင်မှာနေတုန်းက တွေ့ခဲ့ရတာတွေပြန်မြင်လာတယ်။ ဒီအချိန်က နာဇီစစ်အရာရှိတွေဟာ ဂျူးတွေကို သတ်ပစ်ခဲ့တာတွေ။ နေ့တိုင်းညတိုင်း အတုံးအရုံးသေကြတာတွေ။ သားသတ်သမားတွေလို နာဇီလူသတ်ကောင်တွေရဲ့လက်ချက်နဲ့ ဂျူးတွေရဲ့သွေးတွေ ဖွက်ထခဲ့တာတွေကို ပြန်သတိရလာတယ်။

နာဇီတွေက နေရာအသီးသီးထောင့်အမျိုးမျိုးကနေ၊ သေနတ်တွေနဲ့ နေရာယူချိန်ထားပုံ။ နာဇီစစ်ဗိုလ်က ရယ်မောရင်း ဒါမှမဟုတ်တစ်ခုခုကို စားနေရင်း "ပစ်" ဆိုတဲ့အမိန့်ပေးပုံ။ ပစ်လိုက်လို့ မြက်ပင်ကို တံစဉ်နဲ့ ခုတ်လိုက်သလို အစုလိုက်အပြုံလိုက်လဲကျပြီး၊ သွေးအိုင်ထဲ လူးလိမ့်အော်ဟစ်ညီးတွားနေပုံ။ အဲဒီပုံရိပ်တွေက ကျွန်တော့်ရင်ထဲမှာ ဘယ်တော့မှ မပျောက်တော့ဘဲ စွဲနေခဲ့တယ်။ အဲဒီတုန်းကကြုံခဲ့ရ ခံခဲ့ရတာတွေဟာ အခုအခါမှာ အသစ်လိုပြန်ဖြစ်လာတယ်။

အခု အင်္ဂလိပ်စစ်သားတွေဟာ ကျွန်တော်တို့ရဲ့သေနတ်ကျည်ဆံတွေအောက်မှာ အတုံးအရုံးသေသွားကြပြီ။ အတိတ်က နာကျည်းရမှု၊ ဒေါသဖြစ်ရမှု၊ ဝမ်းနည်းကြေကွဲရမှုတွေဟာ အခုချိန်မှာ စွမ်းအားတစ်ခုလို ဖြစ်လာခဲ့ရတယ်။

* * *

ဘုရားသခင်ဖန်ဆင်းထားတဲ့ ဒီကမ္ဘာပေါ်မှာ စစ်ပွဲတွေဖန်တီးပြီး လူသတ်ရတဲ့အလုပ်ဟာ မလွယ်ပါဘူး။ ဒီ့ထက်ပိုမလွယ်တာက ဓါးပြ တိုက်ယောက်ကို သွေးအေးအေးနဲ့သတ်ရတာပါပဲ။ အင်မတန် စိတ်ပင်ပန်းခြင်းရဲ့စေပြီး အိပ်မက်ဆိုးတစ်ခုလို အမြဲတမ်းမြင်မက်နေတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com


ပထမဆုံးဆင်နွှဲရတဲ့ တွန်းလှန်တိုက်ခိုက်ရေးကို ကျွန်တော် တစ်ယောက်တည်းပြုလုပ်ခဲ့တာမဟုတ်ပါဘူး။ အဲဒီပွဲမှာ ကျွန်တော်လှူသတ် ခဲ့တယ်။ ဒါပေမယ့် ကျွန်တော်ဟာ တိုက်ခိုက်ရေးအဖွဲ့ထဲကလူတစ်ယောက်၊ ကျွန်တော်တို့အဖွဲ့နဲ့ ဟိုဘက်ကရန်သူတပ်ဖွဲ့။ ရင်ဆိုင်တိုက်ခိုက်တဲ့ပွဲ။ အခု သတ်ရမှာက ကျွန်တော်တစ်ယောက်တည်း။ ဓားစာခံ ဌာန်ဒေါ်ဆင်ကို ကျွန်တော်ကိုယ်တိုင်သတ်ရမယ်။ ကျွန်တော်က သူ့မျက်နှာကို စေ့စေ့ကြည့် ပြီး သတ်ရမယ့်အလုပ်။ သူကလဲ ကျွန်တော့်ကို စေ့စေ့ပြန်ကြည့်နေမှာပဲ၊ သူ ကျွန်တော့်ကိုကြည့်တဲ့အခါ၊ သူ့စိတ်ထဲမှာတော့၊ ကျွန်တော်ဟာ သူ့ရန်သူ တွေအားလုံးကို ကိုယ်စားပြုထားတဲ့လူတစ်ယောက်ယောက်ကို မြင်နေမှာပဲ၊ ကျွန်တော့်မျက်လုံးထဲမှာ သူ့ရန်သူတွေရဲ့မျက်လုံးတွေကို တွေ့နေရမှာပဲ၊

"သိပ်လည်းစိတ်ပင်ပန်းမခံပါနဲ့ အဲလီရှာ ... အခုချိန်က စစ်ဖြစ် နေတာလို့ ... မင်းရဲ့စိတ်ထဲသွင်းထားလိုက်ပါ ..." ဂက်(ဒ်)ကပြောပြီး ရေဒီယို ကိုပိတ်လိုက်တယ်။

ကျွန်တော့်စိတ်ထဲမှာ သူ့ကို ဒါမှမဟုတ်၊ စစ်ပွဲကိုဖန်တီးသူကို မေးချင်တဲ့စကားတွေပေါ်လာတယ်။ ဒါပေမယ့် တိတ်တိတ်လေးပဲနေလိုက် တယ်။ "စစ်ကိုဖန်တီးသူဟာ ယူနီဖောင်းဝတ်ပြီး စစ်ပွဲကို ကိုယ်တိုင်ပါဝင် တိုက်ခိုက်တာမဟုတ်ဘူး" ဆိုတာကိုတော့ ကျွန်တော့်ကိုယ် ကျွန်တော် စိတ်ထဲကပြောလိုက်မိတယ်။ သူဟာ ခုခံတွန်းလှန်ရေးအဖွဲ့ဝင်တစ်ဦးသာ ဖြစ်တယ်။ သူဟာ အမိန့်တွေနဲ့ ညွှန်ကြားမှုတွေအမျိုးမျိုးပေးနေတတ်သူသာ ဖြစ်တယ်။

* * *

ခဏလေးကြာတော့ 'အိုင်လာနာ' ရောက်လာတယ်။ သူမရောက်


www.burmeseclassic.com

www.burmeseclassic.com



သာတဲ့အချိန်ဟာ ညမထွက်ရအမိန့်ရဲ့ သတ်မှတ်ထားတဲ့အချိန်မတိုင်ခင်လေး ဘဲဖြစ်ပါတယ်။ သူမနဲ့အတူ ကိုယ်ရံတော်နှစ်ယောက်ဖြစ်ကြတဲ့ "ဂိုင်ဒီရွန်" နဲ့ 'ဂျိုအာ့(ဘ်)' တို့ပါလာကြတယ်။ သူမဟာ အနားမယူနိုင်တဲ့အတွက် ညှိုးလျှလျှဖြစ်နေတယ်။ သူမဟာ အမြဲတမ်းလှနေတဲ့သူ။ သူမရဲ့အသား အရည်က ချောမွေ့ပြီး ကိုယ်ခန္ဓာက နီညိုရောင်ကျောက်တုံးကို ထုဆစ်ထား တဲ့ ပန်းပုတစ်ခုလို ပြေပျစ်တယ်။ သူမရဲ့မျက်နှာမှာတော့ ဝမ်းနည်းပူဆွေးမှုရဲ့ သောကဝေဒနာကို တွေ့နေရတယ်။ သူမက အညိုရောင်စကာဒ်နဲ့ အဖြူရောင် ဘလောက်(စ်)အကျႌကို ဝတ်ထားပြီး၊ နှုတ်ခမ်းမှာ ဆေးမဆိုးထားတော့ ဖြူဖျော့ဖျော့ဖြစ်နေတယ်။

"မင်းအသံလွှင့်သွားတာကတော့ ... မမေ့နိုင်စရာပါပဲ..."

ဂက်(ဒ်)ကလှမ်းပြောလိုက်တယ်။

"ဒါတွေ ... အဘိုးကြီးရေးပေးတာ ..."

အိုင်လာနာက နွမ်းလျှလျှအသံနဲ့ ပြန်ဖြေလိုက်တယ်။

"မင်းရဲ့အသံကလဲ ..."

"ပြောရမယ့်အသံနေအသံထားကိုလဲ ... အဘိုးကြီးကပဲ ... ပြောပြ ထားတာ..."

ပြောပြီးတာနဲ့ သူမက သက်ပြင်းတစ်ချက်မှုတ်ထုတ်ပြီး ကုလား ထိုင်မှာ ထိုင်ချလိုက်တယ်။ ခဏတော့ အခန်းထဲမှာ တိတ်သွားတယ်။ နောက်မှ သူမက ဆက်ပြောတယ်။

"ဒီနေ့...အဘိုးကြီး ငိုနေတာကို ... ကျွန်မတွေ့ရတယ် ...သူဒီလိုပဲ မကြာမကြာငိုနေတယ်လို့ ကျွန်မထင်တယ်..."

အဘိုးကြီးအနေနဲ့ သူ့ဆန္ဒရှိသလိုငိုနိုင်တယ်လို့ ကျွန်တော်ကတော့



www.burmeseclassic.com

www.burmeseclassic.com



တွေးလိုက်မိတယ်။ ငိုနေတဲ့လူတစ်ယောက်ဟာ တစ်နေ့တော့ အငိုတိတ်သွားမယ်ဆိုတာ သူကိုယ်တိုင်ကသိနေတယ်။

ဂျိုအာ့(ဘ်)က တဲ(လ်)အဗစ်က နောက်ဆုံးရတဲ့သတင်းတွေကို ပြောပြတယ်။

လူတွေက စိုးရိမ်တကြီးစောင့်ကြည့်နေတဲ့အကြောင်းနဲ့ လက်စားချေမှုတွေ ပိုပြီးကြီးထွားလာမှာကို ကြောက်နေကြောင်းကို ပြောပြတယ်၊ နောက်၊ ကျွန်တော်တို့ခေါင်းဆောင် အဘိုးကြီးကို ဗွန်ဒေါ်ဆင်ကို သေဒဏ်ချမှတ်တဲ့လူလို့ ပြောနေကြတဲ့အကြောင်းကို ဆက်ပြောတယ်။ ပြီးတော့ လူတွေက ဒေးဗစ်ဘင်မိုရှိရဲ့အကြောင်းထက်၊ ဗွန်ဒေါ်ဆင်ရဲ့အကြောင်းကို ပိုပြီးပြောနေကြောင်း ပြောပြပါတယ်။

"အဘိုးကြီးက ... ဘာဖြစ်လို့ငိုရတာလဲ ... ဂျူးတွေဟာ ဘယ်တော့မှ ... စိတ်မလျှော့တဲ့သူတွေ ... စိတ်ဓာတ်မကျတဲ့လူတွေ ... သူတို့ဟာ ဘယ်တော့မှ နောက်မဆုတ်တဲ့လူတွေ ... "

ဂက်(ဒ်)က နဖူးပေါ်ဝဲကျနေတဲ့ သူ့ဆံပင်ကို ပြန်သပ်တင်ရင်း လေသံမာမာနဲ့ ပြောလိုက်တယ်။

ဂျိုအာ့(ဘ်)က–

"လန်ဒန်မှာလဲ ... ဒီကိစ္စနဲ့ပတ်သက်ပြီး ဝန်ကြီးတွေ ... အစည်းအဝေးလုပ်နေတယ်လို့ကြားရတယ် ... နောက်ပြီး ... နယူးယောက်မှာရှိတဲ့ ... ဂျူးတွေက 'ဟာဒီစင်စကွဲယား' ပန်းခြံမှာစုပြီး ဆန္ဒပြကြတယ်တဲ့ ... ကုလသမဂ္ဂကလဲ ... အဲဒီကိစ္စကိုပိုပြီး အာရုံစိုက်လာတယ်လို့ကြားရတယ် ...

"ဒါတွေကို ... ဒေးဗစ်လဲသိမှာပဲလို့ ... ကျွန်မတော့ထင်တယ်"

"မပူပါနဲ့ ... သူ့ကိုကြိုးပေးမယ့်လူကပြောပြလိမ့်မယ် ... "ဂက်(ဒ်)



www.burmeseclassic.com

www.burmeseclassic.com


က အသံပြတ်နဲ့ပြန်ပြောလိုက်တယ်။ သူ့အသံမှာ ခါးသည်းနာကျည်းမှုတွေ ပါနေတယ်ဆိုတာ ကျွန်တော်သိတယ်။

ဒေးဗစ်ဘင်မိုရှိက သူ့ရဲ့ငယ်သူငယ်ချင်း။ သူတို့နှစ်ယောက်ဟာ လှုပ်ရှားမှုအဖွဲ့ကို အတူဝင်ရောက်လာကြသူတွေ။ ဒေးဗစ်နဲ့ပတ်သက်ပြီး နောက်ကြောင်းပြန်ပြောပြတာ ဒီတစ်ခုပဲရှိတယ်။ ဒါလဲ ဒေးဗစ်အဖမ်းခံရပြီးမှ ပြောပြတာပဲဖြစ်တယ်။ အဖွဲ့ဝင်တစ်ယောက်ရဲ့နောက်ကြောင်းကို အသေးစိပ် သိစရာမလိုဘူးလို့ အဖွဲ့ထဲမှာအရေးကြီးတဲ့အချက်တစ်ချက်အနေနဲ့ သတ်မှတ်ထားတယ်။ ဒေးဗစ်ဟာလူကောင်းတစ်ယောက်၊ စွမ်းရည်ထက် မြက်တဲ့လူတော်တစ်ယောက်။ အဖွဲ့ဝင်တွေဟာ ဒေးဗစ်နဲ့ပတ်သက်ပြီး ဒါပဲ သိကြတယ်။

ဂက်(ဒ်)က ဒီမှာရှိနေချိန်မှာ ဒေးဗစ်က ဒဏ်ရာနဲ့လူဖြစ်နေပြီ။ ဂက်(ဒ်)ဦးဆောင်တဲ့ လှုပ်ရှားမှုတစ်ခုမှာ မမျှော်လင့်တဲ့အကြောင်းတစ်ခု ကြောင့် အခုလိုဖြစ်သွားရတာပဲ။ ကျွန်တော်တို့ကတော့ သူတို့ဆောင်ရွက်ရ မယ့်အလုပ်ကို သိမ်မွေ့ငြင်သာတဲ့အလုပ်တစ်ခုလို့ သိထားကြတယ်။ ဒါပေ မယ့်၊ တစ်ဘက်ရန်သူအစောင့်တစ်ယောက်က ဖျက်ဆီးလိုက်လို့ အခုလို အခြေအနေမျိုးရောက်ကုန်တယ်။ အဲဒီအစောင့်ကြောင့် မနက်ဖြန်မှာ ဒေးဗစ် ကြိုးပေးခံရတော့မယ်။ ဒေးဗစ်ဟာ၊ သူ့ကိုယ်မှာ ဒဏ်ရာနဲ့ဖြစ်နေပေမယ့် ခြေမှာဝပ်ပြီး ရန်သူကိုခံပစ်ခဲ့သေးတယ်။ လူတစ်ယောက်ရဲ့သတ္တိဟာ အဲဒီ လူကိုသေသွားလောက်အောင် လှုံ့ဆော်ပေးတတ်သလားလို့ ကျွန်တော် တွေးမိတယ်။ တစ်ခါတစ်လေ၊ သတ္တိဟာ လူကို မိုက်မဲသွားရလောက်အောင် နုံးသွပ်သွားစေလားတော့ ကျွန်တော်အသေအချာမသိ။

* * *


www.burmeseclassic.com

www.burmeseclassic.com



တစ်ည။

စစ်တပ်က ထရပ်ကားတစ်စီးဟာ ဂျိဒါရာအနီးက အင်္ဂလိပ်လေထီးတပ်ရဲ့အဝင်ဝဂိတ်ရှေ့မှာ ရပ်လိုက်တယ်။ ထရပ်ကားပေါ်မှာ ဗိုလ်မှူးတစ်ယောက်နဲ့ရဲဘော်သုံးယောက်ပါလာတယ်။

"ကျုပ်တို့လက်နက်တစ်ချို့ ယူဖို့လာတာ...ဒီည တွန်းလှန်ရေးသမားတွေ ... လာတိုက်မယ်လို့သတင်းရထားတယ် ..."

ဗိုလ်မှူးက အစောင့်ကိုပြောလိုက်တယ်။

"အတော်ဒုက္ခပေးတဲ့ကောင်တွေ ..."

အစောင့်ကပြန်ပြောရင်း၊ ဗိုလ်မှူးလှမ်းပေးလိုက်တဲ့ စာရွက်စာတမ်းတွေကို ယူလိုက်တယ်။ နောက်ကြည့်ပြီးတော့ ပြန်ပေးရင်း –

"ကောင်းပါပြီဗိုလ်မှူး ... အထဲကိုဝင်ခဲ့ပါ ..."

အစောင့်ကပြောပြီးတာနဲ့ ဂိတ်တံခါးကိုဖွင့်ပေးလိုက်တယ်။

"ကျေးဇူးပါပဲ ... ဒါနဲ့ ... လက်နက်တွေထားတာက ဘယ်နေရာလဲ ..."

"ဒီအတိုင်းတည့်တည့်မောင်းသွားပြီး ... ဘယ်ဘက်ကို နှစ်ခါကွေ့လိုက်ရင် တွေ့ရမယ် ဗိုလ်မှူး ..."

အစောင့်ပြောတဲ့အတိုင်း မောင်းလာပြီး၊ လက်နက်ထားတဲ့အဆောက်အဦးရှေ့မှာရပ်လိုက်တယ်။

"ဒီနေရာပဲ ..."

ဗိုလ်မှူးကပြောပြီး ကားပေါ်ကဆင်းလိုက်ကြတယ်။ တံခါးစောင့်တပ်ကြပ်တစ်ယောက်က ဗိုလ်မှူးကို အလေးပြုပြီး တံခါးဖွင့်ပေးလိုက်တယ်။ ဗိုလ်မှူးက ဗိုလ်မှူးကြီးလက်မှတ်ထိုးပေးလိုက်တဲ့ စာရွက်ကိုတပ်ကြပ်က



www.burmeseclassic.com

www.burmeseclassic.com


ပေးလိုက်တယ်။ တပ်ကြပ်က စာရွက်ကိုကြည့်လိုက်တယ်။ ဗိုလ်မှူးကြီး လက်မှတ်ထိုးပြီးထုတ်ခိုင်းလိုက်တဲ့လက်နက်တွေက စက်သေနတ်ငါးလက်။ ရိုင်ဖယ်သေနတ်နှစ်ဆယ်။ ခြောက်လုံးပြူးနှစ်ဆယ် လိုအပ်တဲ့ကျည်ဆံတွေပဲ ဖြစ်ပါတယ်။

"ကျုပ်တို့ ... တွန်းလှန်ရေးသမားတွေ ... ဝင်တိုက်မယ်လို့ သတင်းရထားလို့ပါ..."

ဗိုလ်မှူးကပြောပြတော့ တပ်ကြပ်က ...

"တော်တော်ဒုက္ခပေးတဲ့ကောင်တွေ ..."

"ကျုပ်တို့မှာ ... အချိန်သိပ်မရှိဘူး ... ခပ်မြန်မြန်လေးလုပ်ပါလား"

"ကောင်းပါပြီဗိုလ်မှူး ... ကျွန်တော်နားလည်ပါတယ်..."

တပ်ကြပ်က ပါလာတဲ့စစ်သားသုံးယောက်ကို၊ လက်နက်ကျည်ဆံတွေထားတဲ့နေရာကို ညွှန်ပြလိုက်တယ်။ စစ်သားသုံးယောက်ကလည်း၊ ပစ္စည်းတွေကို ကားပေါ်ခပ်မြန်မြန်ပဲတင်လိုက်ကြတယ်။ မကြာခင်မှာ အားလုံးပြီးသွားတယ်။

"ကျွန်တော်...ဒီအမိန့်စာရွက်ကို ယူထားရမယ်ဗိုလ်မှူး ..."

"ကောင်းပြီလေ ... ယူထားလိုက် ..."

ဗိုလ်မှူးကားပေါ်တက်ပြီးတာနဲ့ မောင်းထွက်လာခဲ့တယ်။ ဂိတ်စောင့်က တံခါးဖွင့်ပေးဖို့လုပ်တဲ့အချိန်မှာ အစောင့်ရုံလေးထဲက တယ်လီဖုန်းမြည်သံပေါ်လာတယ်။ သူက ဗိုလ်မှူးကိုခွင့်တောင်းပြီး၊ အစောင့်ရုံလေးထဲ ပြန်ဝင်ပြီး ဖုန်းသွားပြောလိုက်တယ်။ ဗိုလ်မှူးတို့အဖွဲ့ကတော့ သည်းခံပြီး စောင့်နေရတယ်။

"ခဏဗိုလ်မှူး ... လက်နက်ရုံကတပ်ကြပ်က ... ဗိုလ်မှူးယူသွားတဲ့


www.burmeseclassic.com

www.burmeseclassic.com


အမိန့်စာရွက်က ... မပြည့်စုံဘူးလို့ပြောနေတယ် ..."

အစောင့်ကလှမ်းပြောတော့၊ ဗိုလ်မှူးဟာ ကားပေါ်ကဆင်းပြီး–

"ကဲ ... ကဲ ... ကျုပ်ပဲဖုန်းဆက်ပြီးပြောလိုက်မယ် ..."

ဗိုလ်မှူးဟာပြောပြီး အစောင့်နဲ့အတူ အစောင့်ရုံထဲဝင်လိုက်သွားတယ်။

ရုံထဲရောက်တာနဲ့ ဗိုလ်မှူးက အစောင့်ရဲ့လည်ပင်းကို လက်သီးနဲ့ ခပ်ပြင်းပြင်းဆတ်ကနဲတစ်ချက်ထိုးလိုက်တယ်။ အစောင့်ဟာ အသံမထွက်နိုင်ပဲ အောက်ကိုလဲကျသွားပါတယ်။

ဂက်(ဒ်)။ ဗိုလ်မှူးယောင်ဆောင်လာတဲ့ ဂက်(ဒ်)။

နောက်ဂက်(ဒ်)ဟာ ဂိတ်ဝဆီခပ်မြန်မြန်သွားလိုက်ပြီး တံခါးဖွင့်လိုက်တယ်။ နောက်၊ ကားကိုအချက်ပြမောင်းထွက်စေလိုက်တယ်။ ဒီအချိန်မှာ အစောင့်ပြန်ထလာနိုင်ပြီး၊ သေနတ်နဲ့လှမ်းပစ်တယ်။ ကားဂိတ်ဝရောက်လို့ ဂက်(ဒ်)ခုန်တက်လိုက်ချိန်မှာ အစောင့်ရဲ့ကျည်ဆံတစ်ထောင့်က သူတို့လူ 'ဒင်' ကို လာမှန်တယ်။ ဂက်(ဒ်)က ဒရိုင်ဘာကို–

"မြန်မြန်မောင်း ..."

အစောင့်ကလည်း သေနတ်နဲ့အဆက်မပြတ်ပစ်နေတယ်။ ကျည်ဆံက ကားတာယာကိုလာမှန်ပြီး တာယာကွဲသွားတယ်။ ဂက်(ဒ်)က သိလိုက်တာနဲ့၊ တာယာလဲရမယ်ဆိုတာ ဆုံးဖြတ်လိုက်တယ်။

"ဒေးဗစ်နဲ့ဒင် ... မင်းတို့ကာပစ်, ပစ်ပေးထား ..."

ဂက်(ဒ်)က လှမ်းအော်ပြောလိုက်တယ်။

ဒီအချိန်မှာ စခန်းတစ်ခုလုံး သေနတ်သံတွေကြောင့် သိသွားကြတယ်။ ဂက်(ဒ်)က ကွဲသွားတဲ့တာယာကို ခပ်မြန်မြန်ဖြုတ်ပြီး၊ အသစ်နဲ့လဲ


www.burmeseclassic.com

www.burmeseclassic.com


တပ်နေတယ်။ ဒေးဗစ်တို့ကလည်း စက်သေနတ်တွေနဲ့ အဆက်မပြတ်ပစ်ပြီး၊ စစ်သားတွေမဝိုင်းမိစေဖို့ ကာကွယ်ထားတယ်။ ဒါပေမယ့် စစ်သားတွေက ပစ်ရင်း ဂိတ်အနီးကိုရောက်လာနေပြီ။ ဂက်(ဒ်)က အခု သူတို့ယူလာတဲ့ လက်နက်ကို ရတဲ့နည်းနဲ့ပါအောင်ယူသွားရတယ်ဆိုတာကို သိတယ်။ ဒါကြောင့် ပါအောင်ယူဖို့ ဆုံးဖြတ်လိုက်တယ်။

"ဟေး...ဒေးဗစ် ... မင်းတို့နှစ်ယောက် ဒီမှာနေခဲ့ပြီး ပစ်ပေး ... တို့ ထွက်သွားမယ် ... သုံးမိနစ်လောက်ကြာရင် ... တို့လည်း အတော်ဝေးဝေးတော့ရောက်နေပြီ ... အဲဒီအခါကျမှမင်းတို့ ဒီက အမြန်ဆုံးခွာလာခဲ့ ... မင်းတို့ဂျီဒါရာရောက်အောင်သွားခဲ့ ... အဲဒီမှာ တို့လူတွေရှိတယ် ... သူတို့ မင်းတို့ကိုအကူအညီပေးလိမ့်မယ် ... သူတို့ကို ဘယ်မှာတွေ့နိုင်တယ်ဆိုတာ မင်းသိပါတယ် ..."

"အေး ... အေး .. ငါသိတယ် ... မင်းတို့မြန်မြန်သွားတော့ .."

ပြောပြီးတာနဲ့ ဒေးဗစ်က စစ်သားတွေကို အဆက်မပြတ် ပစ်တော့တယ်။

လက်နက်နဲ့ခဲယမ်းမီးကျောက်တွေတော့ ရလိုက်တယ်။

ဒါပေမဲ့ ဒေးဗစ်ဘင်မိုရှီနဲ့ ဒင်ကိုတော့ ပေးလိုက်ရတယ်။

ဒင်ကတော့ ဒီနေရာပဲကျဆုံးသွားတယ်။ ဒေးဗစ်ကတော့ ဒဏ်ရာရပြီး အဖမ်းခံလိုက်ရတယ်။

* * *

"သိပ်သတ္တိကောင်းပြီး ... အံ့ဩဖို့ကောင်းတဲ့ ဒေးဗစ် ... အခုတော့..."

အိုင်လာနာက စကားမဆက်ခင်မှာပဲ ဂက်(ဒ်)က –


www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေ ... ကြိုးပေးမယ့်လူသိတယ်လို့ .. ကိုယ်တော့ထင်တယ်.."

ကျွန်တော်ဟာ ဂက်(ဒ်)ရဲ့ နာကျည်းမုန်းတီးမှုကို နားလည်ပါတယ်။ ကျွန်တော့်မှာလဲ နာကျည်းမုန်းတီးမှုတွေ ရှိနေတယ်။

ဂက်(ဒ်)မှာ သူငယ်ချင်းတစ်ယောက် ဆုံးရှုံးခဲ့တယ်။ ဒါကြောင့် နာကျည်းမုန်းတီးမှု၊ ဒေါသထွက်ပြီး ခံပြင်းမှုတွေဖြစ်လာရတယ်။ ဒါပေမယ့် နေ့တိုင်းနေ့တိုင်း၊ ကိုယ့်သူငယ်ချင်းတစ်ယောက်စီ ဆုံးရှုံးနေမယ်ဆိုရင် ဒီလောက် မနာကျင်ပါဘူး၊ ဒီလောက်မခံစားရပါဘူး။

ကျွန်တော့်ရဲ့ဘဝ။ အခုအချိန်ထိဆိုပါတော့၊ ကျွန်တော့်မှာ ဆုံးရှုံးသွားရတဲ့သူငယ်ချင်းတွေအများကြီးရှိခဲ့ပါတယ်။ တစ်ခါတစ်လေ ကျွန်တော်နေထိုင်နေရာဟာ သင်္ချိုင်းကုန်းတစ်ခုလို့ စိတ်မှာ အထင်ရောက်လာတတ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အချိန်မရွေးဆုံးရှုံးပျောက်ကွယ်သွားနိုင်တယ်လို့ တွေးမိလာတယ်။ ကျွန်တော်၊ ဒီပါလက်စတိုင်းကို လိုက်လာပြီး တွန်းလှန်တိုက်ခိုက်ရေးသမားဖြစ်လာရတာဟာ၊ ခိုင်လုံတဲ့အကြောင်းပြချက်လို့ဆိုနိုင်တဲ့ ပြစရာအကြောင်းတစ်ခုရှိပါတယ်။ ဘာလဲဆိုတော့၊ ဒီပါလက်စတိုင်းမှာ ကျွန်တော့်ရဲ့သူငယ်ချင်းတွေအတွက်၊ ဝမ်းနည်းငိုကြွေးရလွန်းလို့ ဒေါသဖြစ်နာကျည်းရလွန်းလို့ အရေထူလာခဲ့ပြီ။ နောက်ထပ်ထူးခြားမှာမဟုတ်တော့ပါ။

"လူတွေက ... ကြိုးပေးတဲ့လူဟာ ... မျက်နှာဖုံးစွပ်ထားတယ်တဲ့ ... ကျွန်တော်တော့ အတော့်ကိုအံ့သြတယ် ... "

ဂျိုအာ့(ဘ်)က မီးဖိုခန်းတံခါးဝမှာ တိတ်တဆိတ်ရပ်နေရင်းက လှမ်းပြောလိုက်ပါတယ်။

သက်တံ့ဆည်းဆာစာစဉ

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ် ...သူဟာ .. မျက်လုံးနှစ်လုံးပဲဖော်ပြီး ... မျက်နှာတစ်ခုလုံးစွပ်ထားတယ် ..."

ကျွန်တော်ကပြန်ပြောလိုက်ပါတယ်။

အိုင်လာနာက ဂက်(ဒ်)ဆီထလျှောက်သွားပြီး၊ ဂက်(ဒ်)ရဲ့ဆံပင်ကို ပွတ်သတ်ပေးလိုက်တယ်။ နောက် မျက်လုံးမှာ မျက်ရည်ဖုံးနေတဲ့မျက်လုံးတွေနဲ့ ဂက်(ဒ်)ကို ကြည့်နေတယ်။ ဝမ်းနည်းတဲ့အမူအရာတွေ သူမရဲ့မျက်နှာပေါ်မှာ ပေါ်နေတယ်။ နောက် ဝမ်းနည်းတဲ့အသံနဲ့ ဂက်(ဒ်)ကို နှစ်သိမ့်စကားပြောလိုက်တယ်။

"ကိုယ့်ကိုယ်ကိုယ် ... သိပ်ပြီးညှင်းဆဲမနေပါနဲ့ ဂက်(ဒ်)ရယ်... အခုအချိန်က ... စစ်ဖြစ်နေတဲ့အချိန်မဟုတ်လား ..."

*  *  *



www.burmeseclassic.com

www.burmeseclassic.com

( ၃ )

တစ်ခန်းလုံးငြိမ်နေတာ တစ်နာရီနီးပါးလောက်ကြာသွားတယ်၊ ဘယ်သူမှ စကားမပြောကြ။ ကိုယ့်အတွေးနဲ့ကိုယ် ဖြစ်နေကြတယ်၊ ဒါပေမယ့် သူတို့အတွေးတွေဟာ ဒေးဗစ်ဘင်မိုရှီအကြောင်းပဲ ဖြစ်ရမယ်လို့ ကျွန်တော်သိနေတယ်။

ဒေးဗစ်ဘင်မိုရှီဟာ သူ့အခန်းထဲမှာ တစ်ယောက်တည်းတော့ တစ်ယောက်တည်း။ ဒါပေမယ့်၊ ကျွန်တော်ကလွဲပြီး၊ ကျန်တဲ့ သူ့ရဲ့မိတ်ဆွေ သူငယ်ချင်းတွေရဲ့အာရုံတွေ၊ အတွေးတွေကတော့ သူ့ဝန်းကျင်မှာ လွှင့်ပျံ နေမယ်ဆိုတာ ကျွန်တော်သိနေတယ်။ ကျွန်တော့်တစ်ယောက်တည်းအနေ တော့၊ ဒေးဗစ်ဟာ ကျွန်တော့်အာရုံအတွေးစိတ်ကူးထဲမှာ မရှိဘူး။ သူတို့က ဒေးဗစ်နာမည်ထုတ်ဖော်ပြောလိုက်မှ အတွေးထဲရောက်လာတတ်တယ်။ ကျွန်တော်က ကိုယ့်စိတ်ကူးနဲ့ကိုယ်နေချင်တဲ့လူ။ အခုလည်း သူတို့ငြိမ်နေ ကြတော့၊ ကျွန်တော်တစ်ခုခုကို တွေးနေမိတယ်။ အဲဒါက ကျွန်တော်မသိဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်ပါပဲ။ မသိဆို ဒေးဗစ်လိုပဲ၊ နာမည်ကလွဲပြီး ဘာအကြောင်းမှ မသိတဲ့လူ။ ဒါပေမယ့် အဲဒီလူရဲ့ ကံကြမ္မာဆိုးကိုတော့ ကျွန်တော်သိနေတယ်။ သူကတော့ ဒေးဗစ်လိုပဲ နာမည်နဲ့မျက်နှာရှိနေတဲ့ အင်္ဂလိပ်လူမျိုး ဒိုင်ကြီး ဂျွန်ဒေါဆင်။ သူ့အကြောင်းကိုတွေးတယ်ဆိုပေမယ့်၊ ဘာမှ ပီပီပြင်ပြင်မရှိ။ မှုန်ဝါးဝါးလှိုင်းတွေသာ ယှက်ဖြာနေတယ်။

ကျွန်တော်တို့ဟာ စားပွဲမှာဝိုင်းပြီး ထိုင်နေကြတယ်။ အိုင်လိုင်နာက ကျွန်တော်တို့အတွက် လက်ဖက်ရည်ပူပူဖျော်လာပေးတယ်။ ကျွန်တော်တို့ဟာ လက်ဖက်ရည်ကို တစ်ငုံချင်းဖြည်းဖြည်းပဲ သောက်နေကြတယ်။ ဘယ်သူမှ စကားမပြောကြ။ အကြည့်တွေက ရွှေရောင်ပေါက်နေတဲ့ ခွက်ထဲက လက်ဖက်ရည်ပေါ်မှာရှိနေတယ်။ ကျွန်တော်တို့ကြည့်နေတဲ့ပုံစံက နောက်ထပ် ပြောစရာစကား၊ ပြောစရာအကြောင်းတွေကို လက်ဖက်ရည် မျက်နှာပြင်ပေါ် မှာ လိုက်ရှာကြည့်နေသလိုမျိုးဖြစ်နေတယ်။ ဓားစာခံကို သတ်မယ့်အချိန်ကို စောင့်နေရင်းနဲ့ ပြောစရာအကြောင်းရသွားကြတယ်။ ဘာအကြောင်းလည်း ဆိုတော့ ကျွန်တော်တို့ကြုံခဲ့ရတဲ့ သေဘေးက လွတ်လာတဲ့အကြောင်းပဲ ဖြစ်ပါတယ်။

ပထမဆုံးစပြောသူက ဂျိုအာ့(ဘ်)။

သူဟာ အပြစ်ကင်းတဲ့လူတစ်ယောက်။ နိုပ်စက်ညှဉ်းပန်းခံထားရတဲ့ မျက်နှာနဲ့ဖြစ်တယ်။ သူ့မျက်လုံးညိုမှောင်မှောင်တွေက အားငယ်နေတဲ့ အသွင်လိုဆောင်နေတယ်။ ခေါင်းတစ်ခုလုံး အဘိုးအိုတစ်ယောက်လို ဖြူဖွေးနေတယ်။

"သေခြင်းတရားက ... ကျွန်တော့်အသက်ကို ကယ်လိုက်ပါပြီ ..." လို့ပြောပြီး သူ့ဇာတ်လမ်းကို စပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါမှာတော့ ... အိမ်နားနီးချင်းတစ်ယောက်က ... ကျွန်တော့်အကြောင်း ရဲကိုသတင်းပေးလိုက်တော့ ... ကျွန်တော်ဟာ အိမ်ကထွက်ပြေးပြီး ... ကျောင်းနေဘက် ငယ်သူငယ်ချင်း ကြီးကြပ်ရေးမှူးလုပ်နေတဲ့ စိတ္တဇဆေးရုံမှာ ... အရူးတစ်ယောက်လို ဟန်ဆောင်ပြီးသွားတက်နေခဲ့တယ် ... နောက်ဆုံးတော့ ... ရဲတွေဟာ ကျွန်တော့်ကိုခြေရာခံမိသွားပြီး ဆေးရုံကိုရောက်လာကြတယ် ... သူငယ်ချင်းဆီမှာ ကျွန်တော့်အကြောင်းတွေစုံစမ်းတော့ ... သူငယ်ချင်းက ... ဟုတ်တဲ့အကြောင်း ... ရှိတဲ့အကြောင်းပြောပြီး ... ကျွန်တော်ဟာ ... ကိုယ့်ကိုယ်ကိုယ်သေသွားပြီးတဲ့လူတစ်ယောက်လို ထင်မှတ်ပြီး ... လူသေတစ်ယောက်လိုသဘောထားနေတဲ့ စိတ္တဇလူနာသည်တစ်ဦးဖြစ်ကြောင်း ရဲတွေကိုပြောပြခဲ့တယ် ... ဒါပေမယ့် ... ရဲတွေက ကျွန်တော့်ကို တွေ့ချင်တဲ့အကြောင်းပြောတော့ ... သူငယ်ချင်းက ... ကျွန်တော့်ကိုထားတဲ့အခန်းထဲ သူတို့ကိုခေါ်လာခဲ့တယ် ... နောက်တော့ ... ရဲတွေက ကျွန်တော့်ကို သူငယ်ချင်းရဲ့ရုံးခန်းထဲ ချိမပြီးယူလာခဲ့တယ်။ ကျွန်တော့်ကို ရုံးခန်းထဲကစောင့်နေတဲ့အရာရှိနှစ်ယောက်က ... ကျွန်တော့်ကို မေးခွန်းတွေအမျိုးမျိုးမေးကြတယ် ...။ ဒါပေမဲ့ ဘာမှပြန်မဖြေဘူး ... မကြားသလို မသိသလိုပဲလုပ်နေလိုက်တယ် ... ဒါပေမယ့် သူတို့က ကျွန်တော်ရူးနေတယ်ဆိုတာကို လက်မခံနိုင်ဘူးဖြစ်နေတယ်..သူငယ်ချင်းက ... ကျွန်တော်ဟာ အသက်သာရှုနေတယ် ... ဘာအာရုံခံစားမှုတွေမှမရှိတော့ကြောင်း ... သူ့ကိုယ်သူသေသွားပြီးတဲ့လူတစ်ယောက်လိုပဲ ထင်မှတ်နေကြောင်း ... စိတ်ရောဂါသည်တစ်ယောက်အမှန်ဖြစ်ကြောင်း ပြောပေမယ့် မရပါဘူး ... ကျွန်တော့်ကို သူတို့စခန်းကို ခေါ်သွားပါတော့တယ်... နောက် ... အဲဒီနေရာမှာ ...လေးဆယ့်ရှစ်နာရီလုံး အမျိုးမျိုးမေးမြန်းစစ်ဆေးကြတယ်



www.burmeseclassic.com

www.burmeseclassic.com



– ကျွန်တော်ဘာမျှမသိသလိုလုပ်နေတယ် ... ဘာမှလဲမစားမသောက်ပဲ နေတယ် ... တကယ့်လူသေတစ်ယောက်လို ဘာမှမသိသလိုလုပ်နေတယ်... နောက် ... သူတို့ကမကျေမနပ်သေးတာနဲ့ ... ကျွန်တော့်ရဲ့ လက်နဲ့ မျက်နှာကို မျှဉ်းလုံးလိုမ့်ကြတယ် ... ကျွန်တော်အောင့်ခံထားတယ် ... အသံတစ်ချက် မထွက်ရအောင် တောင့်ခံထားတယ် ... နောက်ဆုံး လေးဆယ့်ရှစ်နာရီပြည့်တော့ ... ကျွန်တော့်ကို စိတ္တဇဆေးရုံကို ပြန်ပို့လိုက်တယ် ...”

ကျွန်တော်ဟာ သူပြောတဲ့အကြောင်းတွေကို နားထောင်နေရင်း၊ ကျွန်တော့်စိတ်ထဲမှာ ထူးဆန်းတဲ့အတွေးတွေပေါ်လာတယ်။ ဒါပေမယ့်၊ ဒီအတွေးတွေဟာ ဘာတွေဆိုတာလည်းမေးရင် ကျွန်တော်မဖြေတတ်ဘူး။ အတွေးတွေက ရောရောထွေးထွေးနဲ့ရှုပ်နေတယ်။ နောက်ပြီးတော့ သူ့ကို ကျွန်တော်တို့အဖွဲ့ဝင်တွေက “အရူးကြီး” လို့ နာမည်ပြောင်တပ်ပြီး ခေါ်နေတာကို အမှတ်ရလာပြန်တယ်။

“ဒါ...ရိစရာမကောင်းဘူးလား ... သေခြင်းတရားက ... ကျွန်တော့်အသက်ကို အမှန်တကယ်ပဲ ... ကယ်လိုက်တယ် ...”

သူကဆက်ပြောပြီး စကားကိုရပ်လိုက်ပြန်တယ်။

ကျွန်တော်တို့ သူ့စကားကိုနားထောင်ပြီး ငြိမ်သွားကြတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ သူအသက်ရှင်လွတ်မြောက်ဖို့အတွက် သူ့မျက်နှာပေါ်က ဒဏ်ရာတွေ၊ အရူးဆိုတဲ့နာမည်တစ်လုံး စတဲ့အရာတွေနဲ့ သေခြင်းတရားကို ပူဇော်ပသလိုက်တယ်လို့ပဲ ထင်ပါတယ်။

“စိတ္တဇဆေးရုံမှာ ကော်တော်ကြာခဲ့တယ် ... အဲ ... ကျွန်တော်ဆေးရုံကဆင်းလာတဲ့အခါကျတော့ ... ကျွန်တော့်ဆံပင်တွေ ... တစ်ခေါင်းလုံးဖြူနေပြီ ...”



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကိုဆက်ပြောပြီး၊ သူ့ဓာတ်လမ်းကို အဆုံးသတ်လိုက်ပါတယ်။ ကျွန်တော်က–

"သေခြင်းတရားနဲ့ပတ်သက်ပြီး ... ဒါဟာ နည်းနည်းလေးပဲ ရယ်စရာကောင်းတယ် ... သေခြင်းတရားက ... လူတွေမှာ ဆံပင်အရောင်ပြောင်းသွားတာကိုသဘောကျတယ် ... သေခြင်းတရားမှာ ဆံပင်မရှိဘူး ... မျက်လုံးတွေပဲရှိတယ် ... အဲ ... ဘုရားသခင်မှာကျတော့ ... မျက်လုံးက အမြဲရှိမနေဘူး ..."

ပြောပြီးတော့ စကားကိုရပ်ပစ်လိုက်တယ်။

"ကျွန်တော့်အသက်ကိုတော့ ... ဘုရားသခင်က ကယ်လိုက်တယ် ... "ဂိုင်ဒီရှုန်က ဝင်ပြောလိုက်တယ်။

ကျွန်တော်တို့က ဂိုင်ဒီရှုန်ကို "သူတော်စင်" လို့ပဲခေါ်ကြတယ်၊ အဲဒီလိုခေါ်ရတာကလဲ အကြောင်းနှစ်ချက်ရှိနေပါတယ်။ ပထမအချက်က သူကိုယ်တိုင်က သူတော်စင်တစ်ယောက် ဖြစ်ခဲ့လို့။ နောက်တစ်ချက်က သူဟာ သူတော်စင်တစ်ယောက်ပုံပေါက်နေလို့ပဲ။ သူဟာ အသက်နှစ်ဆယ်လောက်ရှိပြီး အရပ်မြင့်တယ်။ စကားပြောရင် မပြီမသနဲ့ မရှင်းမလင်းဖြစ်နေတတ်တယ်။ သူဟာ ရိုးရိုးလေးနေတတ်ပြီး၊ အမြဲတမ်းဆုတောင်းစာတစ်ပိုဒ်ပိုဒ်ကို နှုတ်ခမ်းလှုပ်ရုံမျှ ရွတ်နေတတ်တယ်။ မှတ်ဆိတ်မွေးအရှည်ထားပြီး နံဘေးနှစ်ဖက်ကို ကော့နေအောင်သထားတယ်။ နောက်၊ သူသွားလေရာမှာ တော့ ဆုတောင်းစာအုပ်ကို အိတ်ထဲအမြဲဆောင်သွားတတ်တယ်။ သူ့အဖေကလဲ၊ ခမ္မဆရာတစ်ယောက်ဖြစ်တယ်။ ဒါပေမယ့် သူ့သားတွန်းလှန်ခိုက်ခိုက်သူတစ်ယောက် ဖြစ်လာတော့ ကောင်းချီးပေးပါတယ်။

အဲဒီအချိန်တုန်းက သူ့အဖေပြောလိုက်တဲ့စကားက "စကားငုံ



www.burmeseclassic.com

တွေ ဆုတောင်းတာတွေနဲ့ မလုံလောက်တော့ဘူး၊ တင့်တင့်တယ်တယ်နဲ့ ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်ဖို့အတွက် စစ်ပွဲဆိုတာရှိနေမှာပဲ၊ စစ်ဆိုတာ စကားလုံးသက်သက်မျှသာမဟုတ်ဘူး၊ ဆိုတာပါပဲ"

"ဘုရားသခင်က ... ကျွန်တော့်အသက်ကို ကယ်လိုက်တယ်.."

ဂိုင်ဒီရွန်က သူ့စကားကိုထပ်ပြောပြီး၊ သူ့ဇာတ်လမ်းကိုပြောပြပါတယ်။

"ပြောရရင် ... ဘုရားသခင်က ကျွန်တော့်ကို သွားပြီးကယ်လိုက်တာပါပဲ ... အဲဒီတုန်းက ... ကျွန်တော်ဟာ အဖမ်းခံထားရပြီး အနှိပ်စက်ခံထားရတော့ ... အလွန်စိတ်ဓာတ်ကျပြီး ... သေသွားချင်လောက်အောင်ဖြစ်နေတယ် ... သူတို့က ... ကျွန်တော့်မုတ်ဆိတ်ကို အားနဲ့ဆွဲပြီး လှုပ်ခါကြတယ် ... ကျွန်တော့်လက်ချောင်းထိပ်လေးတွေကို မီးနဲ့တို့တယ် ... မျက်နှာကို တံတွေးနဲ့ထွေးကြတယ် ... သူတို့ကို တော်လှန်ပုန်ကန်နေသူဖြစ်တဲ့အကြောင်း ဝန်ခံခိုင်းတယ် ... ဒါပေမယ့် - ဘယ်လောက်ပဲနာနာကျွန်တော်မပြောဘူး ... တစ်ခါတစ်လေ နာလွန်းလို့ အော်လိုက်မိမတတ်ဖြစ်သွားတယ် ... ဒါပေမယ့် ကျွန်တော့်ကိုယ်ကျွန်တော် ထိန်းချုပ်ထားတယ်.. အော်ဘူး ... ဘာဖြစ်လို့လဲဆိုတော့ ... ဘုရားသခင်ဟာ ကျွန်တော့်ကိုကြည့်နေတယ်လို့ ... ကျွန်တော့်စိတ်ထဲမှာထင်နေတယ် ... ဘုရားသခင်ကတော့ ငါ့ကိုမြင်နေမှာပဲလို့ စိတ်ထဲမှာခံစားနေရတယ် ... ဒီတော့ ... ဘုရားသခင်ကို အမြဲတမ်းအာရုံပြုနေမယ်လို့ ... ကျွန်တော့်စိတ်ထဲက ဆုံးဖြတ်လိုက်တယ် ... ကျွန်တော့်ကို နှိပ်စက်သူတွေကလဲ ယက်မလျှော့ဘူး ... အဌမ်းကုန်နှိပ်စက်ကြတယ် ... သူတို့နှိပ်စက်လေ ... ကျွန်တော့်အာရုံကို - ဘုရားသခင်အပေါ်မှာ ... ဘုရားသခင်ရဲ့မျက်လုံး ပေါ်မှာ ရှိနေအောင်



www.burmeseclassic.com

www.burmeseclassic.com 

.. ကျွန်တော့်စိတ်ကို ထိန်းထားတယ် ... ဘုရားသခင် ဟာ .. နာကြင်မှုဝေဒနာခံစားနေရတဲ့လူတွေကို ... အမြဲတမ်းကူညီစောင့် ရှောက်တတ်တယ်ဆိုတာကို ကျွန်တော် ... ယုံကြည်ထားတယ် ... နောက် ဆုံးတော့ ... သူတို့ ကျွန်တော့်ကိုလွှတ်လိုက်တယ် ... တကယ်လို့များ – ကျွန်တော့်အပြစ်တွေကို ဝန်ခံလိုက်ရင် ... ကျွန်တော်ဟာ သေရမှာပဲ .. ကျွန်တော်က –

"နောက်တော့ .. ဘုရားသခင်က ... သူ့မျက်လုံးတွေကို ... မှိတ် ထားပစ်လိုက်မှာပေါ့ ..."

အိုင်လာနာက ကျွန်တော်တို့ရဲ့ခွက်တွေထဲ လက်ဖက်ရည်ထပ် ဖြည့်ပေးတယ်။

"ခင်ဗျားရော ဘယ်လိုလဲ ... ဘယ်အရာက ... ခင်ဗျားအသက်ကို ကယ်ခဲ့ဖူးလဲ ..."

ကျွန်တော်ကမေးလိုက်တော့၊ အိုင်လာနာက–

"အအေးမိတဲ့ရောဂါက ... ကယ်ခဲ့ဖူးတယ် ..."

သူမရဲ့စကားကြောင့် ကျွန်တော်ရယ်လိုက်မိတယ်။ ဒါပေမယ့် တခြားသူတွေတစ်ယောက်မှမရယ်ကြဘူး။ ကျွန်တော့်ရယ်သံဟာ ကြောင် တောင်တောင်နဲ့ တမင်လုပ်ပြီး ရယ်လိုက်သလိုဖြစ်သွားတယ်။ နောက်–

"အအေးမိတဲ့ရောဂါ ... ဟုတ်လား ..."

"ဟုတ်တယ် ..."

သူမကပြန်ဖြေပြီး၊ အဲဒီအကြောင်းကိုပြန်ပြောပြပါတယ်။

"အင်္ဂလိပ်တွေက ကျွန်မကို မမြင်ဖူးဘူး ... ကျွန်မ ဘယ်လိုပုံ တယ်ဆိုတာ သူတို့မသိဘူး ... သူတို့သိတာက ... ကျွန်မရဲ့ဒီယိုကဒ်



www.burmeseclassic.com

နေတဲ့ ... ကျွန်မအသံကိုပဲသိတာ ... တစ်နေ့တော့ .. အင်္ဂလိပ်တွေဟာ ... အမျိုးသမီးအုပ်စုတစ်စုကို ... လမ်းကဖြတ်ဖမ်းပြီးခေါ်သွားကြတယ် .. အဲဒီအုပ်စုထဲမှာ ကျွန်မလဲပါသွားတယ်. ... သူတို့စခန်းရောက်တော့ ... အသံဖမ်းအင်ဂျင်နီယာက ... ရေဒီယိုကလွှင့်တဲ့ ကျွန်မရဲ့အသံကိုဖမ်းထားပြီး .. အခုဖမ်းလာတဲ့မိန်းမတွေရဲ့အသံနဲ့ ... ယှဉ်ပြီးစစ်ဆေးကြည့်တယ် ... ဖြစ်ချင်တော့ ... အဲဒီနေ့က .. ကျွန်မက အအေးမိပြီး နှာမွန်နေတယ် ... လည်ချောင်းနာပြီးအသံပျက်နေတယ် ... သူတို့ဖမ်းထားတဲ့အသံနဲ့ယှဉ်ပြီးစစ်ကြည့်တော့.. ဘယ်မှာလာတူနိုင်တော့မှာလဲ ... ဒီတော့ ... မတူလို့ပြန်လွှတ်လိုက်တဲ့ အမျိုးသမီးတွေထဲမှာ ကျွန်မလဲပါသွားတာပေါ့ ... ဒါပေမယ့် ... သူတို့အသံဖမ်းထားတဲ့ ကျွန်မရဲ့အသံနဲ့ခပ်ဆင်ဆင်တူတဲ့ .. အမျိုးသမီးလေးယောက်ကိုတော့ ... မေးစရာ ... စစ်ဆေးစရာရှိသေးတယ်ဆိုပြီး ခေါ်ထားလိုက်တယ် ..."

သူမရဲ့စကားအဆုံးမှာ ကျွန်တော် တစ်ခါထပ်ပြီးရယ်လိုက်ပြန်တယ်။ ဒါပေမယ့် ကျွန်လူတွေ ဘယ်သူမှမရယ်ကြဘူး။

အိုင်လာနာရဲ့အဖြစ်အပျက်နဲ့ပတ်သက်ပြီး၊ ကျွန်တော်ဟာ အအေးမိတဲ့ရောဂါအကြောင်းကို တွေးမိတယ်။ တကယ်တော့ အအေးမိတဲ့ရောဂါကြောင့် လွတ်လာရတယ်ဆိုတာ အလွန်ပဲလက်တွေ့ဆန်ပါတယ်။ ကြမ္မာတို့၊ သတ္တိတို့နဲ့ယှဉ်ကြည့်ရင် အအေးမိတာက ပိုပြီးပိပြင်ပါတယ်။ ပြီး ယုတ္တိရှိတဲ့ အကြောင်းတစ်ခုဖြစ်ပါတယ်။

နောက်၊ ကျွန်တော်တို့အားလုံး ဂက်(ဒ်)ကို လှမ်းကြည့်လိုက်ကြတယ်။

သူဟာ သူ့ခွက်ကို လက်ဖဝါးနှစ်ဘက်နဲ့ ခပ်တင်းတင်းဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com


သားရင်း ခွက်ထဲကိုပဲစိုက်ကြည့်နေတယ်။ ခဏလေးကြာတော့ သူ့အကြောင်းကို ဖြည်းဖြည်းမှန်မှန်ပြောပြတယ်။ စကားပြောနေစဉ်မှာ သူဟာခေါင်းကို ညာဘက်ပခုံးဆီစောင်းထားပြီး ခွက်ကိုပဲကြည့်တယ်။

"ကိုယ်ကတော့ ... အင်္ဂလိပ်သုံးယောက်နဲ့ ပတ်သက်နေတယ် ... သူတို့ရဲ့ဆုံးဖြတ်ချက်ဟာ ... ကိုယ့်အသက်နဲ့ပတ်သက်နေတယ် ... အဲဒီအချိန်က အတော်လေးကြာပြီ ... တွန်းလှန်တိုက်ခိုက်ရေးကာလအစလောက်တုန်းကပေါ့ ... ဘာလဲဆိုတော့ ... အဘိုးကြီးရဲ့အမိန့်နဲ့ အင်္ဂလိပ်သုံးယောက်ကို ... ဓားစာခံအဖြစ် ဖမ်းလိုက်တယ် ...။ သုံးယောက်စလုံးတပ်ကြပ်တွေ ... အဲဒီသုံးယောက်ထဲက ... တစ်ယောက်ကိုသတ်ဖို့ အမိန့်ပေးတယ် ... အဲဒီသတ်ဖို့တာဝန်ကို ကိုယ်ယူရတယ် ... တစ်ယောက်ကိုတစ်ယောက်ပဲသတ်ရမှာ .. အသတ်ခံရမယ့်လူကိုလဲ ... ကိုယ်ပဲရွေးရမှာ ... အဲဒီတုန်းက ကိုယ်ဟာ အတော်ငယ်သေးတယ် .. အီလီရှာအရွယ်လောက်ပဲရှိသေးတယ် ... ဒီတော့ ... ကိုယ့်မှာ အတော့်ကိုစိတ်ဒုက္ခရောက်သွားတယ်.. ကိုယ်ဟာ ... လူတစ်ယောက်ကိုပစ်သတ်ဖို့ ဝန်မလေးဘူး ... ဒါပေမယ့် .. သတ်ဖို့လူကိုရွေးဖို့ကျတော့ ... ကိုယ်အရမ်းတုန်လှုပ်သွားတယ် ... ကိုယ့်ဆုံးဖြတ်ချက်နဲ့ လူတစ်ယောက်ကိုရွေးထုတ်ပြီး ... ကိုယ်ပဲသတ်ရမယ်ဆိုတော့ ... ကိုယ့်စိတ်တွေ အရမ်းလှုပ်ရှားသွားတယ် ... ဒါပေမယ့် .. ဒါဟာအမိန့်ပဲ ... ကိုယ်ဘယ်လိုမှ ငြင်းလို့မရဘူး ... သတ်ရမယ့်အချိန်က အရုဏ်ဦးအချိန် ... ကိုယ့်မှာ ... အဲဒီအချိန်မရောက်မချင်း ... သတ်ရမယ့်လူကို ဘယ်လိုရွေးရမလဲဆိုတာပဲ ... တစ်ချိန်လုံးတွေးနေမိတယ် ... နောက်ဆုံးတော့ ... အကြံတစ်ခုရလိုက်တယ် ... နောက် ... သတ်ဖို့အချိန်ကျတော့ .. ကိုယ်ဟာ မြေအောက်အခန်းထဲဆင်းလာပြီး .. သူတို့သုံးယောက်ကို ပြော



www.burmeseclassic.com

www.burmeseclassic.com


လိုက်တယ် ... သူတို့သုံးယောက်ထဲက တစ်ယောက်ကိုသတ်ဖို့ ... အဲဒါ... ခင်ဗျားတို့ဘာသာခင်ဗျားတို့ရွေး ... မရွေးရင် ... ခင်ဗျားတို့ သုံးယောက်စလုံးသတ်ပစ်မယ်လို့ပြောလိုက်တယ် .. အဲဒီတော့ ... သူတို့သုံးယောက်ဆုံးဖြတ်ပြီးမဲနှိုက်ကြတယ် ... မဲကျတဲ့လူကို ... အရုဏ်ချိန်ရောက်တာနဲ့ .. ကိုယ်ဟာ ... အဲဒီဆာဂျင်ရဲ့လည်မျိုကို သေနတ်နဲ့တေ့ပြီး ... ပစ်သတ်လိုက်တယ် ..."

သူ့စကားဆုံးတော့၊ ကျွန်တော် သူ့ကိုအကဲခတ်ကြည့်မိတယ်။ သူ့မျက်နှာက ပြေပြစ်ပြီး ကြည့်ကောင်းတဲ့လူတစ်ယောက်။ တည်ကြည်တဲ့သူ့မျက်နှာထားက လေးစားဖို့ကောင်းနေတယ်။ သူ့လက်ချောင်းလေးတွေကသဲ သွယ်သွယ်လျလျလေး။ လူတစ်ယောက်ရဲ့လည်မျိုကို သေနတ်နဲ့တေ့ပြီး ပစ်သတ်ခဲ့ဖူးတယ်ဆိုတာ မယုံနိုင်စရာပါပဲ။ ဒါပေမယ့်၊ သူတကယ်လုပ်ခဲ့တယ်ဆိုတာကိုတော့ ကျွန်တော်လက်ခံပါတယ်။ ဒီအကြောင်းကို သူဟာ သွေးအေးအေးနဲ့ပြန်ပြောပြနိုင်တာကိုက သူ့ရဲ့အရည်အချင်းတစ်ခုလို့ ဆိုရပါမယ်။ ကျွန်တော်ကတော့ အခု သူ့လက်ဖက်ရည်ခွက်ကိုကြည့်နေသလို သူသတ်ရမယ့်ဆာဂျင်ရဲ့မျက်နှာကို ကြည့်ပြီး၊ သတ်လိုက်တာများလားလို့ တွေးနေမိပါတယ်။

နောက်တော့၊ ကျွန်တော်–

"တကယ်လို့များ ... အဲဒီဆာဂျင်သုံးယောက်က ... ခင်ဗျား ခိုင်းတာကိုမလုပ်ဘူးလို့ .. အခိုင်အမာ ... အကြောက်အကန်ငြင်းနေရင် ခင်ဗျား ဘာလုပ်မလဲ ... ဘယ်လိုဆက်လုပ်ဖို့ စိတ်ကူးမလဲ ..."

ဂက်(ဒ်)က ကျွန်တော့်စကားကိုကြားရတော့ သူ့စိတ်ထဲ ရှုပ်ထွေးသွားသလိုအမူအယာမျိုး ပေါ်လာတယ်. နောက်၊ လက်ဖက်ရည်ခွက်ကို

www.burmeseclassic.com 

ပြီးတင်းတင်းဆုပ်ကိုင်လိုက်တယ်။ သူကိုင်လိုက်ပုံက ခွက်ကိုညှစ်ချေပစ်နေတဲ့ပုံပေါက်နေတယ်။ နောက်တော့ ဖြည်းဖြည်းချင်းပြောချလိုက်တယ်။

"ကိုယ်ပြောသလို ... သူတို့မလုပ်ရင် .. ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့ ... စိတ်ကူးထားတယ် .."

ပြောပြီးစကားကို ခဏရပ်တယ်။ နောက်ထပ်ပြောပြန်တယ်။ သူ့အသံက ခြောက်ကပ်ကပ်ဖြစ်နေတယ်။

"ကိုယ်ပြောတယ်မဟုတ်လား... အဲဒီအချိန်တုန်းက ... ကိုယ်ဟာအတော်ငယ်သေးတယ်လို့ ... မရင့်ကျက်သေးတော့ .. အားနည်းချက်တွေ ... ကိုယ့်ဆီမှာအများကြီးရှိနေတယ် ..."

နောက်ဆုံးတော့ အားလုံးရဲ့မျက်လုံးတွေ ကျွန်တော့်ဆီရောက်လာတယ်။ သူတို့အကြည့်က ကျွန်တော်ပြောမယ့်ဇာတ်လမ်းကို မျှော်လင့်နေ ပေါက်နေတယ်။ ကျွန်တော်က ခါးသက်သက်လက်ဘက်ရည်ကို ပါးစပ်နဲ့ အပြည့်သောက်လိုက်တယ်။ နောက် နဖူးကိုလက်နဲ့ပွတ်သပ်လိုက်ပြီး ဇာတ်လမ်းကိုစပြောလိုက်တယ်။

"ကျွန်တော့်အသက်ကတော့ .. ရယ်စရာတစ်ခုနဲ့ပတ်သက်နေတယ်... အဲဒီအဖြစ်က ... ဘူရှန်ဝေါအကျဉ်းစခန်းမှာရှိနေတုန်း ... ဆောင်းရာသီအတွင်းမှာဖြစ်ခဲ့တာပါ ... အဲဒီစခရီးမှာ ... ကျွန်တော်တို့ဝတ်ရတဲ့အဝတ်အစားတွေက စုတ်စုတ်ပြတ်ပြတ်တွေ ... အဲဒီတုန်းက အေးလွန်းသဖြင့် ... တစ်နေ့ကို လူတစ်ရာလောက်သေနေကြတယ် ... မနက်ကျရင် ကျွန်တော်တို့ဟာ အပြင်ထွက်ပြီး ... နှင်းမှုန်တွေအောက်မှာ ... နှင်းထဲရပ်သွားပြီး ... မြင်ကွင်းကြည်လာတဲ့အထိ .. နှစ်နာရီလောက်စောင့်နေရတာ ... တစ်နေ့တော့ ... ကျွန်တော်နေမကောင်းဖြစ်နေတယ် ... နေမကောင်းရ



www.burmeseclassic.com

www.burmeseclassic.com


နှင်းမှုန်တွေအောက်မှာ ထွက်ရပ်နေရင် ... သေသွားလိမ့်မယ်ဆိုတာကို ကျွန်တော်သိနေတယ် ... ဒါကြောင့် အပြင်ထွက်မလိုက်ဘဲ ... အဆောင်ထဲမှာပဲပုန်းနေခဲ့တယ် .. ဒါပေမယ့် ... ဒုအဆောင်မှူးရဲဘော်ဝင်လာပြီး ... အဆောင်ကိုစစ်ဆေးကြည့်တော့ ကျွန်တော့်ကိုတွေ့သွားပါတယ် ... သူက ... မေးခွန်းတွေအဆက်မပြတ်မေးပြီး .. .ကျွန်တော့်လည်မျိုကို ခပ်တင်းတင်းဖမ်းညှစ်ထားပြီး ... မင်းကိုလည်မျိုညှစ်သတ်ပစ်လိုက်မယ်လို့ပြောပြီးတော့ ... ကျွန်တော့်လည်မျိုကို အားနဲ့ညှစ်တော့တာပဲ ... သူက ကျွန်တော့်ထက်သန်တော့ မရုန်းနိုင်ဘူး ... ငါတော့သေရတော့မယ်လို့ ... ကျွန်တော့်စိတ်ထဲထင်လိုက်တယ် ... ကျွန်တော့်ကိုယ်ထဲကသွေးတွေအားလုံး ... ခေါင်းထဲရောက်လာသလိုခံစားလိုက်ရပြီး ... ခေါင်းတစ်ခုလုံးကြီးသွားပြီး ... မျက်လုံးလဲပြူးထွက်ပြီး ပြုတ်ကျသွားတော့မယ်လို့ ... စိတ်ထဲထင်လိုက်တယ်။ အဲဒီအချိန်မှာ ... ကျွန်တော့်မျက်နှာဟာ ကာတွန်းရုပ်တစ်ခုလိုဖြစ်သွားပုံ ရပါတယ် ... ဘာဖြစ်လို့လဲဆိုတော့ .. ရဲဘော်ဟာ .. ကျွန်တော့်မျက်နှာကိုကြည့်ရင်း လည်မျိုကိုညှစ်နေရာက ... သူ့မျက်နှာဟာ .. တဖြည်းဖြည်းပြုံးလာပြီး ဘဲ့နောက် ... ဟားတိုက်ပြီးရယ်တော့တာပဲ ... ရယ်ရင်းနဲ့ လည်မျိုကိုညှစ်ထားတဲ့သူ့လက်လည်း တဖြည်းဖြည်းလျော့လာပြီး .. နောက်ဆုံး လွှတ်လိုက်ပြီးတော့ ရယ်ပြီးထွက်သွားပါတော့တယ် ... ရယ်ရလွန်းအားကြီးတော့သူဟာ ကျွန်တော့်ကိုသတ်ဖို့မေ့သွားပုံရပါတယ် ... ဒီအကြောင်းက ရယ်စရာကောင်းဘူးလား ...တကယ်တမ်းစဉ်းစားကြည့်တော့ ... ရယ်မောခြင်းက ... ကျွန်တော့်အသက်ကိုကယ်လိုက်တာပါပဲ ..."

ကျွန်တော်ပြောပြီးတာနဲ့၊ သူတို့ရဲ့မျက်နှာတွေကို အကဲခတ်ကြည့်လိုက်တယ်။ သူတို့တစ်ခုခုပြောမှာပဲလို့ ထင်လိုက်တယ်။ ဒါပေမယ့်ဘာမှ

www.burmeseclassic.com 

...ကြပဲ၊ သူတို့ရဲ့လက်ဖက်ရည်ခွက်ကိုသာ စိုက်ပြီးကြည့်နေပါတယ်။ နောက်တော့ ဘယ်သူမှစကားမပြောကြတော့ဘဲ ငြိမ်နေလိုက်ကြတယ်။ ကျွန်တော်တို့ အတိတ်ကကြုံခဲ့ရတဲ့ဒုက္ခတွေကို နားထောင်ချင်တဲ့ဆန္ဒတွေ မရှိကြသလိုဖြစ်သွားကြတယ်။ ကျွန်တော်တို့အားလုံး စားပွဲကိုဝိုင်းပြီး ငြိမ်ငြိမ်လေးပဲထိုင်နေလိုက်တယ်။ ကျွန်တော်အပါအဝင် ကျွန်တော်တို့အားလုံး သေမယ့်ဘေးက တကယ်လွတ်လာရဲ့လားဆိုတဲ့အမေးကို ကိုယ့်ကိုကိုယ် ပြန်မေးဖို့ကောင်းပါတယ်။

ငြိမ်နေကြတဲ့ ကျွန်တော်တို့အထဲက ဂိုင်ဒီရှန်က စပြီးစကားပြောလိုက်တယ်။

“ဒေးဗစ်အင်္ဂလိပ်ကို ... တစ်ခုခုကျွေးသင့်တယ်လို့ထင်တယ်..”

ဟုတ်တာပေါ့။ ကျွန်တော်က စိတ်ထဲကနေပြန်ပြောလိုက်တယ်၊

ဂိုင်ဒီရှန်ကိုကြည့်ရတာ၊ ဝမ်းနည်းနေတဲ့ပုံပေါက်နေတယ်။ သူလဲ ပွန်ဒေါ်ဆင်အကြောင်း တွေးမိမှာပဲဖြစ်တယ်။ ပွန်ဒေါ်ဆင်ဟာ ရှောင်လွှဲမရနိုင်တဲ့အခြေအနေကို ရင်ဆိုင်နေတယ်ဆိုတာ သူသိနေတယ်။

“သူ...ဆာနေမှာမဟုတ်ဘူးထင်တယ်..”

ကျွန်တော်က ခပ်ကျယ်ကျယ်လေးပြောလိုက်တယ်။ နောက်ဆက်ပြီး—

“သေရမယ့်လူဟာ...စားချင်သောက်ချင်စိတ် ရှိနေတယ်လို့... ခင်ဗျားထင်မထားနဲ့ ...”

ကျွန်တော်က ဂိုင်ဒီရှန်ကိုပြောပြီးတာနဲ့ ကျွန်တော့်ကိုယ် ကျွန်တော်ပြောသလိုနဲ့ —

“အင်း ... သတ်တဲ့လူကလဲ ,... ဘာမှစားချင်စိတ်ရှိပါဘူး...”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြောလိုက်တဲ့လေသံက တစ်မျိုးဖြစ်နေတယ်ဆိုတာကို ကြားလိုက်ရတဲ့သူတွေက သတိထားမိလိုက်တယ်။ ဒါကြောင့်သူတို့အကြည့်တွေအားလုံး ကျွန်တော့်ဆီရောက်လာတယ်။ သူတို့ရဲ့မျက်နှာပေါ်မှာ စိတ်ရှုပ်ထွေးသွားတဲ့အမူအရာတွေပေါ်နေတယ်။

"ဟုတ်ပါတယ် ... သေရမယ့်လူဟာ ... ဘယ်တော့မှ ဆာမှာမဟုတ်ဘူး ..."

ကျွန်တော်က အခိုင်အမာထပ်ပြောလိုက်ပြန်ပါတယ်။

သူတို့က ဘာမှပြန်မပြောကြ။ တွေတွေငေးငေးနဲ့သာ ထိုင်နေကြတယ်။

"သေရမယ့်လူရဲ့ ... နောက်ဆုံးလိုချင်တဲ့ဆန္ဒတစ်ခုက ... ရယ်စရာပြက်လုံးတစ်ခုပဲ ... ဒီပြက်လုံးဟာ အရသာမရှိပဲ ပေါ့ပျက်ပျက်ဖြစ်နေချင်ဖြစ်နေမယ် ... အလောင်းကောင်ကို စော်ကားတဲ့စကားဖြစ်ချင်ဖြစ်မယ် ... ဒါပေမယ့် ပြောရမှာပဲ ... ဗိုက်ထဲမှာ ... ဘာအစာမှမရှိပဲ သေသွားရတာကို ... ဘယ်သူက ဂရုစိုက်နေဦးမှာလဲ ..."

ကျွန်တော်ကဆက်ပြီးသာ ပြောချလိုက်ပြန်သည်။

ကျွန်တော့်စကားကြောင့် ဂက်(ဒ်)က ကျွန်တော့်ကိုလှမ်းကြည့်လိုက်တယ်။ အိုင်လာနာရဲ့မျက်နှာမှာတော့ စိတ်မကောင်းတဲ့အမူအယာတွေပေါ်လာတယ်။ ဂိုင်ဒီရွန်ရဲ့အကြည့်ကလဲ ရင်းနှီးမှုဖော်ပြနေတယ်။ သူတို့အထဲက ဂျိုအာ့(ဘ်)တစ်ယောက်ပဲ ကျွန်တော့်ကို မကြည့်ဘဲ ခေါင်းငုံ့ထားတယ်။ တကယ်လို့ ဂျိုအာ့(ဘ်) ကျွန်တော့်ကိုကြည့်ရင်လဲ ကျန်လူတွေနဲ့မတူတဲ့အကြည့်ပဲဖြစ်မယ်။

"သူ ... မသိဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



ဂိုင်ဒီရှန်က ပြောလိုက်တယ်။

"သူ ... ဘာကိုမသိတာလဲ ..."

ကျွန်တော်က ခပ်ပြတ်ပြတ်ပဲပြန်မေးလိုက်တယ်။ အသံကိုမြှင့်တင်ပြီး ခပ်ကျယ်ကျယ်ဖြစ်အောင် တမင်မေးလိုက်တယ်။ တကယ်တော့၊ ကျွန်တော်ရုတ်တရက်ဒေါသထွက်သွားတာပါ။ ကျွန်တော့်မျက်နှာကို နံရံမှာချိတ်ထားတဲ့မှန်ထဲမှာမြင်နေရတယ်။ ဒေါသဟာ ကျွန်တော့်ရဲ့အားနည်းချက်တွေ အစွမ်းသတ္တိမရှိတော့သလို ခံစားရတာတွေကို ဖုံးကွယ်လိုက်တာလည်းဖြစ်ချင်ဖြစ်မယ်။ ကျွန်တော်က အခန်းထဲကလူတွေကို အကြောင်းအရာတွေစကားတွေအများကြီးပြောပြချင်နေတယ်။ လူတွေရဲ့ကံကြမ္မာကို ပြန်ပြောင်းချင်တယ်။ လုပ်နေကြတဲ့အစီအစဉ်တွေကို ပြန်ပြောင်းချင်တယ်။ ဆိုပါစို့ သူတော်စင်ရဲ့ကံကြမ္မာကို အရူးတစ်ယောက်ရဲ့ကံကြမ္မာနဲ့ လဲကြည့်ချင်တယ်။ ဝွန်ဒေါ်ဆင်ရဲ့အမည်ကို ဂက်(ဒ်)ရဲ့အမည်ဖြစ်အောင် ပြောင်းချင်တယ်။ ဂက်(ဒ်)ရဲ့ကံကြမ္မာကို ဒေးဗစ်ရဲ့ကံကြမ္မာနဲ့ လဲလိုက်ချင်တယ်၊ ဒါပေမယ့် ကျွန်တော်ဘာမှမလုပ်နိုင်ဘူး။

"သူ ... ဘာကိုမသိတာလဲ ..."

ကျွန်တော်က ဂိုင်ဒီရှန်ကို ထပ်မေးလိုက်တယ်။

"သူသေရမှာ ... မသိဘူး ..."

ဂိုင်ဒီရှန်က စိတ်မကောင်းဖြစ်သွားတဲ့လေသံနဲ့ ပြန်ပြောလိုက်တယ်။

"သူ့ဗိုက်ကတော့ သိနေတယ်...သေရတော့မယ့်လူပဲ... သူ့ဗိုက်ထဲကလာတဲ့အသံကိုပဲ နားထောင်နေတတ်တယ် .. သူဟာ သူ့ရဲ့အတိတ်တွေ ... သူ့နှလုံးသွေး ... တခြားလူတွေရဲ့ကိစ္စ ... ဒါတွေ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ရမစိုက်တော့ဘူး ... မုန့်တိုင်းတိုက်တဲ့အသံကိုတောင် မကြားတော့ဘူး – သူဟာ ... သူ့ဗိုက်ကလာတဲ့အသံပဲနားထောင်နေတယ် ... သူ့ဗိုက်က သူ့ကို သေရတော့မယ်လို့ပြောနေတယ် ... ဒါကြောင့် ... သူမဆာတော့တာ –

ကျွန်တော်က စကားကို ခပ်မြန်မြန်နဲ့ ကျယ်ကျယ်ပြောလိုက်တယ်။ ခရီးဝေးတစ်ခုကိုပြေးလိုက်ရသလိုမောလာတယ်။ ကျွန်တော့်လူတွေကတော့၊ ကျွန်တော့်ကိုယ်ထဲကို ထိုးဖောက်မြင်နိုင်တဲ့အထိ မြင်ရအောင်ကြည့်နေကြတယ်။ သေခြင်းတရားက ထွက်ပေါက်တွေအားလုံး၊ နေရာတွင်အားလုံးမှာ တံဆိပ်နှိပ်ထားပြီးသား။ မျက်လုံးတွေဟာ သေခြင်းတရားရဲ့ တံဆိပ်တွေပါပဲ။

"ကိုယ်...မြေအောက်ခန်းဆင်းသွားမယ်...ပြီးတော့ ... တစ်ခုခုစားချင်လားလို့ သူ့ကိုမေးမယ် ..."

ဂိုင်ဒီရွှန်က စကားကိုဆက်ပြောပြန်ပါတယ်။

"သူ့ကိုဘာမှ...မေးစရာမလိုဘူး ... မနက်ဖြန်အကြောင်းပဲ ပြောရမယ် ... အရှေ့မိုးကုတ်စက်ဝိုင်းမှာ ... ရောင်နီပေါ်လာတာနဲ့ ... သူ့ဘဝကို ဆုံးဘ်ဆက်ရမယ် ... သူ့ဗိုက်ကိုနှုတ်ဆက်ရမယ် ... သူသေရမယ် ... အဲဒါ ပဲပြောရမှာ ..."

ကျွန်တော်ကအော်ပြီး ပြန်ပြောလိုက်တယ်။

ဂိုင်ဒီရွှန်က ထိုင်နေရာကထလိုက်ပြီး ကျွန်တော့်ကိုကြည့်လိုက်တယ်၊ နောက်၊ မီးဖိုခန်းဆီ လျှောက်သွားပြီး မြေအောက်ခန်းထဲ မဆင်းခင် ကျွန်တော့်ဘက်လှည့်ပြီး–

"ကိုယ် ... သူ့ကိုပြောလိုက်မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



သူက ခပ်ဖျော့ဖျော့အပြုံးတစ်ခုပြုံးရင်း ပြောပြီး၊ မြေအောက်ခန်းထဲ ဆင်းသွားတဲ့ သူ့ရဲ့ခြေသံကို ကြားလိုက်ရပါတယ်။

ဂိုင်ဒီရှန်က ကျွန်တော့်စကားကို လက်ခံလိုက်တဲ့အတွက် ကျွန်တော် ကျေနပ်သွားတယ်။ သူဖြစ်ဖြစ်၊ ကျွန်တော်ဖြစ်ဖြစ်၊ ဂျွန်ဒေါ်ဆင်ကို နောက်ဆုံးအချိန်ရောက်လာပြီလို့ ပြောပြရမယ်။ ပြောပြသင့်ပါတယ်။ ဒါပေမယ့်၊ ကျွန်တော်ကတော့ ဘယ်တော့မှပြောမှာမဟုတ်ဘူး။ တကယ်တော့ ပြောရတာက သတ်ရတာထက်လွယ်ပါတယ်။ လူတစ်ယောက်ကို ခင်ဗျား သေရတော့မယ်ဆိုတဲ့စကားကို ပြောရတာက အဲဒီလူကိုသတ်ရတာထက် ပိုပြီး တာဝန်ကင်းပါတယ်။

"သန်းခေါင်ချိန် ... ရောက်ပြီ ..."

ဂျိုအော့(ဘ်)က ရုတ်တရက်ပြောလိုက်တယ်။

သန်းခေါင် – သန်းခေါင်။ ကျွန်တော့်စိတ်ထဲ ပဲ့တင်ထပ်သွားတယ်။ ဒီအချိန်ဆိုရင် သင်္ချိုင်းဂူတွေထဲက လူသေကောင်တွေထလာပြီး ဝတ်ပြုဆုတောင်းဖို့ ဘုရားကျောင်းကိုသွားချိန်ပါပဲ။ ဒီအချိန်ဆိုရင် ဘုရားသခင်ကလဲ ပျက်စီးနေတဲ့ဘုရားကျောင်းတွေကိုကြည့်ပြီး မျက်ရည်ကျနေတဲ့အချိန်။ ဒီအချိန်ဆိုရင် လူတစ်ယောက်လည်း သူ့ရဲ့နက်ရှိုင်းလှတဲ့ လူ့ဘဝဖြစ်တည်မှုကို ခြေခြေမြစ်မြစ်နားလည်သွားတဲ့အချိန်နဲ့ ဘုရားရှိခိုးကျောင်းပျက်စီးနေတာကို တွေ့ရတဲ့အချိန်ဖြစ်ပါတယ်။ တကယ်တော့၊ အဲဒီအချိန်ဟာ ဘုရားသခင်မျက်ရည်ကျချိန်နဲ့ လူသေကောင်တွေ ဆုတောင်းချိန်ပါပဲ။

"သနားစရာကောင်းတဲ့ ... ကောင်လေးပဲ .."

အိုင်လာနာက ကျွန်တော့်ကိုမကြည့်ဘဲ တိုးတိုးလေးမှတ်ချက်ချ လိုက်တယ်။ သူမရဲ့မျက်လုံးမှာ မျက်ရည်တွေဖုံးနေတယ်။ ဒီမျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဲ ကျွန်တော့်မျက်နှာပေါ်က ခံစားမှုကြောင့်ပေါ်နေတဲ့အမူအယာကို သေသေ ချာချာသိသွားသလိုဖြစ်နေတယ်။ သူမရဲ့ကမျက်လုံးတွေထက် သူမရဲ့ မျက်ရည်တွေက ကျွန်တော့်အပေါ် ပိုဂရုဏာသက်ပြီး ပိုကြင်နာမှုကို ဖော်ပြ ပါတယ်။

"ကျွန်တော့်ကို ... ဒီလိုမပြောပါနဲ့အိုင်လာနာ ... ကျွန်တော့်ကို သနားစရာကောင်းတဲ့ကောင်လေး ... မခေါ်ပါနဲ့ ..."

သူမရဲ့မျက်လုံးတွေထဲမှာ မျက်ရည်တွေရှိနေတယ်ဆိုတာထက်၊ မျက်ရည်တွေထဲမှာ သူမရဲ့မျက်လုံးရှိနေတယ်ဆိုတဲ့စကားက ပိုပြီး မှန်ပါ တယ်၊ ခဏငယ်အတွင်းမှာ သူမရဲ့မျက်ရည်တွေက ထိုးဖောက်မမြင်နိုင် လောက်အောင်ကို အိုင်ထွန်းဖွဲ့သီလာတယ်။

ဒီခဏငယ်လေးအချိန်အတွင်းမှာ အဓိပ္ပာယ်မရှိတဲ့၊ တန်ဖိုးမရှိတဲ့ အကြောင်းတွေဖြစ်လာမှာကို တွေးမိလိုက်ပြီး ... ကျွန်တော်စိုးရိမ်လာတယ်။ မှုန် ဝါး ဖြစ်လာတဲ့ သူမရဲ့ကိုယ်ခန္ဓာဟာ တာရှည်မတည်မြဲတော့ဘဲ၊ သူမရဲ့ မျက်ရည်တွေထဲမှာ နစ်မြုပ်အရည်ပျော်သွားမှာကို တွေးမိပြီး ပူပန်လာတယ်။ ကျွန်တော်ဟာ သူမရဲ့လက်မောင်းကိုကိုင်ပြီး မငိုပါနဲ့လို့ ပြောလိုက်ချင်ပါ တယ်၊ ရင်ထဲကပြောချင်တာကို ဖွင့်ထုတ်လိုက်ပါအိုင်လာနာ။ ဒါပေမယ့် ... မငိုလိုက်ပါနဲ့အိုင်လာနာ။

တကယ်တော့ သူမငိုနေတာမဟုတ်ဘူး။ သူမရဲ့မျက်ရည်တွေက ... တွေကို ငိုခိုင်းနေသလိုဖြစ်နေတာ။ မျက်ရည်တွေသာဖုံးနေတော့၊ ... တွေကိုမမြင်ရတော့ဘဲ ဖြစ်သွားရတာ။

"မင်းဟာ ... သနားစရာကောင်းတဲ့ ...ကောင်လေးပဲ"

သူမကထပ်ပြီး မှတ်ချက်ချပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နေ့ခက်၊ ကျွန်တော်ကြိုတင်ပြီးတွေးမြင်ထားတဲ့ အရာဟာ အခုတော့ အမှန်ဖြစ်လာခဲ့တယ်။

ကျွန်တော့်အမြင်အာရုံထဲက အိုင်လာနာပျောက်သွားပြီး၊ သူမရဲ့နေရာမှာ 'ကက်သရင်း' က ရုတ်တရက်ပေါ်လာတယ်။

ကျွန်တော်အံ့သြသွားတယ်။ မယုံနိုင်လောက်အောင်ဖြစ်သွားတယ်။ ဘာဖြစ်လို့ ကက်သရင်းက အာရုံမှာပေါ်လာရတာလဲ။

တကယ်တော့၊ အာရုံမှာ ကက်သရင်းပေါ်လာတာဟာ အံ့သြစရာတစ်ခုတော့မဟုတ်ပါဘူး။ သူမက ယောကျ်ားတွေကို သဘောကျတတ်တယ်။ အထူးသဖြင့် သေခြင်းတရားအကြောင်းကို တွေးနေတတ်တဲ့ ကောင်လေးတွေကို သဘောကျတတ်တယ်။ အရွယ်ရောက်ပြီးတဲ့ယောကျ်ားတွေ သေသွားကြပြီးကတည်းက သူမဟာ ကောင်လေးတွေနဲ့ အချစ်အကြောင်းပြောရတာကို သဘောကျလာတယ်။ ကောင်လေးတွေကို အချစ်အကြောင်းပြောပြရတာ သူမအဖို့ ကြေနပ်စရာတစ်ခုဖြစ်လာခဲ့တယ်။ ဒီလိုဖြစ်လာရတာက သူမဟာ 'မှော်ရုံခန်း' ထဲမှာနေရလို့ပဲဖြစ်ပါတယ်။ ဘာဖြစ်လို့ မှော်ရုံခန်းပြောရတာလဲဆိုတော့၊ အဲဒီအခန်းဟာ အရာရာကိုပြောင်းလဲသွားစေတဲ့ ထူးခြားလာစေတဲ့အခြေအနေမျိုး ဖန်တီးပေးနိုင်လို့ပါပဲ။ ဒုက္ခခံနေရတဲ့သူနဲ့ လက်မရွံ့လူသတ်သမား၊ ပစ္စုပ္ပန်နဲ့ အနာဂတ် စတဲ့အရာတွေကို ခွဲခြားထားတဲ့မျဉ်းတွေကို ပြောင်းလဲသွားအောင်လည်း အဲဒီမှော်ရုံခန်းကလုပ်ပေးနိုင်ပါတယ်။ ဒီတော့၊ ကက်သရင်း ဒီလိုဖြစ်လာရတာဟာ အံ့သြစရာမဟုတ်တော့

၁၉၄၅–ခုနှစ်မှာ ကျွန်တော်ဟာ ကက်သရင်းကို ပါရီမှာစပြီးတွေ့ခဲ့ရတယ်။ ဒီတုန်းက ကျွန်တော်ဟာ ဘန်ချင်ဝေါကရောက်လာခါစ၊ ကျွန်တော်ရောက်ခဲ့တဲ့နေရာဟာ သေဆုံးသွားရမယ့်ဘဝကနေ၊ မှုန်ဝါးဝါး



www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်ကိုဖန်တီးပေးခဲ့တဲ့နေရာ။ ဒီတုန်းက ကျွန်တော်ဟာ စိတ်အားငယ်ပြီး ချောက်ချားနေတဲ့အချိန်။

ပြန်လည်ကယ်ဆယ်ရေးအဖွဲ့တစ်ခုက ကျွန်တော့်ကို နွေရာသီအပန်းဖြေစခန်းတစ်ခုမှာ အနားယူဖို့လွှတ်လိုက်တယ်။ အဲဒီနေရာမှာ ကောင်လေး၊ ကောင်မလေးတွေ တစ်ရာလောက် အနားယူနေကြတယ်။ စခန်းက နေဝ်မန်ဒီမှာရှိပြီး၊ မနက်စောစောတိုက်တဲ့ လေပြေညှင်းဟာ အခုပါလက်စတိုင်းမှာတိုက်တဲ့လေလိုပဲ။

ကျွန်တော်ဟာ ပြင်သစ်စကားမတတ်တော့ တခြား ကောင်လေး၊ ကောင်မလေးတွေနဲ့ အဆက်အသွယ်မလုပ်နိုင်ဘူး။ ကျွန်တော်ဟာ သူတို့နဲ့အတူစားတယ်။ ကမ်းခြေမှာနေစာလှုံတယ်။ ဒါပေမယ့် သူတို့နဲ့စကားပြောဖို့ရာ မလွယ်ဘဲဖြစ်နေတယ်။ သူတို့အထဲက ကက်သရင်းတစ်ယောက်ပဲ ဂျာမန်စကားအတော်အတန်နားလည်ပြီး ကျွန်တော်ဟာ သူမနဲ့ပဲစကားစမြည်နည်းနည်းပါးပါးပြောခွင့်ရပါတယ်။ တစ်ခါတစ်လေ သူမက ထမင်းစားခန်းထဲမှာ၊ ကျွန်တော့်ဆီလာပြီး 'ညက ကောင်းကောင်းအိပ်ရရဲ့လား။ စားကောင်းရဲ့လား။ ဒီနေ့နေကောင်းရဲ့လား'။ စတဲ့စကားတွေလာပြောတတ်တယ်။

ကက်သရင်းရဲ့အသက်ဟာ နှစ်ဆယ့်ခြောက်၊ နှစ်ဆယ့်ခုနစ်နှစ်လောက်ရှိနေပြီ။ ကိုယ်လုံးသေးပြီး နုဖတ်ချိနဲ့နေတဲ့ပုံ။ သူမရဲ့ခန္ဓာကိုယ်ကိုထိုးဖောက်ပြီးမြင်ရမလားလို့ထင်ရလောက်အောင် ပါးလျတယ်။ ဆံပင်ကနီဝါရောင်ဖြစ်ပြီး နေရောင်မှာတောက်နေတတ်တယ်။ မျက်လုံးတွေကပြာပြီးဘက်ကူးယဉ်နေသလို မှုန်ရီရီဖြစ်နေတတ်တယ်။ ဒါပေမယ့် ယင်းမျက်လုံးတွေက ဘယ်တော့မှ မငိုတတ်ဘူးဆိုတဲ့ အသွင်ကိုဆောင်နေတယ်။ မျက်နှာ

www.burmeseclassic.com



ကျနေပေမယ့် အသားရေကတော့ ဟိုးအရင်ကရှိခဲ့တဲ့အတိုင်း နူးညံ့ချောမွေ့ပြီး ဆွဲဆောင်မှုရှိနေသေးတယ်။ သူမဟာ ကျွန်တော်နဲ့အနီးကပ်ဆုံးတွေ့ခဲ့ဘူးတဲ့ ပထမဆုံးအမျိုးသမီးတစ်ဦးဖြစ်ပါတယ်။ စစ်မဖြစ်ခင်ကာလကနေ အခုအချိန်အထိ၊ ကျွန်တော်ဟာ အမျိုးသမီးတွေကို ဂရုတစိုက်လုပ်ပြီး မကြည့်ခဲ့ဘူး။ ငယ်ငယ်တုန်းက ကျောင်းသွားတဲ့အခါမျိုး၊ ဘုရားကျောင်းသွားတဲ့အခါမျိုးတွေမှာ၊ နံရံတွေနားကကပ်တက်သွားတတ်ပြီး၊ မျက်လုံးကိုလည်း မြေကြီးပေါ်စိုက်ကြည့်ပြီးသွားလေ့ရှိတယ်။

မိန်းမတွေဟာ ယောကျ်ားတွေရဲ့စိတ်ကို အရမ်းလှုပ်ရှားစေတတ်တယ်ဆိုတာကို ကျွန်တော်သိတယ်။ အဲဒါဘာဖြစ်လို့လဲ။ သူတို့ရဲ့ကိုယ်ခန္ဓာ၊ ရင်သား၊ ခြေထောက်၊ လက်၊ နှုတ်ခမ်း ... စတဲ့အရာတွေနဲ့ ထိတွေ့ရတဲ့အခါ ယောကျ်ားတစ်ယောက်ရဲ့နှလုံးသားကို လှုပ်ခါသွားစေပေမယ့်၊ ကျွန်တော့်အတွက်တော့ အလကားပဲ။ ဘာမှထူးခြားတဲ့အာရုံခံစားမှုကို မပေးဘူး။ မိန်းမတွေရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေက ကျွန်တော့်ကို တုန်လှုပ်သွားအောင် စွမ်းဆောင်နိုင်စွမ်းမရှိခဲ့ဘူး။ ဒါပေမယ့်၊ ကက်သရင်းက ဒါတွေကို ဖွင့်ဆိုရှင်းလင်းပြလိုက်တယ်။

ကျွန်တော်တို့ရဲ့စခန်းဟာ သစ်တောရဲ့အစွန်မှာရှိတယ်။ ညစာစားပြီးတဲ့အခါတိုင်း ကျွန်တော်ဟာ တစ်ကိုယ်တည်းလမ်းလျှောက်ထွက်လေ့ရှိပါတယ်။ လမ်းလျှောက်ရင်း ခပ်ဖြည်းဖြည်းတိုက်နေတဲ့ လေညှင်းလေးနဲ့စကားပြောတယ်။ နောက်၊ ဖြည်းဖြည်းချင်း ပြာသထက်ပြာလာတဲ့ ကောင်းကင်မိုးပြာခုံးကြီးကို ငေးမောစောင့်ကြည့်နေတတ်တယ်။ ကျွန်တော်က တစ်ယောက်တည်းနေရတဲ့ဘဝကို သဘောကျတယ်။ လွတ်လပ်ခြင်းဆိုတဲ့ စကားရဲ့အဓိပ္ပာယ်က ဒီလိုအချိန်မျိုးမှာ ပိုပြီးပီပြင်လာတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညနေမှာတော့ ကက်သရင်းက သူမပါလမ်းလျှောက်လိုက်ခဲ့မယ်လို့ပြောတယ်။ တစ်ခုခုပြောဖို့ ကျွန်တော်ချင့်ချိန်လိုက်သေးတယ်။ ဒါပေမယ့် ကျွန်တော့်ပါးစပ်က "လိုက်ခဲ့" ဆိုတဲ့စကားက အလိုလိုထွက်သွားတယ်။ နောက်တော့ နှစ်ယောက်သား လမ်းလျှောက်ထွက်လာခဲ့ကြတယ်။

နှစ်ယောက်စလုံး စကားမပြောကြဘဲ အတွေးကိုယ်စီနဲ့ လျှောက်နေကြတယ်။ ပထမနာရီဝက်၊ နောက်တစ်နာရီကြာတဲ့အထိ ဘာစကားမှ မပြောကြ။ ကျွန်တော်တို့ဟာ လုံးဝငြိမ်သက်တိတ်ဆိတ်တဲ့အထဲမှာ လမ်းလျှောက်နေသလိုဖြစ်နေတယ်။ ပထမတော့ တိတ်ဆိတ်ငြိမ်သက်မှုက ကျွန်တော့်စိတ်ကို အနှောင့်အယှက်ဖြစ်လာစေတယ်။ စိတ်ကျဉ်းကျပ်လာစေတယ်။ နောက်တော့ တဖြည်းဖြည်းနဲ့ ကျွန်တော့်စိတ်ထဲမှာ ပျော်ရွှင်ချမ်းမြေ့မှုတွေပေါ်လာတာကို အံ့သြဖွယ်ရာ ခံစားလိုက်ရတယ်။ တိတ်ဆိတ်နေကြတဲ့ ကျွန်တော်တို့ဟာ တိတ်ဆိတ်နေတဲ့အရာထက် ပိုပြီးတိတ်ဆိတ်နေကြတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လာတယ်။ ကျွန်တော့်စိတ်ထဲမှာလည်း လွတ်လပ်ပေါ့ပါးမှုတွေဖြစ်လာတယ်။

"ကြည့်စမ်းပါဦး ... ကောင်းကင်ပြင်ကြီးရဲ့ဘဝဟာ ... ဘယ်လောက်ဟင်းလင်းပွင့်ပြီး ကျယ်လာနေတယ်ဆိုတာကို ..."

ကျွန်တော်ကပဲ စကားစပြောလိုက်တယ်။

သူမက၊ ခေါင်းမော့ပြီး ကောင်းကင်ပေါ်ကြည့်လိုက်တယ်။

ကျွန်တော်ပြောနေချိန်မှာပဲ ကောင်းကင်ပြင်ဟာ တဖြည်းဖြည်းပြန့်ကားထွက်လာနေတယ်။ အရင်တွဲခိုဖြစ်တည်နေကြတဲ့ တိမ်မျှင်တိမ်စိုင်တွေကို လေကအမှိုက်လှဲ့သလို တိုက်ခတ်သယ်ဆောင် ဖယ်ရှားပေးလိုက်တယ်။ ခေါင်းပေါ်တည့်တည့်၊ ကောင်းကင်ပြင်ရဲ့ အမြင့်ဆုံးနေရာက ကြယ်



www.burmeseclassic.com

www.burmeseclassic.com



လေးတွေဟာ ကောင်းကင်ရဲ့ ဘယ်ညာနှစ်ဘက်ဆီ ရွေ့သွားပြီး တလက်လက်နဲ့ အရောင်တွေလွင့်နေတယ်။ ကောင်းကင်ပြင်ရဲ့ ဗဟိုတည့်တည့်မှာတော့ ဟင်းလင်းပြင်အဖြစ် တည်နေတယ်။ နောက်ကောင်းကင်ပြင်ကြီးဟာ တဖြည်းဖြည်းနဲ့ မျက်လုံးထဲစွဲကျန်စေမယ့် အပြာရောင်ရင့်ရင့်နဲ့ နက်ရှိုင်းကျယ်ပြန့်လာခဲ့တယ်။

"သေသေချာချာကြည့်လိုက်စမ်း ... အဲဒီနေရာမှာ ... ဘာမှမရှိဘူး..."

ကျွန်တော်က အပေါ်ထိပ်တည့်တည့် လက်ညှိုးထိုးပြီး ပြောလိုက်တယ်။ ကက်သရင်းက အပေါ်ကိုမော့ကြည့်လိုက်တယ်။ ဘာစကားမှတော့ ပြန်မပြော။

"ကဲ...လာ...လမ်းဆက်လျှောက်ကြရအောင် ... "

ကျွန်တော်က သူမဘက်လှည့်ပြီးပြောလိုက်တယ်။

လမ်းလျှောက်ရင်းနဲ့ ကျွန်တော်ဟာ သူမကို ပုံပြင်တစ်ပုဒ်ပြောပြလိုက်တယ်။ ပုံပြင်က ဟင်းလင်းပွင့်နေတဲ့ကောင်းကင်ပြင်နဲ့ ပတ်သက်တဲ့ ပုံပြင်။ ဒီပုံပြင်ကို ကျွန်တော်ငယ်ငယ်က ဆရာဖြစ်သူပြောပြလို့ကြားဖူးခြင်းပဲ ဖြစ်ပါတယ်။ အဲဒီလိုကောင်းကင်ပြင်ဟင်းလင်းပွင့်နေတာဟာ သနားစရာကောင်းတဲ့ ပျော်ရွှင်မှုတွေဆိတ်သုဉ်းနေတဲ့ ကလေးတွေရဲ့ ဆုတောင်းသံတွေပဲလို့ ဆရာကပြောပြဖူးတယ်။

တစ်ခါတုန်းက ညတစ်ညမှာ အဖေမကျန်းမမာဖြစ်နေတဲ့ ကလေးတစ်ယောက်က ဘုရားသခင်ဆီလှမ်းပြီး အကူအညီတောင်းခဲ့တယ်။ အဲဒီကလေးက ဘုရားသခင်ကို–

"အဖဘုရား .. ကျွန်တော်ဟာ သိပ်ငယ်သေးတော့ ... ဘယ်လိုဆုတောင်းရမယ်ဆိုတာတော့ မသိပါဘူး ... ဒါပေမယ့် ... အခု မကျန်းမမာ

www.burmeseclassic.com

 www.burmeseclassic.com 

ဖြစ်နေတဲ့ ... ကျွန်တော်ရဲ့အဖေကို အဖဘုရားကူညီပြီး ကုသပေးပါ..."

ဒီတော့ ဘုရားသခင်က ကလေးရဲ့အဖေကို ကျန်းမာသွားအောင် လုပ်ပေးလိုက်တယ်။ နောက်၊ ကလေးကိုယ်တိုင်ဆုတောင်းခြင်းတစ်မျိုး ဖြစ်သွားပြီး ကောင်းကင်ဘုံကိုခေါ်ဆောင်ခြင်းခံလိုက်ရတယ်။ အဲဒီကစပြီး ဘုရားသခင်ဟာ ကလေးတစ်ယောက်ရဲ့မျက်နှာကို ဖန်ဆင်းပြီးအချိန်တိုင်း ပြတယ်တဲ့။

အဲဒါ ဆရာပြောပြခဲ့ဖူးတဲ့ပုံပြင်။

ကျွန်တော်က ပုံပြင်ပြောပြီးတော့–

"ဒီပုံပြင်ကိုကြားဖူးကတည်းက ... ကောင်းကင်ပြင်မှာ ... ကလေးတစ်ယောက်ရဲ့မျက်နှာတွေ့ရမလားလို့ ... အမြဲရှာကြည့်ခဲ့တယ် ... ဒါပေမယ့် အစ်မသိတယ်မဟုတ်လား ... ကောင်းကင်ပြင်မှာ ဘာမှမတွေ့ရဘူးဆိုတာကို ... တကယ်တော့ ... ကလေးဟာ ပုံပြင်ထဲမှာပဲရှိတာပါ ..."

ကျွန်တော့်စကားအဆုံးမှာ–

"သနားစရာကောင်းတဲ့ကလေးပဲ ... သနားဘို့ကောင်းတဲ့ ကလေးပဲ..."

ကက်သရင်းက တိုးတိုးလေးပြောလိုက်တယ်။ ဒီညနေမှာ ဒီစကားဟာ သူမပထမဆုံးပြောတဲ့စကား။

ကျွန်တော့်စိတ်ကတော့ သူမဟာ ပုံပြင်ထဲက ကလေးရဲ့အကြောင်းကိုပဲတွေးနေတယ်လို့ မှတ်ချက်ချလိုက်တယ်။ စိတ်လှုပ်ရှားခံစားတတ်တာကိုလည်း သဘောကျသွားတယ်။

အဲဒီနောက်တော့ သူမဟာ ကျွန်တော်နဲ့ အမြဲလမ်းလျှောက်လိုက်ခဲ့တော့တယ်။ လမ်းလျှောက်ရင်းနဲ့ သူမက ကျွန်တော့်ကို ငယ်စဉ်ဘဝက



www.burmeseclassic.com

www.burmeseclassic.com


အကြောင်းတွေ မကြာသေးခင်က ကြုံခဲ့ရတဲ့အတွေ့အကြုံတွေ အမြဲတမ်း မေးတတ်တယ်။ ကျွန်တော်က သူမအမေးတိုင်းကိုတော့ ပြန်မဖြေခဲ့ဘူး။ တစ်ခါတော့ သူမက ကျွန်တော်ဟာဘာဖြစ်လို့ စခန်းက ကောင်လေးတွေ ကောင်မလေးတွေနဲ့ ရင်းရင်းနှီးနှီးမနေဘဲ၊ တစ်ယောက်တည်းခပ်ခွာခွာနေရ တာလဲလို့ မေးပါတယ်။

"သူတို့ပြောတဲ့စကားကို ... ကျွန်တော်မှ နားမလည်တာ ..."

ကျွန်တော်က အမှန်အတိုင်းပဲပြန်ဖြေလိုက်တယ်။

"တချို့ ကောင်မလေးတွေ ... ဂျာမန်စကားနားလည်တယ် .."

"သူတို့နဲ့လဲ .. ကျွန်တော့်မှာ စကားပြောစရာ ... အကြောင်း မရှိပဲ ..."

"သူတို့ကိုပြောစရာစကားမရှိပေမယ့် ... သူတို့ကို မင်းချစ်လို့တော့ ရပါတယ် ..."

ဒီစကားကိုတော့၊ သူမက ပြုံးပြီး ဖြည်းဖြည်းလေးပြောပါတယ်။

သူမ ဘာရည်ရွယ်ချက်နဲ့ ဒီလိုစကားကိုပြောတယ်ဆိုတာ ကျွန်တော်တော့မသိဘူး။ သူမကတော့ လိုက်လှဲပွင့်လင်းစွာပြုံးပြီး အချစ် အကြောင်းကို စပြောတော့တယ်။ သူမက စကားကို လွယ်လွယ်လေးနဲ့ နားထောင်ကောင်းအောင်ပြောသွားတယ်။

အချစ်ဆိုတာက ဒီလို။ အချစ်ဆိုတာဟိုလို။ ယောကျ်ားဟာချစ်ဖို့ မွေးလာတာ။ သူ့အသက်ရှင်နေတာဟာ သူချစ်နေတဲ့မိန်းမတစ်ယောက် အတွက်။ ဒါမှမဟုတ် သူချစ်ရမယ့်မိန်းမတစ်ယောက်အတွက်။ သူမကတော့ က သူမအတွက်မှန်ချင်မှန်မယ်။ ဒါပေမယ့် ကျွန်တော်က အချစ်ရဲ့အတိတ်သ ပြီး ကျွန်တော်ဘာမှမသိဘူးဆိုတဲ့အကြောင်း။ အချစ်ဆိုတာ စိတ်လှုပ်ရှား


www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းတဲ့အရာဆိုတာလဲ ကျွန်တော်မသိ။ အချစ်မှာ စိတ်လှုပ်ရှားစရာတွေရှိတယ်ဆိုတာလည်း မသိတဲ့အကြောင်းတွေပြောလိုက်တယ်။

"မင်းကို ... တစ်နေ့တော့ သက်သေပြမယ် ..."

သူမကတော့ သူမရဲ့အယူအဆကို ခိုင်မာအောင် တည်ဆောက်တော့မှာဖြစ်တယ်ဆိုတာကို ကျွန်တော်သိလိုက်တယ်။

နောက်တစ်နေ့ညနေကျတော့ သူမက ကျွန်တော့်ရဲ့ဘယ်ဘက်က လိုက်လာတယ်။ ကျွန်တော်တို့ဟာ သစ်ရွက်ကြွေတွေဖုံးနေတဲ့လမ်းအတိုင်း လျှောက်လာကြတယ်။ သူမက ကျွန်တော့်ရဲ့လက်မောင်းကို ရုတ်တရက် ဖမ်းကိုင်လိုက်တယ်။ ပထမတော့ သူမရဲ့ကိုယ်ကိုထိန်းဖို့အတွက် ကိုင်လိုက်တာပဲလို့ ထင်လိုက်တယ်။ နောက်တော့မှ သူမရဲ့ကိုယ်နဲ့ ကျွန်တော့်ကိုယ်ကို ပိုနီးကပ်သွားစေချင်တဲ့သဘော။ ကိုယ်ခန္ဓာချင်းထိတွေ့နေမှ ကျွန်တော့်ရဲ့ အာရုံတွေ လှုပ်ရှားသွားမယ်ဆိုတဲ့သဘောတွေပါလားလို့ သိလိုက်တယ်။ နောက် သူမက လျှောက်နေရတာမောလို့ သစ်ပင်အောက်က မြင်ခင်းပေါ်မှာ ခဏထိုင်ကြရအောင်လို့ပြောလာတယ်။ ပြောတဲ့အတိုင်းပဲ ကျွန်တော်တို့ ဆိုင်လိုက်ကြတယ်။

ဆိုင်ပြီးတာနဲ့ သူမဟာ ကျွန်တော့်ရဲ့မျက်နှာနဲ့ဆံပင်တွေကို ငေးပြီး ကြည့်တဲ့သပ်ပါတယ်။ နောက် ကျွန်တော့်ကို အကြိမ်များစွာနမ်းပါတယ်။

သက်တံဆည်းဆာစာပေ

www.burmeseclassic.com



သူမရဲ့ အနမ်း၊ သူမရဲ့အထိအတွေ့ဟာ ကျွန်တော့်ကိုယ်ထဲကို စိမ့်ဝင်လောင်ကျွမ်းပြီး သွေးတွေကို ဆူပွက်စေပါတယ်။ ညတိုင်း၊ ဒီနေရာကိုရောက်လာကြပါတယ်။ ညတိုင်း၊ အချစ်ရဲ့ကျေနပ်နှစ်သိမ့်မှုတွေ၊ ရွှင်လန်းပျော်ရွှင်စရာကောင်းတဲ့အကြောင်းတွေ၊ နှလုံးသားရဲ့ နက်နဲတဲ့ခံစားမှုတွေ၊ အဲဒါတွေကို ညတိုင်းပြောပြပါတယ်။ နောက်၊ သူမရဲ့ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို ထိတွေ့စေပါတယ်။ မိန်းမတွေရဲ့ကိုယ်ခန္ဓာအစိတ်အပိုင်းတွေဟာ ယောကျ်ားတွေရဲ့နှလုံးကိုအခုန်မြန်စေပြီး၊ သွေးကိုဆူပွက်သွားစေတတ်တယ်ဆိုတာ ကျွန်တော်သတိရလာတယ်။

ဒီလိုနဲ့၊ နောက်ဆုံးညကိုရောက်လာပါတယ်။ မနက်ဖြန်ဆိုရင် ကျွန်တော်တို့အနားယူစခန်းမှာ အပန်းဖြေတဲ့ရက်တွေကုန်ဆုံးလို့၊ ပါရိကို ပြန်ရတော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ ညစာစားပြီးတာနဲ့ ထိုင်နေကျသစ်ပင်အောက်ကို ရောက်လာခဲ့တယ်။ ကျွန်တော်တို့အတွက် ဒါဟာ နောက်ဆုံးအချိန်။ ကျွန်တော့်ရင်မှာ အထီးကျန်သွားသလိုခံစားနေရပြီး ဝမ်းနည်းနေတယ်။ ကက်သရင်းက ကျွန်တော့်ရဲ့လက်ကို ကိုင်လိုက်တယ်။ စကားတော့ တစ်လုံးမှမပြောဘူး။ ဒီညဟာ ခါတိုင်းထက်သာ ယာယာဖြစ်နေပြီး ပိုပြီးတိတ်ဆိတ်နေတယ်။ လေပြေလေးတွေသာ ကျွန် တို့ရဲ့မျက်နှာကို ပွတ်တိုက်သွားနေတယ်။ စကားမပြောကြဘဲ

သက်တံဆည်းဆာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ငြိမ်နေလိုက်တာ၊ အတော်ညနက်သွားတဲ့အချိန်ထိ ရောက်သွားတယ်။

"ဒီမှာအစ်မ...ပထမဆုံး ကျွန်တော် ... စကားနည်းနည်းပြောချင်တယ်..."

ကျွန်တော်ရဲ့စကားသံက အာရုံရဲ့လှုံ့ဆော်မှုကြောင့် တုန်ခါနေတယ်။

သူမရဲ့မျက်နှာပေါ်မှာ စိတ်ခံစားမှုတစ်ခုကြောင့် ပြင်းပြတဲ့ဆန္ဒတစ်မျိုးပေါ်လွင်နေတာ သိသာပါတယ်။ သစ်ပင်တွေကြားက ဖြတ်တိုက်လာတဲ့ လေပြေညှင်းလေးတွေကလဲ ပြင်းပြတဲ့စိတ်ဆန္ဒကို ပိုပြီးလှုံ့ဆော်ပေးသလို ဖြစ်နေတယ်။

"ဘာမှမပြောနဲ့ ... အခုချိန်မှာ ဘာစကားမှပြောမနေနဲ့ ... တို့ကို အားရပါးရချစ်စမ်းပါ ... ချစ်လိုက်စမ်းပါ ..."

သူမရဲ့စကားကို ကျွန်တော် နားမထောင်ဘူး။

"မဟုတ်သေးဘူး ... ပထမဆုံး ...အစ်မကို ... စကားပြောပါရစေဦး ..."

သူမရဲ့နှုတ်ခမ်းဖျားလေးတွေက တွန့်ကွေးသွားတယ်။ နာကျင်မှုဝေဒနာတစ်ခုကို လေပြည်ညှင်းကယူလာပြီး သူမနှုတ်ခမ်းပေါ်တင်ပေးလိုက်သလိုမျိုးဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့ ... ဘာမှမပြောနဲ့ ... တိတ်တိတ်နေစမ်းပါကွယ် - ချစ်စမ်းပါ ... အားရပါးရချစ်လိုက်စမ်းပါ ..."

သူမက အဲဒီစကားပဲ ထပ်ပြောနေတယ်။

"ပြောကိုပြောရမယ်အစ်မ ... ကျွန်တော်တို့နှစ်ယောက်ကစားတဲ့ မှာ ... အစ်မအနိုင်ရသွားပြီ ...။ ကျွန်တော်အစ်မကိုချစ်တယ် ... ကျွန်တော် ချစ်တယ်ကက်သရင်း..."

ရုတ်တရက်၊ သူမဆီရှိုက်ငိုသံတွေကြားလိုက်ရတယ်။ မျက်ရည် တွေစီးကျလာပြီး တသိမ့်သိမ့်တလှိုက်လှိုက်တမောမော ငိုကြွေးနေတယ် နောက်၊ သူမရဲ့ပါးစပ်ကဝိုးတဝါးစကားသံထွက်လာတယ်။

"သနားစရာကောင်းတဲ့ကောင်လေး ... မင်းဟာ ...သနားစရာ ကောင်းတဲ့ကောင်လေးတစ်ယောက်ပဲ..."

နောက်ဆုံးတော့ ကျွန်တော်ဟာ အဝတ်အစားတွေကောက်ယူပြီး ထွက်ပြေးလာခဲ့တယ်။

အခုမှ ကျွန်တော်သဘောပေါက်သွားတယ်။ တစ်ခါတုန်းက ကျွန်တော်ပြောတဲ့ပုံပြင်အဆုံးမှာပြောခဲ့တဲ့ သူမရဲ့စကားဟာ ကောင်းကင် မှာပေါ်လာမဲ့ကလေးကိုပြောတာမဟုတ်ဘဲ၊ ကျွန်တော့်ကိုရည်ညွှန်းပြီး လိုက်တယ်ဆိုတာကို သိရပါတော့တယ်။

သက်တံဆည်းဆာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမက ကျွန်တော့်ကို ဘာဖြစ်လို့ အချစ်အကြောင်းတွေကို ပြောပြနေတာလဲလို့ ကျွန်တော်စဉ်းစားမိတယ်။ သူမက ကျွန်တော်နဲ့ပတ်သက်ပြီး ...င်ထားတာတွေရှိနေလို့ပဲဖြစ်ပါတယ်။ သူမအထင်က ကျွန်တော့်လို ကောင်း...းတစ်ယောက်ဟာ ဆုတောင်းခြင်းတစ်မျိုးဖြစ်သွားပြီး၊ ကောင်းကင်ဘုံ... ...ဆောင်ခြင်းခံရမယ့်သူ။ နောက်တစ်ခါ၊ ကမ္ဘာပေါ်မှာ ပြန်ရောက်လာ...၊ ဘာဖြစ်လို့ပြန်ရောက်လာရမယ်လို့ သူမကထင်ရတာလဲ။ သူမက ...တော့်ကို အချစ်အကြောင်းတွေပြောပြတယ်။ နောက်၊ သူမနဲ့ကျွန်တော် ...င်နယ်မှာလွန်ကျူးတဲ့အထိဖြစ်အောင်လုပ်တယ်။ ဒါတွေဟာ လူ့လောက...ပြန်ရောက်လာစေတဲ့အကြောင်းချက်တွေလို့ သူမ ယုံကြည်ထားတယ်။ ...တော်ဟာ စဉ်းစားရင်းနဲ့ သူမရဲ့သဘောထားကို ရှင်းရှင်းလင်းလင်း ...လာတယ်။ သူမက သေရတော့မယ့်ကောင်လေးတွေနဲ့ လွန်လွန်ကျူး...စ်မိကြတာကို နှစ်သက်သဘောကျတယ်။ သေတော့မယ့်လူ...ဘက်လို့ သတ်မှတ်ခြင်းခံရတဲ့ကောင်လေးတွေနဲ့ဆက်ဆံရတာကို ...တယ်။ အခု၊ ပါလက်စတိုင်းညတစ်ညမှာ ကျွန်တော့်ရဲ့စိတ်ကူး...ထဲမှာ ပုံရိပ်ထင်လာတဲ့ သူမရဲ့အကြောင်းတွေဟာ အံ့ဩစရာတစ်ခု...ပါဘူး။ မယုံကြည်နိုင်စရာတစ်ခုလည်း မဟုတ်ပါဘူး။

"သနားဖို့...ကောင်းတဲ့ ကောင်လေး ..."

- သက်တံဆည်းဆာစာပေ

www.burmeseclassic.com



အိုင်လာနာရဲ့အသံက တိုးတိတ်ငြင်သာပြီး နောက်ဆုံးအနေနဲ့ ပေါ်လာပြန်တယ်။ အဲဒီစကားသံက သူမရဲ့ရင်ထဲက ထွက်လာတဲ့အသံ။ သူမရဲ့ ရင်ထဲကနေ မျက်ရည်တွေကိုထုတ်လွှတ်နေတယ်။ မျက်ရည်တွေက တော့ အချိန်တစ်ခု ကုန်ဆုံးသွားတဲ့အထိ ကျနေဦးမှာပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

( ၄ )

ရုတ်တရက်၊ အခန်းထဲမှာ ဆိုးဝါးတဲ့ညှီစို့စို့အနံ့အသက်တွေ ရောက်လာတာကို ကျွန်တော်သတိထားလိုက်မိတယ်။ အနံ့သက်တွေက ဆိုးသ ထက်ဆိုးလာတယ်။ ကျွန်တော် အသက်ရှူရတာမဝသလိုဖြစ်ပြီး မွန်းကြပ် လာတယ်။

ကျွန်တော်မယုံကြည်နိုင်လောက်အောင်ကို ဖြစ်သွားတယ်။

ဒီအခန်းကကျဉ်းတယ်။ တစ်ချိန်တည်းမှာ ဧည့်သည်အများကြီး ထက်ခံဖို့ဆိုရင် ဒီအခန်းက အလွန်ကျဉ်းနေတယ်။ အခု၊ သန်းခေါင်အချိန်မှာ အခန်းထဲ ဧည့်သည်တွေအများကြီးလှိမ့်ဝင်လာကြတယ်။ သူတို့အထဲမှာ ကျွန်တော်သိတဲ့လူတွေ၊ မုန်းနေတဲ့လူတွေ၊ သဘောကျချစ်ခင်တဲ့လူတွေ၊ ...နေတဲ့လူတွေ ပါဝင်နေကြတယ်။ ကျွန်တော်က အခန်းထဲ မျက်လုံးဝေ့ပြီး ကြည့်လိုက်တယ်။ အဲဒီလူတွေဟာ ကျွန်တော့်ဘဝရဲ့အစိတ်ပိုင်းတစ်နေရာမှာ ပါဝင်ပတ်သက်နေသူတွေ။ သူတို့ရဲ့ရုပ်ရည်ပုံပန်းတွေက အရင်ကလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



တချို့လူတွေက ကျွန်တော်နဲ့ရင်းနှီးကျွမ်းဝင်နေတဲ့လူတွေဖြစ်ကြတယ်။ ဒါပေမယ့် လူနဲ့နာမည်တွဲပြီးမပြောနိုင်တော့ပါ။ တချို့လူတွေရဲ့နာမည်ကို မေ့ပြီး မျက်နှာကိုမှတ်မိနေတယ်။ တချို့ကျတော့ မျက်နှာကိုအသေအချာ အတိအကျပုံဖော်မရပေမယ့် နာမည်ကိုသိနေတယ်။ သေချာတာတစ်ခုက ကျွန်တော့်ဘဝရဲ့ အရေးကြီးတဲ့နေရာတချို့မှာ အဲဒီလူတွေပါဝင်ပတ်သက်ခဲ့ဖူးတယ်ဆိုတာကို ကျွန်တော်မှတ်မိနေတယ်။

အဲဒီလူတွေထဲမှာ ကျွန်တော့်အဖေနဲ့အမေ၊ ငယ်ငယ်ကတွေ့ခဲ့ရတဲ့ သူတောင်းစားကြီး၊ နောက် မှတ်ဆိတ်ဖွားဖွားနဲ့ ကျွန်တော့်ရဲ့ဆရာ၊ စသူတို့ ပါဝင်ကြပါတယ်။ ပြီးတော့၊ ကျွန်တော်တို့ လမ်းဖြတ်ပြီး မိုင်းဗုံးထောင် တိုက်ခိုက်ခဲ့ အင်္ဂလိပ်စစ်သားတွေလည်း ပါနေတယ်။ နောက်ပြီး၊ ကျွန်တော် ရဲ့ သူငယ်ချင်းတွေ၊ ညီအစ်ကိုတွေ၊ ရဲဘော်တွေကလည်း လူစုရဲ့နောက်နား မှာ ရပ်နေကြတယ်။ တချို့သူငယ်ချင်းတွေကတော့ ကလေးဘဝကတည်းက ခွဲခွာသွားကြသူတွေဖြစ်ပြီး တချို့က ဘန်ချင်ဝေါ်အကျဉ်းစခန်းနဲ့ အော့စဝပ် အကျဉ်းစခန်းမှာ အတူနေရတဲ့လူတွေ၊ သူတို့နဲ့အတူ အကျဉ်းစခန်းမှာ နေတုန်းက ကြုံခဲ့ရတဲ့ခံစားမှုတွေ၊ မျှော်လင့်ချက်တွေကို မျှဝေရင်းရင်ဆိုင်ခဲ့ရ တာတွေက ကျွန်တော့်အဖို့ မမေ့နိုင်စရာတွေဖြစ်ခဲ့ရပါတယ်။

အဖေနဲ့ယှဉ်ပြီး ကလေးတစ်ယောက်ရပ်နေတာကို တွေ့လိုက်ရပါ တယ်။ အဲဒီကလေးဟာ ကျွန်တော်နဲ့အတူနေတာကတော့ အတော့်ကို ထူးဆန်းပါတယ်။ ကျွန်တော်အကျဉ်းစခန်းမှာမနေရခင်အချိန်။ စစ်မဖြစ်ခင် အချိန်။ အားလုံး ... အားလုံးသောအရာတွေမဖြစ်ခင်အချိန်။ အဲဒီအချိန်တုန်း က ရှိခဲ့တဲ့ ကျွန်တော့်ရဲ့မျက်နှာပုံစံ၊ ကိုယ်လုံးပုံစံနဲ့ တစ်ထေရာထဲတူနေတဲ့ ကလေးတစ်ယောက်။ အဖေက ကလေးကိုပြုံးပြလိုက်တယ်။ ကလေးက

www.burmeseclassic.com



အဖေရဲ့အပြုံးကိုယူပြီး ကျွန်တော်နဲ့သူ့ကြားမှာရှိနေတဲ့ လူတွေရဲ့ခေါင်းပေါ်ကကျော်ပြီး ကျွန်တော့်ဆီပို့လိုက်တယ်။

အခုတော့ အခန်းထဲမှာ ညှီစို့စို့အနံ့အသက်ဆိုးတွေရနေတာကို ကျွန်တော်သဘောပေါက်နားလည်သွားပါတယ်။ အခန်းကကျဉ်းတော့၊ လူတွေများပြီး အနံ့သက်ဆိုးတွေက အခန်းထဲလှောင်ပိတ်နေသလို ဖြစ်နေတယ်။ ကျွန်တော်ဟာ လူအုပ်ကိုဖြတ်ပြီး ကလေးဆီရောက်အောင်သွားလိုက်တယ်။ ကျွန်တော့်ဆီကို အပြုံးတစ်ခုပို့လိုက်တဲ့အတွက် သူ့ကို ကျေးဇူးတင်သွားပါတယ်။ နောက်ပြီး အဲဒီကလေးကို ဒီလူတွေ ဒီအခန်းထဲမှာ ဘာဘာလုပ်ကြတာလဲလို့ မေးချင်တယ်။ ဒါပေမယ့် အဖေ့ကိုမမေးဘဲ ကလေးကိုဦးစားပေးပြီးမေးလိုက်တာဟာ အဖေ့ကိုမလေးစားသလိုများ ဖြစ်လေမလားလို့ ချက်ချင်းစဉ်းစားမိသွားတယ်။ အဖေရှိနေရင် အဖေ့ကို အစိကထားပြီး မေးရပြောရမယ်ဆိုတာ ကျွန်တော်နားလည်သွားတယ်။

"အဖေ…ဘာဖြစ်လို့ … ဒီလူတွေ … ဒီနေရာကိုရောက်လာကြတာလဲ…"

အဖေ့နံဘေးမှာရပ်နေတဲ့အမေက ဖြူဖျော့ဖျော့ဖြစ်နေတယ်။ အမေရဲ့ နှုတ်ခမ်းက "သနားစရာကောင်းတဲ့လူလေး … သနားစရာကောင်းတဲ့လူလေး …" ဆိုတဲ့စကားက အဆက်မပြတ် တိုးတိုးလေးထွက်နေတယ်။

"အဖေ…ကျွန်တော့်ကို စကားပြန်ပြောစမ်းပါ …အဖေတို့အားလုံး — ဒီမှာဘာလာလုပ်ကြတာလဲ …"

ကျွန်တော်ကထပ်ပြီး မေးလိုက်ပြန်သည်။

အဖေက ကျွန်တော်မကြာမကြာမြင်ခဲ့ရတဲ့ ဟင်းလင်းပွင့်နေတဲ့ တောင်းကင်ပြင်လို မျက်လုံးနဲ့ ကျွန်တော့်ကိုကြည့်နေတယ်။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com


ဘာစကားမှပြန်မပြော။ တစ်ဘက်လှည့်လိုက်တော့ ကျွန်တော့်ဆရာနဲ့ မျက်နှာချင်းဆိုင်မိသွားတယ်။ ဆရာ့ရဲ့မှတ်ဆိတ်တွေဟာ အရင်ကထက်ပိုပြီးထူနေတယ်။

"ဆရာ ... ဒီည ... ဒီလူတွေ ... ဒီမှာ ဘာလာလုပ်ကြတာလဲ..."

ကျွန်တော့်နံဘေးက "သနားစရာကောင်းတဲ့...လူလေး...သနားစရာကောင်းတဲ့လူလေး..." ဆိုတဲ့ အမေ့ရဲ့တီးတိုးအသံ ကျွန်တော်ကြားနေရတယ်။

"ဆရာရယ် ... ကျွန်တော့်ကိုပြန်ဖြေပါဦး ... ကျွန်တော်တောင်းပန်ပါတယ် ... ကျွန်တော့်ကိုအဖြေပေးပါဆရာရယ် ... "

ဒါပေမယ့် ဆရာက ပြန်မဖြေဘူး။ မဖြေတဲ့အပြင်၊ ကျွန်တော်မေးတာကိုမကြားသလိုလုပ်နေတယ်။ သူတိတ်တိတ်လေးနေတာကိုကြည့်ပြီး ကျွန်တော်ကြောက်လာတယ်။ ဆရာ့အကြောင်းကို ဟိုးအရင်ကတည်းက ကျွန်တော်သိခဲ့တယ်။ အရင်တုန်းက ဆရာဟာ၊ ကျွန်တော်လိုအပ်တဲ့အချိန်မှာ ကျွန်တော်ဘက်က အမြဲရပ်တည်ပေးခဲ့တယ်။ ဆရာရဲ့ တိတ်တဆိတ်နေတတ်မှုက ကျွန်တော့်ကိုနှစ်သိမ့်မှုတွေပေးနေတယ်လို့ ကျွန်တော် ခံစားနားလည်ခဲ့ဖူးတယ်။ အခု၊ ဆရာ့မျက်လုံးတွေကို ကျွန်တော်ကြည့်မိတယ်။ သူ့မျက်လုံးနှစ်လုံးက မီးလောင်နေတဲ့ ကမ္ဘာလုံးတွေလို ရဲရဲတောက်နေတယ်။ နေလုံးနှစ်လုံးလို စူးစူးရဲရဲပူနေပြီး၊ ကျွန်တော့်မျက်နှာကို အပူရှိန်လာဟပ်တယ်။ ကျွန်တော်ဟာ ဆရာ့ရှေ့ကလှည့်ထွက်လာခဲ့တယ်။ နောက်၊ လူအေ ဆီသွားပြီး တစ်ယောက်ပြီးတစ်ယောက်၊ ကျွန်တော်သိချင်တဲ့အဖြေကိုလိုက်မေးခဲ့တယ်။ အကြောင်းမထူးပါဘူး။ သူတို့အားလုံးမကြားသလိုလုပ်နေကြတယ်။ နောက်ဆုံး ကျွန်တော်ဟာ သူတောင်းစားကြီးဆီကိုလာခဲ့တယ်။

www.burmeseclassic.com



သူ့ပခုံးနဲ့ခေါင်းက လူတွေအားရဲ့အပေါ်မှာ မိုးနေတယ်။ သူ့ဆီကစကားသံထွက်လာတယ်။ သူ့အသံက ပါးစပ်ထဲက သူ့အလိုလိုထွက်လာတဲ့အသံဖြစ်နေတယ်"

"ဒီညဟာ ... မျက်နှာအလွန်များတဲ့ညတစ်ညပဲ..."

သူကစပြီးပြောလိုက်တယ်။

ကျွန်တော်ဟာ အလိုလိုဝမ်းနည်းလာပြီး၊ မောပမ်းတဲ့ဒဏ်ကို ခံစားလာရတယ်။

"ဟုတ်ပါတယ် ... ဒီညဟာ ... မျက်နှာအလွန်များတဲ့ည ... ဘာဖြစ်လို့ ... ဒီလိုဖြစ်လာရတာလည်းဆိုတာ ... ကျွန်တော်သိချင်ပါတယ် ဒီအဖြေကို ဦးလေးတစ်ယောက်ပဲ ... ပေးနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ် – ဦးလေးဟာ ကျွန်တော့်ရဲ့အသိဉာဏ်ကို ဖွင့်ပေးခဲ့ဖူးသူ ... ကျွန်တော့်ကို လမ်းညွှန်ပြသခဲ့သူဖြစ်ပါတယ် ... အခု ... ဒီလူတွေရဲ့အကြည့် ... ဒီလူတွေရဲ့ စကားမပြော ဆွံ့အ,နေသလိုဖြစ်နေကြတဲ့အခြေအနေ ... အဲဒါတွေဟာ ဘယ်လိုသဘောလဲ ... ကျွန်တော့်ကိုရှင်းပြပါ ... ကျွန်တော်တောင်းပန်ပါတယ် ဦးလေး ... ဒီလိုဖြစ်နေတာကို ... ကျွန်တော်သည်းမခံနိုင်တော့ဘူး ဦးလေး ..."

သူက ကျွန်တော့်လက်မောင်းကိုကိုင်လိုက်ပြီး အသာလေးဆုပ်ထားလိုက်တယ်။ ပြီးမှ–

"မင်း ... ဟိုကလေးလေးကို ... တွေ့တယ်မဟုတ်လား ..."

သူကပြောရင်း၊ ကလေးဆီကိုညွှန်ပြလိုက်တယ်။ ကျွန်တော်သည့်ကြည့်လိုက်တော့၊ ကျွန်တော်နဲ့ ချွတ်စွပ်တူနေတဲ့ကလေး။ ကျွန်တော် အရင်ဆုံးသွားတွေ့ဖို့ စိတ်ကူးမိတဲ့ကလေး။



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့...ကျွန်တော်တွေ့ပါတယ်..."

"မင်းသိချင်တဲ့ဟာတွေ ...သူပြောပြလိမ့်မယ် ... သူ့ဆီကိုသွားပါ.."

အခုတော့၊ ဒီလူကြီးဟာ သူတောင်းစားတစ်ယောက်မဟုတ်ဘူး ဆိုတာကို ကျွန်တော် စိတ်ချလက်ချယုံကြည်လိုက်ပါတယ်။

ကျွန်တော်ဟာ အခန်းထဲက နာနာဘာဝကျွေကို တွန်းထိုးဖယ်ပြီး ကလေးလေးရှိရာကို လာခဲ့တယ်။ ကလေးဆီရောက်တော့ ကျွန်တော် အတော်မောနေပြီ။ အသက်ကို ပြင်းပြင်းရှူနေရတယ်။

"ငါ့ကိုပြောပြပါ...မင်းဒီမှာ ဘာလာလုပ်တာလဲ ... ကျန်တဲ့သူတွေ ကရော...ဒီမှာ ဘာလာလုပ်ကြတာလဲ ... ငါသိရအောင်ပြောပြပါလား ..."

ကျွန်တော်က တောင်းတောင်းပန်ပန်နဲ့ ပြောလိုက်ပါတယ်။

ကလေးက သူ့ရဲ့မျက်လုံးတွေကို ဖွင့်လိုက်တယ်။ သူ့ရဲ့မျက်လုံး ကျယ်ကြီးထဲမှာ အုံ့သြနေတဲ့အရိပ်အယောင်တွေပေါ်နေတယ်။

"အစ်ကို...မသိဘူးလား..."

ကလေးလေးက မေးလိုက်တယ်။

ကျွန်တော်က မသိကြောင်းဝန်ခံပြောပြလိုက်တယ်။

"မနက်ဖြန်ကျရင် ... လူတစ်ယောက်သေရတော့မယ် ... သူ တကယ်သေရမယ်မဟုတ်လား..."

"ဟုတ်ပါတယ် ... မနက်အရုဏ်ချိန်မှာဖြစ်ပါတယ် ..."

"အဲဒီလူကို ... အစ်ကိုသတ်ရမယ် ... အစ်ကိုတကယ်သတ်ရမယ် မဟုတ်လား ..."

"ဟုတ်ပါတယ် ... ဒါဟာအမှန်တွေပဲ ... သူ့ကိုသတ်ဖို့ ကျုပ်က တာဝန်ပေးထားတယ် ..."

**သက်တံဆည်းဆာစာစဉ**

www.burmeseclassic.com

www.burmeseclassic.com



"အခုအခြေအနေတွေကို ... အစ်ကိုနားမလည်ဘူး...မဟုတ်လား"

"ဟုတ်တယ် .. ကျုပ်နားမလည်ဘူး ..."

"ဒါတွေကိုနားလည်ဖို့ကိစ္စဟာ ... လွယ်လွယ်လေးပါ ... ဒီလူတွေ အားလုံးသေဒဏ်စီရင်ချိန်မှာ ... ရှိနေဖို့အတွက် ရောက်လာကြတာ .. ကျွန်တော်တို့အားလုံး ... အစ်ကို့လုပ်ဆောင်ချက်တွေကိုကြည့်ဖို့ ရောက်လာကြတာ ... အစ်ကိုလူသတ်သမားတစ်ယောက်ဖြစ်သွားတာကိုမြင်ချင်လို့ ရောက်လာကြတာ ... ကျွန်တော်တို့ရောက်လာကြတာဟာ ... ပိုပြီး ပြည့်စုံသွားအောင် ... သဘာဝတရားက ဖန်တီးလိုက်တာ ... မဟုတ်ဘူးလား..."

"ဘယ်လိုသဘာဝတရားလဲ ... ဂျွန်ဒေါ်ဆင်ကိုသတ်တာ ... ခင်းတို့နဲ့ ဘယ်လိုပတ်သက်နေလို့လဲ ..."

"အစ်ကိုဟာ ... ကျွန်တော်တို့အားလုံးကို ... ကိုယ်စားပြုထားတဲ့ လူတစ်ယောက် ... ဒီတော့ ... ကျွန်တော်တို့ဟာလဲ ... ဂျွန်ဒေါ်ဆင်ကို သေဒဏ်စီရင်တဲ့အထဲမှာပါတာပေါ့ ... ပါရမှာပေါ့ ... ကျွန်တော်တို့မပါဘဲ – ဒီကိစ္စကို အစ်ကိုမလုပ်နိုင်ပါဘူး ... အခု ... အားလုံးကိုရှင်းရှင်းလင်းလင်း သိသွားပြီမဟုတ်လား ..."

ကလေးလေးက စကားပြောနေရင်းမှာပဲ၊ ကျွန်တော်ငယ်ငယ်တုန်းကနဲ့ ပိုပြီးတူလာတယ်။

အခုဆိုရင်၊ ကျွန်တော်နားလည်စပြုလာပါပြီ။

လူတစ်ယောက်ကိုကျွန်တော်သတ်လိုက်တယ်။ အများအမြင်မှာ လူသတ်သမားဟာတစ်ယောက်တည်း။ ဒါပေမယ့် ကျွန်တော်ဟာ လူတစ်စုလုံး ကိုယ်စားပြုထားသူတစ်ယောက်။ ဒီတော့၊ ကျွန်တော်နဲ့ အဲဒီလူစုဟာ တစ်သွေးတည်းတစ်သားတည်း၊ တစ်စိတ်တည်းတစ်ဝမ်းတည်း ခွဲမရတော့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ တစ်ဦးတည်းလူသတ်သမားဖြစ်သွားရတာမဟုတ်။ ကျွန်တဲ့လူစုလည်း လူသတ်သမားတွေဖြစ်သွားရပါတယ်။

"သဘောပေါက်သွားပြီမဟုတ်လား ..."

"ဟုတ်တယ် ... သဘောပေါက်သွားပြီ...."

ကျွန်တော်က ဝန်ခံလိုက်တယ်။

"သနားစရာကောင်းလိုက်တဲ့ ... လူလေးရယ် ... သနားဖို့ကောင်းလိုက်တဲ့ ... လူလေးရယ် ..."

အမေ့ရဲ့ပါးစပ်က တိုးတိုးလေးပြောနေသံကို ကြားလိုက်ရပြန်တယ်။ အမေ့ကိုကြည့်လိုက်မိတယ်။ အမေ့နှုတ်ခမ်းတွေဟာ ဆရာရဲ့ခေါင်းက ဆံပင်တွေလို မွဲပြာပြာအရောင်ဖြစ်နေပြီ။

* * *

"သူ ဆာနေပြီ ..."

မမျှော်လင့်ဘဲ ဂိုင်ဒီရှုန်ရဲ့အသံကို ကြားလိုက်ရတယ်။

သူလှေကားပေါ်ပြန်တက်လာတဲ့ခြေသံကို ကျွန်တော်မကြားလိုက်ရဘူး။ သူတော်စင်တွေဟာ ဒီလိုပါပဲ။ သူတို့လမ်းလျှောက်တာ၊ ရယ်တာ စားတာ၊ ဆုတောင်းတာ၊ အဲဒါတွေဘာပဲလုပ်လုပ်၊ အသံမထွက်ဘူး။ မကြားရဘူး။

"မဖြစ်နိုင်ဘူး..."

ကျွန်တော်က ပြန်ငြင်းလိုက်တယ်။

ကျွန်တောကတော့ ဂျွန်ဒေါ်ဆင်မဆာဘူးလို့ စဉ်းစားနေတယ်။ သူဟာ သေရတော့မယ့်လူတစ်ယောက်။ သူ့လိုလူတစ်ယောက်ဟာ ဘယ်လိုလုပ်ပြီး ဆာနေနိုင်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"သူကိုယ်တိုင်က...ပြောလိုက်တာ..."

ဂိုင်ဒီရွန်က အခိုင်အမာပြောနေပြန်တယ်။ သူ့အသံက စိတ်လှုပ်ရှားမှုကြောင့် တုန်ခါနေတယ်။

အခန်းထဲက လူတွေအားလုံး ကျွန်တော့်ကို လှမ်းကြည့်နေကြတယ်။ အခုလောက်ဆို အိုင်လာနာမငိုတော့ဘူး။ ဂျိုအာ့(ဘ်)လည်း သူ့သက်သည်းတွေကို အကြာကြီးကြည့်မနေအားတော့ဘူး။ ဂက်(ဒ်)ရဲ့အကြည့်တွေက နွမ်းလျလျအကြည့်ဖြစ်နေတယ်။ နောက်၊ အခန်းထဲရောက်နေတဲ့နာနာဘာဝတွေ။ သူတို့လည်း ကျွန်တော့်ဆီက တုန့်ပြန်မှုတစ်ခုခုကို မျှော်လင့်ထားသလိုနဲ့ ကြည့်နေကြတယ်။ ကျွန်တော်ဆီက အော်လိုက်တဲ့အသံတစ်ခုထွက်လာမလားလို့ မျှော်လင့်ထားပုံရပါတယ်။

"သူ...သေရမှာကိုသိလား ..."

ကျွန်တော်ဟာ ဂိုင်ဒီရွန်ကိုမေးလိုက်တယ်။

"သိတယ် ... ကိုယ်သူ့ကိုပြောလိုက်တယ် ..."

"သူ...ဘယ်လိုဖြစ်သွားလဲ..."

သူဘယ်လိုဖြစ်သွားလဲ။ သိလိုက်ရလို့ ဘယ်လိုခံစားမှုမျိုးနဲ့ တုန့်ပြန်ခဲ့လဲ။ သူဟာကြားရတာနဲ့ တုန်လှုပ်သွားလား။ ပိုပြီးငြိမ်သွားလား။ သူဟာ အပြစ်မရှိတဲ့လူတစ်ယောက်လို့ ပြန်ပြောခဲ့လား။ ဒါဟာ၊ ကျွန်တော်သိထားရမယ့် အရေးကြီးတဲ့အချက်တွေ။

"ကိုယ်ပြောလိုက်တော့ ... သူကပြုံးလိုက်တယ် ... ပြီးတော့ ... သူလည်းသိတယ်တဲ့ ... သူ့ဗိုက်ကပြောနေတယ်တဲ့ ..."

"သူဆာနေတယ်လို့ ... ပြောသေးလား..."

ဂိုင်ဒီရွန်က သူ့လက်နှစ်ဘက်ကို လိမ်ယှက်ပြီး သူ့နောက်ဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com


ထားလိုက်တယ်။

"အဲဒါလည်းပြောတယ် ... သူဆာနေတယ်တဲ့ ... သူက ... နောက်ဆုံးအနေနဲ့ ... ညစာကောင်းကောင်းတစ်ပွဲလောက်စားချင်တယ်တဲ့..."

ဒီစကားကိုကြားရတော့ ဂက်(ဒ်)ကရယ်လိုက်တယ်။ သူ့ရယ်သံက ခြောက်ကပ်ကပ်ကြီးဖြစ်နေတယ်။

"တော်တော်အင်္ဂလိပ်လူမျိုးပီသတဲ့လူ..."

ဂက်(ဒ်)ကပဲ မှတ်ချက်ချလိုက်တယ်။

သူ့ရဲ့မှတ်ချက်ချတဲ့စကားသံက ကျွန်တော်တို့ရဲ့ခေါင်းပေါ် လေထဲမှာ လွှင့်ပျံ့သွားတယ်။ ဘယ်သူကမှ သူ့စကားကိုလက်ခံတဲ့အကြောင်း ထုတ်မပြောပြဘူး။ အဖေကတော့၊ ကျွန်တော့်ကိုငုံ့စောင်းကြည့်လိုက်တယ်၊ အဖေ့အကြည့်က အဓိပ္ပာယ်ပါတဲ့အကြည့်။ စကားလုံးတွေပါတဲ့အကြည့်၊ "လူတစ်ယောက်သေရတော့မယ်၊ သူဆာနေတယ်"။ အဖေပြောချင်တဲ့စကားကဒါပဲ။

"ကျွေးလိုက်ပါ...အင်္ဂလိပ်တွေရဲ့ဗိုက်ထဲမှာ ... သံနဲ့လုပ်ထားတဲ့ ... အစာချေစက်ရှိတယ်..."

ဂက်(ဒ်)က ထပ်ပြောလိုက်တယ်။ သူ့စကားကို ဘယ်သူမှ အလေးနက်ထားမနေကြတော့။

ရုတ်တရက် ကျွန်တော့်ဗိုက်ကို ဓါးနဲ့ထိုးလိုက်သလိုဖြစ်သွားပြီး စူးကနဲတစ်ချက်ထိုးပြီးနာလိုက်တာ။ ကျွန်တော် တစ်နေ့လုံး ဘာမှမစားပဲ နေလာခဲ့တယ်။

"ကျွန်မ ... သူစားဖို့တစ်ခုခုသွားလုပ်လိုက်မယ် ..."

အိုင်လာနာကပြောပြီး မီးဖိုခန်းထဲဝင်သွားတယ်။

သက်တံ့ဆည်းဆာစာစဉ

www.burmeseclassic.com

www.burmeseclassic.com



နောက် ပေါင်မုန့်လှီးသံ၊ ရေခဲသေတ္တာဖွင့်တဲ့အသံ၊ ကော်ဖီဖျော်တဲ့အသံတွေကို ကျွန်တော်ကြားနေရတယ်။ နည်းနည်းကြာသွားတော့၊ အိုင်လာနာဟာ တစ်ဘက်ကကော်ဖီခွက်၊ တစ်ဘက်က မုန့်ပန်းကန်ကိုင်ပြီး ပြန်ထွက်လာတယ်။

"ဒါ...ကျွန်မတွေးတာတွေကို လုပ်လာတာပဲ ... ဆင်းဒဝစ်နဲ့ ကော်ဖီကြမ်း ... သကြားတော့မရှိဘူး ... သိပ်တော့မကောင်းဘူး ... ဒါပေမယ့် အကောင်းဆုံးဖြစ်အောင်တော့လုပ်လာတယ် ..."

သူမကပြောပြီး စကားကို ခဏမျှရပ်လိုက်သေးတယ်။ နောက်မှ ဆက်ပြောလိုက်တယ်။

"ဘယ်သူ ... သွားပို့မလဲ ..."

အဲဖွေနံဘေးမှာရပ်နေတဲ့ကလေးလေးက ကျွန်တော့်ကို ခပ်စူးစူး ကြည့်လိုက်တယ်။ သူ့အကြည့်က စကားသံတစ်ခု။ ပြောလိုက်တဲ့စကား ဘစ်ခု။ သူ့စကားက–

"သွားပေးလိုက်ပါ...သူစားဖို့ယူသွားပေးလိုက်ပါ ... သူဆာနေ ဘယ်ဆိုတာ ... အစ်ကိုသိပါတယ်..."

"သွားမပေးဘူး ... မပေးဘူး .. သူ့ကိုကျုပ်မမြင်ချင်ဘူး... သူစား နေတာကိုမကြည့်ချင်ဘူး ... သူ့အကြောင်းကိုပဲ စဉ်းစားချင်တယ်။ နောက်... ဘယ်တော့မှ...အစာမစားရတော့တဲ့လူတစ်ယောက်အကြောင်းကိုပဲ ... တွေး နေချင်တယ်..."

ကျွန်တော်ကငြင်းလိုက်တယ်။

ကျွန်တော်က ဗိုက်နာနေတဲ့အကြောင်းကလေးကို ဆက်ပြော လိုက်ဖို့ စိတ်ကူးလိုက်သေးတယ်။ ဒီစကားက သိပ်အရေးမကြီးဘူးလို့ ထင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး၊ တခြားစကားပြောင်းပြောလိုက်တယ်။

"အခုလိုအချိန်မျိုးမှာ ... သူနဲ့နှစ်ယောက်ထဲမနေချင်ဘူး..."

ဒီအခါ၊ ကလေးလေးက–

"ကျွန်တော်တို့လိုက်ခဲ့မယ် ... ဆာနေတဲ့လူတစ်ယောက်ရဲ့ လက်ထဲက ... အစာကို ပြန်ယူလိုက်တယ်ဆိုတာ ... မှားတဲ့အလုပ်တစ်ခုပဲ ... ဒါကို အစ်ကိုသိပါတယ်..."

ဟုတ်ပါတယ်။ အဲဒါကို ကျွန်တော်သိပါတယ်။ ကျွန်တော်ဟာ ဆာနေတဲ့လူတွေကို အမြဲတမ်းအစာကျွေးလေ့ရှိပါတယ်။ ကျွန်တော်က သူတောင်းစားဦးလေးကြီးဘက်လှည့်ပြီး–

"ကျွန်တော်ဟာ – ဆာနေတဲ့လူကို အစာပေးတတ်တာကို ... ဦးလေးသိတယ်မဟုတ်လား ... ကျွန်တော် ... ဦးလေးကို ပေါင်မုန့်ပေးတာကို ... ဦးလေးမှတ်မိတယ်မဟုတ်လား ... ဒါပေမယ့် ... ဒီညမှာတော့ ... အရင်လိုမဟုတ်တော့ဘူး ... ဒီညမှာတော့ ... မလုပ်နိုင်တော့ဘူး..."

ကျွန်တော်ပြောလို့ပြီးတော့၊ ကလေးလေးက–

"အစ်ကိုပြောတာမှန်တယ် ... ဒီညဟာ အရင်လိုမဟုတ်ဘူး... အစ်ကိုလဲ ... အရင်တုန်းကလို လူတစ်ယောက်မဟုတ်တော့ဘူး ... ဒါပေမယ့် အစ်ကိုသွားပေးသင့်တယ် ... သူ့ကို အစာသွားပေးတာဟာ ... သူကြုံရမယ့် သေခြင်းတရားနဲ့မဆိုင်ဘူး ... ဆာနေတဲ့လူတစ်ယောက်ကို ... အစာသွားကျွေးတာပဲဖြစ်တယ် ..."

"ဒါပေမယ့် ... သူဟာ မနက်ဖြန်သေရတော့မယ်မဟုတ်လား ... သူသေသွားပြီးမှ ... ဘယ်သူမှလာပြီး ... သူ့ဗိုက်ထဲမှာအစာရှိတယ် ... မရှိဘူးဆိုတာ ... အရေးတယူလုပ်ပြီးပြောနေရမယ့်ကိစ္စမဟုတ်ဘူး"

www.burmeseclassic.com



"ဒီမှာအစ်ကို ... ကျွန်တော် တစ်ခုပြောမယ် ..."

ကလေးလေးက၊ စကားကိုခဏရပ်လိုက်တယ်။

အဖေက ကျေနပ်တဲ့အမူအရာနဲ့ ခေါင်းတငြိမ့်ငြိမ့်လုပ်နေတယ်။ ကျန်တဲ့ နာနာဘာဝတွေကတော့ ကလေးဆက်ပြောမယ့်စကားကို အာရုံစိုက်နေကြတယ်။

"အခုချိန် ... သူဟာ အသက်ရှင်နေသေးတယ် ... အသက်ရှင်နေသလို ... ဆာလောင်ငတ်မွတ်နေတယ် ... သူ့ကို ဘာအစာမှမကျွေးသင့်ဘူးလို့ဆိုပြီး ... အစ်ကိုငြင်းလိုက်မလား .."

ကလေးလေးရဲ့၊ တိုတိုနဲ့ထိထိမိမိရှိတဲ့စကားကြောင့် နာနာဘာဝတွေဟာ သဘောကျသွားပြီး ခေါင်းတငြိမ့်ငြိမ့်လုပ်နေကြတယ်။ သူတို့ခေါင်းငြိမ့်နေတာဟာ အမှောင်ထဲမှာ သစ်ပင်ထိပ်ဖျားတွေ လေတိုက်လို့လှုပ်နေသလိုဖြစ်နေတယ်။

ကျွန်တော်ကတော့ တုန်လှုပ်သွားတယ်။ ရက်လည်းရက်သွားတယ်။ ကျွန်တော့်မျက်လုံးတွေကိုမှိတ်ထားလိုက်ချင်လာတယ်။ ဒါပေမယ့် အခုလိုအချိန်၊ အဖေ့ရှေ့မှာမျက်လုံးစုံမှိတ်ပြီးတော့ မနေချင်ဘူး။

"ကောင်းပြီ...ကျုပ်လက်ခံလိုက်ပြီ ... သူ့ကိုစားစရာတွေယူပြီးသွားကျွေးလိုက်မယ်..."

ကျွန်တော်အခုလိုသဘောတူလိုက်တော့၊ သူတို့အားလုံး သဘောကျလို့ ခေါင်းတငြိမ့်ငြိမ့်နဲ့ ဖြစ်သွားကြတယ်။

"ကျုပ်အစာသွားကျွေးလိုက်မယ်...ဒါနဲ့ ... ဟစ်ခုတော့မေးပါရစေ – သေသွားပြီးတဲ့လူတွေရော ... ဆာတတ်လား ..."

ကျွန်တော်က ကလေးလေးကိုမေးလိုက်တယ်။ ကျွန်တော့်စကား



www.burmeseclassic.com

www.burmeseclassic.com



ကို ကလေးလေးကအလွန်အံ့သြသွားတယ်။

"ဘာ ... အဲဒါ အစ်ကိုမသိဘူးလား ... သူတို့လည်းဆာတာပေါ့"

"ဒါဆို ... သူတို့ကို...ကျုပ်တို့အစာကျွေးလို့ရတာပေါ့..."

"ဘယ်လိုမေးလိုက်တာလဲ ... သူတို့ကိုအစာကျွေးလို့ရတယ်... ဒါပေမယ့်...ခက်နေတာက..."

ကလေးလေးက စကားကိုရပ်ထားလိုက်တာနဲ့ ကျန်တဲ့ နာနာဘာဝတွေက–

"ခက်နေတာက ... ခက်နေတာက ... ခက်နေတာက ..."

ဆိုတဲ့စကားကို သံပြိုင်ပြောလိုက်ကြတယ်။

"အစ်ကိုကို ... လျှို့ဝှက်ချက်တစ်ခုပြောပြမယ် ..."

သူက ခပ်တိုးတိုးလေးပြောလိုက်တယ်။ နောက်ဆက်ပြီး–

"သေပြီးသူတွေ ... သန်းခေါင်ချိန်ရောက်ရင် ... သူတို့အုတ်ဂူတွေထဲက ... ထွက်လာကြတယ်ဆိုတာ ... အစ်ကိုသိတယ်မဟုတ်လား ..."

"သိတယ်..."

"သေပြီးသူတွေ ... သချိုင်းကနေပြီး ... ဘုရားရှိခိုးကျောင်းကို သွားကြတယ်လို့ ... အစ်ကိုပြောခဲ့တယ်မဟုတ်လား..."

"ဟုတ်တယ်...ပြောခဲ့တယ်.."

"ဟုတ်တယ်...အဲဒါအမှန်ပဲ..."

ကလေးလေးကပြောပြီး စကားကိုရပ်ထားလိုက်တယ်။ အခန်းထဲမှာ အတော့်ကိုတိတ်ဆိတ်နေတယ်။အားလုံးငြိမ်ဆိတ်ပြီး ကလေးကိုသာ ကြည့်နေကြတယ်။ အခုလို ငြိမ်ဆိတ်နေတာဟာ နောက်ပြောမယ့်စကားက ပိုပြီးလေးနက်မယ့်စကားဖြစ်ကြောင်းကို ပြရာရောက်နေတယ်။ ကလေးလေး

www.burmeseclassic.com



က စကားဆက်ပြောလိုက်ပါတယ်။ သူ့အသံက၊ ကျွန်တော်ကိုယ်တိုင် မပြောခဲ့ဘူးတဲ့လေသံ။ နောက်၊ ကျွန်တော်ဘယ်တော့မှ ကြားဖူးမှာမဟုတ်တဲ့စကား။

"ဟုတ်တယ်...အဲဒါအမှန်ပဲ... သူတို့အားလုံး ... သန်းခေါင်ညတိုင်း ဘုရားကျောင်းမှာတွေ့ဆုံကြတယ် ... အစ်ကိုထင်ထားတဲ့ ရည်ရွယ်ချက်မျိုးနဲ့ ... ဘုရားကျောင်းလာကြတာမဟုတ်ဘူး ... သူတို့ ဆုတောင်းဝတ်ပြုဖို့လာကြတာမဟုတ်ဘူး .. သူတို့စားဖို့လာကြတာ..."

ကလေးလေးက စကားကိုအဆုံးသတ်လိုက်တယ်။

ရုတ်တရက်၊ အခန်းထဲမှာရှိတဲ့၊ နံရံတွေ၊ ကုလားထိုင်တွေ၊ ခေါင်းအုပ်မကျန် အားလုံး ကျွန်တော့်ကို ဝိုင်းပတ်လည်သွားကြတယ်။ မကြားဖူးတဲ့သံစဉ်တစ်ခုနဲ့အတူ ယိမ်းကနေကြသလိုဖြစ်လာတယ်။ အားလုံးသောအရာတွေဟာ အပေါ်လေထဲ လုံးလုံးမရောက် ကြမ်းပြင်မှာမထိ။ အပေါ်နဲ့အောက်လွတ်နေပြီး ဝိုင်းပတ်နေကြတယ်။ ကျွန်တော်ဟာ ဝိုင်းပတ်နေတဲ့ဝက်ဝိုင်းကွင်းတစ်ခုရဲ့ အလည်တည့်တည့်ကိုရောက်နေတဲ့ လူတစ်ယောက်ဖြစ်သွားတယ်။ ကျွန်တော်က နားနဲ့မျက်လုံးကိုပိတ်ထားလိုက်ဖို့ ကြိုးစားလိုက်တယ်။ ဒါပေမယ့်၊ အဖေ၊ အမေ၊ ဆရာ၊ သူတောင်းစားကြီးနဲ့ ကလေးလေး။ သူတို့အားလုံးလည်း ကျွန်တော့်ကို ဝိုင်းပတ်လည်နေကြတယ်။ ဒီတော့ ကျွန်တော်နားနဲ့ မျက်လုံးကို မပိတ်နိုင်တော့ဘဲ ဖြစ်သွားတယ်။

"ဒီစားစရာတွေ ... ကျွန်တော့်ကိုပေး ... ကျွန်တော်သွားပေးလိုက်မယ် ..."

ကျွန်တော်က အိုင်လာနာကိုပြောလိုက်တယ်။

သက်တံဆည်းဆာ၈

www.burmeseclassic.com


ကျွန်တော့်စကားသံထွက်သွားတာနဲ့ အခန်းထဲလည်ပတ်နေတဲ့ အရာတွေအားလုံးရပ်သွားကြတယ်။ အားလုံးသောအရာတွေအတွက် ကျွန်တော့်ရဲ့စကားသံက အချက်ပြလိုက်သလိုဖြစ်သွားတယ်။

ကျွန်တော်က ပြောပြီးတာနဲ့ အိုင်လာနီဆီရောက်သွားတယ်။ သူမ ကအခုထိ၊ မီးဖိုခန်းရဲ့တံခါးဝမှာရပ်နေတုန်းပဲရှိသေးတယ်။ ရတ်တရက် ဂက်(ဒ်)က ကျွန်တော်ရှေ့ကဖြတ်ပြီး အိုင်လာနာဆီရောက်သွားတယ်၊ ပြီးတော့–

"ကိုယ်သွားပေးလိုက်မယ်..."

ပြောပြီး၊ အိုင်လာနာရဲ့လက်ထဲက မုန့်ပန်းကန်နဲ့ကော်ဖီခွက် လှမ်းယူလိုက်တယ်။ သူက ရုတ်တရက် ဖျတ်ကနဲဆွဲယူလိုက်တော့ ပန်းကန်တွေ အောက်လွတ်ကျသွားမလိုဖြစ်သွားတယ်။ နောက်၊ သူဟာ မီးဖိုခန်းထဲဝင်ပြီး လေကားမှနေပြီး မြေအောက်ခန်းကိုဆင်းသွားတော့တယ်၊

"နှစ်နာရီထိုးပြီပြီ ..."

ဂျိုအာ့(ဘ်)က သူ့နာရီကိုငုံ့ကြည့်ပြီးပြောလိုက်တယ်။

"ဒါဟာနောက်ဆုံးပဲလား...ဒီညဟာ ... တော်တော်ရှည်တယ် – ကျွန်မမတွေ့ကြုံဖူးတဲ့ညတွေထဲမှာ ... ဒီညဟာအရှည်ဆုံးပဲ ..."

အိုင်လာနာက စောင့်နေရတာကို ငြီးငွေ့သွားသလိုပြောလိုက် တယ်။

"ဟုတ်တယ်...တော်တော်ရှည်တဲ့ည.."

ဂျိုအာ့(ဘ်)က၊ အိုင်လာနာစကားကို ထောက်ခံလိုက်တယ်၊

အိုင်လာနာက သူမရဲ့နှုတ်ခမ်းကိုကိုက်တယ်။ ပြီးမှ–

"ဒီခဏငယ်ဆိုတဲ့အချိန်လေးတွေဟာ ... ဘယ်တော့မှဆုံးမှာ


www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလို့ ကျွန်မထင်တယ် ... ဒီခဏငယ်ဆိုတဲ့အချိန်လေးရဲ့ အဆုံးဟာလည်း မသေချာဘူး...မိုးရွာသလိုပါပဲ... အခုဒီမှာဖြစ်နေတဲ့ကိစ္စတွေဟာ ... မိုးရွာနေသလိုပဲ ... ရွာမဆုံးတော့ပဲ ... အမြဲရွာတော့မယ့်အနေအထားမျိုး ဖြစ်နေတယ် .... တစ်ခါတစ်လေ ... ကျွန်မကိုယ်ကျွန်မပြောနေမိတယ် ... ဒီနေ့မိုးရွာတယ် ... မနက်ဖြန်လဲ ရွာဦးမယ် ... နောက်တစ်ရက်လည်း ထပ်ရွာဦးမယ် ... နောက်တစ်ပတ် ... နောက်ရာစုနှစ်တစ်ခုထိ ... မိုးကဆက်ရွာနေမှာပဲလို့ ... အခု ... ဒီညမှာ ... ဒီလိုစကားမျိုး ... ကျွန်မကိုယ်ကျွန်မ ပြောနေမိပြန်တယ် ... အခုဒီည ... နောက်တစ်နေ့ည ... နောက်နေ့ည ... နောက်တစ်ပတ်ရဲ့ည ... နောက်ရာစုနှစ်ရဲ့ည ... ည .... ညတွေ ... မဆုံးနိုင်တဲ့ညတွေလို့ ..."

သူမကပြောပြီးလို့ မောသွားမလိုဖြစ်သွားပြီး ပါးစပ်ကလေးကို မှုတ်ထုတ်လိုက်တယ်။ နောက်၊ ဘလောက်အင်္ကျီအိတ်ထဲက လက်ကိုင်ပုဝါ သုတ်ပြီး နဖူးကိုသုတ်လိုက်တယ်။ နောက်–

"အခုလိုအချိန်မျိုးမှာ ... ဒီအခန်းထဲမှန်းကြပ်ကြီးဖြစ်နေတာ မယုံနိုင်စရာပဲ ...

"မနက်စောစောပိုင်းဆိုရင်တော့ ... အေးလာမှာပါ ..."

သူမကို ဂျိုအာ့(ဘ်)က နှစ်သိမ့်စကားဆိုလိုက်တယ်။

"ကျွန်မလည်း ... မျှော်လင့်ထားတယ် ... ဒါနဲ့ ... မနက် ... နေဘယ်အချိန်ထွက်မလဲ ..."

"ငါးနာရီလောက်ထွက်မယ် ..."

"အခု ... ဘယ်အချိန်ရှိပြီလဲ ..."

"နှစ်နာရီ ... နှစ်ဆယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဂျိုအော့(ဘ်)က သူ့နာရီကိုကြည့်ပြီး ပြန်ဖြေလိုက်တယ်။

"မင်း မအိုက်ဘူးလား ... အီလီရှာ ..."

အိုင်လာနာက ကျွန်တော့်ကိုလှမ်းမေးလိုက်တယ်။

"ကျွန်တော်လည်း ... အိုက်စပ်စပ်ကြီးဖြစ်နေတယ် ... "

အိုင်လာနာက စားပွဲသွားပြီး ကုလားထိုင်မှာထိုင်လိုက်တယ်။

ကျွန်တော်ကတော့ ပြတင်းပေါက်ဆီလျှောက်လာပြီး အပြင်ဘက် လှမ်းကြည့်လိုက်တယ်။

မြို့ဟာ ဟိုးအဝေးတစ်နေရာရောက်နေပြီး၊ အသေချာမတွေ့ရ သလိုဖြစ်နေတယ်။ တစ်မြို့လုံး ငြိမ်သက်နေကြတယ်။ ဒီအချိန်ဆို လူတွေ အိပ်မောကျနေတဲ့အချိန်။ အိပ်မက်တွေလဲ မက်နေမှာပဲ။ အိပ်မက်တွေက စိုးရိမ်ပူပန်မှုနဲ့ မျှော်လင့်ချက်တွေရောနေတဲ့ အိပ်မက်တွေပဲဖြစ်မှာပါ။ ဒီ အိပ်မက်တွေဟာ မနက်ဖြန်အတွက် မက်နေကြတာလို့ ကျွန်တော်ထင်တယ်၊ မနက်အရုဏ်ချိန်မှာ အသက်ပေးဖို့၊ အခုညကတည်းက ပြင်ဆင်နေတဲ့ ကျွန်တော်တို့လူရဲ့နေရာမှာပြန်ပြီး အစားထိုးဖို့အတွက် မွေးဖွားလာမယ့် သူ့ရဲကောင်းတွေကိုတွေးပြီး အိပ်မက်တွေမက်နေကြမှာဖြစ်ပါတယ်။

"ကျွန်တော်လည်း အတော်အိုက်စပ်စပ် ... ပူလော့င်လောင် ဖြစ် နေတယ် ... အသက်ရှူရတာမွန်းကြပ်ကြီး ဖြစ်နေတယ် အိုင်လာနာ..."

ကျွန်တော်က အိုင်လာနာကိုလှည့်မကြည့်ဘဲ ပြောလိုက်တယ်၊

* * *

ကျွန်တော်ဟာ ပြတင်းပေါက်နားမှာ ဘယ်လောက်ကြာကြာ ရပ် နေမိလည်းဆိုတာမသိ။ လက်တစ်ဘက် ကျွန်တော့်ပုခုံးပေါ်လာတင်လိုက်မှ သတိပြန်ဝင်လာတယ်။ အိုင်လာနာရဲ့လက်တစ်ဘက်။ နောက်–



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာတွေ ... စဉ်းစားနေလဲ ..."

"ကျွန်တော် ... ဒီညအကြောင်းကို စဉ်းစားနေတာ ... အမြဲတမ်း အကြောင်းအရာတစ်ခုတည်းကိုပဲ ... စဉ်းစားနေမိတယ် ..."

"ဂျွန်ဒေါ်ဆင်အကြောင်းလား ..."

"ဟုတ်တယ် ... သူ့အကြောင်းပဲ ..."

ဒီအချိန်မှာ မြို့ရဲ့တစ်နေရာက အလင်းရောင်ပေါ်လာတယ်။ နောက်ချက်ချင်းပြန်ပျောက်သွားတယ်။ လူတစ်ယောက် နာရီထကြည့်တာ သား။ ဒါမှမဟုတ်၊ အမေတစ်ယောက်ယောက်က သူမရဲ့ကလေးပြုံးပြီး အိပ်နေလားဆိုတာ ထကြည့်တာလည်းဖြစ်နိုင်တယ်။

"မင်းက ... သူ့ကိုမမြင်ချင်ဘူးဆိုရင်တောင် ... မင်းသူနဲ့ရင်ဆိုင်ရမှာပဲ ..."

"ကျွန်တော် ... သူ့ကိုမမြင်ချင်ဘူး ..."

တစ်နေ့။ ကျွန်တော်စဉ်းစားနေချိန်မှာ ကျွန်တော့်သားက ကျွန်တော့်ကိုကြည့်ပြီး၊ "အဖေ့ကိုကြည့်ရတာ ဝမ်းနည်းနေသလိုပဲ၊ ဘာဖြစ်လို့လဲ" ဆိုတဲ့စကားမျိုးမေးလာလိမ့်မယ်။ အဲဒါဟာ ကျွန်တော် ဂျွန်ဒေါ်ဆင်ကို သတ်ခင်၊ သူ့မျက်နှာကိုမြင်လိုက်ရတဲ့အတွက် သူ့မျက်နှာဟာ ကျွန်တော့် မျက်လုံးအိမ်ထဲမှာ စွဲထင်ကျန်နေတဲ့အတွက်။ နောက်၊ သေနတ်ကျည်ဆံ ထိမှန်လို့ နာကျင်နေတဲ့ သူ့မျက်နှာလည်း ကျွန်တော့်မျက်လုံးထဲ စွဲလို့ပါပဲ။ ဒီတော့ သူ့မျက်နှာကို မျက်နှာဖုံးစွပ်ထားသင့်တယ်။ မျက်နှာဖုံးစွပ်ထားတဲ့ အတွက် သတ်ရတာ အလွန်လွယ်တယ်။ မေ့သွားဖို့လည်း လွယ်တယ်။

"မင်း...ကြောက်နေလား.."

အိုင်လာနာက ရုတ်တရက်မေးလိုက်တယ်။

www.burmeseclassic.com


"ဟုတ်တယ် ... ကြောက်နေတယ် ..."

ကျွန်တော်က အကြောက်တရားနဲ့ပတ်သက်ပြီး သူမကိုပြောပြသင့်ပါတယ်။

တကယ်တော့၊ ကြောက်တယ်ဆိုတာ ဘာမှမဟုတ်ဘူး၊ အကြောက်ဆိုတာ အရောင်တစ်ခု။ ပေါက်ကွဲမှုတစ်ခု၊ မျက်နှာပြင်တစ်ခု၊ ဒါဟာ ပြဿနာမဟုတ်ပါဘူး။ အသတ်ခံရမယ့်လူနဲ့ သတ်မယ့်လူ။ အဲဒီနှစ်ယောက်အတွက် အကြောက်တရားဟာ အရေးကြီးတဲ့ကိစ္စတစ်ခုမဟုတ်ဘူး။ အကြောင်းကိစ္စတစ်ခုခုက၊ သူတို့နှစ်ယောက်ကို ဒီဇာတ်လမ်းမှာ ပါဝင်ခိုင်းလိုက်လို့သာဖြစ်ပါတယ်။ အဲဒီဇာတ်လမ်းရဲ့ ဇာတ်ဆောင်နှစ်ယောက်ဟာ တကယ်တော့ သူတို့လုပ်ရမှာကို နောက်ဆုံးအချိန်အထိ အစွမ်းကုန်လုပ်သွားကြရမှာသာဖြစ်တယ်။ ပြောရရင်၊ အဲဒီအချိန်မျိုးမှာ နှစ်ယောက်စလုံးအတွက် ဝမ်းနည်းစရာကောင်းတယ်လို့ပြောတာဟာ သက်သက်မဲ့လိမ်ညာပြောတာပဲဖြစ်ပါတယ်။

"မင်း ... ကြောက်နေလား အီလီရှာ ..."

သူမက ဘာဖြစ်လို့မေးလည်းဆိုတာ ကျွန်တော်သိပါတယ်၊ "မင်းဟာ အော့ဖဝစ်အကျဉ်းစခန်းနဲ့ ဘူရှန်ဝေါအကျဉ်းစခန်းတွေမှာ နေလာခဲ့ရတဲ့သူမဟုတ်လား။ တစ်ခါတစ်လေ ဘုရားသခင်ပျောက်ကွယ်သွားတာကို မင်းတွေ့ခဲ့ရတယ်မဟုတ်လား။ အဲဒီတုန်းက မင်းကြောက်နေလား"။ ဒီမေးခွန်းတွေဟာ သူမဆက်ပြီးမေးမယ့်မေးခွန်းတွေဖြစ်မယ်ဆိုတာကို ကျွန်တော် အသေချာသိတယ်။ ဒါပေမယ့် ကျွန်တော်ပြန်ဖြေလိုက်ပါတယ်။

"ဟုတ်ပါတယ် ... ကျွန်တော်ကြောက်နေတယ် ..."

တကယ်တော့ ကြောက်တာဟာ အဓိကအရေးမပါတဲ့အရာတစ်ခု


www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဆိုတာ သူမသိပါတယ်။ သေတာဟာ၊ ပေါက်ကွဲမှုတစ်ခု၊ ကွက်ပြီးပေါ်လာတဲ့အရောင်ရဲ့ အပိုင်းအစတစ်ခုသာဖြစ်တယ်။

"ဘယ်လိုအရာတွေက ... မင်းကိုကြောက်စေတာလဲ ..."

သူမက အခုထိ ကျွန်တော်ပခုံးပေါ်လက်တင်ထားဆဲရှိသေးတယ်။ သူမရဲ့ရင်က ကျွန်တော့်ကိုယ်နဲ့ ထိနေတယ်။ သူမ အသက်ရှူထုတ်လိုက်တိုင်း လေက၊ ကျွန်တော့်လည်ပင်းကိုလာတိုးနေတယ်။ သူမရဲ့အကျီက ချွေးတွေနဲ့စိုနေတယ်။ သူမရဲ့မျက်နှာမှာ စိုးရိမ်ထိတ်လန့်မှုတွေကို တွေ့နေရတယ်။ သူမနားမလည်သေးပါလားလို့ ကျွန်တော့်စိတ်ထဲက မှတ်ချက်ချမိတယ်။

"ကျွန်တော့်ကို ... သူကရယ်စရာတစ်ခုခု လုပ်ပြနိုင်ပါတယ် ... အမူအယာတွေနဲ့ပေါ့ ... အဲဒီအခါကျရင် .. မထိန်းနိုင်ပဲ ကျွန်တော် ရယ်မိသွားနိုင်တယ် ... ကျွန်တော့်ကို ... ရယ်အောင်လုပ်မှာကို ကြောက်နေတယ်.."

သူမက အခုထိ ကျွန်တော်ဆိုလိုတာကိုနားမလည်သေး။ သူမက လက်ကိုင်ပုဝါနဲ့ ကျွန်တော့်ရဲ့လည်ပင်းနားထင်က ချွေးတွေကိုသုတ်ပေးလိုက်တယ်၊ နောက်၊ ကျွန်တော့်နဖူးကို ငြင်ငြင်သာသာလေး နမ်းလိုက်တယ်။ ပြီးတော့—

"မင်းက .. မင်းကိုယ်မင်း သိပ်ပြီးညှဉ်းဆဲနေတာကိုး ... ဓါးစာခံဟာ ... လူရွှင်တော်တစ်ယောက်မဟုတ်ဘူး ... သူတို့မှာ ... ရယ်စရာအကြောင်းလည်းမရှိပါဘူး ..."

သနားစရာကောင်းလိုက်တဲ့ အိုင်လာနာ။ သူမရဲ့အသံက အမှန်တရားတစ်ခုလို ဖြူစင်တယ်။ ဝမ်းနည်းမှုတစ်ခုလို ရိုးသားတယ်။ ဒါပေမယ့် သူမနားမလည်သေးဘူး။ သူမဟာ ပြင်ပက လှုံ့ဆော်မှုတွေကြောင့် အာရုံ



www.burmeseclassic.com

www.burmeseclassic.com



ပွဲ့လွှင့်နေပြီး အဲဒါတွေရဲ့နောက်မှာ ဘာတွေရှိနေတယ်ဆိုတာ မမြင်နိုင်ဖြစ်နေတယ်။

"အစ်မပြောတာဟုတ်နိုင်ပါတယ် ... ကျွန်တော်တို့ကသာ .. သူတို့ကို ရယ်အောင်လုပ်ရမယ် ... သူတို့ရယ်ပြီးသေအောင် ... ကျွန်တော်တို့လုပ်ရမယ်..."

သူမက ကျွန်တော့်ရဲ့လည်ပင်းနဲ့ ဆံပင်ကိုပွတ်သပ်ပေးလိုက်တယ်။ သူမရဲ့ကိုယ်က ကျွန်တော့်ကိုယ်နဲ့ထိကပ်နေတော့ နွေးထွေးတဲ့ ခံစားမှုတွေဖြစ်လာရတယ်။ နောက်၊ သူမက စကားတွေပြောပါတော့တယ်။ သူမအသံမှာ ဝမ်းနည်းမှုတွေပါနေပေမယ့် ကြည်တယ်။ သူမပြောတာက၊ နေမကောင်းတဲ့ကလေးကို ချော့မော့ပြီးနှစ်သိမ့်မှုပေးနေသလို ဖြစ်နေတယ်။

"မင်းက ... မင်းကိုယ်မင်းသိပ်ညှဉ်းဆဲတာပဲ ... မင်းဒီလိုမလုပ်ရဘူး ... မင်းဟာငယ်သေးတယ် ... ဉာဏ်ရည်ထက်မြက်တဲ့သူလည်း ဖြစ်တယ် ... မင်းဟာ ... တစ်ခုခုကို အပြည့်အစုံနားလည်ပြီး ခံစားတတ်တယ်။ မကြာခင် ... အခုကိစ္စကပြီးသွားမှာပါ ... အင်္ဂလိပ်တွေ ဒီကထွက်သွားရင် တို့က ဒီကိုပြန်လာပြီး ... အိုးအိမ်တည်ထောင်မယ် ... တို့ဘဝကိုတို့ ရိုးရိုးသားသား ... အေးအေးချမ်းချမ်းတည်ဆောက်မယ် ... အဲဒီအခါကျရင် ... မင်းလဲ ချစ်တဲ့သူနဲ့အိမ်ထောင်ကျမယ် ... အဲဒီအခါ ကလေးတွေမွေး လာမယ် ... မင်းက မင်းရဲ့ကလေးတွေကို ... ပုံပြင်တွေပြောပြမယ် ... ရယ်စရာတွေပြောပြမယ် ... အဲဒီအခါ ကလေးတွေက ... ရယ်မောပျော်ရွှင်ကြမယ် ... ဒီအခါ ... မင်းလည်းပျော်လာမယ် ... ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေပျော်ရွှင်ရယ်မောနေတာကို တွေ့ရလို့ပဲ ... ကလေးတွေ ပျော်ရွှင်လာမယ်ဆိုတာ သေချာတယ် ... အဲဒါ မင်းကိုငါကတိပေးတယ် ... မင်း



www.burmeseclassic.com

www.burmeseclassic.com



ဒြတ်သန်းခဲ့ရတဲ့ဘဝအခြေအနေနဲ့မတူအောင် ... သူတို့ဘဝကို သူတို့ ဘည်ဆောက်ခွင့်ဘယ်လောက်ရှိမလဲ ... အဲဒါကို မင်းကဖန်တီးပေးရမယ် – မင်း ဒီညကိုမေ့သွားလိမ့်မယ် ... ဒီအခန်း ... ဒီလူတွေ ... အရာရာပေါ့ – နောက်ဆုံး ငါ့ကိုပါမေ့သွားလိမ့်မယ် ..."

အိုင်လာနာရဲ့စကားကိုနားထောင်နေရင်းနဲ့ အမေ့ကိုသတိရလာ ဘယ်။ အမေဟာ စကားပြောရင် ခြေဟန်လက်ဟန်တွေပါတတ်တယ်။ အမေက ကျွန်တော့်ကိုသိပ်ချစ်တယ်။ ကျွန်တော် ကိုးနှစ်၊ ဆယ်နှစ်သား အရွယ်ရောက်တဲ့အထိ၊ အမေက ကျွန်တော့်အိပ်ယာနံဘေးမှာထိုင်ပြီး ပုံပြင် တွေပြောပြတတ်တယ်။ ကျွန်တော်အိပ်ပျော်သွားတဲ့အထိ အမေက စိတ်ရှည် လက်ရှည်လေသံအေးအေးလေးနဲ့ ပြောတတ်တယ်။ နောက်၊ အမေပြောတဲ့ အကြောင်းအရာလေးတစ်ခုရှိပါတယ်။ အဲဒါက၊ ပုံပြင်ထဲက ရွှေရောင် အဆင်းရှိတဲ့ ဆိတ်တစ်ကောင်ရဲ့အကြောင်းဖြစ်ပါတယ်။ ကျွန်တော့်အတွက် အဲဒီဆိတ်ဟာ စိတ်ဝင်စားစရာဖြစ်လာပါတယ်။ အဲဒီဆိတ်ဟာ ကျွန်တော့ နံဘေးမှာ အမြဲရှိတယ်ဆိုတဲ့အကြောင်း။ အဲဒီဆိတ်က၊ ကျွန်တော့်ဘဝကို လမ်းညွှန်ပြပြီး အန္တရာယ်တွေကနေ အကာအကွယ်ပေးလိမ့်မယ်ဆိုတဲ့ အကြောင်း။ တစ်နေ့၊ ကျွန်တော်ချမ်းသာလာပြီး လူတစ်ယောက် သိထိုက်တဲ့ အရာတွေသိလာတဲ့အထိ၊ နောက်၊ လူတကာအပေါ်မှာ ဩဇာလွှမ်းမိုးလာ တဲ့အထိ အဲဒီဆိတ်က ကျွန်တော်နဲ့အတူ အမြဲတမ်းရှိနေမှာဖြစ်တဲ့အကြောင်း တွေကို စီကာပတ်ကုံး ပြောပြခဲ့တယ်။ ပုံပြင်ထဲကဆိတ်ပေမယ့် သူ့အပေါ် ယုံကြည်ထားရင် သူက တုန့်ပြန်ပြီး အခုလိုလာရောက်ကူညီတတ်ကြောင်း၊ စိတ်ဝင်စားစရာကောင်းအောင် အမေကပြောတတ်တယ်။

"အစ်မပြောတာကို နားထောင်ရင်းနဲ့ ... အမေ့ကိုသတိရလာ



www.burmeseclassic.com

www.burmeseclassic.com


တယ်...”

အမေနဲ့ အိုင်လာနာရဲ့လေသံတွေဟာ ခပ်ဆင်ဆင်တူတာတော့ အမှန်ပဲ။ ဒါပေမယ့် အမေ့ရဲ့အသံက ပိုပြီးနားထောင်ကောင်းတယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်ရဲ့အနာဂတ်အတွက်၊ ရွှေရောင်ဆိတ်နဲ့ ပတ်သက်ပြီးပြောတဲ့အခါတုန်းက၊ အမေ့ရဲ့လေသံဟာ ဖြည်းညှင်းပေမယ့် ကျွန်တော့်ရင်ထဲ တစိမ့်စိမ့်တိုးဝင်လာခဲ့တယ်။ အဲဒီဆိတ်အပေါ်မှာလည်း ယုံကြည်စိတ်ချရမှုတွေရှိအောင် အမေက ဆွဲဆောင်ပြီးပြောတတ်တယ်၊ ကျွန်တော်၊ အဲဒီဆိတ်အပေါ်မှာ ယုံကြည်ပြီး အားကိုးချင်လာတဲ့စိတ်တွေ ဖြစ်လာရတယ်။ ဒါပေမယ့်၊ အဲဒီဆိတ်ဟာ ကျွန်တော် ဘန်ချင်ဝေါအကျဉ်း စခန်းရောက်ကတည်းက ကျွန်တော့်အာရုံထဲကနေ ပျောက်သွားခဲ့ရပါတယ်၊

“မင်း တော်တော်ဝမ်းနည်းနေတယ် ထင်တယ် ... ဘာဖြစ်လို့လည်းဆိုတော့ .. ယောကျ်ားတစ်ယောက်ဟာ ... ဝမ်းနည်းကြေကွဲလာတဲ့ အခါမျိုးမှာ ... သူ့အမေရဲ့အကြောင်းကို ပြောလာတတ်တယ် ...”

“မဟုတ်ပါဘူးအစ်မ ... ရုတ်တရက်သတိရလိုက်လို့ပါ...”

အိုင်လာနာ ကျွန်တော့်ကို နားလည်စပြုလာပြီလို့ ကျွန်တော် ထင်လိုက်တယ်။ သူမရဲ့မျက်နှာမှာ စိတ်မကောင်းတဲ့အမူအယာတွေ ပေါ်နေတယ်။ သူမလည်း တိတ်တဆိတ်နဲ့ ပြတင်းပေါက်ကနေပြီး အပြင်ဘက် အမှောင်ထဲကိုစိုက်ကြည့်နေတယ်။ နောက်မှ ဖြည်းဖြည်းလေးပြောပါတယ်၊

“စစ်ဆိုတာ ... ညလိုပဲ ... အားလုံးကိုဖုံးကွယ်ထားလိုက်တယ်-

သူမနားလည်လာပြီဆိုတာ သေချာသွားပါပြီ။သူမက ကျွန်တော့်ရဲ့လည်ပင်းကို ခပ်တင်းတင်းလေးဖိကိုင်လိုက်တယ်။

“တို့က ... ဘာသာရေးယုံကြည်မှုအတွက် ... ပြင်းပြတ်တဲ့စစ်ပွဲ


www.burmeseclassic.com

www.burmeseclassic.com



ကို ဆင်နွဲနေကြတယ်လို့ ပြောကြတယ် ... တို့ဟာ ... တစ်ခုခုအတွက် ... တစ်ခုခုကိုဆန့်ကျင်နေရတယ် ... တစ်ခုခုအတွက် ... အင်္ဂလိပ်ကိုဆန့်ကျင်နေရတယ် ... ပါလက်စတိုင်းနယ်မြေလွတ်မြောက်ဖို့အတွက် ... အင်္ဂလိပ်ကိုတိုက်နေရတယ် ... ဒီလိုပဲ ... တို့အားလုံးပြောနေကြတယ် ... ဒါပေမယ့် ... ဒါတွေဟာ စကားလုံးတွေပဲ ... ဒါတွေဟာ .. တို့လုပ်ဆောင်ချက်တွေကို – အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့စကားပဲ ... တကယ်တမ်း တို့ရဲ့လုပ်ဆောင်ချက်တွေကို ... အမှန်အတိုင်းလက်တွေ့ကျကျပြောရရင် ... သွေးနဲ့တွေနဲ့ သွေးချောင်းတွေပဲလွှမ်းနေတယ်လို့ပဲ ဆိုရမယ် ... စစ်ဖြစ်နေတယ်၊ လူသတ်ရမယ် – တို့ကဒီလိုပဲပြောကြတယ် ... တချို့က ... မင်းတို့လိုလက်နဲ့သတ်ကြတယ် ... တချို့က ... တို့လိုအသံနဲ့သတ်ကြတယ် ... ကိုယ်တတ်နိုင်တာနဲ့သတ်နေကြတယ် ... ဒီ့အပြင် တို့ဘာလုပ်နိုင်သေးလို့လဲ ... စစ်မှာ ဥပဒေရှိတယ် ... အဲဒီဥပဒေကို မင်းငြင်းပယ်ရင် ... မင်းဟာ ရည်ရွယ်ချက်တစ်ခုသုံး ငြင်းပယ်တာပဲ ... ရန်သူ့လက်ထဲ ... အောင်မြင်မှုတွေပေးလိုက်တာပဲ – တို့ဒီလိုတော့လည်းမလုပ်နိုင်ဘူး ... ဒီလိုမျိုးလည်း အဖြစ်မခံနိုင်ဘူး ... တို့က အောင်မြင်မှုကိုလိုချင်တယ်။ အောင်မြင်မှုဟာ စစ်ပွဲထဲမှာပဲရှိတယ်... ဒီတော့ ... တို့ကိုယ်တို့အသက်ဆက်ပြီးရှင်နေအောင် ... အချိန်ဆိုတဲ့ မျက်နှာပြင်ပေါ်မှာ ဆက်ပြီးမျောပါနေနိုင်အောင် လုပ်ရမယ် ..."

သူမဟာ ပုံမှန်အသံနေအသံထားနဲ့ပဲ ပြောသွားပါတယ်။ သူမရဲ့စကားက အိပ်ယာဝင်ပုံပြင်တစ်ပုဒ်လိုပဲ။ အခုဖြစ်ပျက်နေတာတွေဟာ သူမနဲ့ပတ်သက်သလို၊ စိတ်ဓာတ်တက်ကြွမှုနဲ့ စိတ်ဓာတ်ကျမှုမရှိသလို၊ ဖြစ်ရိုးဖြစ်စဉ်တစ်ခုကို လေယူလေသိမ်းမှန်မှန်နဲ့ ပြောသွားတယ်။

အားလုံးကိုခြုံပြီးသုံးသပ်ရင် သူမပြောတာမှန်တယ်။

ဆက်တံဆည်းဆာစာစဉ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ဟာ စစ်နဲ့ရင်ဆိုင်နေရတယ်။ ကျွန်တော်တို့မှာ မျှော်လင့်ချက်ရှိတယ်။ ရည်ရွယ်ချက်ရှိတယ်။ ရန်သူတွေရှိနေတယ်။ ဒါပေမယ့် ကျွန်တော်တို့မျှော်မှန်းထားတဲ့ပန်းတိုင်ရောက်အောင် အစွမ်းကုန် ကြိုးစားရမယ်။ ရန်သူတွေကို သတ်ဖြတ်ချေမှုန်းရမယ်။ ရန်သူတွေ ဒီနယ်မြေက ပျောက်သွားအောင်လုပ်ရမယ်။ ဘယ်လိုလုပ်မလဲ။ ဒီအတွက် ကျွန်တော်တို့မှာ ပြဋ္ဌာန်းပြီးသားရှိတယ်။ ပြဋ္ဌာန်းချက်အားလုံးရဲ့ အဓိပ္ပာယ်က ရန်သူကိုအောင်နိုင်ဖို့ပဲ။ အပြတ်တိုက်ဖို့။ ရည်ရွယ်ချက်တွေ မျှော်မှန်းချက်တွေဟာ နောက်ဆုံးတစ်နေ့မှာတော့ ဖြစ်လာမှာပဲ။ ဒါပေမယ့် ဒါတွေဟာ ကျွန်တော့်အဖို့ အရေးကြီးတဲ့ကိစ္စမဟုတ်ဘူး။ တစ်နေ့ကျရင် မေ့သွားမှာပဲ။

အိုင်လာနာပြောသလို၊ တစ်နေ့ကျရင် အခုကြုံနေရတဲ့ညကို ကျွန်တော်မေ့သွားမယ်ဆိုတာ မှန်တယ်။ ဒါပေမယ့် သေသွားတဲ့လူကိုတော့ မေ့မှာမဟုတ်ဘူး။ သူတို့လည်း သတိရနေမှာပဲ။ သူတို့ရဲ့မျက်လုံးထဲမှာ ကျွန်တော့်ကို လူသတ်သမားတစ်ယောက်အဖြစ်နဲ့ အမြဲတမ်းမြင်နေမှာပဲ။ နည်းလမ်းအမျိုးမျိုးနဲ့လူသတ်ပြီး လူသတ်သမားတစ်ယောက်ဖြစ်လာနိုင်ပါတယ်။ လူတစ်ယောက်က တစ်ကြိမ်ပဲသတ်သတ်၊ ဒီ့ထက်ပိုသတ်သတ် လူသတ်သမားဟာ လူသတ်သမားပဲဖြစ်တယ်။ ကျွန်တော်က လူဘယ်နှစ်ယောက်ပဲသတ်သတ်၊ သတ်တဲ့အချိန် ငါးမိနစ်ပဲကြာကြာ၊ တစ်နေ့ပဲကြာကြာ၊ ကျွန်တော်ဟာ လူသတ်သမားဖြစ်သွားပြီ။ လူသတ်သမားဆိုတဲ့ နာမည်က ဖျောက်၍မရတော့။ သူ့တစ်သက်လုံး၊ လူသတ်သမားဆိုတဲ့ မျက်နှာဖုံးက ကပ်ပါသွားခဲ့ပြီ။ စစ်က ကျွန်တော့်ကို လူသတ်သမား တစ်ယောက်ဖြစ်သွားစေခဲ့ပြီ။ ကျွန်တော်ဟာ တခြားနေရာတစ်ခုမှာ ဘယ်လို ဘဝမျိုးနဲ့ နေထိုင်ခဲ့နေထိုင်ခဲ့၊ လူသတ်သမားတစ်ယောက်ဖြစ်ခဲ့တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဖျောက်၍မရ။

"ကျွန်တော် ... လူသတ်သမားမဖြစ်ချင်ဘူး ..."

ကျွန်တော့်ပါးစပ်က ရုတ်တရက်ထွက်သွားတယ်။

"ဘယ်သူကရော ... ဖြစ်ချင်မှာလဲ ..."

အိုင်လာနာက ပြန်ပြောလိုက်တယ်။ အခုထိ၊ သူမက ကျွန်တော့် သည်ပင်းကို ပွတ်သပ်ဆွဲပေးနေဆဲရှိသေးတယ်။ ကျွန်တော့်စိတ်ထဲမှာ သူမ က ဆံပင်နဲ့လည်ပင်းကို ပွတ်သပ်ပေးနေတယ်လို့မထင်။ သူမက လူသတ် သမားတစ်ယောက်ကို ပွတ်သပ်နှစ်သိမ့်ပေးနေတယ်လို့ပဲ ခံစားနေရတယ်။

ကျွန်တော်က အခန်းထဲစောင်းငဲ့ကြည့်လိုက်တယ်။ စားပွဲပေါ်မှာ သူတို့လက်မောင်းပေါ်ခေါင်းတင်ပြီး အိပ်နေတဲ့ ဂိုင်ဒီရွှန်နဲ့ ဂျူအော့(ဘ်)ကို တွေ့လိုက်ရတယ်။ ဂိုင်ဒီရွှန်အိပ်နေပုံက ဆုတောင်းနေသလိုဖြစ်နေတယ်။ ဂက်(ဒ်)က အခုထိမြေအောက်အခန်းထဲမှာပဲ ရှိနေသေးတယ်။ သူ အခုထိ ပြန်မတက်သေးပဲ ဘာဖြစ်လို့ အခုလိုအကြာကြီးနေတာကို တွေးမိပြီး၊ ကျွန်တော် အံ့ဩသွားတယ်။ အခန်းထဲရှိနေတဲ့ နာနာဘာဝတွေကတော့ ငြိနေဆဲ။ တစ်ဦးနဲ့တစ်ဦး သူတို့ဘာသာသူတို့ စကားပြောနေကြတာ တွေ့ရ တော့ အံ့ဩမိတယ်။ အိုင်လာနာကတော့ တိတ်တိတ်လေးငြိမ်နေတယ်။

"အစ်မ...ဘာတွေစဉ်းစားနေတာလဲ..."

သူမက ဘာမှပြန်မဖြေ။ ခဏနေတော့ ကျွန်တော်ပြန်မေးလိုက် တယ်။ ဒါလည်း ပြန်မဖြေ။ နောက်၊ ကျွန်တော်တို့နှစ်ယောက်စလုံး တိတ် တဆိတ်ပဲနေလိုက်ကြတယ်။ အခုလို တိတ်ဆိတ်နေပြန်တော့၊ ကျွန်တော့် ခေါင်းထဲမှာ ကြောက်စိတ်တွေဝင်လာပြန်တယ်။

ကျွန်တော်ငယ်ငယ်တုန်းက လူသေတွေနဲ့၊ သင်္ချိုင်းကုန်းကို



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တတ်တယ်။ အခု အခန်းထဲရောက်နေတဲ့ နာနာဘာဝတွေကလည်း ကျွန်တော့်ရဲ့ ကြောက်စိတ်ကို ဖန်တီးနေတယ်လို့ ခံစားရပြန်တယ်။ သူတို့က ကျွန်တော့်ကို အဆုံးဖြတ်ပေးဖို့ စောင့်နေကြတာဖြစ်ကြောင်း ကျွန်တော်သိပါတယ်။ ဒီလောကမှာ သူတို့ဘာမှမလုပ်နိုင်ပေ။ ဆုံးဖြတ်ပေးနိုင်တဲ့ အရည်အချင်းတော့ရှိနေတယ်။ တကယ်တော့၊ သူတို့မှာ အတိတ်နဲ့အနာဂတ်အတွက်၊ အာရုံခံစားမှုတွေမရှိဘူး။ ဒီတော့ သူတို့ရဲ့ဆုံးဖြတ်ချက်တွေကို ဂရုဏာတရား၊ ကြင်နာမှုတရားမပါပဲ ချမှာပဲဖြစ်တယ်။ သူတို့က စကားလုံးတွေ၊ လက်ဟန်ခြေဟန်တွေနဲ့ ဆုံးဖြတ်ချက်ပေးကြမှာမဟုတ်ဘူး။ သူတို့ရဲ့ စိတ်လှုပ်ရှားမှုနဲ့သာ ဆုံးဖြတ်ကြမှာဖြစ်တယ်။

ကျွန်တော် နောက်ဘက်လှည့်ပြီး၊ ကျွန်တော့်ကို အဆုံးအဖြတ်ပေးကြမယ့် နာနာဘာဝတွေကို အသေအချာလှည့်ကြည့်ချင်ပါတယ်။ ဒါပေမယ့် ကျွန်တော်ကြောက်နေတယ်။ သူတို့ငြိမ်နေတာလဲ ကျွန်တော့်ကို ဆုံးဖြတ်ချက်ချနေတယ်လို့ ခံစားနေရတယ်။ အခု ဂက်(ဒ်)အပေါ်ပြန်တက်လာပြီးရင် နောက်တစ်ခါဆင်းရမယ့်အလှည့်က ကျွန်တော့်အလှည့်။ အရဏ်အချိန်က ရောက်လာတော့မယ်။ အဲဒီအခါကျရင် အလင်းရောင်ပေါ်လာလို့ နာနာဘာဝတွေလဲ ကွယ်ပျောက်သွားရတော့မယ်။ အခုလောလောဆယ်မှာတော့ ကျွန်တော်ဟာ ပြတင်းပေါက်နားက အိုင်လာနာခုံအောက်မှာရှိနေတယ်။ နောက်မှာတော့ နာနာဘာဝတွေ။

ခဏကြာတော့၊ ကျွန်တော်က ကျွန်တော့်စိတ်ကိုပြောင်းပစ်လိုက်တယ်။ နာနာဘာဝတွေထဲမှာ အဖေ၊ အမေ၊ ဆရာနဲ့ သူတောင်းစားကြီးတွေပါနေတယ်။ သူတို့ကို ကျော်ခိုင်းထားတာဟာ စော်ကားရာရောက်တယ်လို့ သိလိုက်တယ်။ ဒါကြောင့် နောက်လှည့်လိုက်ဖို့ဆုံးဖြတ်လိုက်တယ်။ သူတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်ဖို့ လိုအပ်တယ်။ ကျွန်တော်က စိတ်လှုပ်ရှားမှုအပြည့်နဲ့ ကိုယ်ကိုလှည့်လိုက်တယ်။ အခန်းထဲမှာ အရောင်နှစ်မျိုးထွက်နေတာကို တွေ့လိုက်ရတယ်။ တစ်မျိုးကအဖြူရောင်၊ ဂိုင်ဒီရှန်နဲ့ ဂျိုအာ့(ဘ်)တို့ အနီးမှာ လင်းနေတဲ့အရောင်။ နောက်တစ်မျိုးက အနက်ရောင်။ နာနာဘာဝတွေ အနီးမှာဖုံးနေတဲ့အရောင်။ ကျွန်တော် အိုင်လာနာရဲ့နံဘေးကထွက်လာခဲ့တယ်။ သူတို့မျက်နှာကိုတွေ့လိုက်ရတော့ ကျွန်တော့်ကို ဆုံးဖြတ်ချက်ချဖို့အတွက် စိတ်မကောင်းတဲ့ဝမ်းနည်းတဲ့အမူအယာတွေ သူတို့မျက်နှာပေါ်မှာ ပေါ်နေတယ်။ သူတို့ဟာ သေပြီးတဲ့လူတွေ၊ ဆာနေကြတဲ့သူတွေ။ ကြင်နာမှုမပါတဲ့ ဆုံးဖြတ်ချက်ချမယ့်သူတွေ။ သူတို့ဟာ၊ စွဲဆိုချက်တွေ၊ လျှောက်လဲချက်တွေကို စောင့်နေကြမှာမဟုတ်။ သူတို့ဆုံးဖြတ်ချက်ကိုသာ အဓိကထားနေကြသူတွေဖြစ်ကြတယ်။

ကျွန်တော်က ကလေးလေးကိုလှမ်းကြည့်လိုက်တယ်။ သူ့ရဲ့မျက်လုံးတွေထဲမှာ တည်ငြိမ်မှုတွေကို အတိုင်းသားတွေ့လိုက်ရတယ်။ သူဟာ အခုလိုတည်ငြိမ်နေတော့ ပိုပြီးရင့်ကျက်လာတဲ့သဘော၊ ပိုပြီး အသက်ကြီးလာတဲ့သဘောဆောင်နေပါတယ်။ သူ့ကို စကားပြောမယ်လို့ ကျွန်တော်စိတ်ကူးလိုက်တယ်။ ဒီအတွက်၊ သူတို့ကလေးလေးကို အပြစ်ပေးကြမှာတော့မဟုတ်ဘူး။

ကျွန်တော်အဖေ့အနားရောက်တော့၊ အဖေ့မျက်နှာမှာ ဝမ်းနည်းနေတဲ့အမူအယာတွေ ပေါ်နေတယ်။

"အဖေ...ကျွန်တော့်အပေါ်မှာ...ဆုံးဖြတ်ချက်မချပါနဲ့ ... ဘုရားသခင်အပေါ်မှာသာ ... ဆုံးဖြတ်ချက်ချပါ ... ဘုရားသခင်ဟာ ... ဒီစကြဝဠာကြီးနဲ့ ... အရာရာကိုဖန်တီးခဲ့သူပါ ... မတရားမှုတွေထဲကနေ ... တရားတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာအောင် လုပ်ပေးသူပါ ... မျက်ရည်တွေထဲကနေ ... ပျော်ရွှင်မှုတွေ ဖြစ်လာအောင် လုပ်ပေးသူပါ ... လူတွေကို လွတ်လပ်မှုရှိအောင် ဖန်တီးပေးသူပါ ... သေဆုံးသွားကြတဲ့လူတွေရဲ့ ကိုယ်ခန္ဓာကို အုတ်မြစ်လိုလုပ်ပြီး ... အဲဒီအပေါ်မှာ ... အမှတ်ရဗိမာန်ဆောက်လိုက်သလိုပဲ ... ဘုရားသခင်က လည်း ... လူသားတွေခံစားနေရတဲ့ ... ဆင်းရဲဒုက္ခအမျိုးမျိုးထဲကနေပြီး ... ကောင်းတဲ့အခြေအနေမျိုး ဖန်ဆင်းပေးသူပါ ...”

ကျွန်တော်ဟာ အဖေ့ရှေ့မှာရပ်ပြီး ကျွန်တော့်ရဲ့ခေါင်း၊ မျက်လုံး လက်၊ အဲဒါတွေကို ဘယ်လိုလုပ်ထားတယ်ဆိုတာ မသိဖြစ်နေတယ်၊ ကျွန်တော့်ကိုယ်ထဲမှာရှိတဲ့ သွေးတွေအားလုံး၊ ကျွန်တော့်အသံဆီကို ပို့ထား လိုက်ချင်လာတယ်။ ဒီခဏအတွင်းမှာပဲ၊ ကျွန်တော့်အသံထဲမှာ အားသစ်တွေ ကို ထည့်လိုက်နိုင်တယ်။ ကျွန်တော်က၊ အဖေ့ကို အကြာကြီးစကားပြောနေ မိတယ်။ ကျွန်တော်ကပြောသာနေရတယ်၊ ဒီစကားတွေကို အဖေသိပြီးသား ဆိုတာသိထားတယ်။ စကားတွေကလည်း အဖေ ကျွန်တော့်ကိုပြောပြခဲ့ဘူး တဲ့စကားတွေ။ အခု၊ ဒီစကားတွေ အဖေ့ကိုပြန်ပြောနေရတာဟာ သူ့စကား ကို ကျွန်တော်မမေ့ဘူး။ သူ့ကို ကျွန်တော်မမေ့ဘူးဆိုတာ သူသိအောင် လုပ် တဲ့ သက်သေပြချက်တစ်ခုပဲဖြစ်ပါတယ်။

“အဖေ...ကျွန်တော့်အပေါ်မှာ ... ဆုံးဖြတ်ချက်မချပါနဲ့ ... ဘုရား သခင်အပေါ်မှာသာ ... ဆုံးဖြတ်ချက်ချရမှာဖြစ်ပါတယ် ... ဘုရားသခင်ဟာ အရာအားလုံးရဲ့အကြောင်းရင်း ... အဓိကတာဝန်ရှိသူတစ်ဦးပါ ... လူတွေနဲ့ အရာရာဟာ ... ဘုရားသခင်ကချမှတ်တဲ့လမ်းအတိုင်း လိုက်နေရတာဖြစ်ပါ တယ် ... အဖေကသေပြီးတဲ့လူပါ ... သေပြီးတဲ့လူသာ... ဘုရားသခင်အပေါ် မှာ ဆုံးဖြတ်ချက်ချနိုင်သူပါ ....”



www.burmeseclassic.com

www.burmeseclassic.com


ဒါပေမယ့် အဖေဆီကတုန့်ပြန်မှုမရခဲ့ပါ။ မှတ်ဆိတ်မွေးများကို မရိတ်ပဲထားတဲ့မျက်နှာဟာ ပိန်ချုံးကျနေတယ်။ အဲဒီမျက်နှာပေါ်မှာ ဝမ်းနည်းကြေကွဲမှုတွေပေါ်နေတယ်။ အခုမှ လူသားတစ်ဦးနဲ့ပိုပြီး တူလာတယ်။ ကျွန်တော်ဟာ လှည့်ထွက်လာခဲ့ပြီး အမေ့ဆီလာခဲ့တယ်။ အမေ့ကိုစကားပြောဖို့အတွက် ကျွန်တော့်မှာ အားမရှိသလို နာကျင်မှုတွေပိုပြီးခံစားလာရသလိုဖြစ်လာပါတယ်။ အမေ့ဆီက "သနားစရာလူလေး–သနားစရာလူလေး" ဆိုတဲ့အသံကိုတော့ ကျွန်တော်ကြားနေရတယ်။ ကျွန်တော့်မျက်လုံးမှာ မျက်ရည်တွေဝိုင်းလာနေတာကို ကျွန်တော်သိလိုက်တယ်။ နောက်ဆုံးတော့ ကျွန်တော်က အမေ့ကိုစကားတွေပြောမိပါတော့တယ်။ စကားတွေကတော့ ကျွန်တော်ဟာ လူသတ်သမားတစ်ယောက်မဟုတ်တဲ့အကြောင်း။ အမေက လူသတ်သမားတစ်ယောက်အဖြစ် ကျွန်တော့်ကိုမွေးဖွားခဲ့တာမဟုတ်ကြောင်း။ စစ်သားတစ်ယောက်ဖြစ်လာပြီး လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်မယ့် လူတစ်ယောက်အဖြစ် မွေးဖွားခဲ့ကြောင်း။ ကျွန်တော်ဟာ စိတ်ဝါဒသမားတစ်ဦးဖြစ်ပြီး၊ ကိုယ့်ရဲ့စိတ်ချမ်းသာမှုကိုစွန့်လွှတ်အနစ်နာခံခဲ့သူတစ်ဦးဖြစ်ကြောင်း၊ အဲဒီစိတ်ချမ်းသာငြိမ်းအေးမှုဟာ ဘဝထက်တန်ဘိုးရှိခဲ့ကြောင်း၊ အဲဒီစွန့်လွှတ်မှုတွေဟာ ကျွန်တော်ရဲ့လူတွေအတွက်၊ ပျော်ရွှင်မှုတွေဖြစ်လာအောင်၊ ကလေးတွေရဲ့ဘဝ ငြိမ်းချမ်း သာယာသာအောင်၊ လူတွေရဲ့ဘဝကို ဖြည့်ဆည်းပေးခဲ့သောအလင်းရောင်တစ်ခုဖြင့်လာအောင် လုပ်ခဲ့ကြောင်းဆိုတဲ့ စကားတွေပဲဖြစ်ပါတယ်။

ဒါပေမယ့် ဘာစကားမှ တုန့်ပြန်မှုမရခဲ့ပါ။ ကျွန်တော်က အမေ့ဆီကနေ ဆရာ့ဆီလျှောက်သွားလိုက်တယ်။ သေခြင်းတရားက ဆရာ့ကိုများကြီးပြောင်းလဲသွားအောင် မလုပ်နိုင်ခဲ့ပါဘူး။ ဆရာ့ရဲ့အနေအထား


www.burmeseclassic.com

www.burmeseclassic.com



က ပုံမှန်ထက် နည်းနည်းလေးပဲပြောင်းလဲသွားတယ်လို့ ပြောလို့ရပါတယ်။ ကျွန်တော်နဲ့ဆရာဟာ ဘဝခြားခဲ့ပေမယ့်၊ ဆရာက ကျွန်တော့်ကို အရင်ကလို ဆက်ဆံလို့ရပါတယ်။

"ဆရာ့ကို ကျွန်တော်သစ္စာမဖောက်ပါဘူး ... ကျွန်တော်ဟာ ... အမိန့်ကိုနာခံဘူးဆိုရင် ... ယခုလက်ရှိ ကျွန်တော့်သူငယ်ချင်းတွေကို ... သစ္စာဖောက်သလိုဖြစ်သွားပါမယ်ဆရာ ... အသက်ရှင်ခြင်းက ... သေခြင်းတရားထက် ... ပိုပြီးမှန်ပါတယ်လို့ ... ဆရာ ကျွန်တော့်ကို ပြောခဲ့တယ် မဟုတ်လား ... လူဆိုတာ အသက်ရှင်ရပ်တည်နေနိုင်ဖို့အတွက် ရွေးခြယ်တတ်ဖို့လိုတယ်ဆိုတဲ့ ... အဲဒီဆရာ့စကားကို ... ကျွန်တော်လိုက်နာခဲ့ပါတယ် နောက် ... အဲဒီစကားကလဲ ... သမ္မာကျမ်းစာကိုကိုးကားပြီး ဆရာပြောခဲ့တာကို ကျွန်တော်မသိပါဘူး။ အခု၊ ဒီနာ့နာဘာဝအုပ်စုထဲက ဆရာ့နံဘေးမှာ တွေ့လိုက်ရလို့သာ သူသေသွားပြီဆိုတာကို သိလိုက်ရတာဖြစ်ပါတယ်။ ပြောရရင် သူဟာ ကျွန်တော့်ရဲ့သူငယ်ချင်း၊ အစ်ကို၊ ရဲဘော်ရဲဘက် တကယ့်စစ်မှန်တဲ့အပေါင်းအသင်းတစ်ယောက်ဖြစ်ပါတယ်။

ကျွန်တော်က သူ့ဘက်လှည့်ပြီး–

"သူငယ်ချင်း ... ကိုယ့်ကိုမှတ်မိလား..."

တစ်ခါတုန်းက သူနဲ့ကျွန်တော်ဟာ မကြံစည်အပ်တဲ့၊ မစိတ်ကူးအပ်တဲ့ မဖြစ်နိုင်တဲ့အရာတစ်ခုကို လုပ်ဖူးတယ်။ ဘာလဲဆိုတော့ လူတစ်ယောက်ရဲ့ဝိညာဉ်ဟာ အလွန်သန့်စင်နေပြီး၊ မေတ္တာတရားကို အမှန်တကယ်လက်ကိုင်ထားပွားများနိုင်ရင် ကောင်းကင်ဘုံက ကယ်တင်ရှင်တစ်ဦးကို ဒီကမ္ဘာမြေပေါ်ကို ခေါ်လို့ရနိုင်တယ်ဆိုတဲ့ အတွေးကို အကောင်အထည်ဖော်ဖို့ ကြိုးစားခဲ့ကြတယ်။ ကျွန်တော်တို့အန္တရာယ်တွေ့ပြီး၊ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



သခင်ရဲ့အပြစ်ဒဏ်ကို ခံရမယ်ဆိုတာသိနေပေမယ့် ကြိုးစားလုပ်ခဲ့တယ်။ တကယ့် လူကြီးတွေ၊ ပညာရှင်တွေ၊ ရင့်ကျက်သူတွေထက် ပိုကြိုးစားလို့လ ခိုက်ပြီး၊ ကယ်တင်ရှင်ကို လူသားရဲ့အနာဂတ်နဲ့ ဆက်သွယ်ပေးဖို့ အားထုတ်ခဲ့တယ်။ ပြောရရင် လူသားတွေကို ခံစားနေရတဲ့ဒုက္ခတွေက လွတ်အောင် လုပ်ချင်တဲ့စေတနာ။ လူသားတွေရဲ့အနာဂတ်ကို သာယာစေချင်တဲ့ဆန္ဒ။ ဒီအတွက် ကျွန်တော်တို့အဓိဋ္ဌာန်ပြုပြီး ကြိုးစားအားထုတ်ခဲ့ကြတယ်။ ဒါပေမယ့်၊ ဒါဟာ မခန့်မှန်းနိုင်လောက်တဲ့အချိန်တွေ ယူရမယ်ဆိုတာ သိလာဘယ်။ ကျွန်တော်တို့ ကျင့်ကြံအားထုတ်မှုမှာ အချိန်က စကားပြောလာဘယ်။ ကျွန်တော်တို့အတွက် အချိန်က အနှောက်အယှက်တစ်ခုလို ဖြစ်လာဘယ်။ ကျွန်တော်တို့မျှော်မှန်းထားတာဖြစ်လာဖို့ အချိန်ကိုစောင့်ရမယ်။ အဲဒီတော့ ကျွန်တော်တို့နှစ်ယောက်တိုင်ပင်ဆုံးဖြတ်ပြီး ကတိပြုကြတယ်။ တစ်ယောက်သေရင်၊ ကျန်တဲ့တစ်ယောက်က ဒီအလုပ်ကိုဆက်လုပ်ဖို့။ တွေးကြည့်ရင် အင်မတန်ခက်တဲ့အလုပ်ဆိုတာ တွေ့လာရတယ်။ ကိုယ်ခန္ဓာနဲ့ စိတ်ဝိညာဉ်ကို အမြဲတမ်းသန့်စင်အောင် ပြုလုပ်ရတာဟာ မလွယ်။ ကျွန်တော်တို့ဟာ အလွန်နက်ရှိုင်းတဲ့နေရာတစ်ခုကို ခရီးထွက်နေရသလိုပါပဲ။ ကိုယ်နှုတ်နှစ်ပါးစလုံး စောင့်ထိန်းပြီး၊ သတ်မှတ်ထားတဲ့လမ်းစဉ်အတိုင်း ကျင့်ကြံအားထုတ်ရတာဟာ အလွန်မလွယ်တဲ့အလုပ်တစ်ခု။

ကျွန်တော်တို့သာ စိတ်ဓာတ်ထက်သန်ပြီး စိုက်လိုက်မတ်တပ် ကြိုးစားအားထုတ်ရင် ဖြစ်လာချင်ဖြစ်လာမယ်။ အောင်မြင်ချင် အောင်မြင်မယ်၊ ဒါပေမယ့် ကျွန်တော်တို့လုပ်ငန်းစဉ်ကို စစ်က ဖျက်ဆီးလိုက်တယ်။ နောက်ဆုံး၊ သူငယ်ချင်းရာအာချမီဟာ ဂျာမန်တွေဖမ်းတဲ့ ဂျူးလူမျိုးစုထဲမှာ ပါ သွားတယ်။ ကျွန်တော်လည်း မကြာခင်မှာပဲ ဂျာမန်တွေဖမ်းဆီးခြင်း



www.burmeseclassic.com

www.burmeseclassic.com


ခံလိုက်ရပါတယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ တစ်ယောက် တစ်နေရာစီ ရောက်သွားကြပါတယ်။ ဒီကတည်းက သူ့အကြောင်း ဘာမှမသိရတော့ဘူး။ တစ်ခါတလေ၊ သူငယ်ချင်းတော့ တိုင်ပင်ထားတဲ့အတိုင်း ကျင့်ကြံအားထုတ်မှုတရားကိုဆက်ပြီး လုပ်နေမလားလို့ ကျွန်တော်တွေးမိတတ်ပါတယ်။ အခုတော့၊ သူဟာ သေသွားပြီးတာတောင်၊ သူ့အလုပ်သူ ဆက်လုပ်နေတာကို ကျွန်တော်တွေ့ရပါတယ်။

"သူငယ်ချင်း ... ကိုယ့်ကိုမှတ်မိလား..."

ကျွန်တော်က ထပ်မေးတယ်။

သူ့မှာ ပြောင်းလဲနေတာတွေကို တွေ့ရပါတယ်။ သူ့ရဲ့လက်တွေဟာ အရင်ကထက် သူတော်စင်ရဲ့လက်တွေနဲ့ ပိုတူလာတယ်။

"သူငယ်ချင်း...ကိုယ်နဲ့ ကိုယ်တို့ရဲ့လူပ်ရှားမှုအဖွဲ့ဟာ ... ဘုရားသခင်ရဲ့အကူအညီကိုရယူဖို့ ကြိုးစားနေခဲ့ကြသူတွေဖြစ်ကြတယ်... သူငယ်ချင်းက ... သေပြီးတဲ့လူဖြစ်သွားပေမယ့် ... ကိုယ်တို့ကိုကူညီပါ – တစ်နေရာရာမှာပုန်းနေပြီး ... ဒီအတိုင်းလွှတ်မထားပါနဲ့ ..."

သူက မတုန်မလှုပ်။ ငြိမ်ငြိမ်ဆိတ်ဆိတ်ပဲဖြစ်နေတယ်။ စကြာဝဠာရဲ့တစ်နေရာရာမှာရှိနေတဲ့ ကယ်တင်ရှင်လည်း သူ့လိုဖြစ်နေပါတယ်၊ ကျွန်တော်က သူ့ကိုထားခဲ့ပြီး ကလေးလေးရှိရာကို သွားလိုက်တယ်။

"မင်းလဲ ... ကိုယ့်အပေါ်ဆုံးဖြတ်ချက်ချမယ့်သူမဟုတ်လား – မင်းတို့နဲ့သဘာဝတွေက ... ကိုယ့်အပေါ်ဆုံးဖြတ်ချက်ချတာဟာ ... သိပ်မမှန်ပါဘူး ... မင်းငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားတာ ... အလွန်ကံကောင်းပါတယ် ... မင်းကိုအခု ... ကိုယ်ရောက်နေတဲ့နေရာမျိုးမှာ နေစေချင်တယ်..."


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြောလိုက်တော့၊ သူက စကားပြန်ပြောပါတယ်။ သူ့
သံက ပွဲတင်သံတွေနဲ့ လှုပ်ခါနေတယ်။

"အစ်ကို့အပေါ်မှာ ... ကျွန်တော့်ဆုံးဖြတ်ချက်မချပါဘူး ...
ကျွန်တော်တို့ဒီကိုရောက်လာတာက ... ဆုံးဖြတ်ချက်တရားကိုစီရင်ဖို့
ရောက်လာကြတာမဟုတ်ပါဘူး ... ကျွန်တော်တို့ ဒီရောက်လာတာဟာ
...း‌လေးပါ။ အစ်ကိုဒီမှာရှိနေတော့ ... ကျွန်တော်တို့ ဒီကိုရောက်လာတယ်
... အစ်ကိုဘယ်နေရာသွားသွား ... ကျွန်တော်တို့လည်း အစ်ကိုနဲ့အတူတူပဲ
... အစ်ကိုကောင်းကင်ပေါ်မော့ကြည့်လိုက်ရင် ... ကျွန်တော်တို့လည်း အစ်ကို
... ကြည့်လိုက်တာပဲ ... အစ်ကိုက ... ဗိုက်ဆာနေတဲ့ကလေးရဲ့ခေါင်းကို
လက်နဲ့အသာပွတ်သပ်ပြီးချော့နေရင် ... ကျွန်တော်တို့လက်တွေလည်း
ကလေးခေါင်းပေါ်ရောက်သွားတာပဲ ... အစ်ကိုက ... သူတောင်းစား
...ယောက်ကို ပေါင်မုန့်ပေးရင် ... ကျွန်တော်တို့က ... အဲဒီပေါင်မုန့်ထဲမှာ
...ချမ်းမှုရဲ့အရသာကို ထည့်ပေးလိုက်တာပဲ ... ဘာဖြစ်လို့လည်းဆိုတော့...
...တောင်းစားတွေက ... အဲဒီအရသာတစ်ခုကိုပဲ အသေအချာခံစားနိုင်လို့ပဲ
...ပါတယ် ... ဘာဖြစ်လို့ ကျွန်တော်တို့ ငြိမ်သက်နေရတာလဲ ... ဘာဖြစ်
...လဲဆိုတော့ ... ငြိမ်သက်မှုဟာ ကျွန်တော်တို့ရဲ့ ... တစ်ခုတည်းသော
...ရာမဟုတ်ဘူး ... ကျွန်တော်တို့ရဲ့ သဘာဝတစ်ခုပဲဖြစ်တယ် ...
...ကြောင့် ကျွန်တော်တို့ငြိမ်သက်နေကြတာ ... နောက် ... အစ်ကို ငြိမ်သက်
...တာဟာ ... ကျွန်တော်တို့ငြိမ်သက်နေသလိုပဲ ... ပြီးတော့ ... အစ်ကိုက
...ကျွန်တော်တို့ကို ဟခါတလေမှသာ..မြင်နိုင်မယ် ... အများအားဖြင့် ...
...တော်တို့က ... အစ်ကိုမမြင်အောင်နေကြရတယ် ... အစ်ကိုကတော့
...ကျွန်တော်တို့ဟာ ... အစ်ကို့ကိုဆုံးဖြတ်ချက်ချမှတ်ပေးမှာက ... အစ်ကို



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်တိုင်ပဲ ... တခြားဘယ်သူမှမဟုတ်ပါဘူး ...”

ရုတ်တရက် သူတောင်းစားဦးလေးရဲ့လက်မောင်းက ကျွန်တော့်ကို ပွတ်တိုက်မိသွားတယ်။ ကျွန်တော်လှည့်ကြည့်လိုက်တော့၊ သူက ကျွန်တော့်နံဘေးမှာရောက်နေတယ်။ သူဟာ သေမင်းရဲ့တမန်တော်မဟုတ်ဘဲ တမန်တော် အီလီဂျာဖြစ်နေတယ်ဆိုတာ ကျွန်တော်သိနေတယ်။

“ဂက်(ဒ်)ရဲ့ ခြေသံကို ကြားနေရတယ် ... သူအပေါ်ပြန်တက်လာပြီ ...”

သူတောင်းစားဦးလေးက ပြောလိုက်တယ်။

* * *

“ဂက်(ဒ်)ရဲ့ခြေသံကို ကြားနေရတယ် ... သူအပေါ်ပြန်တက်လာပြီ ...”

အိုင်လာနာက ကျွန်တော့်လက်မောင်းကို ထိတို့လိုက်ပြီး ပြောလိုက်တယ်။

ဂက်(ဒ်)က ဘယ်သူမှမကြည့်ပဲ အခန်းထဲဝင်လာတယ်၊ အိုင်လာနာက သူ့ဆီအပြေးလေးသွားပြီး နှုတ်ခမ်းကို နမ်းလိုက်တယ်၊ ဒါပေမယ့် အိုင်လာနာကို ခပ်ဖြည်းဖြည်းပြန်တွန်းလိုက်တယ်။

“အစ်ကိုအောက်မှာအကြာကြီးပဲ ... ဘာလုပ်နေတာလဲ ...”

အိုင်လာနာက မေးလိုက်တယ်။

ဂက်(ဒ်)ရဲ့မျက်နှာမှာ အမည်ဖော်လို့မရတဲ့ အပြုံးတစ်ခု ပေါ်လာတယ်။ နောက်–

“ဘာမှမလုပ်ပါဘူး ... သူစားနေတာကိုကြည့်နေတာ...”

သက်တံဆည်းဆာစာပေ

www.burmeseclassic.com



"သူ စားနေတယ်...ဟုတ်လား...အစ်ကိုက ... သူ စားနိုင်တာကို ပြောချင်တာလား ..."

ကျွန်တော်က အံ့သြသွားပြီး ဖြတ်မေးလိုက်ပါတယ်။

"ဟုတ်တယ် ... သူ စားတယ် ... လိုလိုချင်ချင်စားတယ် ..."

ကျွန်တော်နားမလည်နိုင်တော့သလိုဖြစ်သွားတယ်။ ဒါကြောင့်–

"ဘယ်လို...သူ ဆာနေတာကိုပြောတာလား.."

ကျွန်တော်ထပ်မေးလိုက်ပါတယ်။

"ကိုယ်က ... သူ ဆာနေတယ်လို့မပြောပါဘူး ... သူက ... အစာကို လိုချင်ချင် ... အေးအေးဆေးဆေးစားတာကိုပြောတာ..."

ဂက်(ဒ်)က ပြန်ပြောလိုက်ပါတယ်။

"ဒါဆို ... သူမဆာဘူးပေါ့ ..."

ဂက်(ဒ်)မျက်နှာညိုသွားတယ်။

"သူမဆာဘူး ..."

"ဒါဆို ... ဘာဖြစ်လို့သူ စားရတာလဲ ..."

"ဒါတော့ ... ကိုယ်မသိဘူး ... ဒါမှမဟုတ်ရင်လည်း ... သူမဆာပေမယ့် ... စားနိုင်တယ်ဆိုတာ ပြချင်တာသက်သက် ... ဖြစ်ချင်ဖြစ်မှာပေါ့.."

ဂက်(ဒ်)က သိပ်စိတ်မဝင်စားသလို ပြန်ပြောလိုက်တယ်။

အိုင်လာနာက ဂက်(ဒ်)မျက်နှာကို အသေအချာကြည့်နေတယ်။ ...က ဂက်(ဒ်)ရဲ့မျက်လုံးထဲမှာ တစ်ခုခုကိုလိုက်ရှာနေသလို အကြည့်မျိုး ...က်ကြည့်လိုက်တယ်။ ဒါပေမယ့် ဂက်(ဒ်)ကတော့ တစ်နေရာကို ငေး ...ပြီးကြည့်နေလိုက်တယ်။

"ပြီးတော့ ... အစ်ကိုဘာလုပ်သေးလဲ ..."

www.burmeseclassic.com



အိုင်လာနာက စိတ်မသက်သာဖြစ်နေတဲ့ လေသံမျိုးနဲ့မေးလိုက်တယ်။

"ပြီးတော့ ... ဆိုတာဘာကိုပြောတာလဲ..."

ဂက်(ဒ်)က ခပ်မြန်မြန်ပြန်မေးလိုက်တယ်။

"သူစားလို့ပြီးတာကိုပြောတာ ..."

ဂက်(ဒ်)က သူ့ပခုံးကိုတွန့်လိုက်ပြီး –

"ဘာမှမဟုတ်ပါဘူး ..."

"ဘာမှမဟုတ်ဘူးဆိုတာ ... ဘာကိုပြောတာလဲအစ်ကို ..."

အိုင်လာနာက ထပ်မေးလိုက်တယ်။

"ဘာမှမဟုတ်ဘူးဆိုတာက ... သူ ... ကိုယ့်ကိုပုံပြင်တွေပြောပြတာကိုပြောတာ ..."

"ပုံပြင်တွေဟုတ်လား ... ဘယ်လိုပုံပြင်မျိုးလဲ ..."

အိုင်လာနာက သူ့လက်မောင်းကို ကိုင်လှုပ်ပြီးမေးလိုက်တယ်။

"ရိုးရိုးပုံပြင်တွေပါ ..."

ဂက်(ဒ်)က မေးခွန်းတွေကို ပြန်ဖြေနေရလို့ စိတ်မောသွားသလို ပြန်ဖြေလိုက်တယ်။

ကျွန်တော်ကတော့ အဲဒီပုံပြင်တွေဟာ ရယ်စရာကောင်းလို့ မေးလိုက်ချင်တဲ့ဆန္ဒတွေဖြစ်လာတယ်။ ဒါပေမယ့် မမေးတော့ပါဘူး။ ရယ်စရာကောင်းတဲ့ပုံပြင်တွေဆိုတဲ့အဖြေပဲ ရလာနိုင်တယ်။

ဂက်(ဒ်)အခန်းထဲပြန်ရောက်လာချိန်မှာ ဂိုင်ဒီရှုန်နဲ့ ဂျူအာ(ဒ်)တို့ မှေးအိပ်နေရာက မျက်လုံးပြန်ပွင့်လာကြတယ်။ သူတို့ရဲ့မျက်နှာတွေက ပင်ပန်းတဲ့ဒဏ်ကြောင့် ချောင်ကျနေတယ်။ နောက်၊ သူတို့ဟာအခန်းထဲ

www.burmeseclassic.com

ချက်လုံးဖော့ကြည့်လိုက်ကြတယ်။ ပြီးတော့ ဂျိုအာ့(ဘ်)က ဂက်(ဒ်)ကို အချိန်မေးလိုက်တယ်။

"လေးနာရီရှိပြီ ..."

ဂက်(ဒ်)က နာရီကြည့်ပြီးဖြေလိုက်တယ်။

"တော်တော် ... နောက်ကျနေပြီလားမသိဘူး ..."

ဂျိုအာ့(ဘ်)ရဲ့စကားကို ဂက်(ဒ်)က ဘာမှပြန်မပြောတော့ပဲ ကျွန်တော့်အနားကို လျှောက်လာတယ်။ ပြီးမှ ကျွန်တော့်ကို –

"မကြာခင် ... မိုးလင်းတော့မယ် ..."

"ကျွန်တော်သိပါတယ် .."

"မင်းဘာလုပ်ရမယ် ... သိတယ်မဟုတ်လား ..."

"ဟုတ်ကဲ့ ... သိပါတယ်..."

နောက်တော့ သူက ကျွန်တော့်ကို သူ့အိတ်ထဲက ခြောက်လုံးပြူး ကိုထုတ်ပြီး လှမ်းပေးလိုက်တယ်။ ကျွန်တော်သက်ပြင်းချလိုက်မိတယ်။

"ရော့...ဒါယူထား..."

ခြောက်လုံးပြူးက အနက်ရောင်အသစ်လိုပဲ အရောင်လက်နေတယ်။ ခြောက်လုံးပြူးနဲ့ထိရမှာကို ကျွန်တော်ကြောက်လာတယ်။ အခု၊ ကျွန်တော်နဲ့ နောက်လာမယ့် ကျွန်တော်ရဲ့ကြားမှာရှိတဲ့ ခြားနားချက်တွေ အားလုံး၊ ဒီခြောက်လုံးပြူးပေါ်မှာရှိနေတယ်လို့ ခံစားလိုက်ရတယ်။

"ဘာလုပ်နေတာလဲ ... ယူလေ ..."

ဂက်(ဒ်)က စိတ်မရှည်တော့သလိုနဲ့ပြောပြန်တယ်။

ကျွန်တော်က လှမ်းယူလိုက်တယ်။ နောက်၊ တစ်ခါမှမမြင်ဘူး၊ ဘယ်လိုအသုံးချရမယ်ဆိုတာမသိတဲ့ ပုံစံမျိုးနဲ့ ခြောက်လုံးပြူးကို အသေချာ


www.burmeseclassic.com

www.burmeseclassic.com


ကြည့်နေမိတယ်။ နောက်ဆုံးတော့ ခြောက်လုံးပြူးကို ကျွန်တော့်ဘောင်းဘီ အိတ်ထဲ ထိုးထည့်လိုက်တယ်။

"ကျွန်တော် ... အစ်ကို့ကို တစ်ခုမေးစရာရှိနေတယ် ..."

ကျွန်တော်က ဂက်(ဒ်)ရဲ့မျက်နှာကို သေချာကြည့်ပြီး ပြောလိုက်တယ်။ ဂက်(ဒ်)က –

"မေးလေ ... ဘာမေးချင်လို့လဲ ..."

"အစ်ကို့ကို ... သူရယ်အောင်လုပ်လား ..."

ဂက်(ဒ်)က အေးစက်စက်အကြည့်နဲ့ ကျွန်တော့်ကိုကြည့်တယ်၊ ကျွန်တော်မေးလိုက်တာကို အရေးကြီးတဲ့ကိစ္စမဟုတ်ဘဲ ဘာဖြစ်လို့မေးလဲ ဆိုတာကို နားမလည်နိုင်အောင်ဖြစ်သွားပြီး၊ ကျွန်တော့်ကိုပဲ ကြည့်နေတယ်၊

"ဒီဂျွန်ဒေါ်ဆင်ဆိုတဲ့လူက ... အစ်ကို့ကိုရယ်အောင်လုပ်လား..."

ကျွန်တော်ကထပ်မေးလိုက်တယ်။

ဂက်(ဒ်)က ကျွန်တော့်ကို အကဲခတ်သလိုနဲ့ ဆက်ကြည့်နေတယ်၊ သူ့အကြည့်က ကျွန်တော့်ဦးနှောက်ကိုဖောက်ပြီး တစ်ဖက်ကိုထွက်သွားသလိုမျိုးခံစားလိုက်ရတယ်။ ကျွန်တော့်စိတ်ထဲမှာ ဘာတွေဖြစ်နေလဲလို့ တွေးပြီး၊ သူအလွန်အံ့သြသွားပုံရပါတယ်။ သူ့အနေနဲ့ ကျွန်တော်ဟာ ဘာဖြစ်လို့ ဒီလိုအရေးမကြီးတဲ့မေးခွန်းကိုမေးရတာလဲဆိုတာကို တွေးနေသလိုနဲ့ စိတ်ရှုပ်သွားသလိုဖြစ်သွားတယ်။ ကျွန်တော့်မျက်နှာပေါ်မှာ အနေ ကိစ္စနဲ့ပတ်သက်ပြီး ခံစားနေရတာကို တုန့်ပြန်မှုတစ်ခုအဖြစ်နဲ့ ပေါ်လာမလား လို့ ရှာကြည့်နေတယ်။ နောက်တော့မှ–

"မလုပ်ပါဘူး ... ကိုယ့်ကိုရယ်အောင်မလုပ်ပါဘူး ..."

သူအမှန်အတိုင်းဖြေတယ်ဆိုတာ သူ့မျက်လုံးမှာပေါ်နေတယ်၊

သက်တံဆည်းဆာစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ့နှုတ်ခမ်းကတော့ ဘာမှဂရုမစိုက်တဲ့ မထီမဲ့မြင်မျိုးနဲ့ ပြုံးနေဘယ်။

"သူ့ပုံပြောနေတော့ ... အစ်ကိုဘယ်လိုဖြစ်သွားလဲ ... သူ့ပုံတွေက ရယ်စရာမကောင်းဘူးလား ..."

သူ့ပါးစပ်က အသံထွက်လာတယ်။ သူရယ်လိုက်တာမဟုတ်တာကိုတော့ ကျွန်တော်သိလိုက်တယ်။ ခဏမျှတော့ ငြိမ်ဆိတ်သွားတယ်။ နောက်၊ သူ့နှုတ်ခမ်းကို တစ်စုံတစ်ခုကလာထိလိုက်လို့ တွန့်သွားတဲ့ပုံမျိုးဖြစ်သွားတယ်။ ပြီးမှ ရုတ်တရက်သတိရသွားသလိုနဲ့ -

"အေးဟုတ်တယ် ... သူ့ပုံတွေက ရယ်စရာတွေ ... တော်တော်ရယ်စရာကောင်းတဲ့ပုံပြင်တွေ ... ဒါပေမယ့် ... သူ့ပုံပြင်တွေက ... ကိုယ့်ကိုရယ်အောင်မလုပ်နိုင်ပါဘူး ..."

သူက အိတ်ထဲကစီးကရက်ကိုထုတ်ပြီး မီးညှိဖွာလိုက်တယ်။ မီးခိုးငွေ့တွေကို အကွင်းလေးတွေဖြစ်အောင် မှုတ်ထုတ်နေတယ်။ ပြီးမှ၊ ကျွန်တော်ဆက်မေးမယ့်မေးခွန်းကို မစောင့်တော့ပဲ -

"သူ့ပုံပြောနေတုန်းက ... ကိုယ်က ... ဒေးဗစ်အကြောင်းပဲ တွေးနေတာ ..."

ဒေးဗစ်။ ဂက်(ဒ်)ရဲ့သူငယ်ချင်း "ဒေးဗစ်ဘင်မိုရှိ"။ ကျွန်တော်လည်း ဒေးဗစ်အကြောင်းပဲတွေးနေရမယ်။ ဟုတ်ပါတယ်။ ဂျွန်ဒေါ်ဆင်က ကျွန်တော့်ကို ရယ်အောင်လုပ်တဲ့အခါ၊ ကျွန်တော်က ဒေးဗစ်အကြောင်းကိုပဲ တွေးနေမှဖြစ်မယ်။ ဒါမှ ကျွန်တော်မရယ်မိပဲဖြစ်သွားမယ်။ ဒါပေမယ့်၊ ဒီလိုမျိုးလည်း ကျွန်တော်မလုပ်နိုင်။ ဒေးဗစ်က ကျွန်တော့်အဖြစ်ကိုလာကယ်ခဲ့ရတဲ့ အခြေအနေမျိုး ကျွန်တော်အဖြစ်မခံနိုင်ပါ။

www.burmeseclassic.com


"နောက်ကျနေပြီ ..."

ဂျိုအာ့(ဘ်)က၊ တစ်ချက်သမ်းလိုက်ပြီး ပြောလိုက်တယ်။

ညရဲ့လက်ကျန် အမှောင်ရိပ်ကတော့ ရှိနေသေးတယ်။ ဒါပေမဲ့ မကြာခင်မှာ အရုဏ်ကရောက်လာတော့မယ်။ ကျွန်တော်က ကျွန်တော့် စိတ်ကို အသေချာဖြစ်သွားအောင် စုစည်းချုပ်တီးပြီး ဆုံးဖြတ်လိုက်တယ်။

"ကျွန်တော် ... အောက်ဆင်းသွားတော့မယ် ..."

"မစောဘူးလား ... မင်းမှာ အချိန်တွေရှိသေးတယ် ... တစ်နေ့ လောက်တောင်ရှိသေးတယ်..."

ဂက်(ဒ်)က ကျွန်တော့်ကိုပြောလိုက်တယ်။

ဒီတော့၊ ကျွန်တော်က သူတို့အားလုံးကိုရှင်းပြလိုက်တယ်၊

ကျွန်တော်က အချိန်မစေ့ခင် မြေအောက်ကိုဆင်းသွားပြီး ဂျွန်ဒေါ်ဆင်ကိုတွေ့ချင်တယ်။ စကားပြောချင်တယ်။ သူ့အကြောင်းကိုသိချင် တယ်။ ဒါဟာ–သူ့ရဲ့ဘောကြောင်ခြင်းတစ်မျိုးပါ။ အခုကိစ္စမှာ ကျွန်တော်တို့ နှစ်ယောက်စလုံးက တစ်ယောက်ကိုတစ်ယောက် မသိကြတဲ့သူစိမ်းအဖြစ် စဉ်းစားကြည့်ရင် စစ်တိုက်ရသလိုဖြစ်နေတယ်။ အမှောင်ထဲမှာ ရန်သူ ဘယ်မှာရှိနေလဲဆိုတာမသိပဲ သေနတ်နဲ့လှမ်းပစ်လိုက်တယ်။ အော်သံကြား လာမှထိသွားပြီဆိုတာ သိလိုက်တယ်။ အမှောင်ထဲကို ပစ်လိုက်တဲ့အခါ ရန်သူတစ်ယောက်ယောက်ကို ထိမယ်၊ မထိဘူးဆိုတာ တကယ်အော့ အသေချာသိရတဲ့ကိစ္စမဟုတ်ဘူး။ တစ်ဘက်နဲ့တစ်ဘက် တစ်ယောက်ကို တစ်ယောက်မသိပဲ မမြင်ပဲပစ်ခတ်တိုက်ခတ်နေကြရတယ်။ အခုကိစ္စ လည်းဒီလိုပဲ၊ တစ်ယောက်ကိုတစ်ယောက်မသိပဲနဲ့ စီစဉ်ထားတဲ့အတိုင်း လုပ်ရမယ်။ ကျွန်တော် ဂျွန်ဒေါ်ဆင်ကိုသတ်ရတာဟာ သေချာပေါ


www.burmeseclassic.com

www.burmeseclassic.com


သေရမယ့်လူကို သတ်ရသလိုဖြစ်နေတယ်။ သူ့ဆီက ဘာမှတုန့်ပြန်မှုကို မရဘဲ သတ်ရမယ်ဆိုတော့၊ သိပ်မကောင်းပါ။ နောက်ဆုံး သူ့အကြောင်းကို သိပြီး သူ့ကိုသတ်ရတာက ပိုပြီးအဆင်ပြေပါတယ်။ တစ်ယောက်ကို တစ်ယောက် မသိကြပဲ အသားလွတ်သတ်လိုက်ရမယ့်အဖြစ်မျိုး ကျွန်တော် မရောက်ချင်ပါ။

အဲဒါဟာ ကျွန်တော်မြေအောက်ခန်းကိုဆင်းဖို့ ဆုံးဖြတ်လိုက်တာရဲ့ အကြောင်းပြချက်ပါပဲ။

ကျွန်တော့်အကြောင်းပြချက်တွေဟာ မှန်ချင်မှမှန်မယ်။ ကျွန်တော်ဟာ ခါးစာခံကို တစ်ခါမှမမြင်ဖူးပါဘူး။ မသေခင်က ရီစရာပုံပြင်တွေကို ပြောနိုင်တဲ့ ခါးစာခံကို ကျွန်တော်အသေအချာမြင်ဖူးချင်တယ်။ သေခါနီး လူတစ်ယောက်က ရယ်စရာတွေပြောနိုင်သေးတယ်ဆိုတာ မယုံနိုင်စရာပဲ။ အလွန်အံ့သြဖို့ကောင်းပါတယ်။ ဒါဟာ ထူးဆန်းတာလား။ သတ္တိရှိတာလား။ နှစ်ခုစလုံးနဲ့ပတ်သက်နေလား။

"ကိုယ့်ကို ... မင်းနဲ့အတူတူလိုက်စေချင်လား ..."

ဂက်(ဒ်)က ကျွန်တော့်ကိုလှမ်းမေးလိုက်တယ်။ သူ့ဆံပင်တွေဟာ သူ့နဖူးပေါ် ဝဲကျနေပေမယ့် သူပြန်မသပ်တင်ပဲထားတယ်။

"မလိုက်ပါနဲ့အစ်ကို ... ကျွန်တော်သူနဲ့ နှစ်ယောက်ထဲပဲ ... တွေ့ချင်တယ် ..."

ဂက်(ဒ်)က ပြုံးလိုက်တယ်။

သူဟာ စွမ်းရည်ရှိတဲ့လူတစ်ယောက်။ တိကျပြတ်သားပြီး လုပ်ငန်းခရာကို ထိထိရောက်ရောက်လုပ်တတ်သူ။ မဟုတ်မခံတဲ့စိတ်၊ တွန်းလှန်ချင်တဲ့စိတ်၊ လွတ်မြောက်လိုတဲ့စိတ် စတဲ့ စွမ်းအားတွေရှိနေတဲ့သူ။ အညွှန်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အပြုံးကလဲ၊ မာနတွေ၊ ဂုဏ်ယူမှုတွေ၊ ကျေနပ်မှုတွေရောနေတဲ့အပြုံး၊ သူက၊ ကျွန်တော့်ပခုံးပေါ် လက်တင်ထားလိုက်တယ်။

"တခြားတစ်ယောက်ကိုရော ... မင်းလိုက်စေချင်လား ..."

ရုတ်တရက် နာနာဘာဝသူတောင်းစားကြီး ဦးလေးက ဖြတ်မေးလိုက်တယ်။

"မလိုချင်ဘူး ... တစ်ယောက်ထဲပဲဆင်းသွားမယ် ..."

သူ့မျက်လုံးမှာ ကြင်နာမှုအရိပ်အယောင်တွေပေါ်လာတယ်။

"သူတို့မပါပဲ ... မင်းလုပ်လို့မဖြစ်ဘူး"

သူကပြောပြီး နောက်နားက နာနာဘာဝအုပ်စုကိုလှည့်ပြီး ခေါင်းငြိမ့်ပြလိုက်တယ်။

"သူတို့ ... နောက်တော့လိုက်လာလိမ့်မယ် ..."

သူ့တောင်းစားကြီးဦးလေးကပြောပြီး၊ ကျွန်တော့်ခေါင်းကိုကိုင်ပြီး တော့ မျက်လုံးထဲကို စူးစိုက်ပြီးကြည့်နေလိုက်တယ်။ သူ့အကြည့်က အလွန် အားကောင်းနေတော့၊ ကျွန်တော့်ကိုယ်ကျွန်တော် သံသယဖြစ်သွားတယ်၊ သူဒီလိုကြည့်နေတာက၊ ငါ့ကိုဘယ်လိုဖြစ်သွားစေမလဲလို့ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်မေးမိတယ်။ သူဒီလိုကြည့်နေတာဟာ၊ ငါ့ကိုများ သူတို့လို နာနာဘာဝဖြစ်သွားစေမလားလို့ တွေးမိလိုက်ပြန်တယ်။ ဒါပေမယ့်၊ သူ့ အကြည့်မှာ ကြင်နာမှုတွေပါနေတယ်။ သူက၊ ဒီလိုကြင်နာမှုတွေပါတဲ့ အကြည့်နဲ့ကြည့်တတ်လို့၊ လေးစားစရာကောင်းတဲ့ လူတစ်ယောက်ဖြစ်နေ တာကို ကျွန်တော်သိထားပါတယ်။ ဒါကြောင့်လဲ၊ ကျွန်တော်ဟာ ကျွန်တော့် ရဲ့ လက်ရှိလူသားဘဝအတိုင်းပဲ ဖြစ်နေနိုင်တုန်းရှိသေးတာကို သိလိုက်ရပါ တယ်။ နောက်တော့ သူက...

**သက်တံ့ဆည်းဆာစာစဉ**

www.burmeseclassic.com

www.burmeseclassic.com


"ကောင်းပါတယ် ... သူတို့နောက်တော့လိုက်လာကြမယ် ..."

ကလေးလေးကတော့ နာနာဘာဝအုပ်စုကြားကနေပြီး ကျွန်တော်တို့ကို ကြည့်နေတယ်။

"ပြီးရင်တော့ ... ကျွန်တော့်တစ်ယောက်ထဲ ... သူနဲ့နေပါရစေ"

ကျွန်တော်က ဝမ်းနည်းနေတဲ့လေသံမျိုးနဲ့ ပြန်ပြောလိုက်တယ်။

"ကောင်းတယ် ... ပြီးမှ ... ကျွန်တော်တို့လိုက်လာခဲ့မယ် ..."

ကလေးလေးက ကြားဝင်ဖြတ်ပြီး ပြောလိုက်ပါတယ်။

ကျွန်တော်က အခန်းထဲမျက်လုံးဝေ့ပတ်ပြီး ကြည့်လိုက်တယ်။

ကိစ္စပြီးလို့ ကျွန်တော့်အခန်းထဲပြန်ဝင်လာတဲ့အခါ အခုအခြေအနေအတိုင်းပဲရှိနေဖို့ ကျွန်တော်မျှော်လင့်ထားတယ်။

အိုင်လာနာက ဂက်(ဒ်)ကို စကားတွေပြောနေတယ်။ ဒါပေမယ့် သူကနားမထောင်။ ဂျူအာ့(ဘ်)က သမ်းလိုက်တယ်။ ဂိုင်ဒီရွန်ကတော့ သူ့နဖူးကို လက်နဲ့ပွတ်နှိပ်နေတယ်။ သူခေါင်းကိုက်နေတယ်လို့ ကျွန်တော်ထင်လိုက်တယ်။

နောက်တစ်နာရီကြာရင်တော့ အားလုံးပြောင်းလဲသွားမယ်လို့ ကျွန်တော့်စိတ်ထဲ ထင်လာပြန်တယ်။ အခန်းရဲ့အနေထား ပြောင်းလဲသွားမှာပဲ၊ စားပွဲ၊ ကုလားထိုင်တွေ၊ နံရံတွေ၊ ပြတင်းပေါက် စတဲ့အရာတွေဟာ ပြောင်းလဲသွားမှာပဲ။ နောက်၊ အဖေ၊ အမေ၊ ဆရာ၊ သူငယ်ချင်းနဲ့ အားလုံးတို့ရဲ့သေခြင်းတရားတွေလည်း ပြောင်းလဲသွားမှာပဲ။ အတူတူဖြစ်နေတာတွေဟာ အတူတူပြောင်းလဲကုန်မှာပဲ။ ကျွန်တော်တို့အားလုံး အလုပ်တစ်ခုတည်းကို အတူတူလုပ်ကြပြီးရင်တော့ အားလုံးဟာ ပြောင်းလဲသွားမယ်ဆိုတာ ကျွန်တော့်စိတ်မှာ အလိုလိုသိလာတယ်။

www.burmeseclassic.com


ကျွန်တော်က အိတ်ထဲက ခြောက်လုံးပြူးကိုစမ်းလိုက်တယ်၊ ရှိ နေသေးတယ်။ ဒီလက်နက်က အရေးကြီးတဲ့အရာတစ်ခု။ ကျွန်တော်ဟာ ထူးဆန်းတဲ့စိတ်လှုပ်ရှားမှုတစ်ခုနဲ့ အသက်ရှင်နေရသလိုဖြစ်သွားတယ်၊ ဒီ ခဏငယ်အတွင်းမှာ ဖြစ်တည်နေခဲ့တဲ့ ကျွန်တော်ရဲ့ အသက်ရှင်နေမှုဟာ ကျွန်တော့်ရဲ့အသက်ရှင်နေမှုတွေထဲက အစိတ်အပိုင်းတစ်ခု။ အဲဒီအသက်ရှင် နေမှုခဏငယ်လေးဟာ ကျွန်တော်ရဲ့ အခုအချိန်နဲ့ အနာဂတ်ကို ဖန်တီးအံ့ မယ့် ကံကြမ္မာအလှည့်အပြောင်းတစ်ခု။ ဒီကံကြမ္မာဟာ ကျွန်တော်ရဲ့ ကံကြမ္မာ။ တစ်နာရီဆိုတဲ့အချိန်က အများကြီးပြောင်းလဲပစ်နိုင်တဲ့ စွမ်းအား တွေရှိနေတယ်လို့ သိနေတဲ့စိတ်တွေက ကျွန်တော့်ရင်ထဲမှာ ယုက်ဖြာ တယ်။ ပဲ့တင်လှိုင်းထနေတယ်။

"နောက်ကျနေပြီ ..."

ဂျိုအာ့(ဘ်)ရဲ့အသံကို ကြားလိုက်ရတယ်။

ကျွန်တော်က အခန်းထဲကိုနှုတ်ဆက်တဲ့အနေနဲ့ကြည့်လိုက်တ အိုင်လာနာ။ဝတ်ပြုဆုတောင်းနေတဲ့ပုံစံနဲ့ ဂိုင်ဒီရွှန်။ ဝေခွဲမရဖြစ်နေတ မျက်နှာနဲ့ ဂျိုအာ့(ဘ်)။ နောက် စားပွဲ၊ နံရံ၊ ပြတင်းပေါက်။ အဲဒီပြတင်းပေ ကဖြတ်ပြီး မြင်နေရတဲ့ညရဲ့ နောက်ဆုံးအမှောင်ရိပ်။ အဲဒါတွေကို မျက် ဖေ့ကြည့်ပြီးနောက် အသက်ပြင်းပြင်းတစ်ချက်ရှူလိုက်တယ်။

နောက်တော့၊ ကျွန်တော့်ရဲ့လုပ်ဆောင်စရာရှိတဲ့ အလုပ်တင်ခုံ ဖို့ မီးဖိုခန်းထဲ ခပ်မြန်မြန်ဝင်သွားလိုက်တယ်။

မြေအောက်ခန်းထဲဆင်းလာတဲ့၊ ကျွန်တော့်ခြေလှမ်း လေးလံလာပြီး နှေးလာနေတယ်။ ကျွန်တော့်စိတ်ထဲမှာလည်း...။

* * *


www.burmeseclassic.com

www.burmeseclassic.com

( ၅ )

ဠျန်ဒေါ်ဆင်ဟာ လူချောတစ်ယောက်ဖြစ်ပါတယ်။ သူ့မျက်နှာမှာ
ဲတာကြာလို့ မုတ်ဆိတ်မွေးတွေ ထူပျစ်ပျစ်ဖြစ်နေတယ်။ ဆံပင်က ဖွာလံ
ာယ်။ အကျီက တွန့်ကျေပြီး အတော့်ကိုညစ်ထေးနေပြီ။ အခု၊ သူ့ပုံစံ
ေအထားက အရင်ကနဲ့ လုံးဝခြားနားတယ်ဆိုတာ သိသာပါတယ်။

သူဟာ အသက်လေးဆယ်လောက်ပဲ ရှိဦးမယ်။ သူ့ပုံစံက
ားစားစစ်သားတစ်ယောက်မှန်းသိသာပါတယ်။ သူ့မျက်လုံးတွေက စူးရှ
က်မြက်ပြီး မေးရိုးကားကားနဲ့ စိတ်ဓာတ်ခိုင်မာတဲ့လူတစ်ယောက်
ကြောင်း ပေါ်လွင်နေတယ်။ လက်ချောင်းလေးတွေကတော့ သွယ်သွယ်
နဲ့ တစ်မျိုးလှနေတယ်။

ကျွန်တော် အခန်းတံခါးဖွင့်ပြီးဝင်လိုက်တော့၊ သူ့ကို အခန်းထဲက
င်ပေါ် ပက်လက်လှဲအိပ်နေတာကို တွေ့လိုက်ရတယ်။ မျက်လုံးတွေက
း၏ မျက်နှာကျက်ကို ကြည့်နေပြီး တစ်ခုခုကိုစဉ်းစားနေတယ်လို့ ထင်ရ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဒီအဖြူရောင်အခန်းကျဉ်းလေးထဲမှာ ကုတင်က တစ်ခုတည်းသော ပရိဘောဂဖြစ်ပါတယ်။ အခန်းတည်ဆောက်ထားပုံက ရိုးရိုးလေးဖြစ်ပြီး လေဝင်လေထွက်ရှိအောင် ဖန်တီးထားပါတယ်။ ပြတင်းပေါက်မရှိပေမယ့် အပေါ်ထပ်ကအခန်းထက် နည်းနည်းလေးပဲ ပိုပူတယ်။

ကျွန်တော့်အခန်းထဲဝင်လာတာကို သူသိလိုက်ပေမယ့်၊ အံ့သြသွားတာတို့ ကြောက်လန့်သွားတာတို့ ဖြစ်သွားတဲ့အနေထား၊ အမူယာမျိုး ဖြစ်မသွားပဲ လှဲအိပ်နေရာကထပြီး ထိုင်လိုက်တယ်။ သူက စကားတစ်လုံးမှ မပြောဘဲ ကျွန်တော့်ကို အသေအချာလေ့လာအကဲခတ်နေတယ်။ ကျွန်တော့်ရဲ့ တိတ်ဆိတ်ငြိမ်သက်နေမှုကို တအံ့တသြနဲ့ စိတ်ဝင်စားပုံရလာပါတယ်၊ တကယ်လို့၊ ကျွန်တော်ဟာ မျက်လုံးပေါင်းများစွာရဲ့ ကိုယ်စားတစ်ယောက် ဖြစ်တာကို သူသိသွားရင်တော့ ကျွန်တော် အံ့သြမိမှာအမှန်ပဲ။

"ဘယ်အချိန်ရှိပြီလဲ ..."

သူက ရုတ်တရက်မေးလိုက်ပါတယ်။

"လေးနာရီထိုးပြီးပြီ ..."

ကျွန်တော့်အသံက ပုံမှန်အနေအထားမျိုးမဟုတ်ဘဲ၊ သိပ်မသေချာတဲ့သဘောကို ဆောင်နေပါတယ်။

သူက မျက်မှောင်ကြုံ့လိုက်ပါတယ်။ ကျွန်တော်ဖြေလိုက်တဲ့ စကားနောက်ကွယ်မှာ ဘယ်လိုအဓိပ္ပာယ်တွေပါနေတယ်ဆိုတာ သိတဲ့အတွက် သူ့စိတ်ထဲမှာ တစ်ခုခုခံစားလိုက်ရမယ်ဆိုတာကို ကျွန်တော် တွေးပါတယ်။

"ဘယ်အချိန် ... နေထွက်မှာလဲ ..."

သူကမေးလိုက်ပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နေထွက်ဖို့ ... တစ်နာရီလောက်လိုသေးတယ် ..."

ကျွန်တော့်အဖြေထဲမှာ "လိုသေးတယ်" ဆိုတဲ့စကားကို ထည့်ပြော လိုက်တာ၊ ဘယ်လိုအကြောင်းကြောင့်ဆိုတာကို ကျွန်တော်ကိုယ်တိုင် မသိ ဘူး။

ကျွန်တော်တို့ဟာ တစ်ယောက်ကိုတစ်ယောက် ငေးစိုက်ပြီးကြည့် နေကြတယ်။ ရုတ်တရက် ဒီခဏအတွင်းမှာ အချိန်တွေရပ်သွားတယ်လို့ ကျွန်တော်ထင်လိုက်တယ်။ 'နောက်တစ်နာရီလောက်ကြာရင်၊ ငါသူ့ကိုသတ် ရတော့မယ်' ဆိုတဲ့အတွေးက ကျွန်တော့်ဆီဝင်လာတယ်။ အဲဒါကို ကျွန်တော်ကိုယ်တိုင်က မယုံကြည်ဘဲဖြစ်နေတယ်။ အဲဒီစောင့်နေရတဲ့အချိန် ဟာ ကျွန်တော့်ရဲ့အတိတ်နဲ့ မပတ်သက်တော့ဘဲ အနာဂတ်ကို လွှမ်းမိုးနေ မယ့်အချိန်ဖြစ်သွားမှာ သေချာပါတယ်။

ကျွန်တော်တို့နှစ်ယောက်ရဲ့အခြေအနေဟာ ကာလလေးတစ်ခု အတွင်းရောက်နေရသလိုဖြစ်နေတယ်။ ဒီအခန်းထဲမှာ၊ ကျွန်တော်တို့ နှစ်ယောက် သီးခြားမဖြစ်နေပေမယ့်၊ ကမ္ဘာကြီးနဲ့တော့ တသီးတခြားစီ ဖြစ် နေပါတယ်။ သူထိုင်နေတယ်။ ကျွန်တော်ရပ်နေတယ်။ သေရမယ့်လူနဲ့ သတ် ရမယ့်လူ။ ဘုရားသခင်ဖန်ဆင်းထားတဲ့လူတွေထဲမှာ ကျွန်တော်တို့ နှစ်ယောက်က ပထမဆုံး ဒါမှမဟုတ် နောက်ဆုံးလူတွေလိုဖြစ်နေကြတယ်။ သေချာတာကတော့၊ ကျွန်တော်တို့နှစ်ယောက်ဟာ ကမ္ဘာကြီးနဲ့ သီးခြားဖြစ် နေတယ်။ ကမ္ဘာကြီးမှာ ကျွန်တော်တို့နှစ်ယောက်ထဲရှိနေတယ်။ ဘုရားသခင် ရောမရှိဘူးလား။ ဘုရားသခင်လည်း တစ်နေရာရာမှာတော့ ရှိနေတယ်။ ဘုရားသခင်က ဂျွန်ဒေါဆင်ရဲ့ကိုယ်ထဲဝင်နေပြီး၊ ကျွန်တော့်ကို လှုံ့ဆော်နေ ရာတစ်ဦး ဖြစ်ချင်ဖြစ်နေမယ်။ သတ်ရမယ့်လူနဲ့ သေမယ့်လူရဲ့ကြား[illegible] မုန်း



www.burmeseclassic.com

www.burmeseclassic.com



တီးမှုတွေလိုနေတယ်။ အဲဒီမုန်းတီးမှုဟာ ဘုရားသခင်ဖြစ်ချင်ဖြစ်နေမယ်။

ဒီအဖြူရောင်အခန်းကျဉ်းလေးထဲမှာ ကျွန်တော်တို့နှစ်ယောက်တည်းရှိနေကြတယ်။ သူက ကုတင်ပေါ်မှာထိုင်နေတယ်။ ကျွန်တော်က သူ့ရှေ့မှာရပ်နေတယ်။ တစ်ယောက်ကိုတစ်ယောက် ငေးစိုက်ကြည့်နေကြတယ်။ ကျွန်တော်မှာ သူ့မျက်လုံးထဲ ထိုးဖောက်မြင်နိုင်အောင်ကြည့်ချင်တဲ့ဆန္ဒတွေရှိနေတယ်။ သူလည်း ကျွန်တော့်မျက်လုံးထဲ ထိုးဖောက်မြင်နိုင်အောင် ကြည့်ချင်တဲ့ဆန္ဒတွေ ရှိချင်ရှိနေမယ်။ ကျွန်တော့်ရင်ထဲမှာ အမုန်း၊ ဒေါသ၊ ကြင်နာမှုဆိုတဲ့ အရာတွေမပါတဲ့ ခံစားမှုတစ်မျိုး ခံစားနေရတယ်။ ကျွန်တော် သူ့ကိုသဘောကျနေတယ်။ ဒါပဲရင်ထဲမှာဖြစ်နေတယ်။ ကျွန်တော်က သူစဉ်းစားနေတဲ့အခါမျိုးနဲ့ သူ့လက်သည်းတွေကို ငုံ့ကြည့်နေတဲ့အခါမျိုးမှာ သူ့မျက်နှာကို ခပ်တင်းတင်းဖြစ်နေစေချင်တယ်။ သူ့အတွေးတွေကို ပုံဖော်စဉ်းစားနေတဲ့အခါ၊ သူ့မျက်နှာထားကို မာကျောလာစေချင်တယ်။ အခုတော့ ဒီလိုမဟုတ်ဘူး။ သူက ကျွန်တော့်မိတ်ဆွေတစ်ဦးလိုဖြစ်နေတယ်။

"မင်းတစ်ယောက်ထဲလား..."

သူက ရုတ်တရက်မေးလိုက်တယ်။

သူဘာယ်လိုထင်ထားလို့မေးလိုက်တာလဲ။ သူ့အနံ့အသက်တစ်ခုခုရသွားလို့ မေးလိုက်တာလည်းဖြစ်ချင်ဖြစ်မယ်။

"ဟုတ်ပါတယ်..."

ပြန်ဖြေပြီးတော့၊ တောင့်တောင့်ကြီးဖြစ်သွားတယ်။ နောက်ဆုံးခြေလှမ်းတစ်လှမ်းဖြစ်ပါတယ်။ အဲဒီခြေလှမ်းလှမ်းတဲ့အခါမှာ ဦးနှောက်ကြည်ပြီး သေချာမှုတစ်ခုရှိနေဖို့လိုတယ်။

"မင်းနာမည် ... ဘယ်လိုခေါ်လဲ ..."



www.burmeseclassic.com

သူကမေးလိုက်ပြန်တယ်။

ဒီမေးခွန်းက ကျွန်တော့်စိတ်ကို ရှုပ်ထွေးသွားစေတယ်။ အနောက် အယုက်တစ်ခုပေးလိုက်သလိုဖြစ်သွားတယ်။ သေရမယ့်လူသေဖို့ အမိန့်ကျ ထားတဲ့သူက ဒီလိုမေးခွန်းမျိုးမေးဖို့လိုသေးလား။ သူ့ကိုသတ်မယ့် လူသတ် သမားရဲ့နာမည်ကို ဘာဖြစ်လို့ သိချင်ရတာလဲ။ အဲဒီနာမည်ကို နောင်တမ လွန်ဘဝအထိ သူယူသွားဖို့လိုလား။ ဘာရည်ရွယ်ချက်နဲ့မေးရတာလဲ။ ကျွန်တော့်နာမည် သူ့ကိုမပြောပဲ နေချင်ရင်နေလို့ရပါတယ်။ ဒါပေမယ့်၊ သေရမယ့်လူတစ်ယောက်ရဲ့ဆန္ဒကိုတော့ မငြင်းပယ်နိုင်ပါ။

"အီလီရာ..."

ကျွန်တော်ပြောပြလိုက်တော့ သူက–

"ခေါ်လို့ကောင်းတဲ့နာမည်ပဲ ..."

"ဒီနာမည်က ... တမန်တော်တစ်ဦးရဲ့နာမည်ပဲ .. သူဟာ 'အီလီရှာ' ရဲ့တပည့်သာဝကတစ်ဦး ... ကလေးလေးတစ်ယောက်ရဲ့ပါးစပ်ထဲ လေမှုတ် သွင်းပြီး ... အဲဒီကလေးရဲ့အသက်ကို ကယ်လိုက်တဲ့သူတစ်ဦးဖြစ်တယ်..."

ကျွန်တော်က ရှင်းပြလိုက်တယ်။

"မင်းကတော့ ... သူနဲ့ဆန့်ကျင်ဘက်ပဲ ..."

သူကပြုံးပြီးပြောလိုက်တယ်။

ဒီစကားကို ဒေါသတွေ၊ မုန်းတီးမှုတွေရဲ့အသံမပါပဲ ပြောလိုက် ဘာ။ သူလည်း ဦးနှောက်ကြည်နေပြီး သေချာမှုတစ်ခုရှိနေတဲ့ လူတစ်ယောက် ဖြစ်ချင်ဖြစ်နေမယ်။

"မင်းအသက် .. ဘယ်လောက်ရှိပြီလဲ ..."

သူက စိတ်ဝင်စားစွာနဲ့ မေးလိုက်ပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com


"တစ်ဆယ့်ရှစ်နှစ်..."

ပြောပြီးမှ အကြောင်းတစ်ခုခုက လှုံ့ဆော်လိုက်လို့ ဆက်ပြောလိုက်တယ်။

"တစ်ဆယ့်ကိုးနှစ်ထဲရောက်နေပြီ ..."

ကျွန်တော်ပြောလိုက်တာကိုကြားရတာနဲ့ သူ့ခေါင်းကို မော့လိုက်တယ်။ နောက်၊ သူ့ရဲ့မျက်နှာမှာ ဂရုဏာသက်သွားတဲ့အမူယာတွေ ပေါ်လာတယ်။ ကျွန်တော့်မျက်နှာကို ခပ်ကြာကြာလေးငေးစိုက်ကြည့်နေတယ်။ ပြီးတော့မှ ခေါင်းကို ဖြည်းဖြည်းချင်းငြိမ့်ပြလိုက်တယ်။

"မင်းအတွက် ... ကျုပ်ဝမ်းနည်းမိတယ် ..."

သူက ဝမ်းနည်းတဲ့လေသံနဲ့ ပြောလိုက်တယ်။

သူ့ရဲ့ ဂရုဏာထားမှုတွေ ကျွန်တော့်ရင်ထဲ ထိုးဖောက်ဝင်လာတယ်လို့ ခံစားလိုက်ရတယ်။ အဲဒီဂရုဏာတရားက ကျွန်တော့်ရင်ထဲကို နေရာအနှံ့ထိုးစိမ့်ဝင်လာတယ်ဆိုတာကို ကျွန်တော်သိလိုက်ပါတယ်။ ဒီအတွက် နောင်တစ်နေ့မှာ ကျွန်တော် ဝမ်းနည်းနေရလိမ့်မယ်ဆိုတာကို နားလည်ခံစားလိုက်ရပါတယ်။

"ကျွန်တော့်ကို ... ပုံတစ်ပုံလောက်ပြောပြပါလား ... တတ်နိုင်ရင် ရယ်စရာပုံပြင်ပေါ့ ..."

ကျွန်တော်က သတိရပြီးပြောလိုက်တယ်။

ကျွန်တော့်ကိုယ်ခန္ဓာက ရုတ်တရက် လေးလံလာသလိုခံစားလိုက်ရတယ်။ နောင်တစ်နေ့မှာ အခုထက်ပိုပြီး လေးလံလာမယ်ဆိုတာကို ကျွန်တော် မြင်ယောင်နေမိတယ်။ နောင်တစ်ချိန်မှာ ကျွန်တော့်ရဲ့ဘဝအပေါ်မှာ သူ့ရဲ့သေခြင်းတရားက လာပိနေမှာကို ကျွန်တော်မြင်နေမိတယ်။


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဟာ ... ခင်ဗျားမသေခင် ... နောက်ဆုံးတွေ့ရတဲ့လူပဲ — အဲဒီလူကို ... ကြိုးစားပြီး ရယ်အောင်လုပ်စမ်းပါ ..."

ကျွန်တော်ကဆက်ပြီး ပြောလိုက်ပြန်တယ်။

သူ့မျက်နှာမှာ ကျွန်တော့်ကို ဂရုဏာသက်နေတဲ့အမူရာတွေ ထင်းပြီးပေါ်လာပြန်တယ်။ သေရမယ့်လူ၊ သေမိန့်ကျထားတဲ့လူဟာ သူ့နောက်ဆုံးတွေ့ရတဲ့လူကို ဂရုဏာသက်နေတဲ့မျက်လုံးနဲ့ ကြည့်တတ်တာ၊ သူ့ကိုသတ်မယ့်လူကို အဲဒီကြည့်တတ်တာတွေဟာ တကယ်ပဲဆိုရင်တော့ ကျွန်တော်အလွန်အံ့သြမိမှာပဲ။

"မင်းအတွက် ... ကျုပ် ဝမ်းနည်းမိတယ် ..."

သူက ဒီစကားကို ထပ်ပြောပြန်ပါတယ်။

"ဒီစကားက ... ရယ်စရာပုံပြင်မှမဟုတ်ပဲ ..."

ကျွန်တော်က တမင်လုပ်ယူထားလိုက်တဲ့အပြုံးနဲ့ ပြောလိုက်တယ်၊

သူက ကျွန်တော့်ကိုပြန်ပြီးပြုံးပြလိုက်တယ်။ ကျွန်တော်တို့နှစ်ယောက်ရဲ့အပြုံးတွေက ပိုပြီးဝမ်းနည်းစရာကောင်းလာနေလား။

"အဲဒီစကားက ... ရယ်စရာမဟုတ်ဘူးလို့ ... မင်းအသေချာပြောနိုင်လား .."

မပြောနိုင်ပါ။ ကျွန်တော့်အဖို့ မသေချာပါ။ ဒီစကားဟာ ရယ်စရာကောင်းတဲ့အကြောင်းတစ်ခုရဲ့ စကားဖြစ်ချင်ဖြစ်နိုင်တယ်။ သေမယ့်လူက ငိုနေတယ်။ သတ်မယ့်လူက ရပ်နေတယ်။ ပြုံးနေကြတယ်။ တစ်ယောက်တစ်ယောက် နားလည်နေကြတယ်။ တစ်ယောက်ကိုတစ်ယောက် သိနားလည်နေကြတာက ငယ်သူငယ်ချင်းတွေထက်တောင် ပိုသေးတယ်။ အခု



www.burmeseclassic.com

www.burmeseclassic.com


တွေ့နေကြတာက အလုပ်ကိစ္စတစ်ခုအတွက် တွေ့နေကြတာပဲဖြစ်တယ်။ အဲဒီအချိန်မှာ ခလေ့ထုံးစံအမူအကျင့်တွေ မရှိကြဘူး။ စကားလုံးတွေ၊ အကြည့်တွေ၊ ကိုယ်အမူအယာတွေဟာ အရင်းအတိုင်း အမှန်အတိုင်းဖြစ်နေတယ်။ အလုပ်ဆိုတဲ့ ရှုထောင့်တစ်ခုက ကြည့်ရင် ဒီလိုပဲဖြစ်နေရမှာဖြစ်ပါတယ်။ သူနဲ့ ကျွန်တော်ကြားမှာရှိတဲ့ အရာဟာ သဟဇာတဖြစ်နေတယ်။ ကျွန်တော့်အပြုံးက သူ့အတွက်အဖြေ။ သူ့ဂရုဏာသက်တာကလဲ ကျွန်တော့်အတွက်အဖြေ။ အခုလိုအချိန်မျိုးမှာ သူနဲ့ကျွန်တော် တစ်ယောက်ကို တစ်ယောက် နားလည်မှုရှိနေတာဟာ တခြားလူတွေ၊ တစ်ဦးကိုတစ်ဦး နားလည်နေတာနဲ့မတူဘူး။ ဒီအချိန်မှာ ကျွန်တော်တို့ နားလည်မှုတွေက ပိုပြီး ပြည့်စုံနေတယ်။ ရင်ထဲက အနက်ရှိုင်းဆုံးနေရာအထိရောက်အောင် နားလည်နေမှုက စူးရှထိရောက်တယ်။ ဒါတွေကို ကျွန်တော်သိနေသော်လည်း ကံကြမ္မာဆိုးက ကျွန်တော်တို့နှစ်ယောက်အပေါ်ကွက်ပြီး ရောက်လာတယ်။ ဒီအခြေအနေမျိုးမှာ ရယ်စရာပုံပြင်တစ်ခု ဖန်တီးဖို့ဆိုတာက သိပ်မလွယ်တဲ့ ကိစ္စဖြစ်ပါတယ်။

"ထိုင်ပါ ..."

သူက ဘယ်လက်နဲ့ အိပ်ယာပေါ်ပုတ်ပြပြီး ပြောလိုက်တယ်၊

ကျွန်တော်ထိုင်လိုက်တယ်။ သူက ကျွန်တော့်ထက်ခေါင်းတစ်လုံး ပိုမြင့်နေတာကို သတိထားမိလိုက်တယ်။ သူ့ခြေထောက်တွေက ကျွန်တော့် ခြေထောက်တွေထက် ရှည်တယ်၊ ကျွန်တော့်ခြေထောက်တွေက အောက် ကြမ်းခင်းပျဉ်နဲ့ လွတ်နေတယ်။

"ကျုပ်မှာ .. .မင်းအရွယ်လောက် ... သားတစ်ယောက်ရှိတယ် ဒါပေမယ့် ... မင်းနဲ့တော့မတူဘူး .. သူ့ဆံပင်တွေက ... နုပျော့ပြီးတော့


www.burmeseclassic.com

www.burmeseclassic.com



သန်တယ် ... ကျန်းမာရေးတော်တော်ကောင်းတယ် ... သူက ... စားမယ် သောက်မယ် ... ရုပ်ရှင်သွားမယ် ... ရယ်မယ် ... သီချင်းဆိုမယ် ... မိန်း ကလေးတွေနဲ့ အပြင်ထွက်လည်မယ် ... ဒါတွေက ... သူလုပ်နေကျအလုပ် တွေပဲ ... သူ့မှာ ... မင်းလိုစိုးရိမ်ပူပန်မှုတွေ ... သောကတွေ ... မပျော်မရွှင် ဖြစ်နေရတဲ့ ... မင်းလိုအခြေအနေမျိုးတွေ မရှိဘူး ... နောက် ... ကင်းဘရိတ် ဘက္ကာသိုလ်မှာ တက်နေတဲ့ကျောင်းသားတစ်ယောက် ..."

သူက သူ့သားအကြောင်းကိုပြောပြတယ်။ သူပြောလိုက်တဲ့စကား ....တိုင်းက ကျွန်တော့်ကို မီးစနဲ့ထိုးသလိုဖြစ်နေတယ်။ ကျွန်တော်က ရုတ် ....ရက် ဘောင်းဘီအိတ်ထဲက ခြောက်လုံးပြူးကို စမ်းလိုက်မိတယ်။ ဒီ သက်နက်ဟာ ကျွန်တော့်အတွက် ထွက်ပေါက်တစ်ခု။ ဒါပေမယ့် ကျွန်တော့် သက်ကို မီးလိုပူလောင်လိုက်စေတယ်။

"ငါသူ့စကားကို နားမထောင်သင့်ဘူး" လို့ ကျွန်တော့်ကိုယ် ကျွန်တော်ပြောမိတယ်။

သူဟာ ကျွန်တော့်ရဲ့ရန်သူ။ အဲဒီရန်သူမှာ ပြောစရာဇာတ်လမ်း ....ရာမလိုပါဘူး။ တကယ်တော့၊ ကျွန်တော်ဟာ တစ်ခုခုကိုတွေးနေသင့် ....ယ်ဆိုပါစို့။ သူ့ကို ဘာဖြစ်လို့တွေ့ချင်ရတာလဲ။ သူစကားပြောရင် ငါက ....ယ်လိုလုပ်နေရမလဲ။ သူတစ်ခုခုလုပ်တိုင်းလုပ်တိုင်း ... ငါဘာလုပ်မလဲ။ ....ဒီလိုတွေးနေရမယ်၊ စဉ်းစားနေရမယ်။ ဒီလိုပဲ အိုင်လာနာအကြောင်း၊ ....က်(ဒ်)အကြောင်းတွေကို စဉ်းစားနေရမယ်။ ဟုတ်ပါတယ်။ ကျွန်တော်က ....ဒ်(ဒ်)အကြောင်းကို စဉ်းစားရမယ်။ ဂက်(ဒ်)ကလည်း ဒေးဗစ်အကြောင်း ....ကို စဉ်းစားနေမှာပဲ။ ကျွန်တော်က ကျွန်တော်တို့ရဲ့ သူရဲကောင်း 'ဒေး.... ....ဒ်မိုရီ' အကြောင်းကို စဉ်းစားနေရမယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မျက်လုံးမှိတ်ပြီး ဒေးဗစ်ကို စိတ်ကူးနဲ့ပုံဖော်ကြည့်လိုက်တယ်။ ဒါပေမယ့်၊ ပေါ်မလာဘူး။ ဒေးဗစ်ကို ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး။ သူ့နာမည်ကိုသာ ကြားဖူးနေတာ။ လူတစ်ယောက်ရဲ့ပုံပန်း စိတ်ကူးထဲပေါ်လာဖို့အတွက် နာမည်တစ်ခုထဲသိရုံနဲ့ မဖြစ်ပါဘူး။ ဒေး ဘင်မိုရီ ဆိုတဲ့နာမည်နဲ့အတူကူ။ မျက်နှာ၊ အသံ၊ ကိုယ်ခန္ဓာ စတဲ့အရာ ကို တွဲပြီးသိမှသာ အာရုံမှာ ပုံဖော်လို့ရပါတယ်။

ပြီးတော့ ဂက်(ဒ်)ကို စိတ်ကူးနဲ့ပုံဖော်ကြည့်ရတာ မခက်ပါဘူး နောက် ဒေးဗစ်ဘင်မိုရီနေရာမှာ ဂက်(ဒ်)ကိုအစားထိုးပြီး စိတ်ကူးနဲ့ ပုံဖော် ကြည့်တယ်။ ဒီတော့ ဂက်(ဒ်)က သေဒဏ်ကျခံရမယ့် လူတစ်ဦးအဖြစ် ပေါ်လာတယ်။ အရင်က ဒီလိုဘာဖြစ်လို့ စိတ်ကူးမျိုးနဲ့ ပုံမဖော်ကြည့်ရ လည်းလို့ တွေးမိတယ်။ တစ်ခါ၊ ဂျွန်ဒေါ်ဆင်ဟာ သေမိန့်ကျခံထားရတဲ့ ဒီတော့၊ သူ့ရုပ်ပုံကို ဒေးဗစ်နေရာမှာအစားထိုးပြီး တွေးကြည့်မိတယ် မြင်ကြည့်မိတယ်။ ဒီတော့ ဒေးဗစ်ဘင်မိုရီဟာ ဂျွန်ဒေါ်ဆင်ရဲ့ကိုယ် ကျွန်တော့်အာရုံထဲမှာပေါ်လာတယ်။ ဂျွန်ဒေါ်ဆင်ဟာ ကျွန်တော့်စိတ်ကူး မှာတော့ ဒေးဗစ်ဘင်မိုရီဖြစ်သွားတယ်။

"ဒေးဗစ်ဘင်မိုရီ ... နောက်၊ ငါးမိနစ်လောက်ကြာရင် ခင်ဗျား အခန်းတံခါးကို လာခေါက်လိမ့်မယ်။ အခုခင်ဗျားနေရတဲ့အခန်းက အေး အခန်းတစ်ခန်းဖြစ်နေမှာပဲ။ တံခါးခေါက်ပြီးတော့ ခင်ဗျားဆီကို ဘုန်းတော် ကြီးတစ်ပါးရောက်လာမယ်။ နောက်၊ တရားစာတွေရွတ်မယ်။ ခင်ဗျား အပြစ်တွေကို ဝန်ခံခိုင်းမယ်။ နောက်၊ ထုံးစံအတိုင်း ကောင်းချီးပေးမ နောက်၊ ခင်ဗျားကိုသေရမှာမကြောက်ဖို့ ပြောမယ်။ ခင်ဗျားက မကြောက်ဘူး လို့ပြန်ဖြေမယ်။ ဒီအခါ၊ ဘုန်းတော်ကြီးက ပြုံးပြီး၊ အပြင်ဘက်ကလူတွေ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားအတွက် ဂုဏ်ယူနေကြတဲ့အကြောင်းပြောပြမယ်။ ဘုန်းတော်ကြီးက သူတွေ့ခဲ့ရတာတွေကို ရင်ထဲအထိရောက်အောင် ခံစားမိပြီး မျက်ရည်ကျလာမယ်။ ခင်ဗျားကတော့ ငိုမှာမဟုတ်ဘူး။ ဘုန်းတော်ကြီးကိုသာ ဂရုဏာသက်နေမှာဖြစ်ပါတယ်။ ဘာဖြစ်လို့ဆိုတော့ ခင်ဗျားဟာ မသေခင်နောက်ဆုံးတွေ့ရတဲ့လူဟာ အဲဒီဘုန်းတော်ကြီးဖြစ်နေလို့ပဲ။ (ခင်ဗျားရဲ့နောက်ဆုံးသူတွေထဲမှာ ကြိုးကွင်းစွပ်မယ့်လူနဲ့ သူ့လက်ထောက်ကို ထည့်မတွက်ဘူး) ခင်ဗျားက ဘုန်းတော်ကြီးကို မငိုပါနဲ့၊ ကျွန်တော်မကြောက်ပါဘူး။ ကျွန်တော့်အတွက် ဝမ်းနည်းမနေပါနဲ့လို့ နှစ်သိမ့်စကားပြန်ပြောမယ်...”

“မင်းအတွက် ... ကျုပ်ဝမ်းနည်းမိတယ် ... မင်းက ငါ့ကို စိတ်ဆင်းရဲအောင်လုပ်တယ် ... ငါ့သားက ... ငါ့ကို အဲဒီလိုမလုပ်ဘူး ...”

သူပြောပြီး ထရပ်လိုက်တယ်။ အဲဒီတော့မှ သူ့အတော်အရပ်ရှည်တာကို တွေ့ရတယ်။ သူက ဘောင်းဘီထဲလက်နှိုက်ပြီး၊ အခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်နေလိုက်တယ်။

“ဒါကို ... ရယ်စရာတစ်ခုလို့ .. သတ်မှတ်လိုက်ရမလား...”

ကျွန်တော်ပြောတာကို သူကြားမိပုံမပေါ်။ ဟိုဘက်နံရံ၊ ဒီဘက်နံရံတွေဆီကိုသာ လမ်းဆက်လျှောက်တယ်။ နံရံတွေက ခြေလှမ်းငါးလှမ်းစာ ချဲ့ကွာတယ်။ ကျွန်တော်က လက်ပတ်နာရီကိုကြည့်လိုက်တယ်။ လေးနာရီ ခြောက်နှစ်ဆယ်။ သူက ကျွန်တော့်ရှေ့မှာ ရုတ်တရက်ရပ်လိုက်ပြီး စီးကရက်ဘာစ်လိပ်တောင်းလိုက်တယ်။ ကျွန်တော်က အိတ်ထဲက စီးကရက်ဘူးကို ထုတ်ပြီး သူလိုချင်သလောက်ယူနိုင်ဖို့ ဘူးပေးလိုက်တယ်။ ဒါပေမယ့် သူက တစ်လိပ်ထဲယူပြီး၊ ကျန်တာပြန်ပေးတယ်။ သူ့စိတ်ထဲမှာ တစ်ဘူးလုံးသောက်ဖို့ အချိန်မရတော့ဘူးဆိုတာကို သိနေလို့ဖြစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်၊ သူက သည်းမခံနိုင်သလိုဖြစ်လာတဲ့လေသံနဲ့–

"မင်းမှာ ... ခဲတံနဲ့ စာရွက်ရှိလား ..."

ကျွန်တော်က အိတ်ထဲက မှတ်စုစာအုပ်ကို ထုတ်ပြီး ရေးထားတဲ့ တချို့စာရွက်တွေကို ဆုတ်ယူထားလိုက်ပြီးတော့၊ ကျန်တဲ့ဟာကို ခဲတံနဲ့ အတူ သူ့ကိုပေးလိုက်တယ်။

"ကျုပ်သားဆီကို .. စာနည်းနည်းရေးချင်လို့ ... သူ့လိပ်စာလည်း ရေးထားလိုက်မယ် ..."

သူက မတ်တပ်ရပ်နေရင်းက ကုန်းပြီး အိတ်ပေါ်မှာစာအုပ်တင်ပြီး ရေးပါတော့တယ်။ အခန်းထဲမှာ အတော်လေးတိတ်ဆိတ်သွားတယ်။ ခဲတံနဲ့ စာရွက်ထိသံသာ အခန်းထဲမှာပေါ်ထွက်နေတယ်။ ကျွန်တော်က သူ့ရဲ့ လက်ချောင်းလေးတွေကိုသာ ကြည့်နေမိတယ်။ သူ့လက်ချောင်းလေးတွေက သွယ်လျလျနဲ့ လှတယ်။ အေးအေးဆေးဆေး၊ သိက္ခာရှိရှိနေထိုင်တတ်တဲ့ ဂုဏ်သရေရှိတဲ့ အထက်တန်းလွှာကလူတွေမှာသာ ရှိတတ်တဲ့ လက်ချောင်း လေးမျိုးတွေဖြစ်တယ်။ ပြောရရင်၊ အနုပညာဆန်တဲ့ လက်ချောင်းလေးတွေ ဖြစ်ပါတယ်။ သူ့လက်ချောင်းတွေက ကမ္ဘာကျော် ပန်းပုဆရာတစ်ယောက်၊ ဂျာမန်ဂျူးတစ်ယောက်။ သူ့ကို နာဇီတွေက လက်ဖြတ်ပစ်လိုက်တာပဲဖြစ်ပါ တယ်။

ဂျာမဏီမှာ ဟစ်တလာအာဏာရပြီး တစ်နှစ်အတွင်း စတီဖင်နဲ့ သူငယ်ချင်းတွေဟာ ဟစ်တလာရန်က ကာကွယ်ဖို့ ဘာလင်မှာ အဖွဲ့လေး တစ်ဖွဲ့ဖွဲ့လိုက်တယ်။ အဲဒါ ဂျာမန်ဂက်စတာပိုအဖွဲ့ကသိသွားပြီး စတီဖင် အဖမ်းခံလိုက်ရတယ်။ မေးခွန်းတွေအမျိုးမျိုးမေးပြီး၊ နည်းပေါင်းစုံနဲ့ နှိပ်စက် တယ်။ သူတို့က အဖွဲ့ဝင်တွေရဲ့နာမည်တွေကို ဖော်ထုတ်ခိုင်းတယ်။ စတီဖင်



www.burmeseclassic.com

www.burmeseclassic.com



က မဖော်ဘူး။ ရေငုံနှုတ်ပိတ်နေတယ်။ နာဇီတွေက နာမည်ဖော်ရင် သူ့ကို လွှတ်ပေးမယ်လို့ချော့တယ်။ မရဘူး။ နောက်၊ သူ့ကိုညှဉ်းဆဲပြီး နှိပ်စက်ဘယ်။ ဒါပေမယ့်၊ သူ့ပါးစပ်က စကားတစ်လုံးမှမပြောဘူး။ နေ့အချိန်ပဲဖြစ်ဖြစ်၊ ညဘက်ပဲဖြစ်ဖြစ်၊ သူ့ကို လုံးဝအိပ်ခွင့်မပေးဘူး။ တစ်ယောက်ပြီးတစ်ယောက် မေးခွန်းတွေမေးတယ်။ နှိပ်စက်တယ်။ သေလုမျောပါးခံရပေမယ့်၊ သူကမဖော်ဘူး။ စကားတစ်လုံးမှပြန်မပြောဘူး။ အံကြိတ်ရင်း တောင့်ပြီးခံတယ်။ နောက်ဆုံးတော့ သူ့ကို ဂက်စတာပိုတို့ရဲ့ အကြီးအကဲဆီပို့လိုက်ဘယ်။

အဲဒီအကြီးအကဲရဲ့ပုံပန်းက ထိတ်လန့်နေတတ်တဲ့အမူရာရှိပြီး ချော့ပျောင်းတယ်။ စကားပြောရင် ငြင်ငြင်သာသာနဲ့ တစ်ဘက်သားကို ဆွဲဆောင်နိုင်တယ်။ သူ့အမူယာတွေက အဖေတစ်ယောက်လိုဖြစ်နေပြီး၊ ချာမွေ့အောင်ဆက်ဆံတဲ့သူတစ်ယောက်ဖြစ်တယ်။ သူက စတီဖင်ကို ခေါင်းမမာဖို့ ချော့မော့ပြောပြီး–

"တို့ကို ... မင်းတို့ရဲ့အဖွဲ့ဝင်တွေထဲက ... တစ်ယောက်ရဲ့နာမည်လောက်ပဲပြောရင် ... ဘယ်လောက်ကောင်းလိုက်မလဲ ... ပြောမယ်မဟုတ်လား ..."

ဒါပေမယ့် စတီဖင်က လုံးဝမပြောဘူး။ အမျိုးမျိုးလှည့်ပတ် ချော့မော့ပြီးမေးပေမယ့်၊ စတီဖင်က နှုတ်ပိတ်နေတယ်။ ကြာလာတော့ သူက–

"တော်တော်ဆိုးတာပဲ ... မင်းက ... ငါ့ကို ... မင်းအသားနာအောင် လုပ်နိုင်နေတာလား ... မင်းစဉ်းစားစမ်းပါ..."

ဘယ်လိုမှလုပ်လို့မရတော့ စတီဖင်ကို အကျဉ်းထောင်ထဲက ခွေးခြံနှင့် တစ်ခုလိုအခန်းထဲကို စစ်သားနှစ်ယောက်က ခေါ်သွားကြတယ်။ အခန်း



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ပြတင်းပေါက်အနားမှာတော့ သွားစိုက်ခန်းမှာအသုံးပြုတဲ့ ကုလားထိုင် တစ်လုံးရှိနေတယ်။ နံဘေးမှာရှိတဲ့စားပွဲပေါ်မှာတော့ ခွဲစိပ်ခန်းသုံး ကရိယာ တွေတင်ထားတယ်။ နောက်၊ စတီဖင်ကို ကုလားထိုင်မှာကြိုးနဲ့ပူးတုပ်လိုက် ပြီး၊ ပြတင်းပေါက်ကိုပိတ်လိုက်တယ်။ ပြီးတော့ စီးကရက်ထုတ်ပြီး မီးညှိ ဖွာရှိုက်နေကြတယ်။ သိပ်မကြာခင်မှာ အခန်းထဲကို အကြီးအကဲဖြစ်သူဝင် လာတယ်။ သူ့ကိုယ်မှာ ဆရာဝန်တွေခွဲစိပ်ခန်းမှာဝတ်တဲ့ အဖြူရောင်အကျႌ ကိုဝတ်လာတယ်။ နောက်၊ စတီဖင်ကိုကြည့်ပြီး–

"မကြောက်ပါနဲ့ ... ငါဟာ ခွဲစိပ်ဆရာဝန်တစ်ယောက်ပါ ... မင်း ကို ခွဲစိပ်စရာရှိနေလို့ ..."

ပြောပြီး ခွဲစိပ်ကိရိယာတွေကို လက်နဲ့တစ်ချက်အသာပုတ်လိုက်ပြီး တော့ စတီဖင်ရှေ့က ကုလားထိုင်မှာ ဝင်ထိုင်လိုက်တယ်။

"မင်းရဲ့ညာလက် ... ငါ့ကိုပြစမ်း ..."

သူက စတီဖင်ရဲ့လက်ကိုယူလိုက်ပြီး အသေအချာလေ့လာကြည့် နေတယ်။ ပြီးတော့မှ–

"မင်းဟာ ပန်းပုဆရာတစ်ယောက် ... မင်းမှာ ဘာမှပြောစရာ မရှိဘူး ... အေး ... အဲဒါငါသိတယ် ... ဒါပေမယ့် ... ငါ့မှာတော့ မင်းကို ပြောစရာရှိနေတယ် ... မင်းရဲ့လက်ချောင်းလေးတွေကတစ်ဆင့် မင်းကိုပြော နိုင်တယ် ... လူတစ်ယောက်ရဲ့လက်ဟာ ... အဲဒီလူရဲ့အကြောင်းကို အများ ကြီးပြောနိုင်တယ် ... မင်း ... ငါ့လက်ကိုကြည့်လိုက်စမ်း ... မင်း ... ဒီ လက်မျိုး ... ဘယ်ဆရာဝန်ရဲ့လက်မှာမှ တွေ့ဖူးမှာမဟုတ်ဘူး ... ဟုတ် တယ်မဟုတ်လား ... အမှန်တိုင်းပြောရရင် ... ငါဟာ ဆရာဝန်တစ်ယောက် မဖြစ်ချင်ဘူး ... ငါဖြစ်ချင်တာက ... ပန်းချီဆရာ ... ဂီတဆရာ ... ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



... ငါမဖြစ်လာခဲ့ဘူး ... ငါ့မှာအခုထိ ... အနုပညာဆန်တဲ့လက်တွေရှိနေသေးတယ် ... ကဲ ... ငါ့လက်တွေကိုကြည့်စမ်း ..."

စတီဖင်က သူ့ရဲ့လက်တွေကို ကြည့်လိုက်တယ်။ သူ့လက်တွေက အလွန်လှပြီး သွယ်လျလျနဲ့ အလွန်ကြည့်လို့ကောင်းတာကို တွေ့လိုက်ရတယ်။ သူ့လက်ကိုကြည့်ပြီးပြောရရင် သူဟာ ခံစားလွယ်သူတစ်ယောက်။ လက်တွေ့ထက် စိတ်ကူးကိုပိုပြီးခံစားတတ်သူတစ်ယောက်ဖြစ်တယ်။ နောက်၊ အဲဒီအကြီးအကဲက ဆက်ပြောပြန်တယ်။

"မင်းလို ပန်းပုဆရာအတွက်ကတော့ ... မင်းလက်တွေဟာ အရေးကြီးနေမှာပဲ ... မင်းအတွက် မရှိမဖြစ် ... လိုအပ်နေမှာပဲ ... ဒါပေမယ့် ... မင်းကံဆိုးသွားတယ် ... တို့က ... မင်းရဲ့လက်တွေကို မလိုချင်ပဲ ဖြစ်နေတယ်"

ပြောပြီးတာနဲ့ စတီဖင်ရဲ့ လက်ညှိုးတစ်ချောင်းကို ဖြတ်လိုက်တယ်။

နောက်တစ်နေ့ ဒုတိယတစ်ချောင်း၊ နောက်တစ်နေ့ တတိယတစ်ချောင်း။ ငါးရက်၊ ငါးချောင်းဖြတ်လိုက်တယ်။ ညာလက်က လက်ချောင်းငါးချောင်းစလုံး အဖြတ်ခံလိုက်ရတယ်။ နောက်ပြီးတော့ အဲဒီလူကြီးကပြောလိုက်သေးတယ်။ အာမခံချက်ပေးလိုက်သေးတယ်။

"မင်းဘာမှမစိုးရိမ်နဲ့ ... ဆေးပညာရှုထောင့်ကကြည့်ပြီးပြောရရင် အားလုံး အခြေအနေကောင်းပါတယ် ... ဘာရောဂါပိုးမှ မဝင်နိုင်ဘူး ..."

စတီဖင်က အဲဒီလူကြီးရဲ့လက်တွေကို အနီးကပ်ပြီး ငါးရက်၊ ငါးကြိမ်မြင်ခဲ့ရတယ်။ လက်ချောင်းပုံစံတွေကို စိတ်ထဲမှာ အမြဲမှတ်မိတယ်။ နောက် စတီဖင် ကျွန်တော့်ကိုပြောခဲ့ဖူးတယ်။

www.burmeseclassic.com



"သူ့လက်ချောင်းတွေက ... အတော်လှတာ ... အနုပညာဆန်တဲ့ လက်သွယ်သွယ်လေးတွေက ... သိပ်ကြည့်လို့ကောင်းတယ် ... ငါတွေ့ဖူးတဲ့လက်တွေထဲမှာတော့ ... သူ့လက်က အတော်လှတဲ့လက်လို့ ပြောနိုင်တယ် ..."

သူ့စကားကို အခုထိ ကျွန်တော်အမှတ်ရနေသေးတယ်။

နောက်၊ ကျွန်တော့်အာရုံက ဂျွန်ဒေါ်ဆင်ဆီ ပြန်ရောက်လာတယ်။ သူစာရေးလို့ပြီးသွားပြီ။ သူက စာကို ကျွန်တော့်ကိုလှမ်းပေးလိုက်တယ်။ ကျွန်တော်က စာကိုလှမ်းမယူသေးဘဲ သူ့လက်ကို အသေအချာကြည့်လိုက်မိတယ်။

"ခင်ဗျားက ... အနုပညာသမားတစ်ယောက်လား..."

ကျွန်တော်က သူ့လက်တွေကိုကြည့်ရင်း မေးလိုက်တယ်။

သူက ခေါင်းခါပြတယ်။

"ခင်ဗျား ... တစ်ခါမှ ... ပန်းချီမဆွဲဖူးဘူးလား ..."

ဂီတတူရိယာတစ်ခုခုရော တီးဖူးလား ... ဒါမှမဟုတ်ရင်လည်း ... အဲဒီလိုပန်းချီဆရာ ... ဂီတဆရာ .. တစ်ယောက်ဖြစ်လာဖို့ ရည်ရွယ်ချက်ထားခဲ့ဖူးလား ..."

သူက ကျွန်တော့်ကို အသေချာစိုက်ကြည့်နေလိုက်တယ်။ အဲဒီခဏအတွင်းမှာ အတော့်ကိုတိတ်ဆိတ်သွားတယ်။ နောက်မှ ခြောက်ကပ်ကပ်အသံနဲ့ပြန်ဖြေတယ်။

"မလုပ်ခဲ့ဘူး ... မထားခဲ့ဘူး ..."

"ဒါဆို ... ခင်ဗျားဆေးပညာကိုရော ... လေ့လာဖူးလား ..."

"ကျုပ် ... ဆေးပညာကို .. ဘယ်တော့မှမလေ့လာဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက ဒေါသကိုထိန်းပြီးပြောရတဲ့အသံမျိုးနဲ့ ပြန်ဖြေလိုက်တယ်။

ကျွန်တော်က–

"အဲဒါ ... တော်တော်ဆိုးတာပဲ ..."

"ဘာဆိုးတာလဲ ... ဘာဖြစ်လို့လဲ ..."

"ခင်ဗျားလက်တွေကိုကြည့်ပါလား ... လက်တွေက ... ခွဲစိပ်ဆရာဝန်တစ်ယောက်ရဲ့လက်မျိုး ... ဒီလက်ပိုင်ရှင်မျိုးက ... လူတစ်ယောက်ရဲ့လက်ချောင်းလေးတွေကို ... ဖြတ်ထုတ်ပစ်တတ်တယ် ..."

သူက လက်ထဲက စာရွက်တွေကို အိပ်ယာပေါ်တင်လိုက်တယ်။ ပြီးတော့ ...

"ဒါ ... ရယ်စရာပုံပြင်တစ်ပုဒ်လား ..."

"ဟုတ်တယ် ... အတော်ရယ်ရတယ် ... ကျွန်တော့် သူငယ်ချင်းတစ်ယောက်က ပြောပြတာ ... သူကပြောပြီး ... အားရပါးရ အော်ရယ်တယ်။

"မင်း ... ကျုပ်ကိုမုန်းနေတယ် ... ဟုတ်တယ်မဟုတ်လား ..."

တကယ်တော့၊ ကျွန်တော်သူ့ကို မမုန်းပါဘူး။ ဒါပေမယ့် ကျွန်တော် သူ့ကို မုန်းချင်တယ်။ လူတစ်ယောက်မှာ မုန်းတဲ့စိတ်ဖြစ်ပေါ်လာအောင် လုပ်ရတာလွယ်ပါတယ်။ အမုန်းဟာ သစ္စာတရားလို၊ အချစ်လို၊ စစ်ပွဲလို၊ အရာရာကို ဆုံးဖြတ်နိုင်စွမ်းရှိပါတယ်။

ကျွန်တော်ကိုယ် ကျွန်တော် ပြန်မေးကြည့်တယ်။

"အီလီရှာ ... မင်းဘာဖြစ်လို့ ဂျွန်ဒေါ်ဆင်ကို သတ်ရတာလဲ ..."

"သူက ... ကျုပ်ရဲ့ ရန်သူဖြစ်နေလို့ ..."

"ဂျွန်ဒေါ်ဆင်ဟာမင်းရဲ့ ရန်သူဟုတ်လား ... အဲဒါကို သေချာအောင် ရှင်းပြပေးပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... ဩန်ဒေါ်ဆင်ဟာ အင်္ဂလိပ်လူမျိုးတစ်ယောက် ... ပါလက်စတိုင်းမှာရှိတဲ့ ဂျူးလူမျိုးတွေရဲ့ ရန်သူဖြစ်တယ် ... ဒါကြောင့် သူဟာ ကျုပ်ရဲ့ ရန်သူတစ်ယောက်ဖြစ်တယ် ..."

"ဒါပေမယ့် ... အီလီရှာ ... မင်းသူ့ကို သတ်တာကို ... ငါအခုထိ နားမလည်သေးဘူး ... မင်းရဲ့ရန်သူဟာ ... သူတစ်ဦးတည်းလား ..."

"မဟုတ်ဘူး ... ကျုပ်ကို အမိန့်ပေးထားတယ် ... ဒီအမိန့်ဟာ ဘယ်လိုဆိုတာ ... ခင်ဗျားသိတယ် ..."

"ဒါဆို ... အမိန့်က ... သူတစ်ဦးတည်းကိုသာ ရန်သူအဖြစ် သတ်မှတ်ပေးထားလား ... ပြောစမ်းပါဦး အီလီရှာ ... ဘာဖြစ်လို့မင်း ... ဩန် ဒေါ်ဆင်ကို သတ်ရတာလဲ ..."

အမုန်းတရားကို လက်ကိုင်ထားလိုက်ရင်၊ ဒီမေးခွန်းတွေကနေ ကျွန်တော်လွတ်သွားမယ်။ ဘာဖြစ်လို့ ဩန်ဒေါ်ဆင်ကို သတ်ရတာလဲ။ ကျွန်တော်သူ့ကို မုန်းလို့သတ်တယ်။ ဒါဆိုရှင်းရှင်းလေး။ ပြီးပြီ။ လူတွေရဲ့၊ လူမဆန်တဲ့ အပြုအမူတွေကို ရှင်းပြဖို့အတွက်၊ လုံလောက်တဲ့အကြောင်းတရားအပြည့်အစုံက အမုန်းထဲမှာ ရှိနေတယ်။

ကျွန်တော် အသေချာစဉ်းစားကြည့်မှ၊ ဩန်ဒေါ်ဆင်ကို အမုန်းတကယ် မုန်းချင်နေတယ်ဆိုတာ ပေါ်လာတယ်။ ဒါကြောင့် သူ့ကို ကျွန်တော် မသတ်ခင်မှာ စကားပြောကြည့်ဆင်းလာတာပဲ။ သူနဲ့စကားပြောရင်း၊ အကြောင်းတစ်ခုခုက၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ ရင်ထဲက အမုန်းတွေကို ထကြွလာစေနိုင်တယ်လို့ မျှော်လင့်ချက်ထားခဲ့တယ်။

လူတစ်ယောက်က သူ့ရန်သူကိုမုန်းတယ်။ ဘာဖြစ်လို့ဆိုတော့ သူ့မှာဖြစ်လာတဲ့ သူ့ရဲ့ကိုယ်ပိုင်ကို မုန်းလို့ပဲ။ ဒီကိစ္စကို ရှင်းပြဖို့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီရန်သူက ကျွန်တော့်မှာ အမုန်းတွေဖြစ်လာအောင် လုပ်လိုက်တယ်။ ကျွန်တော်သူ့ကို မုန်းတာဟာ၊ ရန်သူဖြစ်နေလို့ မဟုတ်ဘူး။ သူ ကျွန်တော့်ကို မုန်းနေလို့မဟုတ်ဘူး။ သူက ကျွန်တော့်အမုန်းတွေကို လှုံ့ဆော်လိုက်လို့သာ သူ့ကိုမုန်းရတာ။

ဂျွန်ဒေါ်ဆင်က ငါ့ကို လူသတ်သမားတစ်ယောက်ဖြစ်အောင် လုပ်လိုက်တယ်လို့ ကျွန်တော့်ကိုယ်ကို ကျွန်တော်ပြောမိတယ်။ သူက ဂျွန်ဒေါ်ဆင်ကို သတ်တဲ့လူတစ်ယောက်ဖြစ်အောင် ကျွန်တော့်ကို လုပ်လိုက်တယ်။ ဒီတော့ သူဟာ ကျွန်တော်အမုန်းနဲ့ ထိုက်တန်တဲ့ လူတစ်ယောက်ဖြစ်သွားတယ်။ ကျွန်တော်ဟာ လူသတ်သမားတစ်ယောက်ဖြစ်သွားပေမယ့် ဂျွန်ဒေါ်ဆင်ကို သတ်တဲ့လူသတ်သမားတော့ ဖြစ်မသွားဘူး။

ဒါကြောင့် ကျွန်တော် အမုန်းကို အစာကျွေးဖို့ ဒီမြေအောက်ခန်းကို ဆင်းလာတာပဲဖြစ်တယ်။ ဒါက လုံလောက်တဲ့အကြောင်းရှိနေတယ်။ ဆရာတို့က ရန်သူအကြောင်းပြောရင် ရန်သူမှာ တကယ့်ဆိုးတဲ့ နတ်မိစ္ဆာ [illegible]ကောင် ဝင်ပူးနေသလိုမျိုး ပြောကြတယ်။ လူတွေ ဆင်းရဲဒုက္ခရောက်ရ ဆက်ပြောကြတယ်။ ရက်စက်မှုနဲ့ တရားမျှတမှုမရှိကြတဲ့ အကြောင်းရဲ့ အခြေခံ အုတ်မြစ်ကို ဖွင့်ထုတ်ပြကြတယ်။ သူတို့သုံးတဲ့ နည်းတွေက၊ အမှား အယွင်းမရှိတဲ့ နည်းတွေလို့ ကျွန်တော်ထင်တယ်။ ဒီတော့ အဲဒီနည်းကို ကျွန်တော့်ရဲ့ သားကောင်အပေါ်မှာ အသုံးပြုရမယ်။

ရန်သူအားလုံးဟာအတူတူပဲ။ သူတို့ထဲက တစ်ယောက်ယောက် [illegible]သူတစ်ဦးအပေါ်မှာ ပြစ်မှုတစ်ခု ကျူးလွန်လိုက်တယ်။ သူတို့ ချင်းတော့ မတူကြပေမယ့် သူတို့မှာ လက်ရှိနေတာဟာ အတူတူပါပဲ

သက်တံဆည်းဆာစာပေ

www.burmeseclassic.com

www.burmeseclassic.com


ဒီလက်က ကျွန်တော်ရဲ့ သူငယ်ချင်းတွေရဲ့ လျှာနဲ့ လက်ချောင်းတွေကို ဖြတ်ပစ်ကြတယ်။

ကျွန်တော် ဒီမြေအောက်ခန်းကို ဆင်းလာစဉ်ကတည်းက ဒီမြေအောက်အခန်းထဲမှာ ဒေးဗစ်မိုရှီကို သေဒဏ်ပေးတဲ့ လူနဲ့တွေ့ရမယ်၊ ကျွန်တော့် မိဘတွေကို သတ်တဲ့လူကို တွေ့ရမယ်ဆိုတဲ့ စိတ်ချယုံကြည်မှုတွေပါလာတယ်။ အဲဒီလူဟာ ကျွန်တော်ဖြစ်လာစေချင်တဲ့ လူအခု၊ အဲဒီလူကို ကျွန်တော် လုံးဝမုန်းသွားမယ်ဆိုတာ သေချာသွားပါပြီ။

"မင်း ... ကျုပ်ကိုမုန်းနေတယ် ... ဟုတ်တယ်မဟုတ်လား"

သူက ထပ်မေးလိုက်တယ်။ သူ့မျက်လုံးထဲမှာ ကြင်နာမှုတွေ တွေ့နေရတယ်။

"ကျွန်တော် ... ခင်ဗျားကို မုန်းဖို့ကြိုးစားနေတယ် ..."

"မင်း ... ကျုပ်ကိုမုန်းဖို့ ... ဘာဖြစ်လို့ ကြိုးစားနေရတာလဲ –"

သူ့အသံက နွေးထွေးမှုနဲ့ ဝမ်းနည်းကြေကွဲမှုတွေ ရောနေတယ်။ ဘာဖြစ်လို့ မုန်းဖို့ကြိုးစားနေရတာလဲဆိုတဲ့ သူ့မေးခွန်းကို ကျွန်တော်အံ့ဩသွားတယ်။ ဘယ်လိုမေးခွန်းမျိုးလဲလို့ တွေးမိတယ်။ ကျွန်တော်နဲ့ ကျွန်တော်တို့ရဲ့လူတွေဟာ အမုန်းမရှိပဲလုပ်ရင်၊ အားလုံးလုပ်သမျှ အလကား ဖြစ်သွားမှာပဲ။ အမုန်းမရှိဘဲ၊ အောင်မြင်မှုကို မမျှော်လင့် ဘယ်လိုမုန်းရမယ်ဆိုတာ နားမလည်ကြဘူး။ ဒါပေမယ့် ရာစုနှစ်ပေါင်းများစွာက အတွေ့အကြုံတွေ ကျွန်တော်တို့လူမျိုးကို မုန်းတတ်အောင် သင်ပေးလိုက်တယ်။ ကျွန်တော်တို့ လူမျိုးရဲ့အနာဂတ်ကို ကျွန်တော်တို့အတိတ်က မွေးဖွားပေးမှာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း … ကျုပ်ကိုမုန်းဖို့ … ဘာဖြစ်လို့ ကြိုးစားနေရတာလဲ" သူက ပြန်မေးလိုက်ပြန်တယ်။

"အကောက်နိုင်ဆုံး … အခုကိစ္စကို အစွမ်းကုန်လုပ်ဖို့ ကျွန်တော့်ကို အမိန့်ပေးထားတယ် …"

သူ့ခေါင်းကိုတစ်ခါထပ်ပြီး ဖြည်းဖြည်းချင်းရမ်းလိုက်ပြန်တယ်။

"မင်းအတွက် ….ကျုပ်စိတ်မကောင်းဖြစ်မိတယ် .."

ကျွန်တော်က နာရီကိုကြည့်လိုက်တယ်။ ငါးနာရီထိုးဖို့ဆယ်မိနစ် လိုသေးတယ်။ ကျွန်တော့်ဘဝမှာ ဒီဆယ်မိနစ်ဆိုတဲ့ အချိန်ကအရေးကြီး လာပြီ။ အလုပ်တစ်ခုအတွက် ပြင်ဆင်ရတော့မယ်။

ကျွန်တော်ကထိုင်နေရာကထလိုက်တယ်။

"အဆင်သင့် လုပ်ပေတော့မစ္စတာဂျွန်ဒေါ်ဆင်…"

"အချိန်ကျပြီလား ….."

"အချိန်ကျဖို့ …သိပ်နီးနေပြီ …"

သူက အခန်းနံရံဆီသွားပြီး မှီရပ်နေလိုက်တယ်။ အခုချိန်မှာ သူ့အတွေးတွေကို ထိန်းချုပ်ချင် ထိန်းချုပ်နေမယ်။ စိတ်ထဲကဝတ်ပြု ဆုတောင်းချင့်တောင်းနေမယ်။ ဒါမှမဟုတ် ဘုရားသခင်ဆီက ကြင်နာမှုကို တောင်းခံချင် တောင်းခံနေမယ်။

ငါးနာရီထိုးဖို့ရှစ်မိနစ်။

အလုပ်ပြီးဖို့ ရှစ်မိနစ်လိုသေးတယ်။

ရုတ်တရက် တစ်ခုခုကို တွေးလိုက်ရသလိုဖြစ်သွားတယ်။

အခန်းထဲမှာ မမျှော်လင့်ဘဲ အလင်းရောင်လေးတစ်ခုကိုလက် သွားသလိုထင်လိုက်ရတယ်။ ဒါပေမယ့် ကျွန်တော့်လက်ထဲမှာ သေနတ်



www.burmeseclassic.com

www.burmeseclassic.com


ကိုင်ထားတယ်။

ငါးနာရီထိုးဖို့ ငါးမိနစ်။

အလုပ်ပြီးဖို့ ငါးမိနစ်လိုသေးတယ်။

"မကြေကပ်ပါနဲ့ငါ့သား ... ဘုရားသခင်က ...မင်းနဲ့အတူရှိနေတယ်"

ဘုန်းတော်ကြီးက ဒေးဗစ်ဘင်မိုရှီကို ပြောမယ့် စကားကို ကျွန်တော်နားမှာ ကြားယောင်လာတယ်။

"မစိုးရိမ်ပါနဲ့ ... ကျုပ်က ... ခွဲစိပ်ဆရာဝန်တစ်ယောက်ပါ ..."

စဘီဖင်ကို၊ ဂက်စတာပိုရဲ့အကြီးအကဲဖြစ်သူ ပြောစကားကို ကျွန်တော့်နားမှာ ကြားယောင်လာတယ်။

"ကျုပ်သားဆီကို ... ကျုပ်ရဲ့ စာပို့ပေးမယ် မဟုတ်လား ..."

ဂျွန်ဒေါ်ဆင်က မှတ်စုစာအုပ်ဆီမေးငေါ့ပြပြီး ပြောလိုက်တယ်၊

ငါးနာရီထိုးဖို့သုံးမိနစ်။

အလုပ်ပြီးဖို့ သုံးမိနစ်လိုသေးတယ်။

"မှတ်စုစာအုပ်ထဲမှာ စာရှိတယ် ... မင်းမမေ့နဲ့နော် ... ပို့ပေးမယ် မဟုတ်လား ..."

ဂျွန်ဒေါ်ဆင်က ထပ်ပြောလိုက်တယ်။

"ကျွန်တော်ပို့လိုက်မယ် ... ဒီနေ့ပဲပို့ပေးမယ် ..."

ကျွန်တော်က ကတိပေးလိုက်တယ်။

"ကျေးဇူးတင်ပါတယ် ..."

ငါးနာရီထိုးဖို့နှစ်မိနစ်။

အလုပ်ပြီးဖို့ နှစ်မိနစ်လိုသေးတယ်။

ကျွန်တော်က အိတ်ထဲက လက်ပဝါထုတ်ပြီး၊ ဘူ့ကိုပေးမင်


www.burmeseclassic.com

www.burmeseclassic.com



သပ်တော့ သူက ကိစ္စမရှိဘူး၊ မလိုဘူးလို့ ပြန်ပြောလိုက်တယ်။ အင်္ဂလိပ်လူမျိုးတစ်ယောက်အနေနဲ့ သူက မျက်လုံးဖွင့်ပြီး သေချင်ဟယ်။ သူ့မျက်နှာပေါ်က သေခြင်းတရားကို သူသိသွားချင်သေးတယ်။

ကျွန်တော်တို့ ဂျူးလူမျိုးတိုက်ခိုက်ရေးသမားတွေလည်း မျက်လုံးဖွင့်ပြီးသေတတ်ကြတယ်။ ဒါမှ မျက်နှာပေါ်က သေခြင်းတရားကို မြင်သွားမယ်မဟုတ်လား။

ငါးနာရီထိုးဖို့တစ်မိနစ်။

အလုပ်ပြီးဖို့ တစ်မိနစ်လိုသေးတယ်။

ဒီအချိန်မှာ အခန်းထဲ နာနာဘာဝတွေ ရောက်လာကြတယ်။

"နေ့အချိန်ရောက်တော့မယ် ..."

သူတောင်းစားဦးလေးကြီးက ကျွန်တော့် ပခုံးကိုတို့ပြီး ပြောလိုက်တယ်။

ကလေးလေးကို လှမ်းကြည့်လိုက်မိတယ်။

"ဒီဟာ ပထမဆုံးအကြိမ် ... သေဒဏ်စီရင်တာကို တွေ့ဖူးတာပဲ"

ကလေးရဲ့အသံက တုန်ခါနေတယ်။

အဖေနဲ့အမေ။ အားလုံးနာနာဘာဝတွေ ရောက်နေကြတယ်။

ဂျွန်ဒေါ်ဆင်က ပြုံးလိုက်တယ်။

"ခင်ဗျား ... ဘာဖြစ်လို့ ပြုံးရတာလဲ ..."

ကျွန်တော်က မေးလိုက်တယ်။

"ကျုပ်ဘာဖြစ်လို့ပြုံးရတယ် ... ဟုတ်လား ... ရုတ်တရက်ဖြစ်လာတာတွေဟာ ... ကျုပ်အပေါ်ကျလာတယ် ... အမှန်တိုင်း ပြောရရင် ... ဘာဖြစ်လို့ သေရတယ်ဆိုတာကို ... ကျုပ်မသိဘူး ... မင်းရောသိလား"



www.burmeseclassic.com

www.burmeseclassic.com


"ဒီမှာ ... မင်းကို ငါပြောပြမယ် ... သေခါနီး လူတစ်ယောက်ကို ... ဘာယ်တော့မှ မေးခွန်းတွေ မေးမနေနဲ့ ..."

သူတောင်းစား ဦးလေးက ကျွန်တော့်ကို ပြောလိုက်တယ်။

စက္ကန့်နှစ်ဆယ်။

"မပြုံးပါနဲ့ ... ပြုံးနေတဲ့ လူတစ်ယောက်ကို ... ကျွန်တော် သေနတ်နဲ့ မပစ်နိုင်ဘူး ..."

ဆယ်စက္ကန့်။

"မင်းကို ... ကျုပ် ပုံပြင်တစ်ပုဒ်ပြောပြမယ် ... ရယ်စရာ ပုံပြင်ပေါ့"

ကျွန်တော်က ညာလက်ကို မြှောက်လိုက်တယ်။

ငါးစက္ကန့်။

"အိုလိရှာ ..."

နှစ်စက္ကန့်။

သူ့အခုထိ ပြုံးနေတုန်း။

"အတော်ဆိုးတာပဲ ... ကျွန်တော်က ... ပုံပြင်တစ်ပုဒ်နားထောင်ချင်နေတာ ..."

ကလေးလေးက ပြင်ပြောလိုက်တယ်။

တစ်စက္ကန့်။

"အိုလိရှာ ..."

ဂျွန်ဒေါ်ဆင်က ကျွန်တော့်နာမည်ကို ခေါ်လိုက်တယ်။

ကျွန်တော် သေနတ်မောင်းကို ဆွဲညှစ်လိုက်တယ်။

ကျွန်တော့် နာမည်ခေါ်သံလည်း တစ်ခါတည်း ပျောက်သွားတယ်။

သက်တံဆည်းဆာစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆံက ဂျွန်ဒေါ်ဆင်ရဲ့ နှလုံးကို ဖောက်သွားတယ်။ သူ့နှတ်ခမ်းတွေက အခုထိ နွေးနေတုန်းရှိသေးတယ်။ အီလီရှာဆိုတဲ့ အသံထွက်အတိုင်း လှုပ်ရှားခဲ့ရတဲ့ နှုတ်ခမ်းသားတွေက ဒီအတိုင်းတည်ငြိမ်သွားတယ်။

နံရံကို မှီထားတဲ့ သူ့ခန္ဓာကိုယ်ဟာ အောက်ကိုတဖြည်းဖြည်းချင်း လျှောက်ကျသွားပြီး တုံ်ငလျက်ပုံစံဖြစ်သွားတယ်။ သူ့ခေါင်းကတော့ ဒူးနှစ်ဘက်ကြားမှာ စိုက်ကျသွားတယ်။ သူ့ပုံစံက သေဖို့စောင့်နေသလိုမျိုးဖြစ်နေတယ်။ ကျွန်တော်က သူ့နံဘေးမှာ ခဏမျှ နေလိုက်သေးတယ်။ ကျွန်တော့်ခေါင်းထဲက နာကျင်မှုတစ်မျိုးဖြစ်လာပြီး၊ ကိုယ်ထဲက သွေးတွေလေးလာသလို ဖြစ်လာတယ်။ ကျွန်တော်ဟာ ဆွံ့အ နားမကြားသလို ဖြစ်သွားတယ်။

ပြီးသွားတယ်။ ကျွန်တော် လူသတ်ပြီးပြီ။

ကျွန်တော် "အီလီရှာ" ကို သတ်ပြီးပြီ။

နာနာဘာဝတွေဟာ ဂျွန်ဒေါ်ဆင်နဲ့ ကိုယ်ပွား၊ နာနာဘာဝကို သူတို့နဲ့အတူ ခေါ်သွားပါတော့တယ်။ ကျွန်တော်ဟာ အမေ့ဆီက အသံကို ကြားလိုက်ရတယ်။

"သနားစရာကောင်းတဲ့ လူလေး ... သနားစရာကောင်းတဲ့ သားလေး ..."

အမေက မျက်ရည်ကျပြီး အုပ်စုနဲ့ ပါသွားပါတယ်။

ကျွန်တော် မီးဖိုခန်းထဲ ပြန်တက်လာခဲ့တယ်။ ကျွန်တော့်ခြေထောက်ဟာ အလွန်ပဲလေးလံနေတယ်။ နောက် ကျွန်တော် အခန်းထဲလျှောက်ဝင်သွားတယ်။ အခန်းထဲမှာ အရင်ကလို မဟုတ်တော့ဘူးလို့ ခံစားလိုက်မိတယ်။ နာနာဘာဝတွေ မရှိတော့ဘူး။ သွားကြပြီ။ ပျောက်သွားကြပြီ။ ဂျိုအော့(တ်)လည်း အရှည်ကြီး မသမ်းတော့ဘူး။ ဂိုင်ဒီရွန်ကတော့



www.burmeseclassic.com

www.burmeseclassic.com


သူ့လက်သည်းကိုကြည့်ရင်း၊ သေဆုံးမှုတစ်ခုအတွက် ဆုတောင်းနေပုံရတယ်။ အိုင်လာနာကတော့ ကျွန်တော့်ကိုကြည့်ရင်း ဝမ်းနည်းနေပုံရတယ်။ ဂက်(ဒ်) ကစီးကရက်မှာ မီးညှိပြီးဖွာရှိုက်လိုက်တယ်။

သူတို့အားလုံး ငြိမ်တိတ်ဆိတ်နေကြတယ်။ ဒါပေမယ့် တစ်ညလုံး ကျွန်တော့်အပေါ် ပိနေတဲ့ ငြိမ်ဆိတ်မှုတွေနဲ့ မတူဘူး။ ဟိုး ... မိုးကုတ်စက်ဝိုင်းဆီမှာ နေလုံးထွက်ပြုစပြုနေပြီ။ ကျွန်တော်ဟာ ပြတင်းပေါက်ဆီ လျှောက်သွားလိုက်တယ်။ နောက်အပြင်ဘက် လှမ်းကြည့်လိုက်တယ်။ တစ်မြို့လုံး အိပ်မောကျနေတုန်းရှိသေးတယ်။ တစ်နေရာက ကလေးတစ်ယောက်ရဲ့ ငိုသံပေါ်လာတယ်။ ကျွန်တော်ကတော့ ခွေးတစ်ကောင်တလေ အူလိုက်သံကိုကြားချင်လာတယ်။ ဒါပေမယ့် ဒီအနီးတဝိုက်မှာ ခွေးမရှိ။ ဒီတော့ ကြားချင်တဲ့ အသံကို မကြားရဘဲ ဖြစ်သွားတယ်။

ညကတော့ ထွက်ခွာစပြုနေပြီ။ အလင်းဖျော့ဖျော့ အရောင်တွေက ဝင်လာစပြုနေပြီ။ ညရဲ့အပိုင်းအစ၊ အကွက်ပြောက်တွေက၊ ခပ်မှောင်မှောင်ဖြစ်ပြီး ကျန်နေသေးတယ်။ အဲဒီအမှောင်ထဲမှာ ဘာတွေရှိနေလဲ။ ကျွန်တော်က အမှောင်ထဲက စိုက်ပြီးကြည့်နေပြီး တစ်ခုခုကို လိုက်ရှာနေမိတယ်။ ရုတ်တရက် ကြောက်စိတ်က ကျွန်တော့်လည်မြိုကို ဖိညှစ်ထားလိုက်သလို ခံစားလိုက်ရတယ်။ ညရဲ့ခပ်မှောင်မှောင်အပိုင်းအစထဲမှာ မျက်နှာတစ်ခုကို တွေ့လိုက်ရတယ်။ သေသေချာချာကြည့်မိတယ်။ ကြည့်နေရင်းနဲ့ ကျွန်တော့်လည်မြိုကို ညှစ်လိုက်တဲ့ ကြောက်စိတ်ကို နားလည်သွားတယ်။

ဟုတ်ပါတယ်။ အမှောင်ထဲမှာ မျက်နှာတစ်ခုကို ကျွန်တော် အသေအချာတွေ့လိုက်ရပါတယ်။ အဲဒီမျက်နှာက ကျွန်တော့်မျက်နှာပါ။

မောင်တင်မွန်

သက်တံ့အဆည်းဆာစာပေ

www.burmeseclassic.com